# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် | No. 171, October, 2009

- မဖြစ်မနေ အကောင်အထည်ဖော်ရမည့် အီးကောမတ်စ် သို့မဟုတ် အွန်လိုင်းစီးပွားရေး
- စံမီ မြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးရေး
- မြန်မာ့လယ်ယာကဏ္ဍ ရေရှည်တည်တံ့ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ
- ဟောပြောပွဲများကပေးသော နိုင်ငံဖွံ့ဖြိုးရေး အထောက်အကူ
- အနောက်သို့ ဗဟိုချက်ရွှေ့လာသည့် ပညာရေးဈေးကွက်
- လားရာမဲ့ ဗီဒီယိုဈေးကွက် ဆက်လက်ရှင်သန်ရေး
- သဘောထားကြီးပါ

www.foreverspace.com.mm

5 263002 446530 3 75 5

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။
၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မူရင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။
၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုမှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# သုတေသနလုပ်ငန်းအရေးကြီး

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု၊ နယ်ပယ်ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးတိုးတက်စေလိုလျှင် သက်ဆိုင်ရာနယ်ပယ်အလိုက် အခြေခံအကျဆုံး ဖွေဆော်ဦးလုပ်ဆောင်ရမည်မှာ စနစ်ကျနသောသုတေသနလုပ်ငန်းများဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကိုမဖြစ်မနေအခြေခံကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို အဓိကလုပ်ဆောင်ရမည့် မြန်မာနိုင်ငံအဖို့လည်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာသုတေသနလုပ်ငန်းများ မဖြစ်မနေ စတင်လုပ်ဆောင်ရန်လိုပါသည်။

ယခင်က ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သောနိုင်ငံဖြစ်ခဲ့သော မြန်မာနိုင်ငံအနေဖြင့် ယနေ့ကာလတွင်လည်း ထိုအခြေအနေအထိမဟုတ်လျှင်တောင် ထိပ်တန်းဆန်ပို့နိုင်ငံစာရင်းဝင်အဖြစ်ရောက်ရှိရန် အလားအလာကောင်းများ ရှိနေပါသည်။ အထူးသဖြင့် တစ်နေ့တခြားတိုးပွားလာသော ကမ္ဘာ့လူဦးရေနှင့် ရာသီဥတုအပြောင်းအလဲများကြောင့် မကြာခင်ကာလတစ်ခုတွင် ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းတစ်ရပ်နှင့် ရင်ဆိုင်ကြရဖွယ်ရှိနေသည်ကို အခွင့်အလမ်းအဖြစ်ကောင်းစွာအသုံးချနိုင်ရန် လိုပါသည်။ သို့သော် မည်သည့်ဆန်အမျိုးအစားကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး၍ မည်သည့်ဈေးကွက်ကို မည်သည့်ဈေးနှုန်းဖြင့် တင်ပို့မည်ဆိုသည်ကိုမူ ယခုကတည်းက ရွေးချယ်ထားရန်လိုပါသည်။ ထိုသို့ရွေးချယ်နိုင်ရန်မှာ စနစ်ကျနသောသုတေသနအချက်အလက်များလိုပါသည်။ မြန်မာနိုင်ငံတွင် ယနေ့စိုက်ပျိုးနေသောဆန်အမျိုးအစားများစွာတို့၏ အထွက်နှုန်း၊ အာဟာရပါဝင်မှုအချိုးအစား၊ မြေအမျိုးအစားအလိုက်ကွာခြားချက်၊ ဆန်စက်များ၏အရည်အသွေး၊ အရည်အသွေးကျမသွားသည့် မျိုးစပါးစဉ်ဆက်မပြတ်ရရှိနိုင်မှု၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ဘက်ဆန်များနှင့်ပတ်သက်၍ သိထားသင့်သည့်အချက်အလက်များ စသည်တို့ကို ပုံမှန်သုတေသနပြုကာ မိမိတို့နိုင်ငံအတွက် သင့်တော်မည့်မျိုးစပါးအရည်အသွေးကို မြှင့်တင်ထိန်းသိမ်းရန် အထူးလိုအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံရမည့်အတွက် ဆန်စပါးအပြင် အခြားသီးနှံများ၏အရည်အသွေးကိုလည်း သုတေသနပြုရန်လိုပါသည်။ အထူးသဖြင့် ယနေ့ကာလတွင် စိုက်ပျိုးမြေနေရာ လုံလုံလောက်လောက်မရှိသောကြောင့် မျိုးစေ့သုတေသနလုပ်ငန်းကို ဇောက်ချလုပ်ကိုင်ကာ စိုက်ပျိုးရေးအခြေပြုနိုင်ငံများသို့ မျိုးရိုးဗီဇပြုပြင်ထားသော မျိုးစေ့များ ထုတ်လုပ်ရောင်းချခြင်းဖြင့် စီးပွားလမ်းဖြောင့်နေသောနိုင်ငံအချို့မှ ဗီဇပြောင်းမျိုးစေ့များ အင်နှင့်အားနှင့်ဝင်ရောက်လာခြင်းကိုလည်း မိမိနိုင်ငံတွင် ကိုယ်ပိုင်သုတေသနပြုထုတ်လုပ်ထားသော အရည်အသွေးမြင့် မျိုးစေ့များဖြင့် ကာကွယ်နိုင်ပေသည်။ အခြားနိုင်ငံများမှတင်သွင်းလာသော မျိုးစပါးနှင့် မျိုးစေ့တို့သည် အထွက်နှုန်းကောင်းတတ်သော်လည်း အာဟာရပါဝင်မှု၊ အရသာနှင့်အခြားအရည်အသွေးတို့တွင် ပြည်တွင်းမှ ဒေသမျိုးရင်းများကို မယှဉ်နိုင်သေးပေ။ ယနေ့ဆိုလျှင် အာဟာရပါဝင်မှုနှင့် အရသာထူးကဲလှသော ဗမာကုလားပဲအဝါမျိုးအစား ထိုလောက်အရည်အသွေးမကောင်းသော်လည်း ဈေးကွက်ဝင်နေသည့် ထိုင်းနိုင်ငံမှ မျိုးကုလားပဲဖြူလုံးကြီးကို အစိုက်များလာခြင်း၊ အချဉ်အရသာနှင့် အာဟာရပါဝင်မှုမြင့်မားသည့် ဗမာခရမ်းချဉ်သီးနှင့် အင်းလေးခရမ်းချဉ်သီးများနေရာတွင် မျိုးယူ၍မရအောင်ပြုပြင်ထားသော ခရမ်းချဉ်မျိုးစေ့များ တရကြမ်းဈေးကွက်ထိုးဖောက်နေခြင်းတို့သည် ကြာလာလျှင် ဒေသမျိုးရင်းများ ကွယ်ပျောက်သွားတော့မည့်အရေးမှာ အထူးစိုးရိမ်ဖွယ်အနေအထားတစ်ရပ်ဖြစ်ပါသည်။

ပြောရမည်ဆိုလျှင် နောင်တွင် ပြည်ပမှဗီဇပြုပြင်ထားသောမျိုးစေ့များ မဆင်မခြင်တင်သွင်းရောင်းချမှုများလာကာ ထိုမျိုးစေ့များသာ နိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာစိုက်ပျိုးလာပါက နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံး အဆိုပါမျိုးစေ့ကုမ္ပဏီကြီးများအပေါ်တွင်သာ လုံးဝမှီခိုသွားရနိုင်သည်ကို အထူးသတိချပ်ကြရမည်ဖြစ်ပါသည်။ မိမိနိုင်ငံအတွင်းမှ ဒေသမျိုးရင်းများကို ကမ္ဘာ့ဈေးကွက်ဝင်စေရန် အရည်အသွေးကောင်းသထက်ကောင်း၊ အထွက်နှုန်းတိုးသထက်တိုးစေရန် စဉ်ဆက်မပြတ် သုတေသနပြုခြင်းဖြင့်သာ နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုကို အမှန်တကယ် အထောက်အကူပြုရာရောက်မည်ဖြစ်ပါကြောင်း အလေးအနက်ဖော်ပြလိုက်ရပေသည်။

**အယ်ဒီတာ**

**၁၂-၉-၂၀၀၉**

# LIVING COLOR

www.foreverspace.com.mm

LIVING COLOR. No.171, OCTOBER. 2009.


1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးကြော်ငြာ

6 ယခုလသတင်းအညွှန်း

8 မြန်မာ့စီးပွားရေးသတင်း

40 မြန်မာ့စီးပွားရေးမြင်ကွင်း

မဖြစ်မနေအကောင်အထည်ဖော်ရမည့် အီးကောမတ်စ် သို့မဟုတ် အွန်လိုင်း စီးပွားရေး

ကျော်ကျော်မင်း

46 ဟောပြောပွဲများကပေးသောနိုင်ငံဖွံ့ဖြိုးရေးအထောက်အကူ

ခင်ငွေးကြွယ်

54 အနောက်သို့ ဗဟိုချက်ရွေ့လာသည့်ပညာရေးဈေးကွက်

ကျော်ကျော်မင်း

58 စံမီမြို့ပြအဆောက်အအုံများဖွံ့ဖြိုးရေး ဓာတီထွေး

64 မြန်မာ့လယ်ယာကဏ္ဍရေရှည်တည်တံ့ရေးနှင့် မိုက်ခရိုခရိုတ် ဈေးငွေ

နိုင်မင်းဓေဝ

70 ရှင်သန်ချင်သည့်နှလုံးသားများ

ကျော်စေယျာထွန်း

76 လားရှားမဲ့ဗီဒီယိုဈေးကွက်နှင့် ဆက်လက်ရှင်သန်ရေး

ကြူကြူသင်း၊ မိုးနိုင်

84 သရုပ်ဆောင်သင်တန်းများ ဖွံ့ဖြိုးလာမှုနှင့် မြန်မာ့ရုပ်ရှင်ဈေးကွက်လားရာ

ကျော်ဆန်းမင်း

90 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဓေဝ၊ ဓာလီကျော်




www.foreverspace.com.mm

LIVING COLOR. No.171, OCTOBER. 2009.



98 ရက်စွဲမှတ်တမ်း

102 ထင်ရှားကျော်ကြားမြန်မာ့စီးပွား

106 မြန်မာ့စီးပွားရေးအမြင်

မောက်သည်တွေ ဘာလိုသလဲ

မှူးခန့်ဇံ

109 တစ်ဦးတည်းကိုယ်စားလှယ်

110 တွေ့ဆုံဆွေးနွေးမှုများ

112 မြန်မာပြည်တွင်လုပ်သည်

114 ဈေးဝယ်လမ်းညွှန်

116 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

130 ဘယ်ပစ္စည်းဘာကြောင့်

135 ကုန်ဈေးနှုန်း

140 အတွေးအမြင်

ကျေးဇူးရှင် ကျွန်တော့်အမေ (၁)

မောင်မောင်တင်

148 ရှေးဟာတို့ပြောသည့်သူ့သမိုင်း (၃)

တင်ညွန့်

154 သဘောထားကြီးပါ မြသန်းသန်းနု

158 ငွေရေးကြေးရေးကိစ္စ ကိုဝမ်း

162 သူဌေးဖြစ်နည်းလျှို့ဝှက်ချက်(၂၅)

ဦးလှဝင်း (လေသူရဲတစ်ဦး)

# Contents

www.foreverspace.com.mm

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – စေယျသူ

**Editor In Charge (Production)** – မင်းခင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ခိုမင်းဦး

**Research & Development Editor** – နွေးသိပ္ပြံ

**Executive Editors** – နိုင်ချိုဇော်ဝင်းတင်၊ ခင်ခင်သော်၊
နှဲ့ကောနိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ခင်ဝေ၊ မြနှင်းဝေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ မိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းဝေး

**Staff Reporters** – အောင်စိုး၊ ကျော်စေယျာထွန်း၊ ကျော်စေယျာဝင်း၊
ခင်ဆွေကြည်၊ အိမ့်နှစ်ကျော်၊ ကျော်မျိုးထွန်း၊ ဇာတီထွတ်း၊ ကြည်ကြည်သင်း(မုံရွာ)

**Freelance Reporters** – မင်းမျိုး၊ ဖြိုးဝေစိုး၊ မိုးနိုင်၊ နွယ်နွယ်

## DTP Department

**Manager** – မနိုင်

**Assistant Manager** – ငုဝါနိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ငြိမ်းချမ်းနေဝင်း

## Finance Department

**General Manager** – ပေအောင်ခင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – နွေသိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လှဲရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုသိခြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းခင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – နိုးသော်တာ

**Cover Idea / Design** –

**Cover Logo** – အောင်မင်း၊ ဘဆွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – နိုးသော်တာ၊ ဖေသန်းတည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရှယ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလုံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၃၉၃၃၀၉၂၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၈၀၇၄၃၄၃
ဖက်စ် – ၂၄၂၄၂၄၊ ၃၉၃၃၀၉၂
hot line – ၀၉-၈၀၇၄၃၄၃

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanto@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သနွာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၉၃၄၀၉၀၉
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်
Copyright – Living Color ( မူကြောင်းပြောနှင့်ချောတယ်လမ်းညွှန် )

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ် ကုန်တွင်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်နံ့ကျွန်း)၊ ဦးဘခိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းချသူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



# ADVERTISMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာ့ရုပ်မြင်သံကြားတွင် ထုတ်လွှင့်နေသော A/H1N1 တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့်ပတ်သက်သော ပညာပေးကြော်ငြာကို ရွေးချယ်လိုက်ပါသည်။

ယင်းကြော်ငြာ၌ တုပ်ကွေးရောဂါဖြစ်နေပါက မည်သို့မည်ပုံလူနာကို ပြုစုစောင့်ရှောက်ရသည်၊ ကလေးငယ်များ ရှိလျှင် မည်သို့နေထိုင်သင့်သည်၊ လူအများကိုမကူးစက်စေရန် မည်သည်များကို ရှောင်ကြဉ်သင့်သည် စသည့် ဗဟုသုတ ဖြစ်ဖွယ်သတင်းအချက်အလက်များကို Animation ဖြင့် ထိမိကျစ်လျစ်စွာ ဖော်ပြထားသည်ကိုတွေ့ရသည်။

Animation ဖြင့် ဖော်ပြထားသော်လည်း သရုပ်ဖော်ထားပုံထိရောက်ခြင်းကြောင့် ပရိသတ်ကို ထိထိရောက်ရောက် ဆွဲဆောင်နိုင်သည့်အပြင် မြန်မာပြည်သူလူထုကို A/H1N1 ကာကွယ်ရေးနှင့်ပတ်သက်၍ ဆင်ခြင်သတိပြုလိုက်နာရန် မီးမောင်းထိုးဖော်ပြပေးနိုင်သည့် UNICEF၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခမဲ့ထုတ်လွှင့်ပေးသည့် မြန်မာ့ရုပ်မြင်သံကြား တို့၏ အားထုတ်မှုကို အသိအမှတ်ပြုလိုရင်းကြောင့် ယခုကဲ့သို့ရွေးချယ်ရခြင်းဖြစ်ပါသည်။

| | |
|---|---|
| ကြာမြင့်ချိန် | – ၆၀ စက္ကန့်၊ ၈၀ စက္ကန့် |
| ရိုက်ကူးတင်ဆက်သူ | – UNICEF (East Asia and Pacific Regional Office) |
| ထုတ်လွှင့်သည့်ရုပ်သံ | – မြန်မာ့ရုပ်မြင်သံကြား |
| | – ပုံစံကွဲရှစ်မျိုးကို တစ်မျိုးလျှင် တစ်ရက်တစ်ကြိမ်နှုန်း ထုတ်လွှင့်လျက်ရှိ |

**အယ်ဒီတာ**






www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

### ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁)
### ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီ
### ကြေညာချက်

ရက်စွဲ၊ ၃၀-၈-၂၀၀၉

၁။ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်နယ်မြေ၌ တရားမဝင်လက်နက်/ခဲယမ်းထုတ်လုပ်ရောင်းချသောစက်ရုံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်သိမ်းပိုက်ရရှိခဲ့ပါတယ်။ ဤကိစ္စအပေါ် တာဝန်ရှိသူများဖြစ်ကြသည့် ဦးဖုန်းကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရွှင်၊ ဦးဖုန်တာလီတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားဥပဒေအရ တရားစွဲဆို၍ ကိုယ်တိုင်လာရောက်ဖြေရှင်းကြရန် ဆင့်ခေါ်ခဲ့ရာ အထူးဒေသ (၁) ခေါင်းဆောင်များအတွင်းတွင် အမြင်မတူဘဲ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ ထို့ပြင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဖြေရှင်းရေးကို ဆောင်ရွက်လိုခြင်းမရှိသော တာဝန်ရှိသူများဖြစ်ကြသည့် ဦးဖုန်ကြားရှင်၊ ဦးဖုန်းကြာဖူး၊ ဦးဖုန်တာရှင်၊ ဦးဖုန်တာလီတို့သည် အထူးဒေသ (၁) ကိုးကန့်ဒေသမှ ရှောင်တိမ်းထွက်ခွာသွားခဲ့ပါသည်။

၃။ ကိုးကန့်ဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသော ကိစ္စရပ်များမှာ အထက်ပါ (၄) ဦးတို့နှင့်သာ ပတ်သက်ပြီး ၎င်းတို့နှင့်မပတ်သက်သူများအနေဖြင့် ကိုးကန့်ဒေသယာယီဦးစီးကော်မတီသို့ လာရောက်ပူးပေါင်းနိုင်ပါသည်။

၄။ ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရှင်၊ ဦးဖုန်တာလီတို့အနေဖြင့်လည်း မိမိတို့တစ်ဦးချင်း ပုဂ္ဂလိကအကျိုးအတွက်လည်းကောင်း၊ ဒေသအကျိုး/ပြည်သူလူထုအကျိုးအတွက်လည်းကောင်း ဖြစ်ပျက်ခဲ့သောကိစ္စအရပ်ရပ်နှင့်ပတ်သက်၍ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းခွင့်ရှိရာ ထိုအခွင့်အရေးကို ရယူဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁)
ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီ

**၂၀၀၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် 'ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်နယ်မြေ၌ တရားမဝင်လက်နက်/ခဲယမ်းထုတ်လုပ်ရောင်းချခဲ့သော စက်ရုံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်သိမ်းပိုက်ခဲ့၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဖြေရှင်းလိုခြင်းမရှိသည့် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများ ကိုးကန့်ဒေသမှ ရှောင်တိမ်းထွက်ခွာသွားခဲ့၊ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းခွင့်အခွင့်အရေးကို ရယူဆောင်ရွက်သွားရန်တိုက်တွန်း' ခေါင်းစဉ်ဖြင့်ဖော်ပြထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီ၏ ကြေညာချက်ကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။**

www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ကြေညာချက်အမှတ် (၁/၂၀၀၉)၊ ၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ (၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၁။ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်အဖွဲ့သည် ၁၉၈၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါသည်။ အဆိုပါနေ့ရက်မှ ယခုအချိန်ထိ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းလျက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဆောင်ရွက်ခဲ့ခြင်းကြောင့် ကိုးကန့်ဒေသသည် ယခင်ကာလများနှင့်မတူဘဲ အထူးဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ပြည်သူလူထုအနေဖြင့် လွန်စွာစိတ်ချမ်းမြေ့ခဲ့ကြပါသည်။ ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း အသိအမှတ်ပြုပါသည်။

၂။ သို့ရာတွင် အထူးဒေသ (၁) အဖွဲ့ခေါင်းဆောင်များဖြစ်သော ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရှင်နှင့် ဦးဖုန်တာလီတို့ လေးဦးသည် နိုင်ငံတော်မှ ထုတ်ပြန်ထားသောဥပဒေများကို ချိုးဖောက်ခဲ့သည့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဥပဒေနှင့်အညီဖြေရှင်းရန် ၈-၈-၂၀၀၉ ရက်နေ့မှစ၍ ညှိနှိုင်းခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိဘဲ ကိုးကန့်ဒေသမှ ရှောင်တိမ်းထွက်ခွာသွားခဲ့ကြပါသည်။

၃။ ထို့ပြင် မြန်မာ-တရုတ်နယ်စပ် ရန်လုံကျိုင်း နှစ်နိုင်ငံနယ်ခြားဂိတ်တွင် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဦးဖုန်ကြားရှင်ကိုသစ္စာခံသည့် ကိုးကန့်တပ်ဖွဲ့ဝင်များက ၂၇-၈-၂၀၀၉ ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်းအပေါ် ညှိနှိုင်းဖြေရှင်းသော်လည်း ပြေလည်မှုမရှိခြင်းကြောင့် အဆိုပါရဲတပ်ဖွဲ့ဝင်များကိုကယ်ဆယ်ရန် စီစဉ်ဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကိုးကန့်တပ်ဖွဲ့ဝင်များက စတင်ပစ်ခတ်သဖြင့် မိမိတပ်ဖွဲ့ဝင်များ၏လုံခြုံရေး၊ ဖမ်းဆီးခံထားရသောရဲတပ်ဖွဲ့ဝင်များ၏လုံခြုံရေးတို့အတွက် ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရပါသည်။ ထိုပစ်ခတ်မှုများသည် ၂၉-၈-၂၀၀၉ ရက်နေ့တွင် အဆုံးသတ်ခဲ့ပါသည်။

၄။ ယခုအခါ နယ်မြေအေးချမ်းနေပြီဖြစ်၍ နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပုံမှန်အတိုင်းဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် အထူးဒေသ (၁) ကိုးကန့်အဖွဲ့မှ အသစ်ဖွဲ့စည်းလိုက်သော ကိုးကန့်ဒေသယာယီဦးစီးကော်မတီကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၅။ ကိုးကန့်ဒေသတွင်ဖြစ်ပွားခဲ့သော ဥပဒေဖောက်ဖျက်ကျူးလွန်မှုများမှာ အထက်ပါပုဂ္ဂိုလ် (၄) ဦးနှင့်သာသက်ဆိုင်ပြီး ကျန်လူများနှင့်မသက်ဆိုင်ပါ။ ထို့ပြင် ပစ်ခတ်မှုများတွင် ဥပဒေဖောက်ဖျက်ကျူးလွန်သူမဟုတ်ဘဲ တစ်ဖက်သတ်အမိန့်အရ လိုက်ပါဆောင်ရွက်ရသောတပ်ဖွဲ့ဝင်များအနေဖြင့် မသိနားမလည်ဘဲ လိုက်ပါဆောင်ရွက်ခဲ့ရကြောင်း သိရှိနားလည်သဘောပေါက်ပါသည်။ ထို့ကြောင့် မသိ/နားမလည်ဘဲ ဆောင်ရွက်ခဲ့ကြသူ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ဥပဒေဘောင်အတွင်း လုံခြုံစိတ်ချစွာပြန်လည်ဝင်ရောက်နေထိုင်ခွင့်ပြုမည်ဖြစ်၍ ကိုးကန့်တပ်ဖွဲ့ဝင်များအနေဖြင့် လောက်ကိုင်မြို့ရှိ ကိုးကန့်ဒေသယာယီဦးစီးကော်မတီသို့ ဆက်သွယ်ဝင်ရောက်ကြရန် ကြေညာလိုက်သည်။

အမိန့်အရ

(ပုံ) သန့်ရှင်း

ဗိုလ်မှူးကြီး

(အတွင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့)

**၂၀၀၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် 'ကိုးကန့်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံတော်အစိုးရက အသိအမှတ်ပြု၊ ကိုးကန့်ဒေသတွင်ဖြစ်ပွားခဲ့သော ဥပဒေဖောက်ဖျက်ကျူးလွန်မှုများမှာ ဦးဖုန်ကြားရှင်အပါအဝင် ပုဂ္ဂိုလ် (၄) ဦးနှင့်သာ သက်ဆိုင်၊ မသိနားမလည်ဘဲ လိုက်ပါဆောင်ရွက်ခဲ့ကြသူ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ဥပဒေဘောင်အတွင်း လုံခြုံစိတ်ချစွာ ပြန်လည်ဝင်ရောက်နေထိုင်ခွင့်ပြု' ခေါင်းစဉ်ဖြင့်ဖော်ပြထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ ကြေညာချက်အမှတ် (၁/၂၀၀၉) ကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။**

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၇၁ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ

## ကန်ဒေါ်လာ သန်း ၈၅၀ ကျော် ထပ်မံမြှုပ်နှံခဲ့၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှု အဆင့် (၄) သို့ တရုတ်ရောက်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၈**

သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၈၅၀ ကျော်ကို ၂၀၀၈ ခုနှစ်အတွင်း ထပ်မံရင်းနှီးမြှုပ်နှံခဲ့သဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံများစာရင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အဆင့်ခြောက်နေရာမှ အဆင့် (၄) နေရာသို့ ရောက်ရှိလာကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလာသောသတင်းများအရ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈၅၅ ဒသမ ၉ သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ယင်းသို့ ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၃၁ ဒသမ ၄၃၉ သန်းသို့ ရောက်ရှိလာခဲ့ကြောင်း အဆိုပါသတင်းများတွင် ဖော်ပြထားသည်။

ယင်းသို့ရင်းနှီးမြှုပ်နှံမှုကြောင့် လုပ်ငန်းကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေးကဏ္ဍမှာလည်း မူလအဆင့်ခြောက်နေရာမှ အဆင့်လေးနေရာသို့ ရောက်ရှိလာကြောင်း၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ လုပ်ငန်းပေါင်း ၅၈ ခုသာရှိခဲ့ရာမှ ၂၀၀၉ ခုနှစ် မေလတွင် ၆၀ ခုသို့လည်းကောင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၄ ဒသမ ၈၉၀ သန်းသာရှိခဲ့ရာမှ ၁၅၀၆ ဒသမ ၄၅၃ သန်းသို့ တိုးမြှင့်ရောက်ရှိခဲ့ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၇၃၆ ဒသမ ၂၇၉ သန်းရှိရာမှ ၂၀၀၉ ခုနှစ် မေလတွင်မူ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၈၇၇ ဒသမ ၁၉၂ အထိရောက်ရှိလာသဖြင့် သန်းပေါင်း ၁၁၄၀ ဒသမ ၉၁၃ အထိ တိုးတက်လာကြောင်း အဆိုပါထုတ်ပြန်ချက်စာရင်းဇယားများအရ သိရသည်။

## သစ်များပြည်ပတင်ပို့ရန် မော်တော်ယာဉ်အဓိကထားသုံးမည်

**ရန်ကုန်၊ ဩဂုတ် ၂၈**

မြန်မာ့သစ်တောများမှ ထုတ်လုပ်ပြီး သစ်များကို ပြည်ပသို့ မော်တော်ယာဉ်ဖြင့် သယ်ယူခြင်းက ပိုမိုအားသာချက်ရှိသဖြင့် ယာဉ်ဖြင့်သယ်ယူခြင်းကို အဓိကထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်း အတွင်းရေးမှူး (၁) ဦးမျိုးသန့်က ပြောကြားသည်။

တောတောင်ထူထပ်၍ရေလမ်း၊ ရထားလမ်းတို့ဖြင့် သယ်ယူခြင်းမပြုနိုင်သည့် မကွေးတိုင်း ဂန့်ဂေါ၊ ရှမ်းပြည်နယ်လွယ်လင် အစရှိသည့်ဒေသများမှ အတန်းအစားကောင်း၊ တန်ဖိုးမြင့်သစ်များကို သယ်ယူရန်မှာ မော်တော်ယာဉ်မှလွဲ၍ အခြားနည်းလမ်းရွေးချယ်စရာမရှိသဖြင့် မော်တော်ယာဉ်ကိုသာ အားကိုးအားထား၍ သယ်ပို့ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

နိုင်ငံအတွက် ပြည်ပဝင်ငွေများ ရှာဖွေပေးလျက်ရှိသည့် သစ်အခြေခံစက်ရုံများမှာလည်း ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌သာ အဓိကတည်ရှိနေခြင်းကြောင့် အခြေအနေအချိန်အခါအလိုက် ဈေးကွက်နှင့် လျာထားချက်ပြည့်မီအောင်မြင်ရေးအတွက် မော်တော်ယာဉ်ဖြင့်သယ်ပို့ခြင်းကို အဓိကထားစဉ်းစားရမည်ဖြစ်ကြောင်း ၎င်း

www.foreverspace.com.mm



ကဆက်လက်အကြံပြု ပြောကြားသည်။

သို့သော်သစ်လုံးများကို မော်တော်ယာဉ်ဖြင့်သယ်ယူရာတွင် လမ်းပျက်စီးမှုများသဖြင့် မော်တော်ယာဉ်အစား ရထားဖြင့် တိုးမြှင့်သယ်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ရထားဖြင့် သစ်သယ်ယူနိုင်မှုမှာ ၃၇,၂၉၆ တန်ရှိပြီး ၂၀၀၉–၂၀၁၀ တွင် ၇၂၈,၂၀၀ တန်ထိ သယ်ယူပို့ဆောင်ပေးရန် လျာထားကြောင်း မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လိုအပ်ချက်များစွာရှိနေဆဲဖြစ်သော ရထားနှင့် သစ်လုံးများသယ်ပို့မည့်အစား ကုန်ကျစရိတ်မြင့်မားမှုတစ်ခုသာ လိုအပ်ချက်ရှိသည့် မော်တော်ယာဉ်ဖြင့် သယ်ယူခြင်းက အားသာချက်ရှိကြောင်း သစ်လုပ်ငန်းရှင်တစ်ဦးက အကြံပြုပြောကြားသည်။

၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်တွင် သစ်မာတန်ချိန် ၁,၄၁၈,၁၀၀ တန်နှင့် ကျွန်းသစ်တန်ချိန် ၃၇၁,၈၅၀၊ ပယ်ကျွန်း တန်ချိန် ၃၇,၁၈၅ တန် စုစုပေါင်း ၁,၈၂၇,၁၃၅ တန် ထုတ်လုပ်ရန်လျာထားကြောင်း၊ ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်တွင် ကျွန်းသစ် ၃၇၅,၂၇၂ တန်နှင့် သစ်မာတန်ချိန် ၁,၂၇၀,၄၇၈ တန် စုစုပေါင်း ၁,၆၄၅,၇၅၀ တန်ထုတ်လုပ်နိုင်ခဲ့ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ စုံစမ်းသိရှိရသည်။



# e-Commerce ဆိုင်ရာနည်းဥပဒေ ၂ နှစ်ခန့်အချိန်ယူ၍ ရေးဆွဲမည်

**ရန်ကုန်၊ ဩဂုတ် ၂၄**

မြန်မာနိုင်ငံတွင် e-Commerce ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်နည်းဥပဒေရေးဆွဲရန် ၂ နှစ်ခန့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက ပြောကြားသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ကို ၂၀၁၅ ခုနှစ်တွင် ဖြစ်ထွန်းလာရေး အာဆီယံနိုင်ငံများ ဆောင်ရွက်လျက်ရှိရာ အခြားသောနိုင်ငံများတွင် e-Commerce ဖွံ့ဖြိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့်စတင်နေပြီဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းက ပြောကြားသည်။

e-Commerce ဖြစ်ထွန်းရန်မှာ အင်တာနက်ကွန်ရက်ကဲ့သို့ အခြေခံအဆောက်အဦ (Infranstructure) ထိန်းကွပ်ပေးမည့် နည်းဥပဒေ Legal Framework များ၊ ငွေပေးငွေယူများ လုံခြုံစိတ်ချစွာ ပြုလုပ်ပေးနိုင်မည့် e-Payment စနစ် (သို့မဟုတ်) Online Banking စနစ်နှင့် ကြားခံဆောင်ရွက်ဝန်ဆောင်ပေးနိုင်မည့် အိုင်တီပညာရှင်များ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ Service Porvider များလိုအပ်ကြောင်း မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူက ပြောကြားသည်။

e-Commerce ဖြစ်ထွန်းပေါ်ပေါက်လာပါက ကွန်ပျူတာကွန်ရက်သို့ ထိုးဖောက်ဝင်ရောက်ခြင်း (Computer network Breaking)၊ စီးပွားရေးသတင်းအချက်အလက်ထောက်လှမ်းခြင်း (Industrial espionage)၊ မူပိုင်ခွင့်ထိပါးခြင်း(Piracy)၊ ကိုယ်ရေးချိုးဖောက်မှု (Privacy) နှင့် လိမ်လည်ခြင်း (Frand) စသည့် ဆိုက်ဘာရာဇဝတ်မှုဟု အမည်တပ်ရမည့် Cyber Crime များကိုထိန်းချုပ်ရန် နည်းဥပဒေ (Legal Framework) များရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ကြောင်း အိုင်တီပညာရှင်တစ်ဦးက ဆိုသည်။

“လူကောင်းတွေ တော်လာသလို လူဆိုးတွေလည်းတော်လာကြတာပဲ။ တော်လာတဲ့လူဆိုးတွေကိုထိန်းဖို့ သူတို့ထက် တတ်မှရမယ်” ဟု ဥပဒေပညာရှင်တစ်ဦးဖြစ်သူ ဦးအောင်စိုးက ပြောကြားသည်။

ဥပဒေပညာရှင်များ၊ ရှေ့နေများအနေဖြင့် တရားမမှုနှင့်ရာဇဝတ်မှု နှစ်မျိုးတည်းဖြင့်သာ အချိန်ကုန်ခံမနေဘဲ ခေတ်နှင့်အညီ ဖြစ်ပွားပေါ်ပေါက်နေသော အမှုအခင်းများကို ဖြေရှင်းနိုင်ရန် လေ့လာမှုများ၊ ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း e-Commerce ကဲ့သို့ ခေတ်မီစီးပွားရေးပုံစံသစ်များ ပေါ်ပေါက်ဖွံ့ဖြိုးလာလျှင် မိမိတို့ဝင်ရောက်တာဝန်ယူဆောင်ရွက်နိုင်စွမ်းမရှိပါက နိုင်ငံခြားသားပညာရှင်များကို မှီခိုရမည့်အနေအထားဖြစ်သွားနိုင်ကြောင်း ၎င်းက တိုက်တွန်းပြောကြားသည်။

Living Color ၊ **နွယ်နွယ်**

www.foreverspace.com.mm



# IT Square Group ပညာဒါနသင်တန်းဆင်းပြီးသူ ၄၀၀၀ ကျော်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁**

ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ကွန်ပျူတာပညာရှင်လူငယ်တစ်စုက တည်ထောင်ဖွဲ့စည်းခဲ့သော IT Square Group ပညာဒါနသင်တန်းများတွင် သင်တန်းစတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၁ ခုနှစ် ဩဂုတ်လမှ ၂၀၀၉ ခုနှစ် ဩဂုတ်လအထိ ကိုးနှစ်တာကာလအတွင်း သင်တန်းသားစုစုပေါင်း ၄၀၀၀ ဦးကျော်ကို လေ့ကျင့်မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း ယင်းသင်တန်းကျောင်းထုတ်ပြန်ချက်အရ သိရှိရသည်။

လူမျိုးဘာသာ၊ အသက်အရွယ်မရွေး ပညာလိုလားသူများကို ကွန်ပျူတာနှင့် ဘာသာစကားသင်တန်းများ အခမဲ့ပညာဒါနပို့ချသင်ကြားပေးလျက်ရှိသည့် အဆိုပါပညာဒါနသင်တန်းကို ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း YMCA အဆောက်အအုံ၌ ဧရာဝတီကွန်ပျူတာကလပ်အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ကွန်ပျူတာအခြေခံ၊ အင်တာနက်နှင့် Web Page Design, Graphic (Photoshop), Programming (Visual Basic) နှင့် ဂျပန်ဘာသာစကားသင်တန်းတို့ဖြင့် စတင်သင်ကြားခဲ့ကြောင်း၊ အောက်တိုဘာလတွင် ရွှေဂုံတိုင်လမ်း ယုဇနတာဝါသို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Hardware သင်တန်းကို တိုးချဲ့သင်ကြားခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်း ဝံသမေဒနီစာသင်တိုက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး အင်္ဂလိပ်စာအခြေခံ၊ MS Excel၊ တရုတ်ဘာသာစကား၊ Networking၊ Translation (ဘာသာပြန်) နှင့် ဂျပန်ဘာသာစကားကို Level 4 အထိ ထပ်မံ တိုးချဲ့သင်ကြားခဲ့ကြောင်း၊ သင်တန်းသားဦးရေများပြားလာသဖြင့် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် သင်တန်းလိပ်စာသစ် စမ်းချောင်းမြို့နယ် လင်းလွန်းပင်ရပ်ကွက် ဥယျာဉ်ကျောင်းတိုက်သို့ ထပ်မံပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Thesis, Term Paper ရေးနည်း၊ Desktop Publication (DTP) နှင့် Multimedia သင်တန်းသစ်များအပါအဝင် စုစုပေါင်း သင်တန်းအမျိုးအစား ၁၅ မျိုးကို စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမ ၂၆ ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း တည်ထောင်သူတစ်ဦးဖြစ်သူ ဦးငြိမ်းချမ်းက ဆိုသည်။

ယခုအခါ သင်တန်းအပတ်စဉ် ၂၇ အထိရောက်ရှိနေပြီဖြစ်ပြီး သင်တန်းအပတ်စဉ်တစ်ခုလျှင် သုံးလကြာမြင့်ကြောင်း၊ တစ်ရက်လျှင် သင်တန်းအမျိုးအစား ၁၁ မျိုးအထိ ပိတ်ရက်မရှိ သင်ကြားပို့ချပေးပြီး သင်တန်းချိန်မှာ နေ့စဉ်နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သတ်မှတ်ထားကြောင်း ယင်းသင်တန်းကျောင်းမှ စုံစမ်းသိရှိရသည်။

# ဆောက်လုပ်ခွင့်ပုံစံသစ်ကြောင့် အမှန်တကယ်ဆောက်လုပ်မည့်သူများသာ လျှောက်ထားနိုင်

**သတင်းဆောင်းပါး–ဇာဏီထွဏ်း၊ ၂၄–၈–၂၀၀၉**

**ပြည်တွင်းဆောက်လုပ်ရေးဈေးကွက်တွင် ယခုနှစ်အတွင်း အသစ်ပြဋ္ဌာန်းလိုက်သော ဆောက်လုပ်ခွင့်လျှောက်ထားမှု ပုံစံသစ်ကြောင့် တစ်ဆင့်ခံဆောက်လုပ်သူများ တဖြည်းဖြည်းကွယ်ပျောက်သွားပြီး အမှန်တကယ် ဆောက်လုပ်မည့်သူများသာ လိုင်စင်လျှောက်ထားနိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (အဆောက်အအုံ) ၏ ဌာနမှူး ဒေါက်တာဇော်ဝင်းက ပြောကြားသည်။**

အသစ်ပြဋ္ဌာန်းလိုက်သောဆောက်လုပ်ခွင့်လျှောက်ထားမှုပုံစံသစ်ကို အဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားသူသည် လိုင်စင်ရရှိထားသော ဆောက်လုပ်သူဖြစ်ရန်လိုအပ်ကြောင်း၊ ယင်းလိုင်စင်အတွက် အာမခံကြေး ကျပ် သိန်းတစ်ရာကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ယင်းအပြင် ယင်းအဆောက်အအုံကြောင့် တစ်စုံတစ်ရာထိခိုက်မှုဖြစ်ပွားပါက အဆောက်အအုံဆောက်လုပ်သူမဟုတ်ဘဲ ဆောက်လုပ်ခွင့်လိုင်စင်ကိုင်ဆောင်ထားသူသာ အရေးယူခံရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းစနစ်သစ်ကြောင့် လိုင်စင်ရရှိထားသူများထံမှ တစ်ဆင့်ခံလုပ်ကိုင်သူများ လျော့နည်းကျဆင်းသွားနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

ဆောက်လုပ်ခွင့်လိုင်စင်ရရှိပြီးသူများကလည်း ကိုယ်တိုင်ဆောက်လုပ်ခြင်းမပြုဘဲ နှစ်ဦးသဘောတူစာချုပ်များချုပ်ဆို၍ အခကြေးငွေယူပြီး လိုင်စင်ငှားရမ်းကြကြောင်း၊ ယခုကဲ့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်လိုက်သော စည်းကမ်းသစ်အရ တစ်ဆင့်ခံဆောက်လုပ်သူများ၏ မှားယွင်းချက်ဖြစ်ပေါ်လာပါက လိုင်စင်ရယူထားသူသည် လိုင်စင်သိမ်းယူခြင်းခံရမည်စိုးရိမ်သောကြောင့် တစ်ဆင့်ငှားရမ်းဆောက်လုပ်ခြင်းများ ပြုလုပ်မှုမရှိတော့ခြင်းနှင့် လိုင်စင်ရရှိသူသည် ဆောက်လုပ်ခွင့်အတွက် အာမခံကြေး မပေးသွင်းနိုင်ခြင်းတို့ကြောင့် တစ်ဆင့်ခံဆောက်လုပ်သူများ အခက်အခဲဖြစ်နေကြောင်း ကျောက်တံတားမြို့နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm



"တချို့လိုင်စင်ရှိသူတွေက လက်မှတ်တော့ ထိုးပေးမယ်၊ အာမခံကြေးတော့ မသွင်းပေးဘူး။ ဒါကို တစ်ဆင့်လုပ်မယ့်သူက သွင်းမယ်ဆိုရင် လိုင်စင်ရှိသူရဲ့ နာမည်နဲ့သွင်းပြီး အဲဒီနာမည်နဲ့ပဲထုတ်ရမယ်။ မတော်လို့ လိုင်စင်ပိုင်ရှင်ညစ်ရင်တော့လည်း ဒီတစ်ဆင့်ခံဆောက်သူတွေ ခံရနိုင်တယ်။ ဒီလိုနဲ့ တစ်ဆင့်ခံတွေ ပျောက်သွားမှာပါ" ဟု ဌာနမှူး ဒေါက်တာဇော်ဝင်းက ပြောကြားသည်။

မြို့တော်စည်ပင်သည် မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူများကို သတ်မှတ်ထားသော အာမခံငွေသွင်းစေ၍ ကန်ထရိုက်တာအဖြစ် မှတ်ပုံတင်လိုင်စင်ထုတ်ပေးနိုင်ခြင်းနှင့် ကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းချက်များမှ စည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော လိုင်စင်ရကန်ထရိုက်တာအား သတိပေးခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ကြောင်း အဆိုပါကော်မတီမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ အမိန့်နှင့် ညွှန်ကြားချက်များမှ သိရသည်။

ငွေကြေးလုံလောက်သော ဆောက်လုပ်သူများအနေဖြင့် ယင်းအာမခံကြေးငွေသည် မပြောပသော်လည်း အဆောက်အအုံတစ်ပိုင်တစ်နိုင်ဆောက်လုပ်သူများအနေဖြင့် အခက်အခဲဖြစ်နိုင်ကြောင်း၊ အချို့သည် အိမ်ရှင်များနှင့် အခန်းပေးအခန်းယူစနစ်ဖြင့် သဘောတူပြီး အခန်းဝယ်ယူသူများထံမှ ကြိုပွဲငွေစနစ်သုံးငွေရယူကာ နောက်ထပ် အဆောက်အအုံဆောက်လုပ်ရန် ကြိုတင်စီစဉ်ထားသူများဖြစ်ကြောင်း၊ ယင်း အာမခံကြေးငွေသွင်းထားရပါက ငွေများသည် မြုပ်သွားနိုင်ကြောင်း စမ်းချောင်းမြို့နယ်မှ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

"တချို့အိမ်ရှင်တွေက တိုက်ဆောက်မယ်ဆိုပြီး တခြားမှာ သွားငှားနေရတယ်။ ဆောက်ရမယ့်အချိန်မှာတောင် လာမဆောက်တာတွေရှိတယ်။ သူတို့ဘက်က ဆောက်ပြီးသားတိုက်ခန်းကလည်း မရောင်းရသေး၊ ငွေကလည်းမြုပ်နေတော့ ကျင့်ဝတ် နည်းလမ်းလိုက်နာမှုတွေမှာ ပြဿနာရှိလာတယ်။ ဒါကို စည်ပင်က ဝင်ထိန်းပေးတဲ့သဘောပဲ။ ဒီစည်းကမ်းက တကယ်လုပ်နိုင်တဲ့သူတွေပေါ်မယ်။ ပေါ်ပေါ်လုပ် ပေါ်ပေါ်စားသူတွေတော့ ပျောက်သွားမှာပဲ" ဟု ၎င်း၏ယူဆချက်ကို ပြောကြားသည်။

လိုင်စင်ရကန်ထရိုက်တာအချို့ကလည်း အဆောက်အအုံဆောက်လုပ်မှုပြီးသင့်သောအချိန်တွင် ပြီးစီးမှုမရှိခြင်း၊ တစ်ခါတစ်ရံဆောက်လက်စအတိုင်း မပြီးပြတ်ဘဲရောင်းပြေးခြင်းတို့ကြောင့် ကော်မတီ၏ လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ ငွေဒဏ်ရိုက်ခြင်းနှင့် ဆောက်လုပ်သူက ပေးသွင်းထားသည့်အာမခံကြေးမှ ထုတ်ယူသုံးစွဲရခြင်း စသည့်သာဓကများရှိကြောင်း၊ ထို့ကြောင့် လိုင်စင်ကြေး ကျပ်သိန်း ၁၀၀ ပေးသွင်းရမည့်အပြင် အဆောက်အအုံတစ်လုံးချင်းအတွက် ကျပ်သိန်း ၅၀ ကို အာမခံကြေးပေးသွင်းစေရခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လိုင်စင်ရကန်ထရိုက်တာများအနေဖြင့် လေးထပ်နှင့် လေးထပ်အထက် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရန် အဆိုပြုပုံစံနှင့် ခွင့်ပြုချက်ရရှိပြီး အဆောက်အအုံပုံစံများ ဆောက်လုပ်ခွင့်တင်ပြရာတွင် အဆောက်အအုံတစ်လုံး

www.foreverspace.com.mm

ချေးအတွက် အာမခံကြေးငွေကျပ်သိန်း ၅၀ ကို မြို့တော်ဘဏ်သို့ ပေးသွင်းရကြောင်း၊ ပေးသွင်းပြီး ချလန်တင်ပြမှသာ ဆောက်လုပ်ခွင့် ရရှိကြောင်း၊ အဆောက်အအုံ ဆောက်လုပ်ပြီး၍ ဌာနကစစ်ဆေးပြီး ထပ်မံ ညွှန်ကြားရန်မရှိတော့ဘဲ အဆောက်အအုံ ပြီးစီးကြောင်း သက်သေခံလက်မှတ် (BCC) ထုတ်ပေးပြီးမှသာ ယင်းငွေအား ပြန်လည် ထုတ်ယူရရှိမည်ဖြစ်ကြောင်း ၂၀၀၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့က အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရုံးတွင်းအမိန့် ၄၄/၂၀၀၉ ပါ ပြဋ္ဌာန်းချက်အရ သိရှိရသည်။

# အောက်ဆီဂျင် လိုအပ်သည်ထက်ပိုပေးမိပါက အဆိပ်သင့်နိုင်ဟုဆို

**ရန်ကုန်၊ ဩဂုတ် ၁၅**

ဆေးရုံ၊ ဆေးကုခန်းများနှင့် နေအိမ်များ၌ ဝေဒနာရှင်လူနာများကို အောက်ဆီဂျင်လိုအပ်သည့်ပမာဏထက် ပိုမိုပေးသွင်းမိပါက အဆိပ်သင့်စေနိုင်ကြောင်း မေ့ဆေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာအောင်သိန်းထွန်းက ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် သီရိစန္ဒာအထူးကုဆေးခန်းတွင်ကျင်းပသော တတိယအကြိမ်စဉ်ဆက်မပြတ် ဆေးပညာပေးဟောပြောပွဲတွင် ၎င်းက 'Oxygen Therapy'(အောက်ဆီဂျင်ကုထုံး) ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးရင်း အထက်ပါအတိုင်း သတိပေးပြောကြားခြင်း ဖြစ်သည်။

"ကျွန်တော်တို့က လေထုထဲမှာ ၂၁ ရာခိုင်နှုန်းပါဝင်နေတဲ့ အောက်ဆီဂျင်ကို ရှူနေရတာပါ။ အဲဒီရာခိုင်နှုန်းက လူသားတွေ သာမန်လိုအပ်တာထက်တောင် ပိုနေပါသေးတယ်။ လိုအပ်တဲ့ပမာဏကိုမရတဲ့လူနာတွေကိုတော့ အောက်ဆီဂျင်မဖြစ်မနေပေးရတော့မယ်" ဟု ၎င်းက ရှင်းပြသည်။

သွေးထဲတွင်ရှိသင့်ရှိထိုက်သည့် အောက်ဆီဂျင်ပမာဏ လျော့နည်းလာပါက Hypoxia ဟုခေါ်သည့် ခေါင်းမူးဝေခြင်း၊ သွေးပေါင်ချိန်ကျခြင်း၊ သွေးခုန်နှုန်းတိုးခြင်း၊ စကားမပြောနိုင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း စသည့် အောက်ဆီဂျင်လျော့နည်းသည့် လက္ခဏာများကို ခံစားရမည်ဖြစ်ကြောင်း၊ လုံလောက်သည့်အောက်ဆီဂျင်ပမာဏရနေပါကလည်း သွေးလှည့်ပတ်မှုကောင်းမွန်နေရန် လိုအပ်ကြောင်း၊ နာတာရှည်ဝေဒနာရှင်များ၊ အထူးကြပ်မတ်ကုသခန်း (ICU) အတွင်းမှလူနာများနှင့် ကလေးငယ်များကို လိုအပ်သည့်အောက်ဆီဂျင်ပမာဏထက် ပိုမိုပေးသွင်းရှူရှိုက်မိပါက အဆိပ်သင့်ပြီး အန္တရာယ်ရှိစေနိုင်ကြောင်း ၎င်းက ဆိုသည်။

ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ ဆေးပညာစဉ်ဆက်မပြတ်တိုးတက်နေစေရန်ရည်ရွယ်၍ အဆိုပါ စဉ်ဆက်မပြတ်ဆေးပညာပေးဟောပြောပွဲများကို ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်မှစတင်ပြီး နှစ်ပတ်လျှင်တစ်ကြိမ်ကျစီ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါဆေးကုခန်းထံမှ စုံစမ်းသိရှိရသည်။

ထိုနေ့ကကျင်းပသည့် အဆိုပါဟောပြောဆွေးနွေးပွဲတွင် ပါမောက္ခဒေါက်တာအောင်သိန်းထွန်းက Hypoxia ခေါ် အောက်ဆီဂျင်ပြတ်သည့်ရောဂါလက္ခဏာများ၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှု၊ နောက်ဆုံးပေါ်အောက်ဆီဂျင်ပေးကုသနည်းများနှင့် ကိရိယာများ၊ အောက်ဆီဂျင်အဆိပ်သင့်မှုအကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။



www.foreverspace.com.mm



# ကလေးငယ်များ စိတ်ဓာတ်မြှင့်တင်ရေး COF ဆောင်ရွက်

**ရန်ကုန်၊ ဩဂုတ် ၃**

**ချို့တဲ့နွမ်းပါးသောကလေးငယ်များ၊ မိဘမဲ့ကလေးငယ်များ၊ ကျောင်းသင်ခန်းစာများနှင့် နစ်မွန်းနေသော ကလေးငယ်များ စိတ်အားငယ်မှု၊ စိုးရိမ်ကြောက်ရွံ့မှု စသည့် စိတ်ပိုင်းဆိုင်ရာပြဿနာများကို ဖြေဖျောက်ပြီး ပျော်ရွှင်တက်ကြွလာစေရန် Children Our Future (COF) လူငယ်များအဖွဲ့သည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများတွင် အလှူငွေများလှူဒါန်းခြင်းအပြင် ကလေးငယ်များကို သီချင်း၊ မျက်လှည့်၊ Game ကစားနည်း စသည်တို့ဖြင့် လိုက်လံတင်ဆက်ဖျော်ဖြေပေးလျက်ရှိကြောင်း ယင်းအဖွဲ့၏ စည်းရုံးရေးမှူးတစ်ဦးထံမှ သိရသည်။**

အဆိုပါအဖွဲ့သည် ပြီးခဲ့သည့် ဩဂုတ်လ ၂ ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ရဲမွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ယင်းကျောင်းတိုက်မှ ကိုရင်ကလေးများ အပါအဝင် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ၁၀၀ ဦးကျော်နှင့်အတူတကွ သီချင်းသီဆိုခြင်း၊ ပျော်ရွှင်ဖွယ်ရာ ကစားနည်းများ ကစားခြင်း၊ ရုပ်ပြောင်များရေးဆွဲပေးခြင်း စသည့် ဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြပြီး ကလေးငယ်တစ်ဦးလျှင် အရုပ်တစ်ခုစီ လက်ဆောင်ပေးအပ်ခဲ့ကြောင်း၊ ထို့အပြင် ယင်းကျောင်းတိုက်သို့ အလှူငွေကျပ်နှစ်သိန်းခြောက်သောင်းနှင့် ဆန် ၁၀ အိတ်၊ ပဲဆီ ၁၅ ပိဿာ၊ ဗလာစာအုပ်နှင့် ခဲတံ၊ ခြင်ဆေးခွေများ အပါအဝင် စုစုပေါင်း တန်ဖိုးကျပ် ခုနစ်သိန်းကျော်လှူဒါန်းခဲ့ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

မီဒီယာများအပါအဝင် လုပ်ငန်းနယ်ပယ်စုံမှ လူငယ်များဖြင့် ဖွဲ့စည်းထားသော ယင်း COF ကို ၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအချိန်တိုင်အောင် တစ်လလျှင် ကျောင်းတစ်ကျောင်းနှုန်းစီ ပုံမှန်သွားရောက်ကာ ကလေးငယ်များကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေပေးလျက်ရှိကြောင်း၊ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးကာလကလည်း မုန်တိုင်းသင့်ဒေသရှိစာသင်ကျောင်းများသို့ သွားရောက်ဖျော်ဖြေလှူဒါန်းခဲ့ကြောင်း ၎င်းက ဆိုသည်။

ရဲမွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြသော အဖွဲ့အစည်းများအနက် Children Our Future သည် ကလေးသူငယ်များ ပျော်ရွှင်စေရန် ဖျော်ဖြေပေးသော ပထမဆုံးလူငယ်အဖွဲ့ဖြစ်ကြောင်း ရဲမွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးပုညသေဠထံမှ သိရသည်။

**မျော်ဇာ**

# အရည်အသွေးမီ မူလတန်းကြိုကျောင်းများပေါ်ထွန်းရန် ရုပ်ဝတ္ထုပစ္စည်းများ ပဓာနမကျဘဲ အရည်အချင်းရှိသောဆရာမများသာ အဓိကကျဟုဆို

**သတင်းဆောင်းပါး/ဓာတ်ပုံ – ကျော်နိုင်၊ ၉–၉–၂၀၀၉**

**မြန်မာနိုင်ငံ၌ အရည်အသွေးပြည့်မီသော မူလတန်းကြိုကျောင်းပေါ်ပေါက်ရန်နှင့် အရည်အသွေးပြည့်မီသော ကလေးငယ်များ လေ့ကျင့်မွေးထုတ်နိုင်ရန်အတွက် အခြေခံအရေးကြီးသောအချက်မှာ အမာခံပစ္စည်းများဖြစ်သည့် အဆောက်အအုံ၊ ပစ္စည်းကိရိယာများ၊ တန်ဖိုးများသော ကလေးကစားစရာအရုပ်များ၊ စာအုပ်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများမဟုတ်ဘဲ အရည်အချင်းပြည့်မီသော ဆရာမများအပေါ်တွင်သာ အဓိကမူတည်နေကြောင်း စင်ကာပူနိုင်ငံတကာဖောင်ဒေးရှင်း (SIF) မှ စီမံကိန်းဒါရိုက်တာ Dr. Khoo Kim Choo က ပြောကြားသွားသည်။**

လူမှုဝန်ထမ်းဦးစီးဌာန၊ စင်ကာပူနိုင်ငံတကာဖောင်ဒေးရှင်း (SIF) နှင့် Save the Children (Myanmar) တို့ပူးပေါင်းစီစဉ်မှုဖြင့် စက်တင်ဘာလ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် ရန်ကုန်မြို့ Parkroyal ဟိုတယ်၌ ကျင်းပသော Strengthening the Foundation in the Early Years ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံမူလတန်းကြို ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



အရည်အချင်းပြည့်မီသော မူလတန်းကြိုဆရာမများကို လေ့ကျင့်မွေးထုတ်နိုင်ရန်

www.foreverspace.com.mm

အတွက် SIF နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ Early Childhood Training of Trainer Project ကို မြန်မာနိုင်ငံ၌ ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ မူလတန်းကြိုကျောင်းစနစ်၊ သင်တန်းပေးမှုအခြေအနေ၊ မူကြိုဆရာမများ၏ သင်တန်းလိုအပ်ချက်များနှင့် လက်ရှိဆောင်ရွက်နေသော ဝန်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များကို လေ့လာပြီး အဆိုပါ Early Childhood Education (ECE) ဆရာဖြစ်သင်တန်းကို ရန်ကုန်မြို့တွင် ၂၀၀၄ ခုနှစ်အတွင်း နှစ်ကြိမ်၊ မန္တလေးမြို့တွင် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် တစ်ကြိမ်စီ စုစုပေါင်းလေးကြိမ် ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသားဆရာ၊ ဆရာမဦးရေ ၆၅ ဦးတက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းတွင် စင်ကာပူနိုင်ငံ SIF မှ ကလေးသူငယ်ပညာရေးနှင့် ဖွံ့ဖြိုးရေးအတွေ့အကြုံရှိသူ သင်တန်းနည်းပြ ၁၁ ဦးက ပို့ချသင်ကြားခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ Save the Children၊ Kachin Baptist Church၊ ရင်သွေးဖောင်ဒေးရှင်း၊ YMCA၊ World Vision စသည့် အဖွဲ့အစည်းများအပါအဝင် မူကြိုဆရာဖြစ်သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ မူကြိုကျောင်းအုပ်များ၊ အစောပိုင်းကာလကလေးသူငယ်ပံ့ပိုးကူညီသူများ၊ အစောပိုင်းကာလ ကလေးသူငယ်နှင့်ပတ်သက်၍ ရပ်ရွာမှဆောင်ရွက်ပေးနေသူများ၊ ဆရာမများပါဝင်ကြကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တပတ်ခြောက်ပတ်ကြာမြင့်ပြီး စင်ကာပူနိုင်ငံ SIF မှ သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် ရန်ကုန်မြို့မှသင်တန်းဆင်းနည်းပြ ၁၀ ဦးကို ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်မှ ဧပြီလ ၃ ရက်အထိလည်းကောင်း၊ မန္တလေးမြို့မှ သင်တန်းဆင်းနည်းပြခြောက်ဦးကို အောက်တိုဘာလ ၈ ရက်မှ ၁၅ ရက်အထိ လည်းကောင်း စင်ကာပူနိုင်ငံသို့ လက်တွေ့လေ့လာရေးခရီး စေလွှတ်ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ရှင်းပြသည်။



"သင်တန်းကာလကို နာရီပေါင်း ၁၈၀ နဲ့ နှစ်ပိုင်းခွဲထားတယ်။ ပထမနာရီ ၉၀ ကတော့ သီအိုရီပိုင်းနဲ့ ကျန်တဲ့ နာရီ ၉၀ ကတော့ လက်တွေ့ပိုင်းပါ။ သင်ရိုးညွှန်းတမ်းမှာ ဘာသာစကား၊ သင်္ချာ၊ သိပ္ပံ၊ ပေါင်းသင်းဆက်ဆံရေး၊ အနုပညာနဲ့လက်မှုပညာ၊ ဂီတတို့ကိုပေါင်းစည်းထည့်သွင်းထားတယ်။ သင်ခန်းစာရေးဆွဲခြင်း၊ သင်ကြားမှုပတ်ဝန်းကျင်၊ စာသင်ခန်းတွင်းစီမံထိန်းသိမ်းခြင်း၊ သင်ကြားနည်းပုံစံ၊ ကလေးကိုကြည့်ရှုဆန်းစစ်ခြင်း၊ ဆရာမများ၊ ကျောင်းအုပ်များရဲ့ကဏ္ဍနဲ့အကဲဖြတ်ခြင်း၊ မိဘ၊ ရပ်ရွာနဲ့အတူ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ ပါပါတယ်။ သင်တန်းဆင်းလက်မှတ်ကို စင်ကာပူ မူလတန်းကြိုပညာရေး သင်တန်းဆင်းလက်မှတ်နဲ့အဆင့်ညီအောင် သတ်မှတ်ထားတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

"သင်တန်းဆင်းနည်းပြတွေချည်းသာ မကပါဘူး။ မိဘတွေပါပူးပေါင်းပါဝင်မှ ဒီစီမံကိန်းကအောင်မြင်မှာ" ဟု ၎င်းက အကြံပြုပြောကြားသည်။

ကလေးငယ်များအတွက် သင်ထောက်ကူပစ္စည်းများနှင့် ကလေးကစားစရာများကို တန်ဖိုးမြင့်ပစ္စည်းများ ဝယ်ယူအသုံးပြုစရာမလိုဘဲ အုန်းသီး၊ သစ်၊ ဝါးကဲ့သို့သော တန်ဖိုးနည်းဒေသထွက်ပစ္စည်းများနှင့် ကားတာယာ၊ ရေသန့်ဘူးခွံတို့ကဲ့သို့သော စွန့်ပစ်ပစ္စည်းများဖြင့် ပြန်လည်အသုံးချနိုင်ကြောင်း SIF မှ စင်ကာပူသင်

## တောင်းပန်လွှာ

၂၀၀၉ ခုနှစ် စက်တင်ဘာလထုတ် Living Color မဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့၏ပေါ့ဆမှု၊ ပုံနှိပ်အရည်အသွေးညံ့ဖျင်းမှုတို့ကြောင့် စာမျက်နှာအချို့၏ ဓာတ်ပုံများမှုန်ခြင်း၊ ဝါးခြင်း၊ အစက်အပြောက်များပါဝင်ခြင်းတို့သည် မိမိတို့ကိုယ်ပိုင်ငွေ၊ လုပ်ခလစာဖြင့်ဝယ်ယူဖတ်ရှုကြသော စာဖတ်သူများ၊ ငွေကြေးအကုန်အကျခံ၍ ကြော်ငြာထည့်သွင်းသောလုပ်ငန်းရှင်၊ ကြော်ငြာရှင်များအား မရည်ရွယ်ပါဘဲ မထေမဲ့မြင်ပြုသကဲ့သို့ဖြစ်သွားရခြင်းကို အယ်ဒီတာအဖွဲ့အနေဖြင့် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm



ထိန်းနည်းပြဆရာမတစ်ဦးက ဖြည့်စွက် အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာဘက်စုံဖွံ့ဖြိုးရေးအတွက် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေးလုပ်ငန်း (ECCD) ကို လူမှုဝန်ထမ်းဦးစီးဌာနက ၁၉၄၈ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးတွင် လူမှုဝန်ထမ်းဦးစီးဌာနက တိုက်ရိုက်ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းပေါင်း ၆၇ ကျောင်းရှိပြီး လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းပေါင်း ၇၀၃ ကျောင်းရှိကြောင်း၊ ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ အကူအညီဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာနတို့မှ ကျွမ်းကျင်သူများပါဝင်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာနမှပြုစုထားသော သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှရေးဆွဲထားသော သင်ရိုးညွှန်းတမ်းတို့ကိုအခြေခံကာ မူလတန်းကြိုသင်ရိုးညွှန်းတမ်းသစ်တစ်ခုကို ပြုစုရေးဆွဲခဲ့ပြီး ယင်းသင်ရိုးညွှန်းတမ်းသစ်ကို မြန်မာနိုင်ငံပညာရေးကော်မတီအစည်းအဝေး (၁/၂၀၀၇) က အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ပြောကြားသည်။




ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် UNICEF နှင့် ပူးပေါင်း၍ ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်း (Community Based ECCD) ကို ၂၀၀၆ ခုနှစ်မှစတင်၍ မိခင်ဝိုင်း (Mother Circles) အသွင်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်အထိ မြို့နယ်ကိုးမြို့နယ်တွင် မိခင်ဝိုင်း စုစုပေါင်း ၉၀ ဝိုင်းကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ငါးနှစ်အောက်ကလေးများအားပြုစုပျိုးထောင်ခြင်းကို မိခင်များမှတစ်ဆင့် ရပ်ရွာလူထုအတွင်း ပျံ့နှံ့ရောက်ရှိစေခဲ့ကြောင်း ၎င်းက ဆိုသည်။ "မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ငါးနှစ်အောက်ကလေးတွေပြုစုပျိုးထောင်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့ ဌာန အခြေပြု ECCD လုပ်ငန်းတွေအပြင် ဒီရပ်ရွာအခြေပြု ECCD လုပ်ငန်းတွေကိုပါ တိုးချဲ့ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။



မြန်မာနိုင်ငံ၌ ပညာရေးဝန်ကြီးဌာနက ၁၉၉၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော ပညာရေးမြှင့်တင်မှု စီမံကိန်းအရ မူလတန်းကြိုပညာကို အခြေခံပညာကျောင်းများတွင် တွဲဖက်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ်တွင် ရပ်ရွာအခြေပြု မူကြိုဆရာမသင်တန်းနှင့် မူကြိုဆရာမနည်းပြသင်တန်းတို့ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ UNICEF၊ UNDP၊ UNESCO တို့နှင့်ပူးပေါင်း၍ ၂၀၀၁ ခုနှစ် မှ ၂၀၀၅ ခုနှစ်အထိ မြို့နယ် ၁၁ မြို့နယ်၌ ရပ်ရွာအခြေပြု ECCD စင်တာ ၄၆ ခုကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုအခါ UNICEF နှင့် ပူးပေါင်း၍ မြို့နယ်ပေါင်း ၆၉ မြို့နယ်၌ ECCD စင်တာပေါင်း ၆၄၃ ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေး

www.foreverspace.com.mm






စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက အဆိုပါနှီးနှောဖလှယ်ပွဲတွင် တင်ပြဆွေးနွေးသွားသည်။

"အခု ကျွန်မတို့နိုင်ငံမှာ အသက်သုံးနှစ်ကနေ ငါးနှစ်အရွယ်ကလေးအားလုံးရဲ့ ၁၇ ရာခိုင်နှုန်းကိုပဲ ဒီ ECCD ပညာရေးကို ပံ့ပိုးပေးနိုင်သေးတယ်။ လာမယ့် ၂၀၁၅ ခုနှစ်မှာ ကလေးအားလုံးရဲ့ ၂၅ ရာခိုင်နှုန်းအထိကို ECCD ပညာရေးရရှိဖို့ ဆောင်ရွက်သွားမှာပါ" ဟု သူမက ဆိုသည်။

"ဒီ ECCD စီမံချက် ရည်မှန်းချက်အပြည့်အဝအောင်မြင်ဖို့ လိုအပ်ချက်တွေအများကြီးရှိနေပါသေးတယ်။ တစ်နိုင်ငံလုံးမှာ စံသတ်မှတ်ချက်ပြည့်မီတဲ့ မူကြိုကျောင်းနှစ်ကျောင်းပဲရှိတာရယ်၊ သင်တန်းဆင်းမူကြိုဆရာမအင်အား လျော့နည်းတာရယ်၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းတာရယ်၊ အစီရင်ခံစာ ပုံမှန်ပေးပို့မှုအားနည်းတာရယ်၊ ဘတ်ဂျက်မလုံလောက်တာတွေရယ်ပါပဲ" ဟု ရင်ဆိုင်နေရသောအခက်အခဲများကို ၎င်းက ဖြည့်စွက်ပြောကြားသည်။

မွေးစမှ အသက်ရှစ်နှစ်အထိကလေးတိုင်းသည် ECCD ပညာရေးကို ခံစားခွင့်ရှိကြောင်း၊ ကလေးဘဝအရွယ်ကတည်းက ပံ့ပိုးပေးခြင်းသည် အခြားအသက်အရွယ်ရောက်မှပံ့ပိုးပေးခြင်းထက် များစွာအကျိုးရှိကြောင်း၊ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုအတွက် မိခင်နှင့်မိသားစု၊ ရပ်ရွာ၊ နိုင်ငံအစိုးရ၊ ECCD စင်တာများနှင့် စာသင်ကျောင်းများသည် အဆင့်ဆင့်အရေးပါကြောင်း၊ ECCD ပညာရေးကို ရရှိခံစားသည့်ကလေးနှင့် မရရှိသည့်ကလေးသည် သိသာစွာကွာခြားကြောင်း၊ ECCD ကို ပညာဉာဏ်ရည်ဖွံ့ဖြိုးရေးသာမကဘဲ အာဟာရဖွံ့ဖြိုးရေး၊ ကျန်းမာရေးတို့နှင့်တွဲဖက်ဆောင်ရွက်သင့်ကြောင်း၊ ကလေးငယ်များ၏ ပညာသင်ကြားရေးသာမက ဘဝတစ်လျှောက်လုံးအတွက် ECCD သည် အရေးကြီးလှကြောင်း Save the Children (Myanmar)မှ စီမံချက်ဒါရိုက်တာ (Education Programme) ဦးအေးမြင့်သန်းဌေးက သုံးသပ်ပြောကြားသည်။

ယင်းကဲ့သို့ ကနဦးကလေးငယ်များအား စောင့်ရှောက်မှုပေးရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ သတ်မှတ်ထားသောစံနှင့်အညီ ဆောင်ရွက်နိုင်ရန် မူကြိုဆရာ၊ ဆရာမများနှင့် စေတနာ့ဝန်ထမ်းများ၏ အရည်အသွေးကိုမြှင့်တင်ပေးရန် လိုအပ်သေးကြောင်း World Vision မှ စီမံချက်မန်နေဂျာ ဒေါက်တာဇင်သွေးစီက ထောက်ခံဆွေးနွေးခဲ့သည်။

World Vision အနေဖြင့် မြန်မာနိုင်ငံ၌ ကနဦးကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းကိုဆောင်ရွက်ရာတွင် စီမံချက်ဒေသပေါင်း ၃၂ ခု၌ ရပ်ရွာအခြေပြု မူကြိုနေ့ကလေးထိန်းကျောင်း ၃၁၁ ကျောင်းနှင့် ကျောင်းပြင်ပ ပညာရေးဌာနပေါင်း ၅၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်ကျင်းပသည့် အဆိုပါနှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံး၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ စင်ကာပူနိုင်ငံတကာဖောင်ဒေးရှင်း (SIF)၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ Save the Children ၊World Vision၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ Kachin Baptist Church၊ ရင်သွေးဖောင်ဒေးရှင်း၊ YMCA နှင့် ဖိတ်ကြားထားသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၌ ကလေးငယ်များပြုစုပျိုးထောင်ရေးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေးကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ကလေးငယ်များဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုပစ္စည်းကောင်းများ လိုအပ်သည်မှာမှန်သော်လည်း ယင်းထက်ပိုအရေးကြီးသည်မှာ နုနယ်သောကလေးများ၏စိတ်ဓာတ်များကို နိုးကြားအောင်လှုံ့ဆော်ပေးမည့် ပညာအရည်အသွေးနှင့်ဆရာများ၏ တတ်ကျွမ်းမှုတို့ပင်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး Mr. Robert Chua က သုံးသပ်ပြောကြားသွားသည်။

■

www.foreverspace.com.mm



# မျိုးတုံးမည့်အန္တရာယ်နှင့်နီးစပ်နေသည့် ကြိုးကြာခေါင်းနီ ၃၆ ကောင် ဧရာဝတီတိုင်းတွင် တွေ့ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၉**

မျိုးတုံးမည့်အန္တရာယ်နှင့် နီးစပ်နေသည့် ကြိုးကြာခေါင်းနီ (Sarus Crane) များကို ဧရာဝတီတိုင်း မအူပင်မြို့နယ် ရေလဲလေးကျေးရွာတွင် ဇူလိုင်လဆန်းအတွင်း ၃၆ ကောင် တွေ့ရှိခဲ့ကြောင်း မြန်မာ ငှက်ဝါသနာရှင်အသင်းအတွင်းရေးမှူး ဦးသက်ဇော်နိုင်က ပြောကြားသည်။

"အကောင်ကိုတော့ မသတ်ကြဘူး။ နေထိုင်တဲ့ဒေသ (Habitat) တွေကိုတော့ ဖျက်ဆီးခံရတဲ့အတွက် မျိုးတုံးလုနီးပါး အန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ငှက်မျိုးတွေဖြစ်တယ်" ဟု ၎င်းက ရှင်းပြသည်။

ဒေသခံအများစုက အဆိုပါငှက်များကို သတ်ဖြတ်မိပါက ဘေးအန္တရာယ်ရှိသည်ဟု ယုံကြည်ကြသည့်အတွက် သတ်ဖြတ်ခြင်းမပြုသောကြောင့် တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းသည့်နည်းလမ်းဖြစ်နေသော်လည်း ယင်းငှက်များ၏ အသိုက်နှင့် ဥများမှာမူ ဖျက်ဆီးခြင်းခံနေရကြောင်း၊ အသိုက်လုပ်သည့်နေရာများကို လယ်ယာများ၊ ငါးကန်များအဖြစ် တိုးချဲ့လာခြင်းကြောင့် ယင်းတို့၏နေထိုင်မှုပုံစံများကို ပျက်စီးလာစေခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ယင်းငှက်များသည် ရေတိမ်ဒေသ (Wetland) နှင့်ရေစပ်ရှိသည့် ရေချိုဒေသများတွင်နေထိုင်ကြပြီး ရခိုင်ပြည်နယ်ကုလားတန်မြစ်ရိုးတစ်လျှောက်နှင့် မြောက်ဦးမြို့နယ်တစ်ဝိုက်၊ အင်းလေး၊ အင်းတော်ကြီး၊ ဥတို၊ မိုးယွန်းကြီးအင်းတို့တွင် တွေ့ရှိရကာ ဧရာဝတီတိုင်းတွင် ရေလဲလေးကျေးရွာပတ်ဝန်းကျင်နှင့် ညောင်တုန်းမြို့နယ်ပတ်ဝန်းကျင်တို့တွင် ကြိုးကြာခေါင်းနီအကောင်ရေ ၂၀၀ ကျော်အထိ တွေ့ရှိဖူးကြောင်း မြန်မာနိုင်ငံ ငှက်ဝါသနာရှင်အသင်းထံမှ သိရသည်။

မြန်မာနိုင်ငံ၌ ငှက်မျိုးစိတ်စုစုပေါင်း ၁၁၀၀ ခန့်ရှိသည့်အနက် လုံးဝမျိုးတုံးပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ် ခုနစ်မျိုး၊ မျိုးတုံးလုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ် ၁၀ မျိုး၊ မျိုးတုံးရန် အန္တရာယ်ကြုံတွေ့နေရသည့် ငှက်မျိုးစိတ် ၂၄ မျိုးနှင့် အဆိုပါကြိုးကြာခေါင်းနီများအပါအဝင် မျိုးတုံးမည့်အန္တရာယ်နှင့် နီးစပ်နေသော ငှက်မျိုးစိတ် ၇၄ မျိုးခန့် ပါဝင်လျက်ရှိကြောင်း အသင်းအမှုဆောင်တစ်ဦးက ဖြည့်စွက်ပြောကြားသည်။

**နွယ်နွယ်**



# ကျေးရွာအဆင့် အာမခံထားရှိမှုစနစ် ဒေသတွင်းလေ့လာရန် အချိန်သုံးနှစ်ယူရမည်

**ရန်ကုန်၊ ဇူလိုင် ၃**

ကျေးရွာအဆင့်ထိ အာမခံထားရှိမှုစနစ် (Micro Insurance Level) ကို မြန်မာနိုင်ငံရှိ ကျေးရွာ ၁၀ ရွာတွင် စမ်းသပ်နိုင်ရန်အတွက် အာဆီယံဒေသတွင်းနိုင်ငံများ၌ လေ့လာသုံးသပ်မှုများကို အနည်းဆုံး သုံးနှစ်အချိန်ယူ၍ ဆန်းစစ်လေ့လာမှုပြုရဦးမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက Living Color သို့ ဇွန်လ ၂၉

www.foreverspace.com.mm

ရက်နေ့က ပြောကြားသည်။

"အဓိကအနေနဲ့ ကျေးလက်နေပြည်သူတွေကို အကာအကွယ်ပေးဖို့ပါ။ ဒါကြောင့် ဒီလိုစမ်းသပ်နိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အာမခံပေါ်လစီကို လေ့လာသုံးသပ်ရမယ်။ ပြီးရင်တော့ ကာလရှည် စမ်းသပ်အကောင်အထည်ဖော်မယ်။ ဒါတွေဖြစ်လာဖို့ အချိန်တော့ ပေးရဦးမယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါစနစ်အတွက် ပထမဆုံးအနေဖြင့် ဧရာဝတီတိုင်းရှိ ကျေးရွာ ၁၀ ရွာကို စမ်းသပ်အကောင်အထည်ဖော်ရန်ရှိကြောင်း၊ ရွာ ၁၀ ရွာဟု ဆိုသော်လည်း ဆောင်ရွက်ရမည့်ရွာများကို ယခုအချိန်အထိ မရွေးချယ်ရသေးကြောင်း၊ ယင်းသို့ စမ်းသပ်အကောင်အထည်ဖော်ရာမှ တွေ့ရှိလာသောအခြေအနေတစ်ခုပေါ်တွင် အသုံးတည့်ပြီး ကျေးရွာများနှင့်ကိုက်ညီသည့် သင့်လျော်သော အာမခံပေါ်လစီတစ်ခု ရေးဆွဲသွားမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။




မြန်မာနိုင်ငံအနေဖြင့် Micro Insurance Level ဟု ဆိုနိုင်သည့်အဆင့်တွင် မြွေအန္တရာယ်အာမခံစနစ်မှာ အောင်မြင်လျက်ရှိပြီး ယင်းအာမခံအတွက် အာမခံ ပရီမီယံမှာ ငွေကျပ် ၅၀၀ သာကျသင့်ကြောင်း၊ ယင်းအာမခံသည် မြွေကိုက်သေဆုံးသူအတွက် အာမခံလျော်ကြေးသာမက မြွေကိုက်သည့်အတွက် နောက်ဆက်တွဲဒဏ်ရာများကို ကျန်းမာရေးဌာနတွင်ပြသသည့် ကုန်ကျစရိတ်အတွက်ပါ အာမခံပေးလျော်ခြင်းစနစ်ပါပါရှိသည့်အတွက် မြွေကိုက်ခံရမှုကြောင့် သေဆုံးမှုလျော့နည်းသွားကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။

**မင်းမျိုး**

# စင်ကာပူ သူနာပြုလိုင်စင် အထောက်အကူပြုသင်ရိုး လျှောက်ထားသူ မြန်မာနည်းပါး

**ရန်ကုန်၊ ဩဂုတ် ၂၅**

အရှေ့တောင်အာရှတွင် ကျန်းမာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ နာမည်ကျော်သော စင်ကာပူနိုင်ငံ၌ လိုင်စင်ရသူနာပြု (Registered Nurse) အဖြစ် စာမေးပွဲဖြေဆိုနိုင်ရန် အထောက်အကူပြုသင်ရိုးကို မြန်မာသူနာပြုများလျှောက်ထားသူနည်းပါးကြောင်း ယင်းသို့လျှောက်ထားရန်ဝန်ဆောင်မှုပေးလျက်ရှိသော Gold Coin Scholastic Service မှ တာဝန်ရှိသူတစ်ဦးက Living Color သို့ပြောကြားသည်။

နိုင်ငံခြားသားများအတွက် ကျောင်းလျှောက်ထားရန်ဝင်ကြေး၊ သင်တန်းကြေး၊ စာမေးပွဲကြေး၊ ဗီဇာကြေး စသည့် အရပ်ရပ်တွင် စင်ကာပူဒေါ်လာ ၁၅,၀၀၀ နီးပါး ကုန်ကျသော Certificate in Nursing Education for Foreign Educated Nurses (CFEN) ကို လျှောက်ထားသူနည်းပါးရခြင်းမှာ ဈေးကြီးမြင့်ခြင်းကြောင့်ဟု ယူဆကြောင်း ၎င်းကဆိုသည်။

"မေးတော့မေးနေကြတယ်။ ဒါပေမဲ့ လျှောက်တဲ့သူ ၁၅ ယောက်လောက်ပဲရှိတယ်။ ဒါကြောင့် ကျောင်းတက်ဖို့အတွက် စင်ကာပူက လာရွေးမယ့်အစီအစဉ်တောင် ရက်ရွှေ့လိုက်ရတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောဆိုသည်။

စင်ကာပူနိုင်ငံတွင် သူနာပြုအဖြစ်လုပ်ကိုင်နိုင်ရန်အတွက် စင်ကာပူအသိအမှတ်ပြုလက်မှတ်တစ်ခုရရှိရန်လိုအပ်ပြီး ယင်းနောက်မှ စင်ကာပူသူနာပြုအဖွဲ့ (Singapore Nursing Board) က စစ်ဆေးသောစာမေးပွဲကိုဖြေဆိုအောင်မြင်မှသာ သူနာပြုလိုင်စင်ရရှိကြောင်း အရှေ့လယ်ပိုင်းနိုင်ငံတစ်ခုတွင် သူနာပြုအလုပ် လုပ်ကိုင်လျက်ရှိသော မြန်မာအမျိုးသမီးတစ်ဦးက ပြောကြားသည်။

"ဒီကနေ ဘာသူနာပြုဘွဲ့ရရ ဟို(စင်ကာပူ) ရောက်ရင် Nurse Aid (သူနာပြုအကူ) ပဲရတာ။ ဒါကြောင့်မို့ ကျွန်မ စင်ကာပူကို အလုပ်တန်းမလျှောက်ဘဲ ဒီကို

www.foreverspace.com.mm



ရောက်လာတာ" ဟု ဆော်ဒီအာရေဗျနိုင်ငံ ရိယာဒ်မြို့ရှိ ဆေးရုံတစ်ခုတွင် သူနာပြုအဖြစ်လုပ်ကိုင်လျက်ရှိသော ၎င်းက Living Color သို့ ပြောဆိုသည်။

စင်ကာပူအခြေစိုက် Health Management International Ltd. (HMI)မှ ဖွင့်လှစ်သော အထက်ပါ CFEN ကို တက်ရောက်လိုပါက သူနာပြုဘွဲ့ သို့မဟုတ် သူနာပြုဒီပလိုမာရရှိရန်လိုအပ်ပြီး သူနာပြုအတွေ့အကြုံသုံးနှစ်နှင့် သက်ဆိုင်ရာနိုင်ငံတွင် သူနာပြုလိုင်စင်တစ်ရပ် ရရှိထားသူ IELTS ၄ ဒသမ ၅ မှတ်နှင့် ကျန်းမာရေးကောင်းမွန်ပြီး မှုခင်းဆိုင်ရာမှတ်တမ်းမရှိသူဖြစ်ရမည်ဖြစ်ကြောင်း HMI၏ Institute of Health Science Website တွင် ဖော်ပြထားသည်။

မြန်မာသူနာပြု ၃၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိသော ဆော်ဒီအာရေဗျနိုင်ငံသည်ပင်လျှင် မြန်မာနိုင်ငံတွင် လူတွေ့လာရောက်ရွေးချယ်ပြီးသော်လည်း သူနာပြုအဖြစ်တိုက်ရိုက်ခန့်ထားခြင်းမရှိဘဲ ထိုနိုင်ငံသို့ ရောက်ရှိပါက သူနာပြုလိုင်စင်အတွက် စာမေးပွဲထပ်မံဖြေဆိုရကြောင်း အထက်ပါ သူနာပြုဆရာမ၏ ပြောကြားချက်အရသိရသည်။

"အဲဒီစာမေးပွဲမအောင်ရင် ဒီမှာအလုပ်လုပ်လို့မရပါဘူး။ အိမ်ပြန်ပို့ခံရမယ်။ အဓိက,ကတော့ သူနာပြုအစစ်လား၊ အင်(အတု) လားဆိုတာ စမ်းတာပါ" ဟု ၎င်းကဆိုသည်။

စင်ကာပူနိုင်ငံတွင် သူနာပြုအဖြစ် အလုပ်လုပ်ကိုင်ရန် ကြိုးပမ်းခဲ့ဖူးသော်လည်း စရိတ်စကကြီးမားသဖြင့် လက်လျှော့ခဲ့ရကြောင်း၊ အထက်ပါကဲ့သို့ သင်တန်းတက်ရောက်ကာ စာမေးပွဲဖြေဆိုနိုင်သည်ဆိုသော်လည်း အချိန်နှင့်ငွေကိုအဓိကထား ချိန်ထိုးကာစဉ်းစားရသေးကြောင်း အာရှနိုင်ငံတစ်ခုတွင် သူနာပြုအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသော ရန်ကုန် သူနာပြုတက္ကသိုလ်ဘွဲ့ရ အမျိုးသမီးငယ်တစ်ဦးက ပြောကြားသည်။

၁၀ လ သင်ရိုးဖြစ်သော CFEN တက်ရောက်ရန် ပုံမှန်လျှောက်ထားပါက ငွေကြေးအဆမတန်ကုန်ကျမည်ဖြစ်သော်လည်း ကျောင်းလခအတွက် ဘဏ်ချေးငွေ သို့မဟုတ် HMI နှင့် ချိတ်ဆက်ထားသော ဆေးရုံ၏ထောက်ပံ့ငွေဖြင့်တက်ရောက်နိုင်ရန်စီစဉ်ပေးကြောင်း ဝန်ဆောင်ခတစ်ရပ်ယူကာ အကူအညီပေးလျက်ရှိသော Gold Coin Scholastic Service မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ Powerful Press

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၁၀ ဇန်နဝါရီလတွင် အကောက်ခွန် သုညရာခိုင်နှုန်းအထိ လျှော့ချမည်

**သတင်းဆောင်းပါး – ကျော်ကျော်မင်း၊ ခင်ဒွေးကြွယ်**

**အာဆီယံဒေသအတွင်း လွတ်လပ်စွာကုန်သွယ်နိုင်ရန်အတွက်၊ ASEAN Free Trade Area ထူထောင်ရန်အတွက် အကောက်ခွန်နှုန်းအတားအဆီးများ ဖယ်ရှားရေးအစီအစဉ်အရ ကွန်ပျူတာနှင့် ဆက်စပ်ကုန်ပစ္စည်းများကို ၂၀၁၀ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အကောက်ခွန်နှုန်း သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင်ကျင်းပခဲ့သော အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် သဘောတူဆုံးဖြတ်ခဲ့သည့် ASEAN Trade in Goods Agreement - ATIGA အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အပိုဒ် ၁၉ သွင်းကုန်များလျှော့ချခြင်း၊ ဖယ်ရှားခြင်း အစီအစဉ်အရ အိုင်စီတီကုန်စည်များကို သုံးအုပ်စုခွဲ၍ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ ခုနှစ် သုံးနှစ်အတွင်း အပြီးဖယ်ရှားရမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။



"ဒါကြိုဆိုရမယ့်ကိစ္စတစ်ခုပါ။ အိုင်တီကုမ္ပဏီတွေအတွက် အထိုက်အလျောက်တော့ အကျိုးသက်ရောက်မှုရမှာပါ" ဟု မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) အတွင်းရေးမှူး ဦးထင်အောင်ခိုင်က ပြောကြားသည်။

အကောက်ခွန်အကန့်အသတ်မှာ တစ်ခါတစ်ရံတွင် နိုင်ငံ၏ စီးပွားရေးအခြေအနေလိုအပ်ချက်တစ်ခုဖြစ်သကဲ့သို့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ စွဲကိုင်ထားသည့် နိုင်ငံအချို့အတွက်လည်း လိုသလို အသုံးချနိုင်သည့် လက်နက်ကြီး

www.foreverspace.com.mm

တစ်ခုဖြစ်ကြောင်း၊ သို့ရာတွင် ယင်းမှာ တစ်ခါတစ်ရံတွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် မလိုလားအပ်တဲ့ အနှောင့်အယှက်တစ်ခုဖြစ်နေတတ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။

"အထူးသဖြင့် အိုင်စီတီလိုပစ္စည်းတွေကိုပေါ့။ နိုင်ငံခေတ်မီတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့ပစ္စည်းတွေကို နိုင်ငံထဲ ပေးမဝင်ဘူးဆိုရင် ဘာဖြစ်သွားမလဲ" ဟု ၎င်းကဆိုသည်။

အကောက်ခွန်၊ သွင်းကုန်ခွန် သုညရာခိုင်နှုန်းလျှော့ချမည်ဖြစ်သော်လည်း အခြေအနေ၏ အကျိုးသက်ရောက်မှုကို မသိရှိနိုင်သေးကြောင်း၊ သွင်းကုန်ခွန်တစ်မျိုးတည်းသာ လျှော့ချမည်ဖြစ်ခြင်းကြောင့် အကျိုးသက်ရောက်မှုမှာ သိသိသာသာမရှိနိုင်ကြောင်း MCIA ၏ ဒုဥက္ကဋ္ဌ ဦးသိန်းထွန်းဖေက ဆိုသည်။

"ကုန်သွယ်ခွန်လိုမျိုး ထိုက်သင့်တဲ့ အခွန်အခပေးရဦးမှာပါ။ ပေးဆောင်ဖို့လည်း တာဝန်ရှိပါတယ်" ဟု ၎င်းကဆိုသည်။

အတား၊ အဆီး၊ အကန့်အသတ်ဟုဆိုရာတွင် အခွန်အခများက အဓိကကျသည်ဟုဆိုနိုင်သော်လည်း အခြားအချက်အလက်များရှိနေသေးကြောင်း၊ စီးပွားရေး




အခွင့်အလမ်းကောင်းများကို ပိုမိုပွင့်လင်းမြင်သာအောင် ဆောင်ရွက်နိုင်စွမ်းမရှိပါက လွတ်လပ်သော အာဆီယံကုန်သွယ်ရေးတွင် မြန်မာကုန်သည်၊ လုပ်ငန်းရှင်များအတွက် အကျိုးမဲ့စေနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင်ကျင်းပသော နဝမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံ အကြီးအကဲများသည် ဘာလီသဘောတူညီချက် (၂) (Bali-Concord-2) ကို ထုတ်ပြန်ခဲ့ပြီး ယင်းတွင် အာဆီယံအသိုက်အဝန်း (ASEAN Community) ကို နိုင်ငံရေး၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖြစ်သော အာဆီယံလုံခြုံရေးအသိုက်အဝန်း (ASEAN Security Community-ASC)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြစ်သော အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC)နှင့် လူမှုရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုဖြစ်သော အာဆီယံ လူမှု–ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community-ASCC)၊ အာဆီယံ၏ သက္ကရာဇ် ၂၀၂၀ မျှော်မှန်းချက်၏ အန္တိမရည်မှန်းချက်ဖြစ်သော အာဆီယံစီးပွားရေးအသိုက်အဝန်းကို အာဆီယံဒေသအတွင်း ကုန်စည်၊ ဝန်ဆောင် မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် မတည်ငွေများ လွတ်လပ်စွာစီးဆင်းမှုရှိစေခြင်းဖြင့် တည်ငြိမ်မှုရှိသည့် ကြွယ်ဝ၍ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဒေသဖြစ်စေရန်နှင့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသအဖြစ် ထူထောင်မည်ဖြစ်ကြောင်း National AFTA Unit မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm



အာဆီယံစီးပွားရေးအသိုက်အဝန်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော အကောက်ခွန်နှုန်းလျှော့ချခြင်းကို မြန်မာနိုင်ငံအနေဖြင့်လည်း မဖြစ်မနေ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ အိုင်တီပစ္စည်းသုံးစွဲမှုမှာ ၂၀၀၇-၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်းရှိခဲ့ပြီး ၂၀၀၈-၀၉ ဘဏ္ဍာနှစ်အတွင်းတွင် အမေရိကန်ဒေါ်လာ ၁၂ သန်းအထိမြင့်တက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

# မြန်မာနိုင်ငံ၌ စံမီသည့် မူကြိုကျောင်းအရေအတွက် နည်းပါးဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၉**

မြန်မာနိုင်ငံ၌ လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ထားသည့် စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့်မူလတန်းကြိုကျောင်းနှင့် နေ့ကလေးထိန်းကျောင်းအရေအတွက်မှာ အင်မတန်မှ နည်းပါးလျက်ရှိနေကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၃ ရက်နေ့တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံတကာဖောင်ဒေးရှင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children တို့ ပူးပေါင်းစီစဉ်မှုဖြင့် ထိုနေ့က ရန်ကုန်မြို့ Parkroyal ဟိုတယ်၌ ကျင်းပသောမူလတန်းကြိုပညာရေးစနစ်ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

မူလတန်းကြိုကျောင်းနှင့် နေ့ကလေးထိန်းကျောင်းတည်ထောင်လိုသည့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ကလေးသူငယ်နည်းဥပဒေ ၄၅/ ၄၈ တို့အရ လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ယင်းဥပဒေ ၄၆ (ဃ) နှင့် ၄၉ (ဃ) တို့အရ တည်ထောင်ခွင့်ပြုမိန့်ရရှိမှသာ တည်ထောင်ဖွင့်လှစ်ရမည်ဖြစ်ကြောင်း၊ နေ့






ကလေးထိန်းကျောင်းများအနေဖြင့် အသက်သုံးနှစ်အောက်ကလေးများကို လက်ခံစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ တာဝန်ခံကျောင်းအုပ်မှာ အသက် ၂၅ နှစ်ပြည့်ပြီး ဘွဲ့ရရှိကာ ECCD သင်တန်းတက်ရောက်ထားသူဖြစ်ရမည်ဖြစ်ပြီး ဆရာမများအနက် အနည်းဆုံးတစ်ဦးမှာလည်း ECCD သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်ဖြစ်ကြောင်း၊ ကလေးနှင့် ဆရာမအချိုးမှာ အသက်တစ်နှစ်အောက် ကလေးများအတွက် ၁း၃၊ တစ်နှစ်ပြည့်ပြီးကလေးများအတွက် ၁း၄၊ ၂ နှစ်ပြည့်ပြီး သုံးနှစ်အောက်ကလေးများအတွက် ၁း၆ ရှိရမည်ဖြစ်ကြောင်း၊ ပြုစုစောင့်ရှောက်ရမည့်

www.foreverspace.com.mm

ကလေးတစ်ဦးစီအတွက်လည်း သင့်တင့်သော အလွတ်ခန်းရှိသည့် အဆောက်အအုံဖြစ်ရန်လိုအပ်ကြောင်း၊ မူလတန်းကြိုကျောင်းများအတွက်မူ အသက်သုံးနှစ်ပြည့်ပြီး ငါးနှစ်မပြည့်သေးသူများ၊ ကျောင်းနေစဉ် ငါးနှစ်ပြည့်သွားသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသူများကိုလက်ခံနိုင်ကြောင်း၊ တာဝန်ခံကျောင်းအုပ်မှာဘွဲ့ရ၍ သင်တန်းတက်ပြီးသူဖြစ်ရမည်ဖြစ်ပြီး အနည်းဆုံး ဆရာမတစ်ဦးမှာလည်း သင်တန်းတက်ပြီးသူဖြစ်ရမည်ဖြစ်ကြောင်း၊ ကလေးတစ်ဦးအတွက် ပျမ်းမျှ ၁၈ စတုရန်းပေရှိသော အဆောက်အအုံရှိရမည်ဖြစ်ပြီး ဆရာမနှင့် ကလေးအချိုးမှာအနည်းဆုံး ၁း၁၅ ရှိရမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးဦးစိန်ဝင်း၏ အဆိုအရ သိရသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း၌ လူမှုဝန်ထမ်းဦးစီးဌာနက တိုက်ရိုက်ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်း ၆၇ ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုပေါင်း ၇၀၃ ကျောင်းရှိကြောင်း အဆိုပါဌာနမှ စုံစမ်းသိရှိရသည်။ ထို့အတူ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက နိုင်ငံတစ်ဝန်း ၁၀၉ မြို့နယ်၌ ကျောင်းအခြေပြုမူလတန်းကြိုကျောင်း ၆၄၃ ကျောင်းဖွင့်လှစ်ထားပြီး သုံးနှစ်မှ ငါးနှစ်အထိ ကလေးငယ် ၃၅,၄၄၃ ဦးကို ပြုစုစောင့်ရှောက်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ယင်းဌာနမှ စုံစမ်းသိရှိရသည်။

---

# စီးပွားရေးအခွင့်အလမ်းကြောင့် ဓာတ်ပုံသင်တန်းများတွင် နယ်ဒေသခံများ တက်ရောက်မှုမြင့်မား

**သတင်းဆောင်းပါး–ကျော်ဆန်းမင်း၊ ၆–၈–၂၀၀၉**

**နယ်မြို့များတွင် အလှူ၊ မင်္ဂလာအခမ်းအနားများ၌ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်မှု ပိုမိုခေတ်စားလာ၍ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများ စီးပွားရေးပွင့်လင်းလာမှုကြောင့် ရန်ကုန်ရှိ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးသင်တန်းများတွင် နယ်ဒေသခံများ တက်ရောက်မှုမြင့်မားလာကြောင်း နယ်ဒေသခံများနှင့် ရန်ကုန်အခြေစိုက် ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးရေးသင်တန်းများမှ စုံစမ်းသိရှိရသည်။**

"ဒီသင်တန်းစဖွင့်တုန်းက ၂၀၀၃ လောက်ပေါ့။ စဖွင့်ကာစက ရန်ကုန်သင်တန်းသားများပေမယ့် အခုနောက်ပိုင်း နယ်ဒေသခံတွေ ပိုပြီးတက်လာကြတယ်။ နယ်တွေမှာက ရွာငယ်လေးတွေတောင်မှ ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းတင်လာကြတယ်၊ နောက်နယ်တွေမှာက ကျွမ်းကျွမ်းကျင်ကျင်ရိုက်တတ်တဲ့သူနည်းတော့ ကျွမ်းကျွမ်းကျင်ကျင်ရိုက်တတ်ရင် အလုပ်အရမ်းဖြစ်တယ်။ ဒါကြောင့် နယ်ဒေသခံတွေ ပိုပြီးစိတ်ဝင်စားကြတာ" ဟု ရန်ကုန်မြို့၏ အကြီးဆုံးဓာတ်ပုံ၊ ဗီဒီယို၊ ရိုက်ကူး၊ တည်းဖြတ်သင်တန်းတစ်ခုဖြစ်သော Excellence Photo Studio မှ Managing Director တက္ကသိုလ်ဝဏ္ဏထွေးက ရှင်းပြသည်။



နယ်ဒေသများတွင် ဓာတ်ပုံ၊ ဗီဒီယို၊ ရိုက်ကူးမှုပညာရပ်ကို ကျွမ်းကျင်တတ်မြောက်ထားသူရှားပါးမှုကြောင့် ကျွမ်းကျင်သူများအနေဖြင့် အချိန်တိုအတွင်း နာမည်ရလာပြီး ဒေသခံလုပ်ငန်းများကို အချိန်တိုအတွင်း ဖြတ်ကျော်နိုင်လာကြောင်း ယင်းကြောင့် နယ်သူ၊ နယ်သားများ ရန်ကုန်တွင် သင်တန်းလာတက်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ကချင်၊ ရှမ်းနှင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းများက အဓိကတက်ပြီး အပတ်စဉ်တိုင်းတွင် ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၎င်းက ရှင်းပြသည်။

"အရင်က ကျွန်တော်တို့ဆီမှာ ဓာတ်

www.foreverspace.com.mm





ပုံပညာလေ့လာချင်ရင် နှစ်ပေါက်အောင် ဓာတ်ပုံဆိုင်တွေမှာ အလုပ်လုပ်ရတယ်။ ဒီမှာက သင်တန်းမရှိဘူးလေ။ အခုတော့ ရန်ကုန်မှာ သင်တန်းတက်ပြီး ဆိုင်ဖွင့်ရင် ခြောက်လ၊ တစ်နှစ်ဆို နာမည်ရလာတာပဲ” ဟု မူဆယ် ၁၀၅ မိုင်တွင် ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးရေးလုပ်ငန်းလုပ်ကိုင်နေသူ ရှမ်းလူမျိုး ကျော်စံဝင်းက ဆိုသည်။

နယ်ဒေသများတွင် ဓာတ်ပုံ၊ ဗီဒီယို၊ ရိုက်ကူးရေးလုပ်ငန်းများရှိသော်လည်း စနစ်တကျသင်ကြားတတ်မြောက်ထားခြင်းမျိုး မဟုတ်၍ ကျွမ်းကျင်သူရှားပါးကြောင်း၊ ယင်းကြောင့် စနစ်တကျတတ်မြောက်သူများအတွက် အလွယ်တကူ အောင်မြင်မှုရကြသဖြင့် ဒေသခံအများစု မြို့တက်၍ သင်တန်းတက်ရောက်ကြခြင်းဖြစ်ကြောင်း၊ ကချင်ပြန်ရောက်လျှင် ဓာတ်ပုံဆိုင်ဖွင့်ရန်ရည်ရွယ်ထားကြောင်း Excellence ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး သင်တန်းတွင် သင်တန်းတက်ရောက်နေသော ကချင်ပြည်နယ်မှ ခေါင်ညွယ်က ရှင်းပြသည်။

“ကျွန်တော်က မုံရွာ တန်ဆယ်မှာနေတာ။ ဟိုမှာက မြို့နဲ့နည်းနည်းဝေးတော့ ဓာတ်ပုံဆိုင်ရှားတယ်။ ရှိတဲ့ဆိုင်တွေက လက်ရာသိပ်မကောင်းဘူး။ ကျွန်တော် ပြန်သွားရင် ဆိုင်ဖွင့်ဖို့စီစဉ်ထားတယ်။ ဟိုမှာက ခေါင်ပေမယ့် အလုပ်အပ်မယ့်သူများတော့ လက်ရာကောင်းရင် အဆင်ပြေမယ်” ဟု မုံရွာဒေသခံ ပေါလွင်မိုးက ဆိုသည်။

ရန်ကုန်ရှိ ဓာတ်ပုံသင်တန်းအများစုမှာ နယ်သင်တန်းသားများ အဓိကတက်ရောက်လေ့ရှိသဖြင့် အဆောင်သီးသန့်မရှိသည့်သင်တန်းများအနေဖြင့် နယ်ဒေသခံများအတွက် နေရေးထိုင်ရေးစီစဉ်ပေးရကြောင်း၊ အများအားဖြင့် ဓာတ်ပုံရိုက်ကူးရေးသင်တန်းတက်ရောက်သူပိုများကြောင်း၊ ၎င်း၏သင်တန်းတွင်တက်ရောက်သူ ၅၀ ရာခိုင်နှုန်းမှာ နယ်သင်တန်းသားများဖြစ်ကြောင်း ဓာတ်ပုံသင်တန်းဖွင့်လှစ်ထားသူ တက္ကသိုလ် ဟန်မင်းဦးကဆိုသည်။

ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းမှာ နယ်ဒေသခံလူငယ်များအနေဖြင့် မိမိတို့ဒေသတွင်ပင် အလွယ်တကူ ကိုယ်ပိုင်လုပ်ငန်းအဖြစ် ထူထောင်လုပ်ကိုင်နိုင်ခြင်း၊ ကာလတိုအတွင်းသင်ယူနိုင်ခြင်း၊ နယ်မြို့များတွင် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိ၍ ဈေးကွက်ဝေစုရရန် လွယ်ကူခြင်းတို့ကြောင့် နယ်ဒေသခံများ စိတ်ဝင်စားခြင်းဖြစ်ကြောင်း ဦးဝဏ္ဏထွေးက သုံးသပ်ပြသည်။

# နာဂစ်ဒဏ်သင့်ကျေးရွာသုံးခု လူမှုရေးပံ့ပိုးမှုများ ခြေလျင်တောင်တက်အသင်း ဆက်လက်ဆောင်ရွက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၉**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံစားခဲ့ရသော ဧရာဝတီတိုင်းဒေသကြီးမြို့နယ် သံဒိတ်မြစ်ဝရှိ ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၀၉ ခုနှစ် စက်တင်ဘာလအထိ စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်လျက်ရှိသော တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းအနေဖြင့် အဆိုပါလုပ်ငန်းများကိုရပ်နားပြီး ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုမူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းအမှုဆောင်ကျောင်းသားဟောင်းကော်မတီဝင်တစ်ဦးက Living Color သို့ပြောကြားသည်။

“ကျွန်တော်တို့ မုန်တိုင်းတိုက်ပြီး တစ်ပတ်လောက်ကနေ စက်တင်ဘာလ ၆ ရက်နေ့အထိ ဒီကျေးရွာသုံးရွာမှာ ကယ်ဆယ်

www.foreverspace.com.mm





မူလတန်းပြဆရာမများနေရာ၌ အစားထိုး လခပေးခန့်အပ်ထားခြင်း၊ ကျောင်းသုံး စာရေးကိရိယာနှင့် သင်ထောက်ကူပြု ပစ္စည်းများပံ့ပိုးပေးခြင်း၊ မူလတန်းလွန် ကျောင်းအဆောက်အအုံများကို အုတ်ဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ဥတိုတိုးချဲ့ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာ တမ်းများပံ့ပိုးခြင်း စသည်တို့အပါအဝင် စုစုပေါင်းကျပ်သိန်း ၃,၃၀၀ ကျော်ဖိုး ပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါအသင်း ထံမှ စုံစမ်းသိရှိရသည်။

"အသင်းနဲ့ စေတနာရှင်လှူငယ်တွေ နဲ့ ပူးပေါင်းပြီးတော့ ဆရာမတွေကို လစာ ပံ့ပိုးတာအပြင် အဲဒီကျေးရွာသုံးခုရဲ့ ပညာ ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ကို တစ်နှစ်နဲ့လေးလလောက် ဆက်တိုက် တတ်စွမ်းသရွေ့ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အစား ကျန်းမာရေးနဲ့ပညာရေးလုပ်ငန်းတွေ ကို ဦးစားပေး ဆက်ပြီးဆောင်ရွက်သွားမှာ ပါ" ဟု ၎င်းကဆိုသည်။

အသင်းအနေဖြင့် နာဂစ်မုန်တိုင်းဒဏ် ကြောင့် စုစုပေါင်း လူ ၂၀၀ ဦးကျော် သေ ဆုံးပြီး ရွာလုံးကျွတ်နီးပါး ပျက်စီးဆုံးရှုံး သွားခဲ့သော အဆိုပါကျေးရွာသုံးရွာတွင် ဒေသခံများကို ဆန်အပါအဝင် အရေးပေါ် စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါး၊ ငါးဖမ်းပိုက်၊ တစ်ဘီးတွန်းထွန် စက်၊ ဒီဇယ်ဆီများပံ့ပိုးပေးခြင်း၊ တန်ဖိုး နည်းနေအိမ်များ၊ ယင်လုံအိမ်သာများ၊ ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံ နှင့် ပင်လယ်ရေလှိုင်းကာ တာတမံများ တည်ဆောက်ခြင်း၊ လက်နှိပ်တုံကင်နှင့် စက် ရေတွင်းများတူးဖော်ပေးခြင်း၊ ကျန်းမာရေး



စောင့်ရှောက်မှုပေးခြင်းနှင့် ခွဲစိတ်ကုသရန် လိုအပ်သောလူနာများကို ရန်ကုန်မြို့သို့ ခေါ်ဆောင်၍ ခွဲစိတ်ကုသပေးခြင်း၊ ဥတို တိုးချဲ့ကျေးရွာနှင့် သံဒိတ်ကျေးရွာ မူလတန်း လွန်ကျောင်းတို့ရှိ လစ်လပ်လျက် ရှိသော ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ မသန် စွမ်းသူတွေအတွက်ပါ ဆက်ပြီးပံ့ပိုးဆောင် ရွက်ပေးသွားမှာပါ" ဟု အထက်ပါ အမှုဆောင် ကဖြည့်စွက်ပြောကြားသည်။

## ကြေညာချက်

**Living Color မဂ္ဂဇင်းနှင့် The Voice Weekly တွင် နာမည်ဖော်ပြထားသော သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသာ Living Color မီဒီယာက တရားဝင်ခန့်အပ်တာဝန်ပေးထားသူများဖြစ်ပြီး အဆိုပါနာမည်စာရင်းတွင် မပါဝင်သူများနှင့်ပတ်သက်၍ ဤမီဒီယာက (လုံးဝ) တာဝန်ယူမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။**

**Living Color မီဒီယာ**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၄၀ မဖြစ်မနေအကောင်အထည်ဖော်ရမည့် အီးကောမတ်စ် (သို့မဟုတ်) အွန်လိုင်းစီးပွားရေး
၄၆ ဟောပြောပွဲများကပေးသော နိုင်ငံဖွံ့ဖြိုးရေးအထောက်အကူ
၅၄ အနောက်သို့ဗဟိုချက်ရွှေ့လာသည့် ပညာရေးဈေးကွက်
၅၈ စံမီမြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးရေး
၆၄ မြန်မာ့လယ်ယာကဏ္ဍရေရှည်တည်တံ့ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ
၇၀ ရှင်သန်ချင်သည့် နှလုံးသားများ
၇၆ လားရာမဲ့ဗီဒီယိုဈေးကွက်နှင့် ဆက်လက်ရှင်သန်ရေး
၈၄ သရုပ်ဆောင်သင်တန်းများဖွံ့ဖြိုးလာမှုနှင့် မြန်မာ့ရုပ်ရှင်ဈေးကွက်လားရာ
၉၀ ရန်ကုန် ကုန်စည်ဈေးကွက်


# မဖြစ်မနေအကောင်အထည်ဖော်ရမည့် အီးကောမတ်စ် (သို့မဟုတ်) အွန်လိုင်းစီးပွားရေး

ကျော်ကျော်မင်း

**အွန်လိုင်းစီးပွားရေး သို့မဟုတ် အီလက်ထရွန်နစ်စီးပွားရေးဟု တိုက်ရိုက်ဘာသာပြန်နိုင်သော e-Commerce ကို အနာဂတ်လှိုင်းတစ်လှိုင်းဟု ပညာရှင်များက သဘောတူညီထားကြသည်။ အီးကောမတ်စ် (e-Commerce) ပေါ်လာခြင်းကြောင့် "အရင်းရှင်စနစ်မှာ နှောင်ကြိုးမဲ့" Unbounded Capitalism ဖြစ်သွားပြီး "ပြီးပြည့်စုံသောဈေးကွက်" Perfect market place ကိုဖန်တီးနိုင်သော အာနိသင်ရှိလာသည်ဟု ပညာရှင်များယူဆထားကြောင်း ကျော်ဝင်း၏ ဆိုက်ဘာခေလေ့အကောက် အယူများစာအုပ်တွင် ဖော်ပြထားသည်။**




## အီးကောမတ်စ် ဘာလဲ

အီးကောမတ်စ် (e-Commerce) ကို အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဝက်ဘ်ဆိုက်အများအပြားရှိကြပြီး အားလုံး၏ရည်ညွှန်းချက်မှာ တစ်ကမ္ဘာလုံးချိတ်ဆက်ထားသော ကွန်ရက်တစ်ခုခုဖြင့် ချိတ်ဆက်၍ ထိုင်ရာမထရောင်းဝယ်ခြင်း၊ ငွေပေးငွေယူကိစ္စရပ်များဆောင်ရွက်ခြင်း ဖြစ်သည်။

အီးကောမတ်စ် ဖြစ်ထွန်းရန်မှာ အင်တာနက်ကွန်ရက်ကဲ့သို့ အခြေခံအဆောက်အဦ (Infranstructure)၊ ထိန်းကွပ်ပေးမည့် နည်းဥပဒေ (Legal Framework) များ၊ ငွေပေးငွေယူများ လုံခြုံစိတ်ချစွာ ပြုလုပ်ပေးနိုင်မည့် e-Payment စနစ် (သို့မဟုတ်) Online Banking စနစ်နှင့် ကြားခံဆောင်ရွက်ဝန်ဆောင်ပေးနိုင်မည့် အိုင်တီပညာရှင်

www.foreverspace.com.mm






များ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ စသည့် Service Porvider များ လိုအပ်ပေသည်။

စားသုံးသူများအနေဖြင့် ကမ္ဘာ့ဈေးကွက်ကြီးတစ်ခုလုံးကို ကွန်ပျူတာမျက်နှာပြင် Computer Screen ပေါ်တွင်ကြည့်ပြီး စိတ်ကြိုက်ပစ္စည်းကို စိတ်ကြိုက်ဈေးနှုန်းဖြင့် ရွေးချယ်နိုင်သည့် အခြေအနေဖြစ်၍ အီးကောမတ်စ်ကို အချို့သောပညာရှင်များက စားသုံးသူဝါဒ Consumerism ၏ ပွိုင့်ဟုလည်း ယူဆနေကြသည်။

ကွန်ပျူတာဘိုးအေကြီးဖြစ်သည့် IBM ကိုဝယ်ယူခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် Lenovo Group မြန်မာနိုင်ငံသို့ စတင်ခြေချရာတွင် Authorized Distributor နှစ်ဦး တစ်ပြိုင်တည်း ခန့်အပ်ခဲ့သည်။

ယင်းအခြေအနေကိုပင် Buyer Market စတင်ခြင်း (သို့မဟုတ်) Consumerism စတင်ခြင်းလက္ခဏာတစ်ရပ်ဖြစ်သည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အတွင်းရေးမှူး ဦးသောင်းတင်က ဝိသေသပြုခဲ့ရာ ရွေးချယ်ရန် လမ်းနှစ်သွယ်တည်းဖြင့်ပင် ယင်းသို့ဆိုနိုင်လျှင် ကမ္ဘာလုံးဆိုင်ရာဈေးကွက်ကြီးကို ကိုယ်စားပြုနေသော အီးကောမတ်စ်ကိုမူ ဆိုနိုင်ဖွယ်ရာမရှိတော့ချေ။

## ဘာ့ကြောင့် အီးကောမတ်စ်

အီးကောမတ်စ်မှာ တကယ်တမ်းတွင်တော့ 'ဘာ့ကြောင့်' ဟုပင် မေးချိန်မရဘဲ မြန်မာနိုင်ငံကို အလဲထိုးသွားမည့် လှိုင်းတစ်လှိုင်း ဖြစ်နေသည်။

နာဂစ်ကြောင့်ဖြစ်ပေါ်လာသော လှိုင်းများက မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်သော ဧရာဝတီတိုင်းကိုသာ ရိုက်ခတ်ထိုးနှက်ခဲ့သည်။ (Cyber Space)ဆိုက်ဘာစပေ့ဟူသော ဝေါဟာရကို ဘာသာတိုက်ရိုက်ပြန်ဆိုရန် အခက်အခဲရှိသော်လည်း World wide web (www) ဟူသော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တို့ပေါင်းဆုံရာ ယင်း ဆိုက်ဘာစပေ့ (Cyber Space) မှ မွေးဖွားလာသော အီးကောမတ်စ်လှိုင်းကမူ အနာဂတ် မြန်မာ့စီးပွားရေးကို ဆိုးဆိုးရွားရွားထိုးနှက်သွားနိုင်ပေသည်။

၂၀၀၂ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်၍ ဒေါ်လာသန်းချီမြှုပ်နှံ၍စွန့်စားလုပ်ကိုင်သူ အရင်းရှင်သစ် Venture Capitalist များ ဒေါ်လာသန်းချီမြှုပ်နှံ၍ ခြေစုံပစ်ဝင်ခဲ့သော အီးကောမတ်စ်မှာ ယခုအခါ အရှေ့တောင်အာရှဒေသတွင်း အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင်ပင် တစ်နှစ်တစ်နှစ်လျှင် ဘတ်သန်းပေါင်းသိန်းချီ၍ ကူးသန်းရောင်းဝယ်နေပြီ ဖြစ်သည်။

"အနာဂတ်မှာ e-Commerce မရှိရင် ဘာမှလုပ်လို့မရတော့ဘူး" ဟု မြန်မာနိုင်ငံအနေဖြင့် အီးကောမတ်စ် မဖြစ်မနေ စတင်ထူထောင်ရတော့မည့်အခြေအနေကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အတွင်းရေးမှူး ဦးသောင်းတင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ ၉၉ ရာခိုင်နှုန်းမှာ အင်တာနက်ကို စီးပွားရေးလုပ်ငန်းများတွင် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် အသုံးပြုနေပြီဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံပြီးလျှင် အီးကောမတ်စ်ဖွံ့ဖြိုးမှုနှင့် အီးကောမတ်စ်မှတစ်ဆင့် ကူးသန်းရောင်းဝယ်မှုဒုတိယလိုက်နေသောနိုင်ငံ ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်အမီ ထူထောင်မည့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) တွင်ပါဝင်ရမည့် အဖွဲ့ဝင်နိုင်ငံ

www.foreverspace.com.mm

ဖြစ်နေခြင်းကပင် အိမ်နီးချင်းနိုင်ငံများနည်းတူ e-Commerce ကို မဖြစ်မနေ ထူထောင်ရမည့်နိုင်ငံတစ်ခု ဖြစ်နေပေလေသည်။

ထို့ပြင် မြန်မာနိုင်ငံသည် GMS, ACMECS စသည့် ဒေသတွင်းအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်နေခြင်း၊ တံခါးဖွင့်စီးပွားရေးဝါဒကို ကျင့်သုံးနေသည့် နိုင်ငံဖြစ်ခြင်းတို့ကလည်း အီးကောမတ်စ် မဖြစ်မနေထူထောင်ရန် တွန်းအားပေးနေသည်။

ယင်းအချက်ကို ပိုမိုသေချာစေသည့် အချက်မှာ ကမ္ဘာ့ကွန်မြူနစ်ဘိုးအေကြီး တရုတ်သည် ကမ္ဘာပေါ်တွင် အင်တာနက် သုံးစွဲသူအများဆုံး အီးကောမတ်စ်အဖွံ့ဖြိုးဆုံးဖြစ်နေသည့်အချက်ပင် ဖြစ်သည်။

## Semi-Online သို့ လက်ရှိအခြေအနေ

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ မြန်မာအင်ဖိုတက်ခ်တွင် ဇူလိုင်လ ၁၈ ရက်နေ့၌ ပြုလုပ်ခဲ့သော မဟာမဲခေါင်နိုင်ငံများ e-Commerce ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် အိုင်တီနှင့်စီးပွားရေးပညာရှင်များက အမျိုးမျိုးဝေဖန်ချိန်ထိုးခဲ့ကြပြီး နိုင်ငံတကာ၏နောက်တွင် မကျန်ခဲ့ပါဟု အားတင်းယူဆကာ Semi-Online အခြေအနေဟု သာသာဖေးဖေး အများသဘောညီလက်ခံခဲ့ကြသည်။

ဗီယက်နမ်တစ်နိုင်ငံတည်းတွင်ပင် အင်တာနက်သုံးစွဲသူ သန်း ၂၀ ခန့်ရှိပြီး ထိုင်းနိုင်ငံတွင် ၁၃ သန်းကျော်ရှိနေသည်။ အဆိုပါအချက်ကပင် ယင်းနိုင်ငံများ၏ အီးကောမတ်စ်နှင့် လိုက်ပါနိုင်စွမ်းရှိသော လူမှုအရင်းအမြစ်အခြေအနေကို ထင်ဟပ်နေသည်။

မြန်မာနိုင်ငံတွင်မူ အင်တာနက် အသုံးပြုသူဦးရေမှာ ၁၉၆,၁၀၀ ဦးသာရှိပြီး မြန်မာနိုင်ငံ၏ လူဦးရေ ၅၆ ဒသမ ၅ သန်းနှင့်နှိုင်းယှဉ်ပါက လူ ၁၀၀၀ လျှင် ၃ ဒသမ ၄၇ ဦးနှုန်းဖြစ်ကြောင်း MCPA အတွင်းရေးမှူး ဦးသောင်းစုငြိမ်းက ပြောကြားသည်။



မြန်မာနိုင်ငံတွင် အင်တာနက်လိုင်းအရေအတွက် ၄၉ ဒသမ ၈၈၀ ရှိပြီး တယ်လီဖုန်းအရေအတွက် ၁ ဒသမ ၁၁ သန်းနှင့် အိတ်ချိန်းအရေအတွက် ၉၂၆ ခုရှိကာ မိုက်ကရိုဝေ့ဖ် ထပ်ဆင့်လွှင့်စခန်း ၂၆၃ ခုနှင့် Satellite Terminal ၁၄၇၂ ခုရှိကြောင်း၊ Service Provider နှစ်ခုရှိပြီး အင်တာနက် Bandwidth 975 MB ရှိကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အများပြည်သူသုံးသတင်းအချက်အလက်စင်တာ PAC ပေါင်း ၅၆၀ ကျော်သာရှိသေးသည့် အခြေအနေတွင် ထိုင်းနိုင်ငံတွင်မူ PAC (Tambon) ပေါင်း ၇၂၀၀ကျော် ရှိနေသည်။

ယင်းသို့သောအခြေအနေများကြောင့် မြန်မာနိုင်ငံအနေဖြင့် အီးကောမတ်စ်ကို အလွယ်တကူလိုက်ပါနိုင်မည့် လူမှုအရင်းအမြစ်များနှင့် အခြေခံအဆောက်အဦ မရှိသေးကြောင်း ထင်ရှားနေသည်။

သို့သော် မြန်မာနိုင်ငံတွင် Border Trade Online System (BOTS), e-Departure form, e-Tourist Visa တို့အပြင် e-Learning စနစ်လည်း စတင်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဌာန ညွှန်ကြားရေးမှူး ဦးမင်းမင်းက ဆိုသည်။

"ဒါတွေမှာတောင် ဘဏ်မှာ ငွေသွားသွင်းရတာမျိုး ရှိသေးတဲ့အတွက် Fully Online လို့ မဆိုနိုင်ပါဘူး။ Semi-Online လို့ပဲ သတ်မှတ်ရမှာပါ" ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင် ပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆောင်ရွက်ရာတွင် အင်တာနက်ကို တစ်စိတ်တစ်ပိုင်း သုံးစွဲနေရကြောင်း၊ သတင်းအချက်အလက်ရယူပေးပို့ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ ပြန်ကြားရေး မီဒီယာအဖြစ်အသုံးပြုခြင်းတို့တွင် အင်တာနက်သုံးစွဲနေရကြောင်း ဦးရဲမြတ်သူက

www.foreverspace.com.mm



ဖော်ပြကြသည်။

"အင်တာနက်ယာယီရပ်သွားတုန်းက လုပ်ငန်းရှင်တော်တော်များများ ပြာသွားတာကိုကြည့်ရင် သိနိုင်ပါတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် e-Payment ကဲ့သို့ ကိစ္စရပ်များဆောင်ရွက်ရန် နိုင်ငံရပ်ခြားတွင် ရုံးခန်းဖွင့်ထားရခြင်းများလည်းရှိကြောင်း ၎င်းက ဆိုသည်။

ယင်းအချက်များကြောင့်ပင် မြန်မာနိုင်ငံသည် Semi-Online နှင့် Offline များကြားတွင် ရပ်နေခြင်းဖြစ်သည်ဟု ဆိုနိုင်ခြင်းဖြစ်သည်။


## ဘယ်ကစမလဲ

အီးကောမတ်စ်ကို မဖြစ်မနေ ထူထောင်ရတော့မည်ဆိုသော်ငြား မည်သည့်နေရာကစမည်လဲဟု မေးစရာပေါ်လာသည်။

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအများစုတွင် အင်တာနက်သုံးစွဲသူနှင့် နှိုင်းယှဉ်လျှင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ အရေအတွက် ပိုများသည့်အချက်ကိုထောက်ရှု၍ အီးကောမတ်စ်ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ယခုမှ စတင်ဆဲဖြစ်သောစနစ်သို့ အဆင့်ဆင့်ခုန်သွားနိုင်ကြောင်း (မိုဘိုင်းလ်အသုံးပြု ကူးသန်းရောင်းဝယ်ရေး) M-Commerce (Mobile-Commerce) ကိုပဲ တန်းသွားမလားဟု မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးရဲမြတ်သူက မေးခွန်းထုတ်သည်။

အဆိုပါစဉ်းစားချက်မှာ Infrastructure တစ်ခုတည်းပေါ်တွင် အခြေထုတ်ထားခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအရဆိုပါက အလွန်သင့်လျော်သည့်ယူဆချက်တစ်ခုဟု ပညာရှင်အချို့က ယူဆကြသည်။

အချို့ကမူ အဓိကဒေါက်တိုင်နှစ်ရပ်ဖြစ်သော Legal Framework နှင့် e-Payment သာရှိပါက e-Commerce ဖြစ်စေ၊ M-Commerce ဖြစ်စေ အလွယ်တကူရှေ့ဆက်နိုင်မည်ဖြစ်ကြောင်း အိုင်တီလုပ်ငန်းရှင်/ပညာရှင်တစ်ဦးက သုံးသပ်သည်။




သို့သော် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံအဆောက်အဦများ ပြည့်စုံလုံလောက်နေရန် လိုအပ်သကဲ့သို့ အီးကောမတ်စ်ခေါ် အွန်လိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း National Information Infrasturcture ခေါ် အမျိုးသားသတင်းအချက်အလက် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရန်ပါ လိုအပ်လာပေသည်။

Information Infrasturcture ဟုဆိုရသည့်မှာလည်း အီးကောမတ်စ် ကိုယ်တိုင်က Information Technology အိုင်တီကို အခြေခံထားခြင်းကြောင့် ဖြစ်သည်။

"Infrasturcture တွေဖွံ့ဖြိုးတိုးတက်ဖို့တင်မဟုတ်ဘူး။ အများပြည်သူ သက်သက်သာသာနဲ့ အလွယ်တကူအသုံးပြုနိုင်ဖို့လိုတယ်" ဟု အိုင်တီပညာရှင်တစ်ဦးက အကြံပြုသည်။

အီးကောမတ်စ်ဖွံ့ဖြိုးရေး အဓိကလိုအပ်ချက်လေးရပ်တွင် အသင့်ရှိနေသော၊ ရှိနေသည်ဟုယူဆနိုင်သော Service Provider အဖြစ်ကြားခံဝန်ဆောင်မှုပေးမည့် အိုင်တီလူမှုအဖွဲ့အစည်းမှအပ Infrasturcture, Legal Framework, e-Payment တို့မှာ နိုင်ငံအစိုးရနှင့်ပုဂ္ဂလိက ဟန်ချက်ညီညီအကောင်အထည်ဖော်မှသာ အလျင်အမြန်ဖြစ်ထွန်းလာပေမည်။

## ဘာလုပ်ကြမလဲ

"Organizing Committe တစ်ခု အမြန်ဆုံးစသင့်ပါတယ်" ဟုဆိုကာ အီးကောမတ်စ်ဖွံ့ဖြိုးရန် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူတို့အကြား ဆက်စပ်အကောင်အထည်ဖော်ပေးနိုင်မည့် ဦးဆောင်အဖွဲ့အစည်းတစ်ခုလိုအပ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းကို အမြန်ဆုံးအကောင်အထည်ဖော်ရန် ကော်မတီတစ်ခုကို ချက်ချင်းဖွဲ့စည်းသင့်ကြောင်း စာရေးဆရာ ခင်မောင်ညို (ဘောဂဗေဒ) က ဆိုသည်။

လက်ရှိအခြေအနေတွင် အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များထက် ယင်းလုပ်ငန်းရပ်များကို ဦးဆောင်အကောင်အထည်ဖော်မည့်ဟန်ချက်ကို ထိန်းညှိပေးမည့် အဖွဲ့အစည်းက အသိသာဆုံးလိုအပ်နေပေသည်။

မြန်မာနိုင်ငံတွင် e-Commerce ၂၀၁၅ ခုနှစ်အမီ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် အဖွဲ့အစည်းတစ်ခုတည်ထောင်ရန် လိုအပ်လျက်ရှိရာ ယင်းသို့ အခြေတည်ရန် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းထားသည့် Organizing Committe တစ်ခု ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်

www.foreverspace.com.mm

ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အီးကောမတ်စ် ပီပီ ပြင်ပြင်ဖြစ်ပေါ်မှု မရှိသေးသော်လည်း အွန်လိုင်း၊ အင်တာနက်နှင့်မကင်းသောလုပ်ငန်းများသာမက e-D Form, e-learning သွင်းကုန်၊ ထုတ်ကုန်လိုင်စင်ကဲ့သို့ အွန်လိုင်းတစ်စိတ်တစ်ပိုင်းဖြစ်နေသော လုပ်ငန်းများလည်းရှိနေရာ အီးကောမတ်စ်သို့ ပြောင်းလဲနိုင်ခြေရှိကြောင်း မန္တလေးတိုင်းကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ ဦးရဲမြတ်သူက သုံးသပ်သည်။

"e-Commerce က အိုင်တီတစ်ခုတည်း မဟုတ်ပါဘူး။ Stakeholder တွေအားလုံးပါဝင်မှ အောင်မြင်နိုင်မယ်" ဟု မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ပြောကြားသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း AEC ကို ၂၀၁၅ ခုနှစ်တွင် ဖြစ်ထွန်းလာရေး အာဆီယံနိုင်ငံများ ဆောင်ရွက်လျက်ရှိရာ အခြားသောနိုင်ငံများတွင် အီးကောမတ်စ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် စတင်နေပြီဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း အလျင်အမြန် ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းက ပြောကြားသည်။

ယင်းအဖွဲ့အစည်းအကောင်အထည်ဖော်ပြီးနောက်မှပင် ကွန်ပျူတာ ကွန်ရက်သို့ ထိုးဖောက်ဝင်ရောက်ခြင်း (Computer network Breaking)၊ စီးပွားရေးသတင်းအချက်အလက်ထောက်လှမ်းခြင်း (Industrial Espionage)၊ မူပိုင်ခွင့်ထိပါးခြင်း (Piracy) နှင့် လိမ်လည်ခြင်း (Fraud) စသည့် ဆိုက်ဘာရာဇဝတ်မှုဟု အမည်တပ်ရမည့် Cyber Crime များကို ထိန်းချုပ်ရန်နှင့် အီးကောမတ်စ် စနစ်တကျ၊ နည်းလမ်းတကျဖွံ့ဖြိုးရန် နည်းဥပဒေ Legal Framework များ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ဘဏ်များအကြား ချိတ်ဆက်ရမည့် အွန်လိုင်းဘဏ်ကွန်ရက်များတည်ဆောက်၍ e-Payment စနစ် အသက်သွင်းခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်ရမည် ဖြစ်သည်။

သို့ရာတွင် အချို့သော အစိတ်အပိုင်းများမှာ လုံးဝပြီးပြည့်စုံသည်မဟုတ်သော်လည်း အွန်လိုင်းဘဏ်ကွန်ရက်ကဲ့သို့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်နေသည်တို့လည်းရှိရာ ဟန်ချက်ညီညီနှင့် အပေးအယူ မျှတစွာ အကောင်အထည်ဖော်နိုင်ရေးသာ အရေးကြီးပေသည်။

ပြည်တွင်းရှိဘဏ်များ အချင်းချင်း ချိတ်ဆက်ထားသော ဘဏ်ကွန်ရက်စနစ်တစ်ခုကို ယခုနှစ် ၂၀၀၉ ခုနှစ်မှ မြန်မာနိုင်ငံဘဏ်များအသင်းမှဦးစီး၍ စတင်တည်ဆောက်လျက်ရှိပြီး လာမည့် ၂၀၁၀ ခုနှစ်ကုန်တွင် ပြီးစီးဖွယ်ရှိကြောင်း မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။


မြန်မာအင်ဖိုတက်ခ်တွင် ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့က ပြုလုပ်ခဲ့ပြီး ပြည်တွင်းသတင်းမီဒီယာများကို တရားဝင် ဖိတ်ကြားဆွေးနွေးခဲ့သော မဟာမဲခေါင်နိုင်ငံများ အီးကောမတ်စ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံဘဏ်များအသင်းကိုယ်စားပြု တက်ရောက်လာသည့် ဒေါ်မြတ်စန္ဒီကျော်က ယင်းသို့ပြောကြားခြင်း ဖြစ်သည်။

"အစိုးရရော ပုဂ္ဂလိကဘဏ်တွေပါ ဘဏ်တွေအားလုံး ချိတ်ဆက်ထားမှာပါ" ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် လက်ရှိတွင် e-Payment စနစ် မရှိသေးသည်မှန်သော်လည်း e-Commerce ဖြစ်စေ M-Commerce (Mobile Commerce) ဖြစ်စေဆောင်ရွက်ရန် အဆင်သင့်အနေအထားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် e-Commerce စတင်ပြင်ဆင်ရန်အချိန်ရောက်နေပြီဖြစ်သော်လည်း ယင်းလိုအပ်ချက်များစွာပင်လိုအပ်ချက်များစွာရှိနေကြောင်း e-Payment စနစ်သည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း အိုင်တီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် Online Banking စနစ်သို့ ရောက်ရှိလုနီးမှ အာရှဓနဘဏ်နှင့် မြန်မာမေဖလားဝါးဘဏ်တို့မှစတင်ခဲ့သည့် Bank Crisis ကြောင့်ရပ်တန့်ခဲ့ရကြောင်း၊ ယခုမှ ပြန်လည်အသက်သွင်းရန်ကြိုးစားကြခြင်းဖြစ်ကြောင်း အစိုးရဘဏ်ခွဲတစ်ခု၏ မန်နေဂျာတစ်ဦးက ဆိုသည်။




မြဝတီဘဏ်အနေဖြင့်လည်း Online

www.foreverspace.com.mm






Banking စနစ်ကို စတင်စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါဘဏ်၏ အထွေထွေမန်နေဂျာ ဒေါ်မြတ်စန္ဒီကျော်က ပြောကြားသည်။

မြဝတီဘဏ်၏ Master Plan တွင် Online Banking System သာမက ရေရှည်တွင် e-Commerce အတွက်ပါ ရည်ရွယ်၍ စီမံကိန်းချထားပြီးဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

"အိုင်တီလုံခြုံရေးပိုင်းဆိုင်ရာ နည်းပညာလိုအပ်ချက်တွေပဲရှိပါတယ်" ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနည်းတူ e-Commerce ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ကြောင်း e-Commerce စနစ်စတင်ရန် e-Payment စနစ်လိုအပ်နေကြောင်း အိုင်တီပညာရှင်များ၏မှတ်ချက်ပေါ်တွင် ဒေါ်မြတ်စန္ဒီကျော်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခဲ့သည်။

ဘဏ္ဍာရေး၊ ငွေကြေးနှင့်စီးပွားရေးကိစ္စရပ်၊ အရောင်းအဝယ်၊ စာချုပ်စာတမ်းများနဲ့ ဈေးကွက်ကြီးတစ်ခုလုံး ဆိုက်ဘာစပေ့ထဲရောက်သွားချိန်ဖြစ်၍ "ဆိုက်ဘာအရင်းရှင်စနစ်" Cyber Capitalism ဟုပင် ဂျပန်စီးပွားရေးပညာရှင် 'အီဆူကီးဆာကာကီဘာရာ' က ဝိသေသပြုခဲ့ရသော ယနေ့ခေတ်တွင် အီးကောမတ်စ်သည် ငြင်းပယ်၍မရသော၊ ရှောင်လွှဲ၍မရသော လှိုင်းတစ်လှိုင်းပင် ဖြစ်သည်။

"အိုင်စီတီတုန်းကလည်း ကြိုက်ကြိုက် မကြိုက်ကြိုက် ဒီလှိုင်းလုံးကြီးကို မတားနိုင်တော့ဘူးလို့တွေးပြီး ကျွန်မတို့လုပ်ခဲ့တယ်။ e-Commerce မှာလည်း ဒီလိုပဲတွေးရမယ်။ e-Commerce မရှိဘဲ စီးပွားရေးလုပ်ငန်းရှင်သန်ဖို့ခက်ခဲမယ်" ဟု မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ဆိုသည်။

AEC အသက်ဝင်မည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အားလုံးအတွက် အခွင့်အရေးအတူတူဖြစ်နေချိန်တွင် အီးကောမတ်စ်မရှိပါက အခက်အခဲတွေ့နိုင်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ (SMEs) အတွက်ပါ Low cost Model ကုန်ကျစရိတ်သက်သာမည့် နည်းလမ်းတစ်ခုရှာဖွေရန်လိုကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

"လုပ်ငန်းကြီးတွေမှာလည်း လိုအပ်တယ်။ အိုင်တီနည်းပညာတွေမရှိရင်၊ မသုံးရင် Global Market (ကမ္ဘာလုံးဆိုင်ရာဈေးကွက်) ထဲမှာ ခြေတပေါင်ကျိုးနဲ့ချနေ ရသလိုဖြစ်မယ်" ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း MCPA မှ အမှုဆောင် ဦးဇော်ထွဋ်က ဆိုသည်။

အီးကောမတ်စ် ဖွံ့ဖြိုးရေးမှာ Stake-holders အားလုံးပူးပေါင်းပါဝင်လုပ်ဆောင်ရမည်ဖြစ်ပြီး e-Go- verment, e-Education သို့မဟုတ် Webucation စသည်ဖြင့် ကဏ္ဍရပ်တိုင်းတွင် 'e' သို့မဟုတ် အီလက်ထရွန်နစ်ဖြင့် ရှေ့ဆောင်လုပ်ရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက ပြောကြားသည်။

## မဖြစ်မနေ ပြောင်းရမည်

"နင်တို့အားလုံးသိဖို့က ပြောင်းနေပြီ၊ ပြောင်းတော့မှာ။ ကြိုက်ကြိုက် မကြိုက်ကြိုက်ပြောင်းတော့မှာ၊ ပြင်ထားကြ" ယင်းမှာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက MCPA ၏ အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အပြင် Credent Technology ၏အကြီးအကဲတစ်ဦးဖြစ်သူ ဦးဇော်နိုင်ထံသို့ သူမသတိပေးခဲ့သည့်စကားတို့ကို အရင်းအတိုင်း ပြန်လည်ပြောပြခြင်းဖြစ်သည်။

မိမိကိုယ်တိုင်လည်း ယုံကြည်ပြီး မဖြစ်မနေပြင်ထားကြရတော့မည်ဖြစ်ရာ Master Plan တစ်ခုရေးဆွဲ၍ မဖြစ်မနေပြင်ဆင်ရတော့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

စီးပွားရေးသည် ဆိုက်ဘာစပေ့နှင့် မကင်းတော့သည်မှာ တစ်ကမ္ဘာလုံးက လက်ခံလာသည့်အခြေအနေဖြစ်၍ အရင်းရှင်စနစ်ကိုပင် Cyber Capitalism ဆိုက်ဘာအရင်းရှင်စနစ်ဟု အမှတ်သညာပြုနေကြပြီဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း အီးကောမတ်စ်နယ်ပယ်ကို ဝံ့ဝံ့စားစားချဲ့ထွင်မည့် စွန့်စားလုပ်ကိုင်သူ အရင်းရှင်သစ် Venture Capitalist (ဝါ) စွန့်ဦးတီထွင်သူ Entrepreneur များ လိုအပ်နေပြီဖြစ်သည်။

**ကျော်ကျော်မင်း**

■

www.foreverspace.com.mm

# ဟောပြောပွဲများကပေးသော နိုင်ငံဖွံ့ဖြိုးရေးအထောက်အကူ

ခင်ဌေးကြွယ်

**ပြောင်း လဲတိုးတက်မှုဖြစ်စဉ်များမြန်ဆန်နေသော ယနေ့ကမ္ဘာကြီး၏ ဂလိုဘယ်ခေတ်တွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတများကြွယ်ဝသော်ငြား ယင်းတို့သည် ထုတ်ယူသုံးစွဲရန် အကန့်အသတ်ရှိသောသဘောရှိရာ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက် ရန်လိုအပ်လာပါသည်။ ယင်းကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးသည့် ဟောပြောပွဲ၊ ဆွေးနွေးပွဲများ အများအပြားကျင်းပလာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် မဖြစ်မနေပါဝင်ပတ်သက်ရမည်ဖြစ်သော နိုင်ငံသားများ၏ လူ့အရင်းအမြစ် (Capacity) ကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူတစ်ရပ်ဟု ဆိုရပါမည်။**

ယင်းသို့ 'ဟောပြောပွဲ' ခေါင်းစဉ်တပ်ဆွေးနွေးပွဲအခမ်းအနားများ တစ်စထက်တစ်စ များပြားလာခြင်းသည် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို ထောက်ကူရုံသာမက များမကြာမီပေါ်ပေါက်လာတော့မည့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ပါဝင်နေသူ နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ် (Capacity) မြင့်မားရေးအတွက်ကိုပါ တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမည်ဟု မျှော်လင့်ရပါသည်။ တစ်နည်းအားဖြင့် ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် Capacity



www.foreverspace.com.mm



မြင့်မားသောလူ့အဖွဲ့အစည်းများပေါ်ပေါက်လာစေရေးသည်ပင် ‘ဟောပြောဆွေးနွေးပွဲများ’ ကျင်းပပြုလုပ်လာရခြင်း၏ အကြောင်းခံဟု ဆိုနိုင်ပါသည်။

## ဟောပြောပွဲများ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ၌ ဟောပြောပွဲများကို စာဆိုတော်ရာသီ၊ စာဆိုတော်ပွဲများ၊ စာပေဟောပြောပွဲများအဖြစ် ကျင်းပခဲ့ကြပြီး မြို့တော်၊ မြို့ကြီးများတွင်သာမက ကျေးလက်ဒေသ၊ ရပ်ရွာများ၌ပါ ကျင်းပလေ့ရှိခဲ့ကြသည်။

ထိုသို့စာပေဟောပြောပွဲများသာ ပြုလုပ်ခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကာလတွင်ဘာသာရပ်ဆိုင်ရာဟောပြောပွဲများ အနည်းငယ်ပြုလုပ်ကျင်းပလာခဲ့သည်။ ထိုမှတစ်ဆင့် ၂၀၀၆ ခုနှစ်မှစ၍ ယနေ့အထိ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်မပျက် ဟောပြောပွဲအခမ်းအနားများ ပြုလုပ်ကျင်းပလျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်မတိုင်ခင်က မဟာဘွဲ့သင်တန်းသားများအတွက် တက္ကသိုလ်ကောလိပ်များ၌သာ ဟောပြောမှုများရှိခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်နောက်ပိုင်းတွင်မှ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(MFF)၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)စသည်တို့တွင် ပုံမှန်ဟောပြောမှုပြုလုပ်လာကြသည်ဟု မကြာခဏ ဟောပြောလေ့ရှိသူ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

တိုးတက်ပြောင်းလဲနေသော ယနေ့ကမ္ဘာကြီးတွင် ကမ္ဘာ့နိုင်ငံအများစုသည် ဂလိုဘယ်ခေတ်၊ အိုင်တီခေတ်များကိုမျက်ခြည်မပြတ်စောင့်ကြည့်၍ မိမိတို့၏ နိုင်ငံသားများ အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာပြောင်းလဲတိုးတက်ရေးကိုခေတ်နှင့်အပြိုင် ရှာဖွေဖန်တီးပေးလျက်ရှိသည်။ သို့ဖြစ်ရာ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ အားနည်းခဲ့ကြသော အာရှနိုင်ငံအချို့၌ပင် သိသာမြင်သာသော ပြောင်းလဲမှုများရှိနေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်ပအရင်းအနှီးထက် ပြည်တွင်းအရင်းအနှီးဖြစ်သော နိုင်ငံသားများ၏ အသိပညာမြင့်မားရန်မှာ အရေးကြီးလှသည်။ မြန်မာနိုင်ငံ၏ လက်ရှိစာတတ်မြောက်နှုန်းသည် ပျမ်းမျှအားဖြင့် ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိနေပြီဖြစ်သော်လည်း အသိဉာဏ်ဗဟုသုတ ပြည့်ဝသူအရေအတွက်မှာ အားနည်းမှုရှိနေသေးရာ ယင်းအားနည်းချက်များကို နယ်ပယ်အလိုက် ကျွမ်းကျင်သည့်ပညာရှင်များကတစ်ဆင့်ဖြန့်ဝေပေးရန်လိုမည်ဖြစ်သည်။

လက်ရှိကျင်းပပြုလုပ်နေကြသော ဟောပြောပွဲများတွင် ဘာသာရပ်ဆိုင်ရာများအပြင် နိုင်ငံရေး၊ စီးပွားရေး စသည်တို့ကို ကမ္ဘာ့လတ်တလောဖြစ်စဉ်များနှင့်ယှဉ်၍ လက်တွေ့ကျကျဟောပြောလာကြသည်။ ဟောပြောမှုအများစုမှာ မြို့တော်ရန်ကုန်၌သာရှိပြီး မန္တလေးမြို့တော်တွင် အနည်းငယ်နှင့် မုံရွာ၊ မော်လမြိုင် စသည့်မြို့ကြီးများ၌ ရံဖန်ရံခါဟောပြောမှုများရှိကြောင်း၊ ရန်ကုန်မြို့တွင် အများစုကျင်းပနေသော်လည်း လုံလောက်သည့်အနေအထားမရှိသေးဘဲ အသိပညာရှာဖွေလိုသူများ



www.foreverspace.com.mm



တိုးပွားလာ၍ အခမ်းအနားစီစဉ်သူ၊ ခွင့်ပြုပေးသူနှင့် ဟောပြောသည့်ပုဂ္ဂိုလ်များအနေဖြင့် ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ကြောင်း စာရေးဆရာကျော်ဝင်းက ပြောကြားသည်။

ဟောပြောပွဲမှရသည့် အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံသည် စာအုပ်ဖတ်သည်ထက် ပိုမိုထိရောက်လက်တွေ့ကျကြောင်း၊ ဟောပြောပွဲသည် လူကြီးပိုင်းများအတွက်သာမက မျိုးဆက်သစ်လူငယ်များအတွက် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်ကြောင်း၊ ဟောပြောသူ၏ ဟောပြောမှုအပြင် တက်ရောက်သူများ၏ အပြန်အလှန်မေးမြန်းဆွေးနွေးမှုများမှလည်း ဗဟုသုတများစွာရရှိ၍ ပိုမိုစိတ်ဝင်စားလာရကြောင်း၊ ဟောပြောပွဲများသည် ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူများစွာရရှိကြောင်း ဒဂုံတက္ကသိုလ်တွင် ဥပဒေဘာသာရပ်အဓိကဖြင့် ပညာသင်ကြားနေသူ တတိယနှစ်ကျောင်းသားတစ်ဦးက ၎င်း၏အမြင်ကို ပြောကြားသည်။

## ဘာ့ကြောင့်တိုးပွားလာသလဲ

ပြုပြင်ပြောင်းလဲမှုများကို ခေတ်နှင့်အညီ လုပ်ဆောင်ရာတွင် ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုအပြင် အသိဉာဏ်ပိုင်းဆိုင်ရာပြောင်းလဲမှုကိုပါ ပြုလုပ်လာကြရာ နိုင်ငံအချို့သည် မိမိနိုင်ငံသားများ၏ အသိပညာတိုးပွားရေးအတွက် ပြည်ပမှ အတွေ့အကြုံရှိပုဂ္ဂိုလ်ကြီးများအား ဒေါ်လာသန်းချီပေး၍ ဟောပြောပွဲအခမ်းအနားများ ပြုလုပ်ပေးလာကြသည်။

ဟောပြောပွဲများအား တန်ဖိုးကြီးကြီးပေး၍ ပြုလုပ်နေသည်ကို ဟောပြောပွဲများဖြင့် အလုပ်ဖြစ်နေသော အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်စသည့်နိုင်ငံ့ခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်ဟောင်းကြီးများ၏ ဟောပြောပွဲများက သက်သေပြလျက်ရှိသည်။

“၁၉၈၀ နောက်ပိုင်းမှာ လူတွေအပြောင်းအလဲကြီး ပြောင်းလဲလာကြတယ်” ဟု စာရေးဆရာကျော်ဝင်းက ဆိုသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ၁၉၈၀ မတိုင်မီက ရသစာပေများကိုသာ ဦးစားပေးလေ့လာခဲ့ပြီး ၁၉၈၀ နောက်ပိုင်းတွင်မူ အရာရာကို သိလိုစိတ်၊ စူးစမ်းထိုးဖောက်လိုစိတ်များပါ တိုးပွားလာကြောင်း၊ မိမိနိုင်ငံအကြောင်းကိုသာမက နိုင်ငံတကာနှင့် ကမ္ဘာကြီးအကြောင်းကိုပါ အချိန်မဆိုင်းဘဲ သိလိုကြကြောင်း၊ အထူးသဖြင့် အသက် ၄၀ အောက်အရွယ်များ၌ ယင်းစိတ်များတိုးပွားလာပြီး ဟောပြောပွဲများသို့ ဦးတည်ရောက်ရှိလာကြကြောင်း၊ ဟောပြောပွဲတက်ရောက်သူအများစုမှာ လူငယ်များ



www.foreverspace.com.mm





သာဖြစ်ကြောင်းနှင့် ဟောပြောပွဲတိုင်းသည် တက်ရောက်သူများအတွက် ထိုက်တန်သောအကျိုးကျေးဇူးတစ်ခုရရှိစေမည်ဟု မျှော်လင့်ကြောင်း စာရေးဆရာကျော်ဝင်းက ပြောကြားသည်။

"ဘာလင်တံတိုင်းကြီးပြိုကျပြီးနောက်ပိုင်းမှာ လူတွေက ကမ္ဘာကြီးအကြောင်း ပိုမိုသိချင်လာကြတယ်" ဟုလည်း ၎င်းက ဂလိုဘယ်လိုက်ဇေးရှင်းနှင့်ဆက်စပ်၍ မှတ်ချက်ချသည်။ ဟောပြောပွဲများနှင့်ပတ်သက်၍ ထူးခြားသိသာသော အချက်တစ်ချက်မှာ ယခင်က စာဖတ်အားနည်းသောစီးပွားရေးလုပ်ကိုင်သူများမှာ ယခုအခါ စာဖတ်မှုအမြင့်ဆုံးဟုဆိုနိုင်ရအောင် ပြောင်းလဲလာသည်ဟု ဟောပြောပွဲအတွေ့အကြုံများကို ခြုံငုံ၍ ဆရာကျော်ဝင်းက သုံးသပ်သည်။

ဟောပြောပွဲများအား တက္ကသိုလ်၊ ကောလိပ်များတွင်သာ ပြုလုပ်မှုများပြားခဲ့ပြီး ယခုအခါ ယင်းအလေ့အထများမရှိတော့ခြင်းကြောင့် ပြင်ပအဖွဲ့ အစည်းအဝေးခန်းမများ၊ ဟိုတယ်များ စသည်တို့၌ ပြုလုပ်လာကြသည်။ ယင်းသို့ဆောင်ရွက်မှုကြောင့် မည်သူမဆို တက်ရောက်နားထောင်ဆွေးနွေးလာနိုင်သည်။ ဟောပြောပွဲများသာမက တက်ရောက်နားထောင်သည့်ပရိသတ်အရေအတွက်မှာလည်း တိုးပွားလာသည်ကို တွေ့ရသည်။ Source of Knowledge ကို ဖြည့်ပေးနိုင်သည့် ဟောပြောသူများလည်း တိုးပွားလာသည်ဟု ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

တစ်ရက်တည်း တစ်ချိန်တည်းတွင် ဟောပြောပွဲများ တိုက်ဆိုင်နေသည့်တိုင် ပရိသတ်အားပေးမှု လျော့ကျမသွားသည်ကို တွေ့ရပြီး "လူတွေက ငတ်နေကြတယ်။ တစ်နည်းအားဖြင့် hungry ပေါ့" ဟု သိလိုစိတ်များဆာလောင်နေမှုကို ဒေါက်တာအောင်ထွန်းသက်က မှတ်ချက်ချသည်။

ဟောပြောပွဲများကို လူမှုရေးအဖွဲ့အစည်းကြီးများတွင်သာမက အောင်မြင်နေသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုကြီးများသည်လည်း ၎င်းတို့၏ အဖွဲ့အစည်းအောင်မြင်မှုကို ဆက်ထိန်းနိုင်ရေး၊ မိမိတို့၏ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးတို့အတွက် သီးသန့်ဟောပြောမှုပြုလုပ်ခြင်းများရှိသည်။

ဟောပြောပွဲများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှစ၍ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ နှစ်ပတ်တစ်ကြိမ် စနေနေ့တိုင်း ပုံမှန်ပြုလုပ်လာခဲ့ပြီး UMFCCI နှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းတို့တွင်လည်း လစဉ်ဟောပြောပွဲပုံမှန်ရှိကာ ယင်းနေရာအားလုံး၌ပင် ပုံမှန်ဟောပြောပွဲအပြင် ကြိုကြားဟောပြောပွဲများလည်း ကျင်းပလေ့ရှိသည်။ တိုးတက်များပြားလာသော ဟောပြောပွဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ UMFCCI ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့၌ ဟောပြောပွဲများ ပုံမှန်ဖြစ်မြောက်ရေးအတွက် ဦးဆောင်စီစဉ်ပေးသူနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အကြီးတန်း ဒုတိယဥက္ကဋ္ဌ (၁) ဖြစ်သူ ဦးလှမောင်ရွှေက ၎င်းအနေဖြင့် ရန်ကုန်အပြင် တနင်္သာရီတိုင်း၌လည်း ဟောပြောပွဲများ လစဉ်ပုံမှန်ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူအခြေအနေပေးပါက အခြားပြည်နယ်တိုင်းများ၌ပါ ပြုလုပ်ပေးရန် ဆန္ဒရှိကြောင်းပြောကြားသည်။

ယင်းသို့ပြုလုပ်ပေးလာခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်မြင့်မားရေး၊ ထက်မြက်သည့်နိုင်ငံသားကောင်းများ တိုးပွားလာရေး၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဖြစ်စဉ်များပိုမိုမြင့်မားရေးတွင် Civil Society အဖွဲ့များအနေဖြင့် Capacity မြင့်မားရန်လိုအပ်ကြောင်း၊ ဟောပြောပွဲများမှသည် မြန်မာလူမျိုးများ၏ Capacity မြင့်မားလာမည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ဆိုသည်။

မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လုပ်ငန်းမဆို IT ပညာကို တွင်ကျယ်စွာ အသုံးပြုလာကြရာ မြန်မာနိုင်ငံတွင်လည်း IT ပြန့်ပွားတိုးတက်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိသည့်အပြင် ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ၁၉၉၈ ခုနှစ်နောက်ပိုင်းမှစ၍ တစ်လလျှင် နှစ်ကြိမ်ကျ လုပ်ဆောင်လျက်ရှိကြောင်း၊ အများဆုံး တက်ရောက်သူမှာ လူငယ်များဖြစ်ပြီး နောက်ပိုင်းတွင် စိတ်ဝင်စားမှုပိုမိုလာ

www.foreverspace.com.mm




ကြောင်း၊ IT ဘာသာရပ်နှင့်ပတ်သက်သောဟောပြောပွဲများကို ပြည်တွင်းမှ ပညာရှင်များအပြင် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များကိုပါဖိတ်ကြား၍ ပုံမှန်ပြုလုပ်လျက်ရှိပြီး ရန်ကုန်မြို့အပြင် ပြည်နယ်နှင့်တိုင်းများရှိ ကွန်ပျူတာအသင်းများတွင်လည်း ပြုလုပ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း အတွင်းရေးမှူးဦးငြိမ်းဦးက ပြောကြားသည်။

စီးပွားရေး၊ နိုင်ငံတကာအခြေအနေ၊ လူမှုရေး၊ နည်းပညာ၊ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများမှာ အတိုင်းအတာတစ်ခုထိ အောင်မြင်နေပြီဟုဆိုရမည် ဖြစ်သည်။

## ပါဝင်သူများ၏အရေးပါမှုနှင့် အားနည်းချက်များ

ဟောပြောပွဲအခမ်းအနားတစ်ခုစနစ်တကျပြုလုပ်ကျင်းပပြီးစီးရေး၌ ပါဝင်သူများဖြစ်သော စီစဉ်ကူညီပံ့ပိုးသူနှင့် တက်ရောက်အားပေးသူပရိသတ်မှာ အလွန်အရေးပါသည်။ စီစဉ်သူရှိမှသာလျှင် ဟောပြောပွဲဖြစ်မြောက်နိုင်မည်ဖြစ်ပြီး တက်ရောက်နားထောင်သည့် ပရိသတ်မရှိလျှင်လည်း အခမ်းအနားဖြစ်မြောက်မည် မဟုတ်ပေ။ စီစဉ်သူအနေဖြင့် အခမ်းအနားတစ်ခုလုံးအတွက် စီစဉ်မှုအတတ်ပညာ၊ စီမံခန့်ခွဲတတ်မှုသည် အရေးကြီးသည့်အပြင် အခမ်းအနားမှူး၊ သဘာပတိရွေးချယ်တတ်မှု၊ ဟောပြောသူနှင့် မေးမြန်းသူများအတွက် Time Management ဆောင်ရွက်တတ်မှုတို့၌လည်း ကျွမ်းကျင်ရန်လိုသည်။ အခမ်းအနားအများစု၌ Time Management လိုအပ်ချက်ကြောင့် အချိန်အတိအကျဖြင့် လုပ်ကိုင်ဆောင်ရွက်ရသူများအနေဖြင့် နစ်နာမှုများရှိသည်ဟု ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။

ယင်းအားနည်းချက်အနည်းငယ်ကို အခမ်းအနားစီစဉ်သူများအနေဖြင့် ထည့်သွင်းစဉ်းစား၍ ပြင်ဆင်ဆောင်ရွက်သင့်ကြောင်းလည်း ၎င်းက အကြံပြုသည်။

ထို့အတူတက်ရောက်အားပေးသည့် ပရိသတ်အနေဖြင့်လည်း မေးမြန်းဆွေးနွေးမှုပြုရာတွင် ဟောပြောပွဲ၌ ဟောပြောသည့် အကြောင်းအရာမှသိလိုသည့်အရာများကို သာမေးမြန်းသင့်ကြောင်း၊ မိမိ၏အကြောင်းအရာများ၊ သိထားသည်များ၊ မလိုအပ်သည်များ စသည့် အများသူငါ စိတ်အနှောင့်အယှက်ဖြစ်စေမည့်အရာများကို ပြောဆို၍ မမေးမြန်းသင့်ကြောင်း၊ ယင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် အခြားသောမေးခွန်းမေးလိုသူများအတွက် အချိန်ကုန်စေကြောင်း၊ ယင်းအပြင် ဟောပြောနေချိန်၌ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူ၊ အပြောအဆိုများ၊ တယ်လီဖုန်းကျယ်လောင်စွာပြောဆိုခြင်းများ စသည်တို့ကို ယဉ်ကျေးမှုအရ ကိုယ်ပိုင်အသိဖြင့် ထိန်းသိမ်းသင့်ကြောင်း ဟောပြောသည့် ပုဂ္ဂိုလ်အချို့နှင့် တက်ရောက်နားထောင်သူ ပရိသတ်အချို့ထံ မေးမြန်းချက်များအရ သိရသည်။

ဟောပြောပွဲများတွင် အခြားသော အားနည်းချက်တစ်ခုမှာ မေးခွန်းမေးမှုဖြစ်သည်ဟု ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။ "အားပေးမှုများလာပေမယ့် မေးခွန်းထုတ်တဲ့အပိုင်းမှာ လူငယ်တွေ အတော်အားနည်းသေးတယ်" ဟု ၎င်းက ပြောသည်။

အပြန်အလှန်ဆွေးနွေးမှု၊ မေးမြန်းမှုတွင် အားနည်းချက်ရှိကြောင်းကို စာရေးဆရာ ကျော်ဝင်းကလည်း ထောက်ပြသည်။ သို့သော် ရန်ကုန်မြို့တော်တွင် ကျင်းပသော ဟောပြောပွဲများ၌ ယခုအခါ မေးမြန်းမှုများရှိလာပြီး မန္တလေးတွင်မူ အတော်ပင် အားနည်းသေးကြောင်းလည်း ၎င်းကဆိုသည်။ ဟောပြောပွဲတွင် နားထောင်ရုံသက်သက်မဟုတ်

www.foreverspace.com.mm

ဘဲ ထိမိသောမေးခွန်းထုတ်မှု၊ ဆွေးနွေးတတ်မှု ရှိရန်လိုအပ်သည်ဟု စာရေးဆရာကျော်ဝင်းက ဆိုသည်။

## ရလဒ်နှင့် အပြောင်းအလဲ

"ပိုက်ဆံအရင်းအနှီးတစ်ပြားမှ မရှိရာကနေပြီးတော့ ဒီနေ့ အသေးစားလုပ်ငန်း ပိုင်ဆိုင်နေပြီ" ယင်းမှာ စီးပွားရေးကျွမ်းကျင်သူပညာရှင်အချို့၏ ဟောပြောမှုများကို ၂၀၀၄ ခုနှစ်မှစ၍ ပုံမှန်သွားရောက်နားထောင်ရာမှ အသိပညာ ဗဟုသုတတိုးပွားလာကာ အတန်းပညာအားနည်းပြီး ငွေကြေးအရင်းအနှီးမရှိသော အခက်အခဲမျိုးစုံကိုကျော်ဖြတ်ရင်းမှ ယခုအခါ အသေးစားစီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လာနိုင်သူ ဦးသန်းဇော်ဦး၏ ပြောကြားချက် ဖြစ်သည်။

ဟောပြောပွဲနှင့်နွှယ်ပြီး ၎င်းကဲ့သို့သော စီးပွားရေးအခြေအနေပြောင်းလဲလာသူများရှိသကဲ့သို့ လူမှုအသိုက်အဝန်း၌ တိုးတက်ကောင်းမွန်သော ဆက်ဆံရေးရရှိလာသူများလည်းရှိလာသည်။ ဟောပြောပွဲများမှရရှိသော ဗဟုသုတ၊ အတွေ့အကြုံများကို မိသားစုနှင့်ပတ်ဝန်းကျင်သို့ပါ ဖြန့်ဝေပေးပြီး ပတ်ဝန်းကျင်ကို အကျိုးပြုသူများလည်း ရှိလာသည်။

ဟောပြောပွဲနှင့်ပတ်သက်၍ ပြန်လည်ဟောပြောစည်းရုံးမှုကြောင့်ပင် အိမ်နီးနားချင်းအချို့မှာ ဟောပြောပွဲများသို့ သွားရောက်နားထောင်ဆွေးနွေးသည့်အနေအထားသို့ ပြောင်းလဲလာသည်ဟု အငြိမ်းစားကျောင်းဆရာမတစ်ဦးက ပြောကြားသည်။

ဟောပြောပွဲမှရသော အသိပညာဗဟုသုတများကို လက်တွေ့ပြန်လည်အသုံးချခဲ့မှုကြောင့် နှစ်အနည်းငယ်အတွင်း ရိုးရိုးဝန်ထမ်းဘဝမှ မန်နေဂျာရာထူးအဆင့်ထိတာဝန်ပေးခြင်းခံခဲ့ရသည်ဟု ကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူအမျိုးသမီးတစ်ဦးက ပြောပြပြီး ၎င်းသည် ၂၀၀၆ ခုနှစ်ဧပြီလမှ ၂၀၀၉ ဇူလိုင်လထိ ဟောပြောပွဲပေါင်း (၅၇) ကြိမ်ထိ နားထောင်ပြီးဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် မည်မျှပင်ထူးချွန်ထက်မြက်ကျော်ကြားသည့်ပညာရှင်က ဟောပြောသည်ဖြစ်စေ တက်ရောက်နားထောင်သူအနေဖြင့် အဓိကကျသည်များကို မှတ်မိရန်နှင့် ပြန်လည်အသုံးချတတ်မှသာ နောက်ထပ်တစ်ဆင့်မြင့်လာနိုင်သည်ဟူသော ဒေါက်တာအောင်ထွန်းသက်၏ သုံးသပ်မှုမှာ သတိပြုဖွယ်ဖြစ်သည်။

အသိပညာဆည်းပူးမှုများထဲတွင် ဟောပြောပွဲမှရရှိသော အားသာချက်များမှာ ပညာရှင်နှင့်တိုက်ရိုက်ဆွေးနွေးမေးမြန်းနိုင်ခြင်း၊ တက်ရောက်သူအချို့၏ ပါဝင်ဆွေးနွေးမှုများထံမှတစ်ဆင့် အသိအမြင်တိုးပွားရခြင်းတို့ဖြစ်သည်။ ဟောပြောပွဲများနှင့်ပတ်သက်၍ အပြုသဘောပြောင်းလဲမှုများမှာ ခန်းမတွင်းစကားပြောခြင်းနှင့် ဖုန်းပြောခြင်းတို့ သိသာစွာလျော့ကျသွားခြင်းဖြစ်ကြောင်း ဟောပြောပွဲတက်ရောက်လေ့ရှိသူ



www.foreverspace.com.mm



လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ဟောပြောပွဲသည် လူတန်းစားအလွှာအသီးသီးမှပုဂ္ဂိုလ်များ တက်ရောက်ခြင်းဖြစ်၍ စိတ်နေသဘောထားလည်း အမျိုးမျိုးအဖုံဖုံ ပါဝင်လာမည်ဖြစ်ရာ ငြင်းခုံဆွေးနွေးမှုသည် အမြဲရှိနေမည်ဖြစ်၍ ယင်းကို အပြုသဘောသို့ဦးတည်စေရန် အရေးကြီးကြောင်း တက်ကျမ်းများရေးသားနေသူ လူငယ်စာရေးဆရာတစ်ဦးက ဆိုသည်။

## ဖြေလျှော့ရမည့်အရာများ

မြန်မာနိုင်ငံ၌ ဟောပြောပွဲများနှင့် ပတ်သက်၍ ကန့်သတ်တားမြစ်မှုအချို့ကို ၁၉၈၀ မတိုင်မီနှစ်များနှင့် ၁၉၉၀ ဝန်းကျင်နှစ်များတွင် ပိုမိုလုပ်ဆောင်ခဲ့သည်ကိုတွေ့ရပြီး နိုင်ငံနှင့်လူမျိုး၊ ဘာသာရေး၊ အုပ်ချုပ်သူအစိုးရများအား ဆန့်ကျင်ခြင်းမပြုသည့် မည်သည့်ဟောပြောမှုမျိုးကိုမဆို ကန့်သတ်မှုမပြုသင့်ဟု ဟောပြောမှုများပြုလုပ်သူ ပညာရှင်အချို့က သုံးသပ်သည်။

ယခုအခါ ကန့်သတ်မှုအချို့ကို တဖြည်းဖြည်းလျှော့ချ၍ ဟောပြောမည့် အကြောင်းအရာအတော်များများကို ခွင့်ပြုလာကြောင်းနှင့် ခွင့်ပြုချက်အတွက် ဟောပြောမည့်ပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်နှင့် ဟောပြောမည့်ခေါင်းစဉ်ကို သက်ဆိုင်ရာသို့ နှစ်ပတ်ခန့် ကြိုတင်တင်ပြရကြောင်း ဟောပြောသူ ပညာရှင်တစ်ဦးက ပြောကြားသည်။

ဟောပြောမည့်ပုဂ္ဂိုလ်အနေဖြင့်လည်း စိုးရိမ်မှုကင်းကင်းဖြင့် ဟောပြောနိုင်မှသာ ထိုသူ၏ဟောပြောချက်များ ရှင်းလင်းမည်ဖြစ်ပြီး နားထောင်သည့်ပရိသတ်အတွက်လည်း ပိုမိုအကျိုးရှိမည်ဖြစ်သည်။ ခေတ်သစ်နိုင်ငံတော်သစ်ဆီသို့ ဒီမိုကရေစီနည်းလမ်းကျကျသွားမည်ဟု လမ်းခင်းထားပြီးဖြစ်၍ ဟောပြောပွဲများကိုလည်း ဥပဒေဘောင်အတွင်းမှ ဒီမိုကရေစီကျကျ ခွင့်ပြုချိန်ရောက်ပြီဟုဆိုရမည် ဖြစ်သည်။

တစ်ပါတီစနစ်ကျင့်သုံးနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံရေးမှအပ အခြားသောမည်သည့်ဟောပြောမှုမျိုးကိုမဆို လွတ်လပ်စွာခွင့်ပြုပေးထားပြီး အထူးသဖြင့် လူမှုရေးအဖွဲ့အစည်းများနှင့် ပတ်သက်သောအကြောင်းအရာများကို မြို့ကြီးများ၌သာမက မြို့နယ်အနှံ့တွင်ဟောပြောခွင့်ပေးထားသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်နေပြီဖြစ်ကြောင်း၊ ယင်းအကျိုးဆက်ကြောင့်ပင် ကမ္ဘာ့အလယ်၌ တရုတ်

**ယခုအခါ ကန့်သတ်မှုအချို့ကို တဖြည်းဖြည်းလျှော့ချ၍ ဟောပြောမည့် အကြောင်းအရာအတော်များများကို ခွင့်ပြုလာကြောင်းနှင့် ခွင့်ပြုချက်အတွက် ဟောပြောမည့်ပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်နှင့် ဟောပြောမည့် ခေါင်းစဉ်ကို သက်ဆိုင်ရာသို့ နှစ်ပတ်ခန့် ကြိုတင်တင်ပြရကြောင်း ဟောပြောသူ ပညာရှင်တစ်ဦးက ပြောကြားသည်။**

နိုင်ငံသည် စီးပွားရေး၊ ပညာရေး၊ နည်းပညာဆိုင်ရာကဏ္ဍများတွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ရောက်ရှိနေကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။ ထို့အတူ အိမ်နီးချင်းထိုင်းနိုင်ငံသည်လည်း အလားတူဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ဟောပြောပွဲများရေရှည်ဖွံ့ဖြိုးရန်လိုအပ်သောအရာတစ်ခုမှာ ပညာရှင်များဖြစ်ကြောင်း နိုင်ငံတကာရေးရာကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ပြောဆိုသည်။ ပညာရှင်ဟုဆိုရာတွင်လည်း ပုဂ္ဂလိကပညာရှင်များအပြင် တက္ကသိုလ်၊ ကောလိပ်များ၊ ဌာနဆိုင်ရာများတွင် အဆင့်မြင့်ရာထူးများ ထမ်းဆောင်ခဲ့သည့် အငြိမ်းစားပုဂ္ဂိုလ်စသည့်ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာရန်အရေးကြီးသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

လူမှုအသိုက်အဝန်းကို အသိပညာရစေရန် အကျိုးပြုသည့်ဟောပြောပွဲများတွင် တရားဟောပြောပွဲများလည်း အကျုံးဝင်သည်ဟုဆိုရမည်ဖြစ်ပြီး ကလေးများနှင့် လူငယ်များယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်သော တရားပွဲများ ကျင်းပလာသည်ကို တွေ့ရသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မြို့နယ်အများအပြား၌ ဆက်တိုက်ကျင်းပပြုလုပ်လာကြသော ဆရာတော်ကြီးများ၏ တရားပွဲများကြောင့် နတ်ကိုးကွယ်မှု လျော့ကျလာသည်ကို သိသာထင်ရှားစွာတွေ့မြင်လာရသည်။

“ဘယ်လောက်တော်တဲ့ ပညာရှင်ဟောတာ၊ ပြောတာဖြစ်ဖြစ် ပြန်မသုံးတတ်ရင် အလကားပဲ” ဟူသည်မှာ ပညာရှင်တစ်ဦး၏မှတ်ချက်ဖြစ်သည်။

ခေတ်သစ်ဒီမိုကရေစီစနစ်တစ်ရပ်ဆီသို့သွားရန် အစပျိုးနေပြီဟု ယူဆရသော မြန်မာနိုင်ငံသားများအားလုံး မိမိတို့၏ ဟောပြောပွဲများမှရရှိသည့် အသိပညာ၊ အတတ်ပညာများကို သင့်လျော်မည့်နယ်ပယ်၌ အသုံးချဆောင်ရွက်ရေး၊ အချိန်အခါကို စောင့်ဆိုင်းမနေတော့ဘဲ ရထားသည့် အတိုင်းအတာ အနေအထား၌ပင် အခြေအနေပေါ်မူတည်၍ လက်တွေ့ကျင့်သုံးပြီး စနစ်ပြောင်းချိန်၌ ကောင်းမွန်သည့် အခြေအနေကောင်း၊ ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ပြီးသားဖြစ်နေရန် ဦးတည်ထားရေးတို့မှာ အရေးကြီးပြီး ယင်းသို့လုပ်ဆောင်ခြင်းဖြင့် လူ့အရင်းအမြစ် (Capacity) မြင့်မားအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**ခင်ဌေးကြွယ်**

www.foreverspace.com.mm



# အနောက်သို့ဗဟိုချက်ရွှေ့လာသည့် ပညာရေးဈေးကွက်

ကျော်ကျော်မင်း

**နိုင်ငံရပ်ခြားသို့ ပညာသင်သွားခြင်းသည် ယနေ့ခေတ်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကြီးစားတစ်ခုအသွင် ပီပြင်သည်ထက် ပီပြင်လာသောအခြေအနေ ရှိနေသည်။**

ပညာသွားရောက်သင်ကြားမည့်သူများကလည်း ပြန်ရမည့်အလုပ်အကိုင်၊ ငွေကြေး အခွင့်အလမ်းတို့ကို မျှော်ကြည့်ကြသည်။ ပညာသင်လက်ခံသည့် ကျောင်းများကလည်း ၎င်းတို့အတွက် ဝင်ငွေတိုးမည့် ကျောင်းသားများကို လက်မလွှတ်လိုကြပေ။ ကြားခံဝန်ဆောင်မှုပေးသည့် ဝန်ဆောင်မှုလုပ်ငန်း၊ အတိုင်ပင်ခံလုပ်ငန်းများကလည်း အကျိုးအမြတ် မြိုးမြိုးမြက်မြက်လေးရသည့်အတွက် ကြိုးစားပမ်းစားဖြင့် ကျောင်းသားရှာဖွေစုဆောင်းရေးလုပ်နေကြသည်။

ယင်းသို့သောအခြေအနေအရပ်ရပ်များကြားမှပင် မြန်မာကျောင်းသားတို့၏ စိတ်ဝင်စားမှုဗဟိုချက်သည် ၂၀၀၈ ခုနှစ်ခန့်မှစ၍ အနောက် (ကမ္ဘာ့နောက်ဘက်ခြမ်း) သို့ ရွှေ့လာသည်ကို ထူးခြားစွာ တွေ့မြင်ရသည်။

www.foreverspace.com.mm



လူ ၁၅၀ ခန့်ဆံ့သော အခန်းပြည့်ရုံမက အခန်းထဲတွင် မတ်တတ်ရပ်နေသူ ၁၀ ဦးခန့်ရှိနေသည်။ နောက်ထပ်ဝင်လာသူလေး၊ ငါး၊ ခြောက်ဦးကလည်း အခန်းပင်ပြည့်ကျပ်ညပ်နေသည့်တိုင် ပြန်မည့်ဟန်မပြဘဲ မတ်တတ်ရပ်ဖြင့်ပင် ဝင်ရောက်နားထောင်ရန် ပြင်နေသည်။

Regent Consultancy Ltd. မှ ပြုလုပ်သည့် အမေရိကန်နိုင်ငံတို့ရှိ တက္ကသိုလ်များနှင့်ပတ်သက်သည့် ပညာရေးဆွေးနွေးပွဲမြင်ကွင်းဖြစ်သည်။

ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ဇွန်လ ၆ ရက်နေ့က ပြုလုပ်ခဲ့သော အဆိုပါ အမေရိကန်နှင့် ဗြိတိန်ပညာရေးဆွေးနွေးပွဲတွင် ခန်းမပြည့် ထိုင်ခုံပြည့်လာရောက်နားထောင်သူများသာမက ထိုင်ခုံနေရာအခက်အခဲကြောင့် မတ်တတ်ရပ်၍နားထောင်သူများပင်ရှိခဲ့ကြောင်း Regent ကုမ္ပဏီမှတာဝန်ခံတစ်ဦးက ဆိုသည်။

“လွန်ခဲ့တဲ့ရက်ပိုင်းကလုပ်တဲ့ စင်ကာပူပညာရေးဆွေးနွေးပွဲနဲ့နှိုင်းရင် လူသုံးပုံတစ်ပုံလောက်ကွာတယ်” ဟု နိုင်ငံတကာပညာရေးဆွေးနွေးပွဲများသို့ တက်ရောက်လေ့ရှိသူတစ်ဦးက ဆိုသည်။

မြန်မာကျောင်းသားအများစု အာရှတွင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ ထိုင်း၊ စင်ကာပူ စသည့်နိုင်ငံများတွင် ပညာသင်ကြားရန်ထက် ဩစတြေးလျ၊ ဗြိတိန်၊ အမေရိကန်၊ နယူးဇီလန် စသည့် အာရှပြင်ပပညာရေးကို ပိုမိုစိတ်ဝင်စားလာကြကြောင်း ပညာရေးဝန်ဆောင်မှု အေဂျင်စီနှင့် ပညာရေးအတိုင်ပင်ခံလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။

နိုင်ငံတကာ တက္ကသိုလ်များတွင် ပညာသင်ကြားလိုသည့် မြန်မာကျောင်းသားများသည် စင်ကာပူ၊ ထိုင်း၊ မလေးရှား စသည့်အာရှတွင်းနိုင်ငံများတွင် ပညာသွားရောက်သင်ယူရန်ထက် အာရှပြင်ပနိုင်ငံများသို့သာ သွားရောက်ပညာ သင်ကြားလိုကြသည်မှာ အမှန်ပင်ဖြစ်ကြောင်း Smart Resource ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကလည်း အတည်ပြုပြောကြားသည်။

အလုပ်လုပ်ခွင့်ရရှိခြင်း၊ ပညာရေးစနစ်မြင့်မားခြင်းတို့အပြင် နိုင်ငံတကာမဂ္ဂဇင်းများက ဖော်ပြသည့် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များစာရင်းတွင် အာရှပြင်ပနိုင်ငံများမှ တက္ကသိုလ်များက ထိပ်ဆုံးမှ ရပ်တည်နေခြင်း စသည့် အားသာချက်များကြောင့် ယင်းသို့စိတ်ဝင်စားကြခြင်း ဖြစ်ကြောင်း ဇွန်လ ၆ ရက်နေ့က ကုန်သည်ကြီးများဟိုတယ်တွင် ပြုလုပ်သည့် အမေရိကန်နှင့် ဗြိတိန်တက္ကသိုလ်များ ပညာရေးဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသားမိဘတစ်ဦးကပြောကြားသည်။

စင်ကာပူပညာရေးတွင် အစိုးရကျောင်းများမှာ ယခင်ကထက် တက်ရောက်ရန်ခက်ခဲလာသည်။ ကန့်သတ်ချက်များမြင့်မားလာခြင်း၊ ပုဂ္ဂလိကကျောင်းများမှ နိုင်ငံတကာတွင် ဩစတြေးလျနှင့် ယူကေတို့၏ ကျောင်းများလောက် အသိအမှတ်ပြုမခံရခြင်းတို့ကြောင့် စင်ကာပူပုဂ္ဂလိကကျောင်းများသို့တက်ရောက်ရန် ဆန္ဒမရှိသူများသည် ဥရောပနှင့် အမေရိကကျောင်းများကိုသာ စိတ်ဝင်စားလေ့ရှိကြောင်း NAS ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

စင်ကာပူနိုင်ငံသို့ ပညာသင်သွားရောက်လိုသော မြန်မာကျောင်းသားများ သိသိသာသာလျော့ကျလာပြီး မြန်မာကျောင်းသားများအကြားတွင် Singapore Image တဖြည်းဖြည်းမှေးမှိန်လာကြောင်း Curtin University (Singapore) ၏ဒါရိုက်တာတစ်ဦးဖြစ်သူ Mr.Jerenay ကလည်း ပြောကြားသည်။

ယင်းကြောင့်ပင် ၎င်းတို့တက္ကသိုလ်အနေဖြင့် ဩစတြေးလျနိုင်ငံ ပါ့သ်မြို့အခြေစိုက်ဖြစ်ပြီး ဆစ်ဒနီနှင့် မလေးရှားနိုင်ငံတို့တွင်လည်း ကျောင်းခွဲများရှိကြောင်းကို ၎င်းက ထပ်ခါထပ်ခါ ရှင်းပြသွားခဲ့သည်။

ဇွန်လမှ ဩဂုတ်လအထိ သုံးလတာအတွင်းပြုလုပ်ခဲ့သော ပညာရေးဆွေးနွေးပွဲများကို နှိုင်းယှဉ်ကြည့်ပါကလည်း စင်ကာပူပညာရေးဆွေးနွေးပွဲများတွင် လာရောက်သူဦးရေမှာ နည်းပါးဆဲဖြစ်သည်။

“အင်္ဂလန်နိုင်ငံဗီဇာသစ်အကြောင်းဆွေးနွေးပွဲနဲ့ ITE၊ ပိုလီတို့ရဲ့ ဝင်ခွင့်ပုံစံသစ်အကြောင်း ဆွေးနွေးပွဲနှစ်ခုမှာ တက်တဲ့လူဦးရေကို နှိုင်းယှဉ်ကြည့်ရင် ခေါက်ချိုးမကကွာတာတွေ့လိမ့်မယ်” ဟု ပညာရေးဆွေးနွေးပွဲများကိုစောင့်ကြည့်လေ့လာအကဲခတ်သူတစ်ဦးက ဆိုသည်။

အင်္ဂလန်နိုင်ငံဗီဇာ ပုံစံသစ်အကြောင်းဆွေးနွေးပွဲကို ‘ပညာမိုးကောင်းကင်



www.foreverspace.com.mm

သို့ ခရီးနှင်ခြင်း’ ခေါင်းစဉ်ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကုန်သည်ကြီးများဟိုတယ်၌ အင်္ဂလန်နိုင်ငံအခြေစိုက် Worldwide Education ၏ ဒါရိုက်တာ ဒေါက်တာနေဝင်းနိုင်က ဟောပြောခဲ့သည်။

ITE နှင့် Polytechnic ကျောင်းများ၏ ဝင်ခွင့်ပုံစံသစ်များအကြောင်းကို ဩဂုတ်လ ၃၀ ရက်နေ့တွင် Parkroyal ဟိုတယ်၌ SYM Education Services ၏ Education Consultant ဦးဇေယျာက ဟောပြောခဲ့ခြင်း ဖြစ်သည်။

“ITE နဲ့ ပိုလီဆိုတာက စင်ကာပူပညာရေးနဲ့ အဓိကအကျဆုံး ပလက်ဖောင်းတွေပဲ။ ဒီလိုပွဲမှာတက်တဲ့သူက အင်္ဂလန်ဗီဇာပွဲရဲ့ ထက်ဝက်လောက်တောင် လူမလာဘူးဆိုရင် သိသာနေပါပြီ” ဟု ပညာရေးဆွေးနွေးပွဲများစောင့်ကြည့်လေ့လာအကဲခတ်သူက ဆက်လက်ပြောကြားသည်။

မလေးရှားနှင့် ထိုင်းနိုင်ငံတို့ရှိ ကျောင်းများကိုပါ မြန်မာကျောင်းသားအများစုမှာ ပင်ကိုယ်ကပင် နှစ်သက်မှုမရှိကြကြောင်း၊ ထို့ပြင် ကျောင်းတက်ရင်း အလုပ် လုပ်ကိုင်ခွင့်မရှိခြင်းကလည်း အာရှကျောင်းများအပေါ် မြန်မာကျောင်းသားများ စိတ်ဝင်စားမှု နည်းပါးလာသည့် အကြောင်းအရင်းဖြစ်ကြောင်း NAS မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

UK ၊ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့တွင်မူ ကျောင်းသားများအနေဖြင့် အလုပ်လုပ်ကိုင်ခွင့် တရားဝင်ရရှိရာ ယင်းအားသာချက်ကပင် အဆိုပါနိုင်ငံများသို့ တက်ရောက်ရန် စိတ်ဝင်စားသူ ပိုမိုများပြားလာစေခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

“အမှန်တော့ စင်ကာပူကို Transit အနေနဲ့သွားကြတာ အရင်ကတည်းကပါ” ဟု လုပ်သက် ၁၀ နှစ်ကျော် ပညာရေးအတိုင်ပင်ခံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

အနောက်နိုင်ငံများသို့ ပညာသင် သွားရောက်ရန် လတ်တလောငွေကြေးအရင်းအနှီးမပြည့်စုံသူများ၊ ယင်းနိုင်ငံများ၏ မြင့်မားသောပညာရေးစနစ်ကိုလိုက်နိုင်ရန် ယင်းနိုင်ငံများမှ ဒီပလိုမာများကို စရိတ်ကျဉ်းကျဉ်းဖြင့် ရယူပြီး ဘွဲ့သင်တန်းကျမှသာ ခုန်ကူးလိုသူများမှာ စင်ကာပူကို Stepping Stone အဖြစ်အသုံးပြုကြကြောင်း၊ စင်ကာပူနိုင်ငံတွင် အရင်းအနှီး (ငွေကြေး) သို့မဟုတ် ပညာဗဟုသုတရှာပြီးမှ ဩစတြေးလျ၊ UK၊ အမေရိကတို့အပြင် ကနေဒါစသည့်နိုင်ငံများသို့ပင် သွားရောက်ပညာသင်ကြားကြကြောင်း ၎င်းက ရှင်းပြသည်။

“အနောက်နိုင်ငံတွေကို ပညာသင်သွားချင်တဲ့သူ၊ စိတ်ဝင်စားသူ နှစ်ဆ သုံးဆလောက်ထိတိုးလာတယ်။ ဩစတြေးလျ၊ အင်္ဂလန်၊ အမေရိကန် စတဲ့နိုင်ငံတွေကို သွားတဲ့သူ ၃၀ ရာခိုင်နှုန်းအထက် တိုးတက်လာတယ်” ဟု NAS ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ခံတစ်ဦးက ဆိုသည်။

ယင်းသို့တိုးတက်လာခြင်းမှာ ရုတ်တရက်တိုးတက်လာခြင်းမျိုးမဟုတ်ကြောင်း၊ ယခုမြင့်တက်လာသော ပညာသင်သွားသူများမှာ ယခင်နှစ်ကတည်းကပင် ကြိုတင်ပြင်ဆင်၍ စီစဉ်ထားခြင်းဖြစ်ရာ ယခင်နှစ်ကတည်းကပင် တိုးတက်လာသည်ဟုဆိုနိုင်ကြောင်း ၎င်းက ဆိုသည်။

အာရှနိုင်ငံများအပါအဝင် နိုင်ငံရပ်ခြားသို့ ပညာသင်သွားရောက်လာသူများမှ ၂၀၀၀ ပြည့်နှစ်မှ ယခု ၂၀၀၉ ခုနှစ်အထိ ဆယ်စုနှစ်တစ်စုနီးပါးခန့်အတွင်း သိသိသာသာတိုးတက်လာကြောင်း NELC နဝရတ်ပညာရေးစင်တာ၏အကြီးအကဲ ဒေါက်တာ နေဝင်းနိုင်က ပြောကြားသည်။

ပညာသင်ဆုများ၊ အလုပ်အကိုင်



www.foreverspace.com.mm





အခွင့်အလမ်းများကို ဗန်းပြ၍ ကျောင်းသားများ၏ စိတ်ဝင်စားမှုကို မြှင့်တင်လာမှုများ တစ်နေ့ထက်တစ်နေ့ များပြားလာကြောင်း၊ ယင်းကြောင့်လည်း နိုင်ငံရပ်ခြားပညာသင်လိုသူတိုးတက်များပြားလာခြင်းဖြစ်ကြောင်း နိုင်ငံတကာ ပညာရေးအတိုင်ပင်ခံတစ်ဦးက ဝေဖန်သည်။

"UK ကောလိပ်တွေက ပရိုမိုးရှင်းဆင်းလာတာတွေလည်း အများကြီးပဲ" ဟု ၎င်းက ဆိုသည်။

မြန်မာကျောင်းသားများ အနောက်ဥရောပနိုင်ငံများသို့ ပညာသင်သွားရောက်ရန် စိတ်ဝင်စားလာခြင်းမှာ အေဂျင်စီများကြောင့်ဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာကျောင်းသားများအနေဖြင့် မိမိတို့ အနာဂတ်ပညာရေးအတွက် ရွေးချယ်ရာတွင် အေဂျင်စီများ၊ ကျောင်းများ၏ တစ်ဖက်သတ်စကားသက်သက်ဖြင့်လည်း နားမယောင်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံတကာအဆင့်ပညာရေးကို စိတ်ဝင်စားမှုတိုးတက်လာခြင်းမှာ လူ့စွမ်းအားအရင်းအမြစ်ရှုထောင့်မှကြည့်လျှင်ပင် အကောင်း အဆိုး နှစ်မျိုး ဒွန်တွဲနေပေသည်။

ပညာသင်သွားသူတစ်ဦး ပြည်တော်မပြန်ခဲ့လျှင် ဦးနှောက်ယိုစီးမှု (Brain Drain) ပြဿနာကို ရင်ဆိုင်ရမည်ဖြစ်ပြီး အနာဂတ်အတွက် လိုအပ်မည့် ပညာတတ်လူ့အဖွဲ့အစည်း (Knowledge Society) ကို များစွာ အားနည်းစေနိုင်ပေသည်။

သို့ရာတွင် ယင်းသို့ ပညာသင်သွားရောက်သူ ကျောင်းသားများ၏ ၃၀ ရာခိုင်နှုန်းမျှ ပြန်လာလျှင်ပင် ပထမတင်ပြခဲ့သော အချက်နှင့်ပြောင်းပြန်အကျိုးသက်ရောက်မှု Brain Gain ကို ခံစားရပေမည်။

မည်သည့်နိုင်ငံသို့ ပညာသင်သွားရောက်သည်ဖြစ်စေ လုံလောက်သောပညာအရင်းအနှီး၊ ငွေကြေးအရင်းအနှီးပြည့်စုံချိန်တွင် မိမိနိုင်ငံ၌ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်မည်ဟူသော ဆုံးဖြတ်ချက်တစ်ခုချထားရန် တိုက်တွန်းလိုပေသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် နိုင်ငံ၌ ပြန်လည်အခြေချနိုင်ရန်မှာလည်း နိုင်ငံတွင် ပွင့်လင်းမြင်သာသော Policy တံခါးတစ်ချပ်ဖွင့်ထားရန် လိုအပ်ပေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာကျောင်းသားများနှင့်မိဘများအနေဖြင့် နိုင်ငံရပ်ခြားသို့ ပညာသင်သွားရောက်ရာတွင် အာရှကိုဗဟိုမပြုတော့ဘဲ ကမ္ဘာကိုဗဟိုပြုစဉ်းစားလာသည်ကို အပြုသဘောဝေဖန်ရလျှင် ကမ္ဘာကြည့်ကြည့်တတ်လာခြင်းဖြစ်ပြီး မိမိ၏အနာဂတ်ပညာရေးလမ်းကြောင်းကို ကမ္ဘာတစ်ခုလုံးနှင့် နှိုင်းယှဉ်ကြည့်တတ်လာခြင်းဟုပင် ဆိုရမည်ဖြစ်သည်။

ယင်းကျောင်းသားများ နိုင်ငံသို့ ပြန်ရောက်လာချိန်တွင် ပညာရေးတွင်သာမက နိုင်ငံရေး၊ စီးပွားရေး စသည့် ကဏ္ဍရပ်တိုင်းတွင် ကမ္ဘာကြည့်ကြည့်တတ်လာသူများဖြစ်လာမည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဖိုးတန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်လာနိုင်ပေမည်။

**ကျော်ကျော်မင်း**

■

www.foreverspace.com.mm





# စံပြီမြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးရေး

ဇာဏီထွဏ်း

**ခေတ်မီအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသည် မြို့ပြဖွံ့ဖြိုးရေး၏ အဓိကအကျဆုံးအစိတ်အပိုင်းတစ်ရပ်တွင် ပါဝင်သည်။ အဆောက်အအုံများ ဆောက်လုပ်ရန်ချမှတ်ထားသော စည်းကမ်းများနှင့် ညီညွတ်စွာ ဆောက်လုပ်ထားပြီး နေထိုင်သူများ ယုံကြည်စိတ်ချစွာ နေထိုင်နိုင်ရေးသည်လည်း မြို့ပြအမှန်တကယ်ဖွံ့ဖြိုးလာခြင်းအတွက် အရေး ပါသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများဆိုသည်မှာ စီးပွားရေးတွက်ခြေကိုက်ရန်အတွက်သာမဟုတ်ဘဲ ခေတ်မီမြို့ပြလူနေမှုဘဝများ ထူထောင်ပေးနေသည့် ကဏ္ဍတစ်ရပ်တွင် ပါဝင်နေသည်ဟု အလေးထားစဉ်းစားရမည်ဖြစ်ပေသည်။**

## လိုနေသောကွက်လပ်များ

အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ဆောက်လုပ်သည့်ပတ်ဝန်းကျင်နှင့် ဆက်စပ်လျက်ရှိသော နေထိုင်သူများ၏ အဆောက်အအုံများ၊ ပစ္စည်းများ၊ အသက်အန္တရာယ်၊ ကျန်းမာရေး သို့မဟုတ် လမ်းသွားလမ်းလာများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်စံနှုန်းများနှင့် အညီဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ စည်းမျဉ်းများအပေါ် လိုက်နာသော ဆောက်လုပ်သူများရှိသကဲ့သို့ အကျိုးအမြတ်ကို ဦးစားပေးသူများလည်းရှိကြောင်း၊ အချို့အဆောက်အအုံများသည် နှစ်ကာလ မကြာမြင့်လုသေး

www.foreverspace.com.mm



သော်လည်း ဆောက်လုပ်စဉ်က လိုအပ်ချက်များကြောင့် မိုးရာသီတွင် အုတ်နံရံမှ ရေယိုစိမ့်ထွက်မှု၊ ခေါင်မိုးမှ မိုးယိုမှုများ ဖြစ်ပေါ်လာရာတွင် လက်ရှိနေထိုင်သူများကပင် ခါးစည်းခံနေရကြောင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်အတွင်းနေထိုင်သူအချို့က ပြောကြားသည်။

"ကန်ထရိုက်တာကတော့ ဆောက်ပြီးရင်ပြီးသွားတာပဲ။ လူတွေနေတော့မှ မကြာဘူး။ တံခါးပျက်တာနဲ့ အုတ်နံရံဆေးကွာတာနဲ့ ဖြစ်ရော။ ဒါကို အိမ်ရှင်က ပြင်ရတာပဲ" ဟု စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းတွင်နေထိုင်သူတစ်ဦးက ပြောကြားသည်။

ရေကောင်းရေသန့်ရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အညစ်အကြေးစနစ်တကျစွန့်ပစ်ရေး စသည့်မြို့ပြလူနေမှုဘဝအတွက် အခြေခံလိုအပ်ချက်များပင် မဖြည့်ဆည်းနိုင်သော အဆောက်အအုံများသည် ရန်ကုန်မြို့တွင် ဒုနှင့်ဒေးရှိနေကြောင်း၊ ရန်ကုန်မြို့အတွင်း မော်တော်ယာဉ်များ၊ ဈေးများတွင် လူများ နှစ်စဉ်တိုးတက်လာနေရာ အဆိုပါအခြေခံလိုအပ်ချက်ကို လက်ရှိအဆောက်အအုံအများစုနှင့် လမ်းများက လိုက်လံတည်ဆောက်ဖြည့်ဆည်းနိုင်ခြင်း မရှိသေးသည်ကို တွေ့ရကြောင်း ရန်ကုန်မြို့ခံများက ဆိုသည်။

## စည်းကမ်းချက်အသစ်များ

အထက်ပါလိုအပ်ချက်များ အဆင်ပြေလွယ်ကူစေရေးအတွက် ဖြေရှင်းပြုလုပ်မည်များကို အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရန် ပမာဏအဆိုပြုပုံစံ (Proposal Drawing) တင်ပြရာ၌ ပူးတွဲတင်ပြရမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) က စည်းကမ်းချက်အသစ်များ ယခုနှစ်အတွင်း ထုတ်ပြန်လိုက်သည်။

အဆောက်အအုံတည်ဆောက်စဉ်နှင့် တည်ဆောက်ပြီးကာလအတွင်း ရေသုံးစွဲမည့်အနေအထား၊ ရေစီးရေလာနှင့်ပတ်သက်၍ အနှောင့်အယှက်မဖြစ်စေဘဲ စနစ်ကျစွာစီးဆင်းနိုင်ရေး၊ အမှိုက်စွန့်ပစ်ထားရှိရေး၊ မိလ္လာစွန့်ပစ်မှုစနစ်နှင့် မော်တော်ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်သည့်ပုံစံများကို အဆိုပါပုံစံနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်၌ပါရှိသည်။

အဆိုပါစည်းကမ်းချက်အသစ်များတွင် ရေမြောင်းများကို ယခင် တစ်ပေအကျယ် တစ်ပေအနက်ပြုလုပ်ရာမှ ငါးပေအကျယ် ငါးပေအနက်ပြုလုပ်ရမည်ဆိုသောအချက်လည်းပါဝင်ကြောင်းနှင့် ထိုအချက်ပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအခက်တွေ့နေရကြောင်း ကျောက်တံတားမြို့နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

"ကိုယ့်တိုက်ရှေ့မှာက ငါးပေအကျယ် ငါးပေအနက် မြောင်းကြီး၊ ဘေးတိုက်တွေက အရင်ပုံစံအတိုင်းလုပ်ထားတဲ့ တစ်ပေသာသာ မြောင်းအကျယ်လေး၊ ဒီတော့ မြောင်းသေးသေးလေးက ရေတွေက မြောင်းအကျယ်ကြီးထဲဝင်ပြီး ရေစုကန်၊ အမှိုက်ကန်ကြီးဖြစ်သွားမှာပေါ့" ဟု ၎င်းက ပြောကြားသည်။

ငွေကြေးတတ်နိုင်သူအချို့က ၎င်းတို့၏ နေအိမ်အဆောက်အအုံအတွင်း ရေမဝင် မဝပ်စေရန် မိမိအိမ်ရှေ့နောက်တွင် ကွန်ကရစ်အပြည့်ခင်းသောအခါ မိုးရေများ စီးဆင်းရန်နေရာမရှိတော့ကြောင်း၊ အချို့အဆောက်အအုံများသည် မြောင်းဟုဆိုနိုင်ရုံ ခြောက်လက်မအကျယ်ရှိ ရေမြောင်းငယ်သာပြုလုပ်ထားကြောင်း၊ ထို့ကြောင့် မိုးရေများသည်စိမ့်ဝင်ရန် မြေကြီးမရှိခြင်း၊ လူနေအိမ်များမှစွန့်ထုတ်သော ရေဆိုးများစီးဆင်းလမ်းကြောင်းနှင့် နေရာမရှိခြင်းတို့ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ယင်းစည်းကမ်းများချမှတ်ရခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ ဌာနမှူးဒေါက်တာဇော်ဝင်းက ပြောကြားသည်။

"အခုရေတွင်းတူး၊ အခုရေကြည်သောက်လို့မရသေးဘူး။ ဒီအိမ်မှာ ဒီစနစ်စရင် နောက်ဆောက်မယ့် အိမ်တွေလည်း ဒီစနစ်ပဲ။ နောက်ပိုင်းတော့ တဖြည်းဖြည်းညီသွားမှာပေါ့" ဟု ၎င်းက ဆိုသည်။

## ဥပဒေစည်းကမ်းအထက်တွင် မည်သူမျှမရှိ

စင်စစ်အားဖြင့် စံမီသောမြို့ပြအဆောက်အအုံများပေါ်ထွန်းရေးသည် စံမီသော မြို့ပြစီမံခန့်ခွဲမှု၊ စံမီသောစည်းကမ်းသတ်မှတ်ချက်နှင့် စံမီသော ကြီးကြပ်ကွပ်ကဲမှုတို့အပေါ်တွင်သာ လုံးဝမူတည်နေပေသည်။ ဥပဒေတစ်ခု၊ စည်းကမ်းတစ်ရပ်ချမှတ်သည်ဆိုပါက ယင်းအပေါ်တွင် မည်သူမျှရှိမနေမှသာလျှင် ထိုစည်းကမ်းဥပဒေ



www.foreverspace.com.mm


နှင့်အညီ ထိန်းသိမ်းကွပ်ကဲနိုင်သည်။ ထို့အတူ စည်းကမ်းဥပဒေတို့သည်လည်း ပြောင်းလာသောလူမှုဘဝများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အဟပ်ညီစွာ ခေတ်မီစွာ လိုက်ပါပြောင်းလဲရန် လိုပေသည်။

စည်းကမ်းနှင့်အညီ စံမီသောကြီးကြပ်မှုရှိလာပါက နောင်တွင် လေဝင်လေထွက်အလင်းရောင်လုံလုံလောက်လောက်မရရှိသော အမိုးနိမ့်အိမ်ကျဉ်းကျဉ်း၊ တိုက်ခန်းများ၊ ခနော်ခနဲ့အရေးပေါ်လှေကားများ၊ စံမမီဆောက်လုပ်ရေးပစ္စည်းနှင့်အရောင်းဆိုင်များ၊ အရည်အချင်းမပြည့်မီသောကန်ထရိုက်တာများ၊ ကစားကွင်း၊ ပန်းခြံမရှိသော လူနေရပ်ကွက်များ၊ စာသင်ကျောင်းများ၊ အမှိုက်ပစ်ရန်နေရာနှင့်အမှိုက်ပုံးမရှိဘဲ အမှိုက်ပစ်လျှင် ဒဏ်ငွေရိုက်မည်ဆိုသော ဆိုင်းဘုတ်များသာရှိသောမြို့ပြရပ်ကွက်များ၊ အမှိုက်များသာ ပိတ်ဆို့နေသော ရေမြောင်းများ၊ ရေဆိုးနှင့် အညစ်အကြေးစွန့်ပစ်မှုစနစ်မကျမှုများ၊ ကွမ်းတံတွေးထွေးထားသော မှောင်မည်းကျဉ်းမြောင်းလှေကားများ တွေ့ရတော့မည်မဟုတ်ပေ။ ထို့ကြောင့် အဓိကအရေးကြီးဆုံးအချက်မှာ မည်သို့သောအရေးကိစ္စတွင်မဆို အမှန်တကယ် လိုက်နာကျင့်သုံးနိုင်သော၊ လိုက်နာကျင့်သုံးအပ်သော စည်းမျဉ်းစည်းကမ်းများချမှတ်ရန်နှင့် ချမှတ်ပြီးသော စည်းမျဉ်းစည်းကမ်းကို သက်ဆိုင်ရာနယ်ပယ်အတွင်းရှိသူအားလုံးအပါအဝင် စည်းကမ်းချမှတ်သူပါ တိတိကျကျလိုက်နာ ထိန်းသိမ်းအကောင်အထည်ဖော်ရေးပင်ဖြစ်သည်။

## လိုအပ်လျှင် ထုတ်သုံးရမည့်အာမခံကြေး

အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက အထက်ဖော်ပြထားသည့် စည်းကမ်းချက်များ လိုက်နာမှုရှိ မရှိကို အဆိုပါကော်မတီက လိုက်လံစစ်ဆေးရာတွင် လိုအပ်ချက်ရှိသည်ကိုတွေ့ရခြင်း၊ အဆောက်အအုံဆောက်လုပ်နေစဉ် တည်ဆောက်သူကန်ထရိုက်တာ ရှောင်ပြေးသွားခြင်းတို့ဖြစ်ပေါ်လာပါက လိုအပ်သည်တို့ကို ထုတ်ယူသုံးစွဲရန်အတွက် အဆောက်အအုံတစ်လုံးချင်းအတွက် အာမခံကြေး ကျပ်သိန်း ၅၀ ပေးသွင်းရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနရုံးတွင်းအမိန့် (၄၄/၂၀၀၉) အရ သိရသည်။

လေးထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရန် အဆိုပြုပုံစံတင်သွင်းပါက အဆောက်အအုံတစ်လုံးချင်းအတွက် အဆိုပါအာမခံကြေး ကျပ်သိန်း ၅၀ ကို လိုင်စင်ရ ကန်ထရိုက်တာများအနေဖြင့် မြို့တော်ဘဏ်သို့ပေးသွင်းပြီးကြောင်း ချလန်တင်ပြမှသာ ဆောက်လုပ်ခွင့်အမှုတွဲကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆောက်အအုံတည်ဆောက်ပြီးစီး၍ ဌာနမှ ညွှန်ကြားရန်မရှိ



www.foreverspace.com.mm

တော့သည့်အချိန်မှသာ ယင်းငွေကို ပြန်လည်ရရှိမည်ဖြစ်ကြောင်း ယင်းအမိန့်တွင်ပါရှိသည်။

ယင်းအာမခံကြေးသည် အမှန်တကယ်လုပ်ဆောင်နေသော ဆောက်လုပ်သူများအတွက် ထူးခြားသောအကျိုးသက်ရောက်မှုမရှိသော်လည်း ဆောက်လုပ်ခွင့်လိုင်စင်ငှားရမ်းပြီးဆောက်လုပ်ရသူများအတွက်ကြီးမားသော ရိုက်ခတ်မှုဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူအချို့က ပြောကြားသည်။

ဆောက်လုပ်ခွင့်လိုင်စင်လျှောက်ထားရာတွင် လျှောက်ထားသူများသည် သတ်မှတ်ထားသောလိုင်စင်ကြေး ကျပ်သိန်း ၁၀၀ ပေးသွင်းပြီးမှသာ တရားဝင်ဆောက်လုပ်ခွင့်ရရှိကြောင်း၊ အဆိုပါဆောက်လုပ်ခွင့်ရရှိသူများထံမှတစ်ဆင့် ပုဂ္ဂိုလ်ရေးအရရင်းနှီး၍သော်လည်းကောင်း၊ အခြားနည်းလမ်းအမျိုးမျိုးဖြင့်သော်လည်းကောင်း လိုင်စင်ငှားရမ်း၍ ဆောက်လုပ်ရေးလုပ်ကိုင်သူများရှိကြောင်း၊ လိုင်စင်ရရှိထားသူများကလည်း အဆောက်အအုံတစ်လုံးအတွက် နှုန်းတစ်ခုသတ်မှတ်၍ လိုင်စင်ငှားရမ်းရလိုသူနှင့် သဘောတူစာချုပ် ချုပ်ဆို၍ အခကြေးငွေရယူကာ လိုင်စင်ငှားရမ်းကြကြောင်း၊ ယခုအသစ်ချမှတ်လိုက်သော အာမခံကြေးပေးသွင်းရမည့် စည်းကမ်းချက်ကြောင့် လိုင်စင်ငှားရမ်းလုပ်ကိုင်မှုများ လျော့ကျသွားနိုင်ကြောင်း အင်ဂျင်နီယာဌာနမှ ဌာနမှူးက ပြောကြားသည်။

ယခုကဲ့သို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သတ်မှတ်လိုက်သော အာမခံကြေးအရ တစ်ဆင့်ခံဆောက်လုပ်သူများ၏ မှားယွင်းချက်ဖြစ်ပေါ်လာပါက လိုင်စင်အမည်ခံထားရှိသူသည် လိုင်စင်သိမ်းယူခြင်းခံရမည်ကိုစိုးရိမ်သောကြောင့် တစ်ဆင့်ငှားရမ်းဆောက်လုပ်ခြင်းများ မလုပ်ရဲတော့ခြင်းနှင့် လိုင်စင်ငှားရမ်းသူ ဆောက်လုပ်ခွင့်အတွက် အာမခံကြေးမပေးသွင်းနိုင်ခြင်းတို့ကြောင့် တစ်ဆင့်ခံ လုပ်ကိုင်သူများ အခက်အခဲဖြစ်နေကြောင်း လိုင်စင်ရဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ



တစ်ဦးက ပြောကြားသည်။

"လိုင်စင်ရှိတဲ့သူရဲ့ နာမည်နဲ့ထည့်ပြီး ပြန်ထုတ်တော့လည်း သူ့နာမည်နဲ့ထုတ်ရမယ်။ လိုင်စင်ရှိသူက ညစ်ရင်တော့ တစ်ဆင့်ခံတွေ ဘာမှလုပ်မရဘူး။ ဒီလိုနဲ့တစ်ဆင့်ခံလုပ်စားသူတွေ ပပျောက်သွားမှာပဲ" ဟု အဆိုပါလုပ်ငန်းရှင်က ဆိုသည်။

အဆိုပါကော်မတီမှ စည်းကမ်းများပိုများလာပြီး တင်းကျပ်လာခြင်း၊ သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိစေရေးအတွက် အဆောက်အအုံခိုင်မာစေရန် လုပ်ဆောင်ရမည့် ဆောင်သင့်၊ ရှောင်သင့်သော သတ်မှတ်မှုများအပေါ် မလိုက်နာနိုင်ခြင်းတို့ကြောင့် ဆောက်လုပ်သူ၏အရေအတွက်သည် ယခင်နှစ်များထက်စာလျှင် လျော့ကျသွားသည်ကိုတွေ့ရကြောင်း ရန်ကုန်မြို့နေလိုင်စင်ရ မြို့ပြအင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

## မြေခံနိုင်အား

အဆောက်အအုံ ဟူသမျှသည် အဆောက်အအုံ၏ အလေးချိန်အလိုက် မြေကြီးထဲသို့ နှစ်စဉ်တဖြည်းဖြည်းချင်း နစ်ဝင်သွားကြောင်း၊ ယင်းကဲ့သို့နစ်ဝင်သွားရာတွင် မြေကြီး၏အမျိုးအစားညီမျှပါက အချိုးအစားညီစွာ ပုံမှန်အနေအထားဖြင့် နစ်ဝင်သွားမည်ဖြစ်ကြောင်း၊ သို့သော် မြေလွှာအပျော့ အမာမတူညီသော မြေသား များတွင်ရှိပါက ပျော့သည့်မြေဘက်သို့ ပို၍နစ်ဝင်သောကြောင့် အဆောက်အအုံများ တိမ်းစောင်းခြင်းများဖြစ်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း အတွင်းရေးမှူးက ပြောကြားသည်။

လွန်ခဲ့သော ၂ နှစ်ခန့်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အထပ်မြင့်အဆောက်အအုံတည်ဆောက်မည်ဆိုပါက အဆောက်အအုံတည်ဆောက်မည့် မြေကြီး၏ မြေခံနိုင်အား (Soil Test) ကို စမ်းသပ်စေခဲ့ကြောင်း၊ သို့ရာတွင် မြေခံနိုင်အား စမ်းသပ်ခြင်းမရှိသော အထပ်နိမ့်အဆောက်အအုံများသည် မြေခံနိုင်အားပျော့သောနေရာတွင် တည်ဆောက်သောအခါ အထပ်မြင့်မဟုတ်သော်လည်း တိမ်းစောင်းလာသောကြောင့် ၂၀၀၉ ခုနှစ် ဇူလိုင်လမှစ၍ သုံးထပ်နှင့်အထက်အဆောက်အအုံဆောက်မည့်မြေနေရာကို မြေခံနိုင်အား စမ်းသပ်ရမည်ဆိုသောစည်းကမ်းချက်တစ်ခုကို ရန်ကုန်မြို့တော်စည်ပင် အင်ဂျင်နီယာဌာနက ချမှတ်လိုက်သည်ကို တွေ့ရသည်။

ရန်ကုန်မြို့တွင်းရှိ မြေသားအမျိုးအစားများသည် သက်နုမှ သက်ရင့်အဆင့်ခုနစ်ဆင့်ခွဲခြားထားကြောင်း၊ ရန်ကုန်တိုင်း

www.foreverspace.com.mm

မြောက်ပိုင်းရှိ မြေသားများသည် မာကြော၍ ကောင်းမွန်ပြီး မြစ်ချောင်းများနှင့် နီးသောနေရာများ၊ အထူးသဖြင့် လှိုင်မြစ်အစပ်နှင့် ငမိုးရိပ်ချောင်းအစပ်ရှိ မြေသားများသည် သက်နုမြေသားအမျိုးအစားဖြစ်သည့်အပြင် မြေအောက်ရေ မြင့်တက်လာခြင်းကြောင့် မြေသားများပျော့လာသဖြင့် အထပ်မြင့်အတွက်သာမက အထပ်နိမ့်များအတွက်ပါ စမ်းသပ်သင့်ကြောင်း ဘူမိဗေဒအင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

တည်ဆောက်မည့် အဆောက်အအုံအမျိုးအစားပေါ်မူတည်၍ မြေခံနိုင်အားစမ်း သပ်မှုပြုလုပ်ရသဖြင့် စမ်းသပ်သည့်ဈေးနှုန်းကွာခြားကြောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံသည် အထပ်နိမ့်ဖြစ်ပါက ယခင်အိမ်မဖျက်ခင် လူနေစဉ်ကာလတွင် မြေလွှာစစ်ဆေးစမ်းသပ်နိုင်သော်လည်း အထပ်မြင့်များအတွက် စမ်းသပ်မည်ဆိုပါက ယခင်အိမ်များဖျက်ပြီးမှသာ အဆောက်အအုံအထပ်၏အမြင့်အလိုက် လွန်တူးစက်များဖြင့် အနက်ပေပိုတူးကာ စမ်းသပ်သောကြောင့် အဆောက်အအုံတွင်နေထိုင်သူများ စိတ်ချစွာနေနိုင်မှုနှင့် ပညာရပ်ဆိုင်ရာကုန်ကျစရိတ်များ အားပြိုင်လျက်ရှိကြောင်း မြေခံနိုင်အားစမ်းသပ်မှုလုပ်ငန်းဆောင်ရွက်သည့် မြယာပင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသောင်းစိန်က ပြောကြားသည်။

မြေခံနိုင်အားစမ်းသပ်ပြီးမှသာလျှင် ရရှိသော အဖြေပေါ်မူတည်၍ တာဝန်ခံအင်ဂျင်နီယာမှလိုအပ်သည့်ပစ္စည်းများကို တိကျစွာသုံးစွဲနိုင်မည်ဖြစ်ပြီး မစမ်းသပ်ပါက အဆောက်အအုံတည်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းများ လိုအပ်ခြင်း၊ ပိုသွားခြင်းများ ဖြစ်လာနိုင်ကြောင်း၊ သုံးစွဲသည့်ပစ္စည်းများ ပိုသွားခြင်းကြောင့် စရိတ်ပိုကုန်ကျခြင်းပြဿနာမရှိနိုင်သော်လည်း လိုအပ်သွားပါက နေထိုင်သူများအတွက် စိုးရိမ်ရသောအခြေအနေများ သက်ရောက်လာနိုင်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် မြေခံနိုင်စွမ်းအားစမ်းသပ်နေသူများထံမှ သိရသည်။

"ကိုယ်ရေးဆွဲထားသည့် ဒီဇိုင်းပုံစံက မြေခံနိုင်အားနဲ့ မကိုက်ဘူးဆိုရင် အိမ်ရှင်ကိုပြန်ပြောရတယ်။ သက်ဆိုင်ရာကိုလည်း အကြောင်းကြားရတယ်" ဟု ရန်ကုန်မြို့ခံ ဗိသုကာ ဦးစောထွေးဇော်က ပြောကြားသည်။

## ဖြတ်ကျော်ရသည့်အဆင့်နှင့် လုပ်ငန်းအဖွဲ့များလိုအပ်ချက်

အဆောက်အအုံတစ်ခုတည်ဆောက်မည်ဆိုပါက ပထမအဆင့်မြေခံနိုင်အားစမ်းသပ်ခြင်းမှရရှိလာသော အဖြေကိုမူတည်၍ ဒုတိယအဆင့် Foundation Design လုပ်ဆောင်ရကြောင်း၊ ယင်းနောက် တတိယအဆင့်တွင်မှ တည်ဆောက်ခြင်းအဆင့်ကိုရောက်ရှိခြင်းဖြစ်ကြောင်း၊ ယင်းအဆင့်တိုင်းတွင် ရရှိလာသောအဖြေခိုင်မာမှု၊ ယင်းအဖြေပေါ်မူတည်၍ တိကျလုံလောက်သောပစ္စည်းအသုံးပြုမှု စသည်တို့အားလုံးသည် အရေးကြီးသောအပိုင်းများဖြစ်ကြောင်း၊ ယင်းအစိတ်အပိုင်းများမှ တစ်စုံတစ်ခုလွဲချော်ခဲ့ပါက အမှန်တကယ်အန္တရာယ်ကြုံတွေ့ရမည့်သူများမှာ နေထိုင်သူ လူအများစုပင်ဖြစ်ကြောင်း ဆောက်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများထံမှ စုံစမ်းသိရှိရသည်။

စီးပွားရေးဖွံ့ဖြိုးသော နိုင်ငံများတွင် အဆောက်အအုံဆောက်လုပ်သူနှင့် ဆောက်လုပ်လိုသူများအကြား ညှိနှိုင်းပေးသောအတိုင်ပင်ခံပညာရှင်အဖွဲ့များရှိကြကြောင်း၊ ဆောက်လုပ်လိုသူ (အိမ်ရှင်) ဘက်မှနေ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို စစ်ဆေးပေးသောအဖွဲ့အစည်းများလိုအပ်ကြောင်း JICA (Japan International Cooperation Agency) ကဆောက်လုပ်သော အဆောက်အအုံများ၏ အရည်အသွေးကို စစ်ဆေးပေးရသူ ဘူမိဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

## ယုံကြည်မှုတည်ဆောက်ရေး

အထက်တွင်ဆိုခဲ့သော စည်းကမ်းချက်များအရ ဈေးကွက်အနေအထားပြောင်းလဲလာနိုင်ကြောင်း၊ နိုင်ငံတကာတွင် အရည်အသွေးသာအဓိကထားရွေးချယ်သောကြောင့် အရည်အသွေးလုံးဝလျှော့ချမရ၍ ဈေးနှုန်းများမြင့်မားကြောင်း၊ ယခုအခါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်းကျပ်သောစည်းကမ်းများ ချမှတ်လိုက်ခြင်းကြောင့် အဆောက်အအုံများ အရည်အသွေးကို မြှင့်တင်လာနိုင်ကြောင်း၊ ယင်းမြှင့်တင်လာသော အရည်အသွေးနောက်တွင် စီးပွား ရေးဆိုင်ရာ ဈေးကွက်သည်လည်း မြင့်မားလာနိုင်ပြီး ဝယ်ယူသူအများစုလက်လှမ်းမမီနိုင်ဖြစ်လာနိုင်ကြောင်း၊ ဆောက်လုပ်သူများအနေဖြင့်လည်း ဈေးကွက်ရနိုင်သည့်နေရာကိုသာ ဦးစားပေးတည်ဆောက်လာနိုင်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။



"အရည်အသွေးကို မြှင့်ရင်း ဝယ်ယူသူတွေရဲ့ ယုံကြည်မှုကို ရယူသင့်တယ်။ တကယ်အရည်အသွေးမီရင် သူတို့ကလည်း စိတ်ချလက်ချဝယ်မှာပဲ" ဟူသည့် မြယာပင်ကုမ္ပဏီ၏ ဒါရိုက်တာ ဦးသောင်းစိန်၏ သုံးသပ်ချက်က ခေတ်မီမြို့ပြလူမှုဘဝတည်ထောင်ရေးအတွက် မမေ့မလျော့ ထည့်သွင်းစဉ်းစားရမည့်အချက်ကို ထင်ရှားပေါ်လွင်နေစေသည်ဟု ဆိုနိုင်ပါသည်။

**ဇာဏီထွဏ်း**

www.foreverspace.com.mm

# မြန်မာ့လယ်ယာကဏ္ဍရေရှည်တည်တံ့ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ

နိုင်မင်းဝေ

**မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်း၏ အသက်မွေးဝမ်းကျောင်းအတွက် အထူးအရေးပါသောလုပ်ငန်းဖြစ်ပြီး နိုင်ငံအတွက် အရေးပါသော ထုတ်ကုန်တစ်ရပ်ဖြစ်ရာ ရေရှည်တည်တံ့အားကောင်းသောထုတ်လုပ်မှုဖြစ်ရန်အရေးကြီးကြောင်း စီးပွားရေးပညာရှင်များက ထောက်ပြပြောဆိုလာကြပါသည်။ ယင်းသို့ ရေရှည်တည်တံ့ရန်အတွက် မိရိုးဖလာအတိုင်း အရင်းအနှီးနည်းပါးစွာ လုပ်ကိုင်လျက်ရှိသော လယ်ယာလုပ်ငန်းလုပ်ကိုင်သူအများစုအတွက်လိုအပ်သောအရင်းအနှီးကို အတိုးနှုန်းနည်းပါးစွာဖြင့် အလုံအလောက်ရရှိရေးမှာ အရေးပါလာသည်။**

မြန်မာ့လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ချေးငွေရရှိမှုနည်းပါးသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုအခါ ဆန်စပါးထုတ်လုပ်ရောင်းဝယ်မှုများ အဓိကထားလုပ်ကိုင်သည့် ဆန်စပါးအထူးပြုကုမ္ပဏီများဖွဲ့စည်း၍ ချေးငွေစိုက်ထည့်ပေးရန် စီစဉ်လျက်ရှိသည်ကို တွေ့ရသည်။

ဒုတိယကမ္ဘာစစ်မတိုင်ခင် ၁၉၃၅–၁၉၄၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် စပါးတန်ချိန် ၇ ဒသမ ၅ သန်းထုတ်လုပ်ခဲ့ပြီး ပြည်ပသို့တင်ပို့ရောင်းချသော ဆန်တန်ချိန်မှာ သုံးသန်းခန့်ရှိသည်။ တစ်နည်းအားဖြင့် စပါးတန်ချိန် လေးသန်းခန့် နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းအထောက်အထားများအရ သိရသည်။



www.foreverspace.com.mm



လမ်းစဉ်ပါတီခေတ်တွင် စီမံကိန်းစီးပွားရေးစနစ်၏ မူဝါဒဆိုင်ရာအားနည်းချက်များကြောင့် ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံအဆင့်မှ လျော့ကျခဲ့ရသည်။

## တစ်သန်းခွဲတင်ပို့မည်

တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်တွင် ဆန်စပါးရောင်းဝယ်ဖောက်ကားမှုကို ပုဂ္ဂလိကဌာနသို့ သီးနှံခွန်ပေးဆောင်စေ၍ ခွင့်ပြုခဲ့ပြီးနောက် ဆန်စပါးရောင်းဝယ်မှုလုပ်ငန်းသည် တရားဝင်စီးပွားရေးလုပ်ငန်း ဖြစ်လာသည်။

၂၀၀၃ ခုနှစ်တွင် ဆန်စပါးရောင်းဝယ်ဖောက်ကားမှုကို ပုဂ္ဂလိကလက်သို့ လုံးဝဥဿုံလွှဲအပ်ပြီး အထူးသဖြင့် တောင်သူလယ်သမားထံမှ တစ်ဧကလျှင် ၁၂ တင်းနှုန်း ဈေးကွက်ပေါက်ဈေးအောက်နှင့် ဝယ်ယူသည့် ကိုတာစနစ် ရပ်ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။

ဆန်စပါး Supply Chain ဖြစ်သည့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲမှု၊ ဈေးကွက်သို့ဖြန့်ဖြူးမှု၊ ပြည်ပသို့တင်ပို့ရောင်းချမှု စသည့်အဆင့်လေးဆင့်တွင် မြန်မာဆန်စပါးဈေးကွက်၏ Supply Chain ၌ ပြည်ပသို့တင်ပို့ရောင်းချမှုပါဝင်ခြင်းမရှိသေးပေ။ ယခုနှစ် စပါးစိုက်ပျိုးမှုရာသီတွင် ပုဂ္ဂလိကပူးပေါင်းပါဝင်မှုဖြင့် ဆန်စပါးအထူးပြုကုမ္ပဏီများ ပြည်နယ်နှင့်တိုင်းအလိုက် ဖွဲ့စည်းတည်ထောင်၍ ပြည်ပတင်ပို့ရန် လုပ်ဆောင်လျက်ရှိသည်။

ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပသို့ ဆန်တင်ပို့ရောင်းနိုင်မှုအခြေအနေကို လေ့လာလျှင် ၁၉၈၈–၈၉ မှ ၂၀၀၃–၀၄ ခုနှစ်အထိ နှစ်စဉ်ဆန်တန်ချိန်တစ်သိန်းကျော်၊ နှစ်သိန်းခန့်သာ တင်ပို့နိုင်ခဲ့ပြီး ထူးခြားမှုအနေဖြင့် ၁၉၉၄–၉၅ ခုနှစ်တွင် ရှစ်သိန်းကျော်နှင့် ၂၀၀၁–၀၂ ခုနှစ်တွင် ထူးထူးခြားခြားတန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၀၉–၁၀ ခုနှစ်တွင် ဆန်တန်ချိန် ခုနစ်သိန်းကျော် တင်ပို့ထားနိုင်ပြီး တစ်သန်းခွဲအထိ တင်ပို့နိုင်မည်ဟု ဆန်စက်လုပ်ငန်းရှင်များအသင်းက သတင်းထုတ်ပြန်ထားသည်။


## အိန္ဒိယတောင်ပိုင်းသား ငွေချေးငှားသူများ

မြန်မာ့ဆန်စပါးကို ပြည်ပသို့ မှန်မှန်တင်ပို့ရောင်းချလာသောအခါ တောင်သူလယ်သမားများသည် ၎င်းတို့စိုက်ဧကကို အလုအယက်တိုးချဲ့လာ၍ မြေလွတ်မြေရိုင်းများကို အခြားသူများထက် ဦးစွာဝင်ရောက်ရှင်းလင်းရန်လိုအပ်လာသည်။ ထိုသို့ တောရိုင်းများကို ရှင်းလင်းစိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် ကျွဲ၊ နွားများ၊ လယ်လုပ်ကိရိယာများနှင့် ကောက်ရိတ်ချိန်အထိ လိုအပ်သော စားနပ်ရိက္ခာများဝယ်ယူရန်ငွေကြေးအရင်းအနှီးလိုအပ်လာရာ ယင်းလိုအပ်သောငွေကို ချေးယူရ၏။

၁၈၈၀ ခုနှစ်ဝန်းကျင်ခန့်တွင် အိန္ဒိယတောင်ပိုင်းသား ချစ်တီးများက တောင်သူလယ်သမားများကို ငွေထုတ်ချေးခဲ့ကြ၏။ ထိုစဉ်အခါက ချေးငွေအပေါ်ယူသည့်အတိုးနှုန်းမှာ တစ်လလျှင် ၅ ရာခိုင်နှုန်း၊ တစ်နှစ်လျှင် ၆၀ ရာခိုင်နှုန်းဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်ရာတွင် ပုံမှန်တွက်ချက်ခန့်မှန်းမျှော်လင့်ထား၍မရသော အခက်အခဲများကိုလည်း ရင်ဆိုင်ကြရလေ့ရှိရာ လူကိုယ်တိုင်ဖြစ်စေ၊ ကျွဲ၊ နွားဖြစ်စေ ရောဂါရှိ၍ အချိန်မီစိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိလျှင်လည်းကောင်း၊ ရာသီဥတုမမှန်၍ဖြစ်စေ၊ ပိုးမွှားကြောင့်ဖြစ်စေ၊ သီးနှံအထွက်လျော့နည်း၍လည်းကောင်း၊ စပါးဈေးကျဆင်းလျှင်သော်လည်းကောင်း၊ ချေးယူထားသောအကြွေးများကို ပြန်မဆပ်နိုင်လျှင် လယ်မြေကို မြီရှင်ချစ်တီးများလက်သို့ပေးအပ်ရတော့သည်။

လယ်ယာလုပ်ငန်းဖွံ့ဖြိုးမှု၏ အဓိကအခြင်းအရာတစ်ရပ်မှာ ရောင်းကုန်ထုတ်လုပ်ရေးပင်ဖြစ်ရာ တောင်သူလယ်သမားများသည် မိမိတို့စားသုံးရန် ဝမ်းစာဖူလုံရုံစိုက်ပျိုးလုပ်ကိုင်ကြခြင်းမဟုတ်ဘဲ ရရှိသောသီးနှံကိုရောင်းချရန်ရည်ရွယ်၍ စိုက်ပျိုးကြရန်လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏လယ်ယာလုပ်ငန်းတွင် အိမ်တွင်းစားသုံးမှု လယ်ယာလုပ်ငန်း၊ ဝမ်းစာစိုက်ပျိုးမှု (Subsistence Farming) အဆင့်မှ ရောင်းဝယ်ရေးလယ်ယာသို့ ၁၈၆၀ ခုနှစ်မှ ၁၈၇၈ ခုနှစ်ကြားတွင် စတင်ပြောင်းလဲလာခဲ့ပြီး ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့်နိုင်ငံအဆင့်သို့ရောက်ခဲ့ခြင်းတွင် ချစ်တီးများ၏ ငွေထုတ်ချေးမှု တစ်နည်းအားဖြင့် အရင်းအနှီးစိုက်ထည့်မှုက အထူးအရေးပါခဲ့သည်ကို တွေ့ရှိရသည်။



www.foreverspace.com.mm

မြန်မာ့လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှု သုတေသီတစ်ဦးက "ချစ်တီးတွေဟာ လယ်သိမ်း၊ နွားသိမ်း၊ သမီးသိမ်းလုပ်လို့ လူထုမကျေမနပ်ဖြစ်တာ။ လယ်ယာကဏ္ဍအနေနဲ့ ငွေကြေးအရင်းစိုက်ထည့်ပေးတဲ့ သဘောပဲ" ဟု ဆိုသည်။

ချစ်တီးများငွေချေးပေးသည့် ပုံစံမှာ တစ်နာရီ၊ နှစ်နာရီကြာသွားလာရသော အကွာအဝေးရှိ ကျေးရွာများကိုသာ ငွေထုတ်ချေးခြင်းဖြစ်၍ လက်လှမ်းမီပြီး အဆုံးအရှုံးနည်းပါးကာ ကောင်းစွာထိရောက်တွင်ကျယ်စေနိုင်သည်ဟု ၎င်းကသုံးသပ်ပြောကြားသည်။

## စပါးပေးနှင့် ငွေချေး

မြန်မာနိုင်ငံ၏ လယ်သမားအများစု အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်မှာ အရင်းအနှီးနည်းပါးပြီး ချေးငွေရှားပါးခြင်းပင် ဖြစ်သည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တစ်ဧကလျှင် ကျပ်ရှစ်ထောင်နှုန်းထုတ်ချေးပေးခြင်းသာရှိပြီး နှစ်စဉ်စပါးစိုက်ပျိုးသည့်ရာသီ၌ မိသားစု လူမှုဘဝအတွက် လိုအပ်သောငွေကို စပါးပေါ်ချိန် စပါးဖြင့်ပြန်ဆပ်သည့် စပါးပေးစနစ်ဖြင့် ချေးယူကြသည်။

တစ်လလျှင် အတိုးနှုန်း ၁၀–၁၅ ရာခိုင်နှုန်းတိုးဖြင့် ချေးယူကြခြင်းများလည်းရှိပြီး ရွှေပေါင်ရှိပါက အတိုးငါးရာခိုင်နှုန်းဖြင့် ချေးယူရရှိနိုင်သည်။

မြန်မာတောင်သူလယ်သမားများသည် ရိုးသားပြီး ဗုဒ္ဓဘာသာဝင်များပီပီ သံသရာကြွေးတင်မည်ကို စိုးရိမ်ပြီး ချေးငွေများကိုတတ်နိုင်သမျှ ကြိုးစားဆပ်လေ့ရှိသဖြင့် စပါးဖြင့်ပြန်ဆပ်ရန် ငွေချေးသော စပါးပေးလုပ်ငန်းသည် အရှုံးနည်းသော လုပ်ငန်းဖြစ်သောကြောင့် ဝင်ရောက်လုပ်ကိုင်သူ များပြားသည့်လုပ်ငန်းဖြစ်သည်ဟု မော်လမြိုင်ကျွန်းမြို့ပေါ်မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## တလင်းဈေးနိမ့်

ချေးငွေရရှိမှုနည်းပါးသဖြင့် ရိတ်သိမ်းပြီး ဈေးကွက်သို့ စပါးအလျှံပယ်ရောက်ရှိချိန်၌ တောင်သူများသည် အကြွေးများဆပ်ရန် အပြေးအလွှားစပါးရောင်းကြရသည်။ ယင်းအကျိုးဆက်အနေဖြင့် ကောက်သစ်ပေါ်ချိန် တလင်းဈေးသည် ထုတ်လုပ်မှုစရိတ်အောက်ရောက်သည်အထိ နိမ့်ကျသွားခြင်းပင် ဖြစ်သည်။ အချို့ဒေသမှ လယ်သမားများသည် တလင်းသိမ်းပြီးလျှင်ပြီးချင်း စပါးအားလုံးရောင်းချလိုက်ရသဖြင့် နောက်နှစ်စပါးစိုက်ပျိုးရာသီချိန်တွင် ဝမ်းစာအခက်အခဲနှင့်ကြုံတွေ့ရမှုများပင် ရှိသည်။

လွန်ခဲ့သည့်သုံးနှစ်လောက်မှစ၍ စပါးစတင်စိုက်ပျိုးချိန် လယ်လုပ်ငန်းစတင်



www.foreverspace.com.mm



ချိန် နယုန်လ၊ ဝါဆိုလများတွင် စပါးဈေးကောင်းမွန်ပြီး ထွန်တုံးပိတ်ချိန် ဝါခေါင်လရောက်လျှင် စပါးဈေးများ တဖြည်းဖြည်း တအိအိပြန်ကျလာကြောင်း၊ တောင်သူများသည် စိုက်ပျိုးချိန်၌ စပါးဈေးမက်လုံးကြောင့် စပါးအထွက်များစေရန် ငွေချေး၍ ရင်းနှီးမြှုပ်နှံကြကြောင်း၊ ထွန်တုံးပိတ်ချိန်မှစတင်၍ တအိအိကျဆင်းခဲ့သော စပါးဈေးနှုန်းသည် ကောက်သစ်ပေါ်ချိန်တွင် ထုတ်လုပ်မှုစရိတ်အောက်ရောက်သည်အထိ ကျဆင်းသွားကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချချိန်၊ ဆန်ဈေးများကောင်းလာချိန်တွင် ကြွေးဆပ်ရန် စပါးရောင်းချခဲ့သဖြင့် တောင်သူများလက်ထဲတွင် ရောင်းရန်စပါးမရှိတော့ကြောင်း၊ သို့ဖြစ်ရာ ပြည်ပတင်ပို့သည့်ဈေးနှုန်းသည်လည်း တောင်သူများနှင့် မသက်ဆိုင်သကဲ့သို့ရှိနေကြောင်း မြောင်းမြမြို့မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ဆန်စပါးအထူးပြုသော ကုမ္ပဏီများ၏ချေးငွေ

ယခုနှစ် မုတ်သုံစပါးစိုက်ပျိုးသည့်ရာသီတွင် ဆန်စပါးအထူးပြုပုဂ္ဂလိကကုမ္ပဏီကြီးများဖွဲ့စည်း၍ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းအတွင်းမှ တောင်သူလယ်သမားများကို တစ်ဧကလျှင် ကျပ်ခုနစ်သောင်းမှ ခြောက်သောင်းအထိ အတိုးနှုန်း နှစ်ရာခိုင်နှုန်းဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးပေးလျက်ရှိသည်။ ပြည်ပသို့ ဆန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း အဆိုပါဆန်စပါးအထူးပြုကုမ္ပဏီများကပင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါ ဆန်စပါးအထူးပြုကုမ္ပဏီများတွင် မြန်မာနိုင်ငံ၏ ထိပ်တန်းစီးပွားရေးကုမ္ပဏီကြီးများဖြစ်သော ထူးထရေးဒင်း၊ ဒဂုံအင်တာနေရှင်နယ်၊ Max၊ ဇေကမ္ဘာ၊ ဧဒင်၊ ရွှေနဂါးမင်း၊ ယုဇန စသည့် စီးပွားရေးကုမ္ပဏီများနှင့် ဒေသခံတောင်သူလယ်သမားများ ပူးပေါင်းပါဝင်ဖွဲ့စည်းထားပြီး ပြည်ပသို့ ဆန်တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ထားသည်ဟု ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“မော်လမြိုင်ကျွန်းမှာ လယ်ဧကနှစ်သိန်းကျော်ရှိတယ်။ ငါးသောင်းတော့ တစ်ဧက နှစ်သောင်းနဲ့ထုတ်ချေးပေးထားတယ်” ဟု အဆိုပါ ဆန်စက်လုပ်ငန်းရှင်ကဆိုသည်။

## ဈေးကောင်းရန်လို

ယခုနှစ်တွင် ချေးငွေပိုမိုရှားပါးသည်ဟု လယ်သမားများက ပြောကြားသည်။ ချေးငွေရှားပါးရသည့် အကြောင်းရင်းမှာ နာဂစ်မုန်တိုင်းသင့်ဒေသတွင် ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရခြင်း၊ ပြည်ပသို့ပဲတင်ပို့ရောင်းချသူ လူတစ်စု ပဲမျိုးစုံကို ပေါက်ဈေးထက် ဈေးအမြင့်ပေး၍ အဝယ်တော်များထံမှ အကြွေးဖြင့်ဝယ်ခဲ့ကြပြီး ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်သောအခါ ဝယ်လက်များကို ငွေမချေနိုင်သဖြင့် ပဲအဝယ်တော် ၆၀၀ ခန့် ပြင်းပြင်းထန်ထန်နစ်နာခဲ့ရရာ ၎င်းတို့ထဲတွင် စပါးရောင်းဝယ်သူများ ပါဝင်နေခြင်းတို့ကြောင့် ချေးငွေရှားပါးရခြင်းဖြစ်သည်ဟု ၎င်းတို့ထံမှ စုံစမ်းသိရှိရသည်။

မြန်မာ့လယ်ယာစိုက်ပျိုးမှုဘဏ်က တစ်ဧကလျှင် ၈,၀၀၀ ကျပ်နှုန်းဖြင့် တောင်သူလယ်သမားများကို ငွေထုတ်ချေးသည်။ ယင်းပမာဏသည် ထုတ်လုပ်မှုစရိတ်၏အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ အမှန်တကယ်စိုက်ပျိုးစရိတ်မှာ တစ်လလျှင် နွေစပါး ၁၈၀,၀၀၀ ကျပ်နှင့် မိုးစပါး ၁၃၀,၀၀၀ ကျပ်ခန့် ကုန်ကျသည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်၏ အတိုးနှုန်းသည် ၁ ဒသမ ၅ ရာခိုင်နှုန်းယူသည်။ အကယ်၍ ချေးငွေပမာဏ ၈၀,၀၀၀ ကျပ်အထိ ဆယ်ဆတိုး၍ ထုတ်ချေးမည်ဆိုလျှင် ဆန်စပါးထုတ်လုပ်မှုစနစ်ကြီးထဲသို့ ချက်ချင်းဆိုသလို သွင်းအားစုဝယ်နိုင်အားဖြစ်စေကာ ထုတ်လုပ်မှုပမာဏကို တွန်းအားပေးနိုင်လာမည်ဖြစ်သည်။ ချေးငွေပမာဏတိုးရာတွင် အတိုးနှုန်းလည်း တိုးရန်လိုအပ်ပေမည်။ တစ်လလျှင် အတိုးနှုန်း ၁၀၊ ၁၅ ရာခိုင်နှုန်းဖြင့် ပြင်ပမှာ ငွေချေးနေရသည့် လယ်သမားများသည် ၅ ရာခိုင်နှုန်းဖြင့် လိုအပ်သလောက်ချေးနိုင်မည်ကို စိတ်ဝင်စားကြသည်။

မြန်မာလယ်သမားများအတွက် ယခင်နှစ်များအတိုင်း စပါးဈေးကောင်းခဲ့လျှင် ၂၅,၀၀၀ ကျပ်တန် မြေဩဇာတစ်အိတ်ထည့်ခြင်းဖြင့် စပါး ၁၅ တင်းမှ တင်း ၂၀ ပိုထွက်ရှိပြီး ကျပ် ၄၀,၀၀၀၊ ၆၀,၀၀၀ ပိုမိုရရှိကာ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ပါမည်။ မြန်မာ ၂၅ မှတ် ဆန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၈၀ ရရှိနိုင်ပါသည်။ ယင်းဈေးသည် တစ်တင်း ကျပ် ၃,၄၀၀ နှင့် ညီမျှပြီး တစ်တင်း ကျပ် ၃,၀၀၀



www.foreverspace.com.mm

## လယ်ယာစိုက်ပျိုးရေးချေးငွေစနစ်၏ အဓိကလက္ခဏာများ

| |
|---|
| ငွေချေးသူများသည် ဈေးကွက်ပုံစံအတိုးနှုန်းပေးသည်။ (လယ်သမားဆိုလျှင် တစ်လ ၅ ရာခိုင်နှုန်း) |
| ကျယ်ပြန့်မှု – လယ်သမားအများစုရရှိနိုင်ရမည်။ |
| အဖွဲ့ယန္တရားစွမ်းနိုင်ရည် – လယ်သမားများနှင့် နီးစပ်ရမည်။ ငွေချေးရန်လုပ်ထုံးလုပ်နည်း လွယ်ကူရမည်။ |
| ငွေချေးသွားမည့်ကာလမှာ နှစ်နှင့်ချီမည်။ (ငွေပြန်ဆပ်ရန်ဆွဲဆောင်မှု) |
| ကုန်သည်နှင့် ကြိတ်ခွဲသူတို့ကိုလည်း ငွေချေးရမည်။ |

ရလျှင်ပင် လယ်သမားများ ချေးငွေကောင်းစွာပြန်ဆပ်နိုင်မည်ဖြစ်သည်။

### သီးနှံအပေါင်စနစ်

လယ်သမားများသည် သီးနှံလှိုင်လှိုင်ပေါ်ချိန် ဈေးနှုန်းအလွန်အမင်းနိမ့်ချိန်တွင် ချေးငွေပြန်ဆပ်ရန်အတွက်ရည်ရွယ်၍ စပါးကို အပြေးအလွှားမရောင်းရစေရန်အတွက် ချေးငွေပြန်ဆပ်ရမည့်ကာလကို တိုးမြှင့်ပေးရန် လိုအပ်သကဲ့သို့ ကုန်သည်များအနေဖြင့်လည်း ချေးထားသောငွေများ မဆုံးရှုံးရန် အရေးကြီးသည်။

ကမ္ဘာ့ဆန်တင်ပို့နိုင်ငံများတွင် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သော အိမ်နီးချင်းထိုင်းနိုင်ငံတွင် ကုန်သည်များစုပေါင်း၍ လယ်သမားလိုငွေကို ထုတ်ချေးပေးသည်။ စပါးပေါ်ချိန်တွင် စပါးတွင်ပါဝင်သည့် စိုထိုင်းဆ၊ ဖုန်၊ သဲ၊ စပါးအမျိုးအစားများစိစစ်၍ ဂိုဒေါင်ကြီးများတွင် အခမဲ့သိုလှောင်ပေးသည်၊ လယ်သမားများအတွက် ကြိုက်ဈေးရ၍ ရောင်းလိုချိန်တွင် ရောင်းချစေပြီး ချေးငွေနှင့် အတိုးနှုန်းများ နုတ်ယူထားလိုက်သည်၊ ဤနည်းဖြင့် ကုန်သည်များအတွက် စပါးအရည်အသွေးစိတ်ချရပြီး မိမိဂိုဒေါင်ထဲ စပါးရောက်နေသဖြင့် ဆုံးရှုံးမည်ကို မပူပင်ရသကဲ့သို့ တောင်သူများလည်းကြိုက်ဈေးရမှ စပါးရောင်းချရသဖြင့် မနစ်နာတော့ပေ။ ဤကဲ့သို့သောစနစ်ကို Inventary Credit စနစ်ဖြစ်သည်ဟု မြန်မာဆန်စပါးသုတေသီဒေါက်တာမျိုးအောင်ကျော်က ဆိုသည်။

မြန်မာလယ်သမားများသည် စိုက်ပျိုးလိုသောဆန္ဒပြင်းထန်သူများဖြစ်ပြီး နာဂစ်မုန်တိုင်း၊ အယ်နီညိုကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများကြုံတွေ့ရသော်လည်း ချေးငွေအပါအဝင် အရင်းအနှီးထောက်ပံ့ငွေသာရှိပါက ယခုနှစ်မကောင်းလျှင် နောင်နှစ်ကောင်းရမည်ဟူသောစိတ်ဖြင့် စိုက်ပျိုးကြမည့်သူများဖြစ်သည်။

အတိတ်ကာလက ထိပ်တန်းဆန်စပါးထုတ်လုပ်သည့်နိုင်ငံဖြစ်ခဲ့သော မြန်မာ့ဆန်စပါးစီးပွားရေး၏ ကြီးမားသည့်ထုတ်လုပ်နိုင်စွမ်းသည် မေးခွန်းထုတ်စရာမရှိသည့်ကိစ္စလည်းဖြစ်သည်။ အငြင်းပွားစရာမလိုသည့်ကိစ္စလည်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လက်ရှိကာလတွင် ဆန်တန်ချိန် ခုနစ်သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ကောက်သစ်ပေါ်ချိန်ရောက်လျှင် တန်ချိန်တစ်သန်းခွဲအထိ တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အချို့သောနည်းလမ်းများသည် အကောင်အထည်ဖော်ရန် အချိန်ယူရန်လိုကောင်းလိုအပ်မည်ဖြစ်သော်လည်း မြန်မာ့လယ်ယာကဏ္ဍတွင် ၁၀ စုနှစ်များစွာ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းကိုသုံးသပ်ပြီး ရေရှည်ကိုပြန်ပြောင်း၍ ပြုပြင်ရန် မခက်ခဲလှဟု ပညာရှင်များက သုံးသပ်ပြောကြားကြသည်။

**နိုင်မင်းဝေ**



**ကိုးကား**– မြန်မာ့စီးပွားရေးအခြေပြု (ပညာရေးဝန်ကြီးဌာန၊ ကျောင်းသုံးစာအုပ်ကော်မတီ) – ၂၀၀၉ ဇန်နဝါရီ ဟားဗတ်တက္ကသိုလ်ကနေဒီကျောင်း၏ အာရှအစီအစဉ် 'မြန်မာ့လယ်ယာစိုက်ပျိုးစီးပွားရေးကို လေ့လာဆန်းစစ်ခြင်း'

www.foreverspace.com.mm

# ရှင်သန်ချင်သည့် နှလုံးသားများ

ကျော်ဇေယျာထွန်း

မြန်မာနိုင်ငံ၏ လူဦးရေ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်နေရာ အရေအတွက်အားဖြင့် စုစုပေါင်းဦးရေ ၁၃ သိန်းခန့်မှာ မသန်စွမ်းမှုဆိုင်ရာ တစ်မျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်ဟု ကောက်ယူရမည်ဖြစ်သည်။လူ့အဖွဲ့အစည်းများအနေဖြင့် ယင်းအချိုးအဆတစ်ရပ်ကို လျစ်လျူရှုလက်ကမ်းမကြိုဆိုဘဲ မေ့လျော့နေပါက နိုင်ငံ၏ လူစွမ်းအားအရင်းအမြစ်အချို့ လျော့နည်းနိုင်ပေရာ ၎င်းတို့အတွက် တံခါးဖွင့်ပေးရမည်မှာ လူသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ လတ်တလော မသန်စွမ်းသူများအနေဖြင့် အလုပ်နေရာခန့်ထားခံရမှုအခွင့်အလမ်းနည်းပါးသော်လည်း မဆုတ်မနစ်ကြိုးပမ်းပြီး အတတ်ပညာအရည်အချင်းမြှင့်တင်ထားသူများအနေဖြင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ကျယ်ပြန့်လာနိုင်သည်ကိုလည်း အောက်ပါအကြောင်းအရာများက သက်သေညွှန်းဆိုနေသည်။



www.foreverspace.com.mm



“အိမ်က ကျွန်တော့်ကို စိတ်မချဘူး။ အလုပ်မလုပ်စေချင်ဘူး။ နင့်တစ်ယောက်အတွက်တော့ ငါတို့ရှာကျွေးနိုင်ပါတယ်လို့ မိသားစုက ဝိုင်းပြောကြတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း ကိုယ့်အားကိုယ်ကိုးချင်တာ”။ ဤသည်မှာ ‘ရှေ့သို့’ ဟု အမည်ပေးထားသော အလုပ်ပြင်ဆိုင်ကို ဖွင့်လှစ်ထားသူ ကိုသန့်ဇော်ဦးက သူ၏ခံယူချက်ကို ပြောပြခြင်းဖြစ်သည်။ သူ၏အသက်မှာ ၂၆ နှစ်၊ အရပ်ပုပု၊ ဝဝ၊ အသားညိုညို၊ ဆံပင်တိုတို ဖြစ်သည်။ ခန္ဓာကိုယ်ဝသော်လည်း အောက်ပိုင်းခြေထောက်များမှာ ခန္ဓာကိုယ်နှင့် မလိုက်အောင်သေးသွယ်၍ နေသည်။ သူ၏ခြေထောက်များက ခန္ဓာကိုယ်တစ်ခုလုံးကို သယ်ဆောင်နိုင်စွမ်းမရှိဘဲ ရပ်သေးရပ်ခြေထောက်များကဲ့သို့ ခန္ဓာကိုယ်မှ တွဲလောင်းကျ၍နေသည်။ ကိုသန့်ဇော်ဦးသည် ၂ နှစ်သားအရွယ်က ဖြစ်ခဲ့သော ပိုလီယိုရောဂါကြောင့် ခန္ဓာကိုယ်အောက်ပိုင်းမသန်စွမ်း ဖြစ်ခဲ့ရသည်။

ကိုသန့်ဇော်ဦးသည် အလုပ်ပြင်ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးဖြစ်သလို မသန်စွမ်းသူများဘဝမြှင့်တင်ပေးရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူတစ်ဦးလည်း ဖြစ်သည်။ သူ၏ ယခုလက်ရှိဘဝသည် အခြေကျလျက် ရှေ့ဆက်တိုးတက်ရန်သာလိုတော့သည်ဟု မြင်တွေ့နေရသော်လည်း လွန်ခဲ့သည့်ငါးနှစ်ကျော်ခန့်က ယင်းကဲ့သို့ မဟုတ်။

ကိုသန့်ဇော်ဦးသည် မကွေးတိုင်းအတွင်း မကွေးနှင့် နတ်မောက်ကားလမ်းဘေးရှိ ကြာကန်ကျေးရွာဇာတိ ဖြစ်သည်။ ငယ်စဉ်က ပိုလီယိုရောဂါဖြစ်ခြင်းကြောင့် လမ်းမလျှောက်နိုင်သော်လည်း သန်စွမ်းသူများကဲ့သို့ပင် ကျောင်းတက်ကာ ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးသောအခါ ရန်ကုန်မြို့ရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် အီလက်ထရွန်နစ်သင်တန်းနှင့် ဆံပင်ညှပ်သင်တန်းများကို တက်ရောက်ခဲ့သည်။ သင်တန်းပြီးဆုံးသောအခါ ရန်ကုန်မြို့တွင်း မိမိနှင့်သင့်လျော်သည့်အလုပ်အကိုင်ကို တစ်နေရာဝင် တစ်နေရာထွက် လိုက်၍အလုပ်လျှောက်ထားခဲ့သည်။ ဤကဲ့သို့ သုံးလခန့်ကြာသည်အထိ အလုပ်လိုက်လံလျှောက်ထားသော်လည်း မည်သည့်လုပ်ငန်းရှင်ကမျှ သူ့ကို အလုပ်မခန့်။

“အလုပ်ကြော်ငြာစာကပ်ထားတာတွေ့ရင် ကျွန်တော် အလုပ်သွားလျှောက်တယ်။ သူတို့က ကျွန်တော့်ကိုတွေ့တာနဲ့ လူပြည့်သွားလို့ အလုပ်ခန့်ဖို့နေရာမရှိတော့ဘူး။ အဲဒီလိုပဲ ပြောပြောလွှတ်တယ်” ဟု ကိုသန့်ဇော်ဦးက သူအလုပ်လျှောက်ခဲ့စဉ်ကကြုံတွေ့ခဲ့ရပုံကို ပြောပြသည်။

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မသန်စွမ်းနှင့်ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာခဲ့သည်။ အလားတူ မသန်စွမ်းမှုဆိုင်ရာအဖွဲ့အစည်းများလည်း ဖွဲ့စည်းလာကြရာ မသန်စွမ်းမှုများအတွက် ကောင်းမွန်သောလက္ခဏာများပင်ဖြစ်သည်။ ထို့ပြင် ယခင်က ရန်ကုန်တိုင်းအတွင်း၌သာ မသန်စွမ်းအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာမှ နာဂစ်မုန်တိုင်းနောက်ပိုင်းတွင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဧရာဝတီတိုင်းဒေသများအတွင်း၌လည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထိုသို့ ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်လာနိုင်သည့်အတွက် မသန်စွမ်းမှုဆိုင်ရာများကို ရှုမြင်ပုံပြောင်းလဲစေခြင်း၊ မသန်စွမ်းသူများကို ဆေးဝါးကုသပေးနိုင်ခြင်း၊ အထောက်အကူပြုဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ခြင်း စသည်တို့ကို အထိုက်အလျောက် ပြုလုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။



“မသန်စွမ်းမှုနဲ့ပတ်သက်ပြီး လှုပ်ရှားမှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်လာနိုင်တာကတော့အမှန်ပဲ။ ဒါပေမဲ့ အလုပ်အကိုင်ရရှိရေးအတွက်ကတော့ ထူးထူးခြားခြားပြောင်းလဲလာတာမရှိသေးပါဘူး” ဟု ဇင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထာအုပ်က ပြောကြားသည်။

အမှန်အားဖြင့် မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးကာ အမှီအခိုကင်းစွာဖြင့် ရေရှည်ရပ်တည်သွားနိုင်ရေးအတွက်

www.foreverspace.com.mm

အလုပ်အကိုင်ရရှိပြီး ပုံမှန်ဝင်ငွေရှိနေရန် အရေးကြီးလှသည်။ သို့မှသာ မသန်စွမ်းသူသည် မိသားစုအတွင်းလူပိုတစ်ယောက်ကဲ့သို့ဖြစ်မနေဘဲ သန်စွမ်းသူတစ်ယောက်ကဲ့သို့ပင် အားကိုး၍ရနိုင်မည်ဖြစ်သည်။ ထို့ပြင်လူ့အဖွဲ့အစည်းအတွင်း၌လည်း ဆုံးရှုံးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြန်လည်ရရှိလာမည်ဖြစ်သည်။

"မသန်စွမ်းသူတွေအလုပ်အကိုင်ရဖို့အတွက်က ပထမဆုံး လူ့အဖွဲ့အစည်းရဲ့ အမြင်တွေကိုပြောင်းဖို့လိုတယ်။ မသန်စွမ်းသူဆိုရင် လူအများစုက နိမ့်ကျတယ်လို့မြင်တယ်။ Lucky မကောင်းဘူး၊ သူ့အတွက် ပိုပြီးတောင် အလုပ်ရှုပ်သေးတယ်ဆိုတာမျိုးတွေးကြတယ်။ နောက်ပြီး မသန်စွမ်းသူကိုတောင် ခိုင်းစားကြတယ်ဆိုတဲ့အမြင်တွေလည်း ရှိသေးတယ်။ ဒါတွေကို အရင်ရှင်းအောင် လုပ်ရမယ်" ဟု မသန်စွမ်းသူများအတွက် အကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည့် AAR (Association for Aid and Relief) Japan မှ စီမံချက်မန်နေဂျာ ဦးနေလင်းစိုးက ပြောကြားသည်။

မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးမှာ လူ့အဖွဲ့အစည်းက မသန်စွမ်းသူများအပေါ် ရှုမြင်ပုံလွဲမှားနေခြင်းက အဟန့်အတားတစ်ခုသဖွယ် ဖြစ်၍နေသည်။ လူအများစုက မသန်စွမ်းတစ်ဦးကိုမြင်လျှင် သနားစိတ်ဖြစ်မိကြသလို အထင်သေးအမြင်သေးသည့်စိတ်ဖြင့်လည်း ရှုမြင်တတ်ကြလေ့ရှိတတ်သည်။ ထို့ပြင် အသွင်သဏ္ဌာန်ကိုကြည့်၍ အမြင်မတင့်တယ်ခြင်းကြောင့်လည်း အလုပ်ခန့်ရန် စိုးရွံ့တတ်ကြသည်။

"အလုပ်ရှင်လိုချင်တဲ့ အရည်အချင်းရှိဖို့တော့ မသန်စွမ်းသူမှာ လိုအပ်တယ်။ အလုပ်ရှင်က သူလိုချင်တဲ့အရည်အချင်း မသန်စွမ်းသူမှာရှိရဲ့သားနဲ့ အလုပ်မခန့်ဘူးဆိုရင်တော့ တတ်နိုင်သမျှ ကျွန်တော်တို့က အလုပ်ရှင်ကို ဆွေးနွေးပေးမယ်။ နောက်ပြီး မသန်စွမ်းတွေရဲ့ အားသာချက်ကိုလည်း ရှင်းပြမယ်။ ဥပမာ–သန်စွမ်းသူက အလုပ်မှာ ဖင်မငြိမ်ဘူး။ အပြင်သွားမယ်။ လက်ဖက်ရည်ဆိုင်ထိုင်မယ်။ မသန်စွမ်းသူကျတော့ ဟိုသွားဒီသွားသိပ်မလုပ်ဘူး။ နောက်ပြီး သစ္စာရှိတယ်။ အလုပ်ကိုလည်း ခဏခဏပြောင်းမှာမဟုတ်ဘူး။ ဒီလိုအားသာချက်တွေရှိတယ်" ဟု မသန်စွမ်းမှုဆိုင်ရာဆောင်ရွက်သော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရွှေမင်းသားဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌဦးမြတ်သူဝင်းက ပြောကြားသည်။

မသန်စွမ်းသူများအနေဖြင့် လျှပ်စစ်ပစ္စည်းများပြင်ဆင်ခြင်း၊ စက်ချုပ်ခြင်း၊ ကွန်ပျူတာအသုံးပြုခြင်း၊ ဆံပင်ညှပ်အလှပြင်ခြင်း၊ အကြောနှိပ်ခြင်း၊ အခြားလက်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ တစ်နိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်း စသည့် အလုပ်များကိုသာ အများစုလုပ်ကိုင်လျက်ရှိကြသည်။ လက်ရှိ၌ ထိုသို့လုပ်ကိုင်ကြသူများတွင် တစ်ပါးသူ၏အလုပ်၌ လုပ်ကိုင်ခြင်းထက်



www.foreverspace.com.mm



မိမိကိုယ်ပိုင်ဆိုင်ဖွင့်၍ လုပ်ကိုင်နေသူက အများစုဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း လုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်း၌ မသန်စွမ်းသူကို အလုပ်ခန့်အပ်ရန် ခက်ခဲနေခြင်းနှင့် သန်စွမ်းသူများပင်လျှင် အလုပ်ရရန်ခက်ခဲနေသည့်အခြေအနေများကြောင့်ဖြစ်သည်။

"လက်ရှိအခြေအနေအရတော့ မသန်စွမ်းသူတွေအတွက် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်ပြီး ကိုယ်ပိုင်လုပ်တာပဲပိုကောင်းလိမ့်မယ်။ ကျွန်တော်တို့အသင်းအနေနဲ့လည်း နောက်ပိုင်း မသန်စွမ်းသူတွေအလုပ်ရဖို့အတွက် ဖယောင်းလုပ်ငန်းလို၊ ရေသန့်လုပ်ငန်းလိုမျိုးတည်ထောင်ပြီး မသန်စွမ်းတွေကိုပဲ အလုပ်ခန့်သွားဖို့ စီစဉ်ထားတယ်" ဟု မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ အတွင်းရေးမှူး ဦးအေးကိုကိုက ပြောကြားသည်။

မသန်စွမ်းသူများကိုယ်တိုင်တည်ထောင်ထားသည့်လုပ်ငန်းများတွင် မသန်စွမ်းသူများကို ခန့်အပ်ထားခြင်းမှာလည်း မသန်စွမ်းအလုပ်အကိုင်ရရှိရေးအတွက် အခွင့်အလမ်းကောင်းတစ်ခုလည်းဖြစ်သည်။ မသန်စွမ်းသူများအနေဖြင့် မိမိလုပ်ငန်းတွင် မသန်စွမ်းသူများကို အလုပ်ခန့်အပ်ထားခြင်းက ဘဝတူများကို ကူညီရာလည်း ရောက်ပေသည်။

"ကျွန်တော်တို့လုပ်ငန်းမှာဆိုရင် မသန်စွမ်းသူ ၁၀ ရာခိုင်နှုန်းလောက် အလုပ်ခန့်ထားတယ်" ဟု ဧဒင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထာအုပ်က ပြောကြားသည်။

မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေရန် ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ကိုင်ခြင်း၊ မသန်စွမ်းသူတည်ထောင်သည့်လုပ်ငန်းတွင် ဘဝတူမသန်စွမ်းသူများကို အလုပ်ခန့်အပ်ခြင်း စသည့် နည်းလမ်းများရှိသလို အစိုးရက မသန်စွမ်းမှုဆိုင်ရာဥပဒေများပြဋ္ဌာန်းပေးခြင်းဖြင့်လည်း မသန်စွမ်းသူအလုပ်အကိုင်ရရှိရေးအတွက် အခွင့်အလမ်းများပေါ်ပေါက်လာစေနိုင်သည်။ အစိုးရက မသန်စွမ်းသူများ




အတွက် ဥပဒေချမှတ်ပေးလိုက်ခြင်းကလည်း အခြားသောနည်းလမ်းများထက် ထိရောက်သောနည်းလမ်း ဖြစ်သည်။

"အစိုးရက ဥပဒေပြဋ္ဌာန်းပေးရင်တော့ မလိုက်နာမနေရဖြစ်တော့ ပိုပြီးထိရောက်တာပေါ့။ ဥပမာ–မသန်စွမ်းသူကို အလုပ်ခန့်ရင် ကုမ္ပဏီကို အခွန်ကင်းလွတ်ခွင့်ပေးမယ်။ နောက်ပြီး လိုအပ်တဲ့ပံ့ပိုးကူညီမှုရှိရင် အစိုးရက (အခမဲ့) ကူညီပေးတာမျိုး လုပ်လို့ရတယ်။ ထိုင်းနိုင်ငံမှာဆိုရင် အလုပ်သမား ၅၀ မှာ မသန်စွမ်းတစ်



ယောက်ခန့်ရတဲ့ဥပဒေမျိုး ရှိတယ်" ဟု ဦးထာအုပ်က ဆိုသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းနှင့်ပတ်သက်သည့်ဥပဒေများ ထွက်ပေါ်လာရန်အတွက် အစိုးရအပါအဝင် ပြည်တွင်းပြည်ပ မသန်စွမ်းအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိရာ မကြာခင် မသန်စွမ်းမှုဆိုင်ရာ ဥပဒေများထွက်ပေါ်လာရန် အလားအလာများရှိကြောင်းကိုလည်း ပြည်တွင်းမသန်စွမ်းအဖွဲ့အစည်းများထံမှ သိရှိရသည်။

"မသန်စွမ်းတွေအတွက် ဥပဒေရှိတာကတော့ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ဦးနေဝင်းခေတ်တုန်းက ခြေပြတ်၊ လက်ပြတ်သွားတဲ့သူတွေကို အပန်းဖြေခရီးလွှတ်တာရှိတယ်။ နောက်ပြီး အစိုးရုံးဌာနတွေမှာ အလုပ်ပြန်ခန့်တာရှိတယ်။ ဒါပေမဲ့ ဘာဖြစ်လာလဲဆိုတော့ မသန်စွမ်းသူတွေက အခွင့်အရေးရလာတော့ ပျက်စီးလာတယ်။ အလုပ်မလုပ်ဘဲ ပြဿနာခဏခဏတက်လာတယ်။ အဲဒါနဲ့ပဲ နောက်ပိုင်း မသန်စွမ်းဆိုရင် အလုပ်မခန့်ချင်တော့ဘူး။ အဲတော့ မသန်စွမ်းသူတွေဘက်ကလည်း ဆင်ဆင်ခြင်ခြင်ရှိဖို့လိုအပ်တယ်" ဟု လူမှု

www.foreverspace.com.mm

ဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ ကျောင်းအုပ်ဖြစ်သူ ဗိုလ်ကြီးအေးကျော်က ပြောကြားသည်။

ထို့ကြောင့် မသန်စွမ်းသူများအခွင့်အရေးရရှိလာပါကလည်း အခွင့်အရေးကို စနစ်တကျအသုံးမချလျှင် ကောင်းကျိုးထက် ဆိုးကျိုးများဖြစ်လာနိုင်သည်ဟု ယူဆသည်များလည်းရှိလာသည်ကို တွေ့ရသည်။ သို့သော် ပြဿနာဆိုသည်မှာ မသန်စွမ်းသူများတွင်သာဖြစ်ခြင်းမဟုတ်ဘဲ သန်စွမ်းသူများတွင်လည်း ဖြစ်တတ်ရာ အကောင်းနှင့်အဆိုးကို ကွဲကွဲပြားပြားရှုမြင်သုံးသပ်တတ်စေရန်မှာ အရေးကြီးလှသည်။

"ပြဿနာဆိုတာ လူတိုင်းမှာရှိတာပဲ။ မသန်စွမ်းသူကျမှ ပြဿနာဖြစ်တယ်လို့ ခွဲခြားမြင်လို့တော့မရဘူး။ ကိုင်တွယ်ပုံကိုင်တွယ်နည်းကသာ အဓိက အရေးကြီးတာ။ ဒီတစ်ယောက်မကောင်း နောက်တစ်ယောက် အလုပ်ခန့်မှာပေါ့။ နောက်ပြီး အခွင့်အရေးနဲ့တာဝန်ဆိုတာ အမြဲတွဲနေတာ။ တာဝန်ကို မလေးစားရင်တော့ ပြဿနာဖြစ်မှာပဲ။ ဒီအခွင့်အရေးရရင် ဒီတာဝန်ရှိတယ်ဆိုတာတော့ သိရမှာပေါ့"ဟု ဒေါ်ရိပ်မြုံ အုပ်ချုပ်မှုဒါရိုက်တာဦးထာအုပ်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူဆိုင်ရာ ဥပဒေများ မပေါ်ပေါက်လာသေးသည့်ကာလအတွင်း မသန်စွမ်းသူများ အလုပ်အ





ကိုင်ရရှိရန်မှာ အလှမ်းဝေးနေဦးမည်ဖြစ်သည်။ သို့သော် လက်ရှိအချိန်၌ မသန်စွမ်းသူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လုပ်ကိုင်ပြီး ၎င်းတို့တည်ထောင်သည့်လုပ်ငန်း၌ မသန်စွမ်းသူများကို အလုပ်ခန့်အပ်ခြင်းသာ အကောင်းဆုံးသောအခြေအနေတစ်ခုဖြစ်သည်။

"ကျွန်တော် ရန်ကုန်မြို့ ဘယ်နေရာမှ အလုပ်ရှာမရတဲ့အဆုံး အိမ်ကိုပဲ ပြန်ခဲ့ရတာပေါ့။ ရန်ကုန်မြို့ကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့တောင် ဆုံးဖြတ်ခဲ့တာ။ ဒါပေမဲ့ မသန်စွမ်း သူငယ်ချင်းခေါ်လို့ ရန်ကုန်မြို့ကို နောက်တစ်ခေါက်ပြန်လာပြီး ဒလမှာ ဆံပင်ညှပ်ဆိုင်ဖွင့်ဖို့စပြီး ကြိုးစားခဲ့ကြတယ်"ဟု ရန်ကုန်မြို့တွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ရန် စတင်ကြိုးစားဖြစ်ခဲ့ပုံကို ကိုသန့်ဇော်ဦးက ပြောကြားသည်။

ကိုသန့်ဇော်ဦးနှင့် သူ၏ သူငယ်ချင်းသည် ဒလမြို့တွင် ဆံပင်ညှပ်ဆိုင် စတင်တည်ထောင်လိုက်သည်။ ၁၀ ပေပတ်လည် ဓနိမိုး ထရံကာ ဖြစ်သည်။ ဆံပင်ညှပ်ကိရိယာများမှာ သင်တန်းတက်စဉ် ရရှိထားခြင်းကြောင့် လက်ထဲ၌ အဆင်သင့်ရှိသော်လည်း ထိုင်ခုံနှင့်မှန်ဝယ်ရန်အတွက် အခက်အခဲဖြစ်ရသည်။ ဒလမြို့ခံမိတ်ဆွေတစ်ဦး၏အကူအညီဖြင့် သစ်သားထိုင်ခုံနှင့် ပြဒါးများ ဟိုတစ်ကွက် ဒီတစ်ကွက်ပျက်နေသည့် မှန်တစ်ချပ်ကို ရလိုက်သည်။

"အစီအစဉ်ဆွဲပြီး ဖွင့်မယ်ဆိုရင် ဘယ်လိုမှဖြစ်လာမှာမဟုတ်ဘူး။ ကျွန်တော်တို့ လက်ထဲမှာက ပိုက်ဆံတစ်ပြားမှ မရှိတာ။ ဆံပင်ညှပ်ဆိုင်ကို ပစ္စည်းသယ်ဖို့ ဆိုက်ကားခမရှိလို့ ရပ်ကွက်ထဲ ဆံပင်လိုက်ညှပ်ရသေးတယ်။ တချို့ရက်တွေဆိုရင် ပိုက်ဆံမရှိလို့ တစ်ရက်ကို ထမင်းတစ်နပ်ပဲစားခဲ့ရတာ။ ညဆိုရင်လည်း စောင်တစ်ထည်တည်းနှစ်ယောက်ခြုံရတာဆိုတော့

**လူသားအရင်းအမြစ်တွင် မသန်စွမ်းသူများကိုလည်း ဖယ်ထုတ်၍ မရနိုင်ပါ။ ဖန်ခွက်ထဲ၌ တစ်ဝက်ရှိနေသောရေကို ရေတစ်ဝက်လျော့နေသည်ဟု မြင်မည်လား သို့တည်းမဟုတ် ရေတစ်ဝက်ပြည့်နေသည်ဟုမြင်မည်လားဆိုသည်မှာ အထူးပင်စဉ်းစားစရာလိုမည်မထင်။ ရှုမြင်ပုံကို သင့်လျော်ရာနေရာတွင် ချထားရန်သာ လိုပါသည်။**

www.foreverspace.com.mm



အချမ်းချမ်းတာ။ ဒါတွေကိုတော့ အိမ်ကို အသိမပေးဘူး။ ပြန်ခေါ်မှာစိုးလို့”ဟု ရန်ကုန်မြို့တွင် ရပ်တည်နိုင်ရန် ကြိုးစားခဲ့ရပုံကို ကိုသန့်ဇော်ဦးက ရှင်းပြသည်။

ငင်းတို့၏ ဆံပင်ညှပ်ဆိုင်လေးတွင် ဆံပင်လာရောက်ညှပ်သူများ ပုံမှန်ရလာခြင်းကြောင့် အတော်အတန် အဆင်ပြေ၍ လာသည်။ ထို့ကြောင့်လည်း ကိုသန့်ဇော်ဦး တစ်ယောက် ကိုရီးယားဘာသာစကား ပြောသင်တန်းကို တက်ရောက်ခဲ့သည်။ အခြားသော မသန်စွမ်းလှုပ်ရှားမှုများ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ငင်းအဖို့ ရှေ့ဆက်ရန် လမ်းစပေါ်ခဲ့သည်ဟု ဆိုရမည်။

“ကျွန်တော့်ကို အဖွဲ့အစည်းတစ်ခုက အရင်းအနှီး ငွေခြောက်သိန်းထုတ်ပေးတယ်။ အဲဒါနဲ့ ကျွန်တော် သမိုင်းလမ်းဆုံ အနီးမှာ အလှပြင်ဆိုင်တစ်ခု စပြီးဖွင့်ဖြစ်ခဲ့တာ”ဟု ကိုသန့်ဇော်ဦးက လက်ရှိအခြေအနေသို့ရောက်ခဲ့ပုံကို ပြောပြသည်။

ကိုသန့်ဇော်ဦးသည် မိသားစုအပေါ် မမှီခိုဘဲ ကိုယ့်အားကိုယ်ကိုးကာ ကိုယ့်လမ်းကိုယ်ဖောက်ခဲ့သည်။ တိုးတက်ချင်သော စိတ်ဖြင့် ကြိုးစားခဲ့ရာမှ အခွင့်အလမ်းများ ဆက်တိုက်ပေါ်လာခဲ့သည်။ လက်ရှိတွင် ကိုသန့်ဇော်ဦးသည် မသန်စွမ်းမှုဆိုင်ရာ အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်လုပ်ကိုင်လျက်ရှိသလို မိမိ၏ အလှပြင်ဆိုင်၌လည်း ဘဝတူမသန်စွမ်းသူများကို အလုပ်ခန့်အပ်ထားသည်။

“မသန်စွမ်းတဲ့သူတွေ ဖွင့်ထားတဲ့ဆိုင်ဆိုတော့ လာပြီးအားပေးကြတယ်။ ကျွန်တော်တို့ကလည်း ဝန်ဆောင်မှုကောင်းကောင်းပေးတယ်။ ဈေးနှုန်းကို လျှော့ပေးတယ်။ ကြာတော့လည်း ကျွန်တော်တို့ကို မသန်စွမ်းလို့ မမြင်တော့ဘူး။ ဒီဆိုင်က ကောင်းတယ်၊ အဆင်ပြေတယ်ဆိုရင် ပုံမှန်လာကြပါတယ်”ဟု ကိုသန့်ဇော်ဦးက ရရှိသောအခွင့်အရေးနှင့်အညီ ပြန်လည် တာဝန်ယူရပုံကို ရှင်းပြသည်။

အချုပ်အားဖြင့်ဆိုရသော် လူ့အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိခြင်းသည် လူထုအပေါ် များစွာမူတည်၍နေသည်။ လူထုက ရှုမြင်ပုံပြောင်းလဲကာ ကူညီခြင်းအားဖြင့် မသန်စွမ်းသူများ ရေရှည်ရပ်တည်နိုင်မည်သာဖြစ်သည်။ လက်ရှိအခြေအနေတွင် ကိုသန့်ဇော်ဦးကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းထောင်ပြီး ဘဝတူများကို ကူညီမည့်သူများပေါ်လာရန် အတွက်မှာလည်း လိုအပ်လျက်ရှိသည်။ အလားတူ မသန်စွမ်းမှုနှင့် ပတ်သက်ပြီး ဥပဒေရေးဆွဲပေါ်ပေါက်လာရန်အတွက်လည်း သက်ဆိုင်သူများအားလုံးပူးပေါင်းဆောင်ရွက်သွားရမည်သာဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးလှစွာသော အရင်းအမြစ် (Resources) များတွင် ပါဝင်သည့် လူသားအရင်းအမြစ်တွင် မသန်စွမ်းသူများကိုလည်း ဖယ်ထုတ်၍ မရနိုင်ပါ။ ဖန်ခွက်ထဲ၌ တစ်ဝက်ရှိနေသော ရေကို ရေတစ်ဝက်လျော့နေသည်ဟု မြင်မည်လား သို့တည်းမဟုတ် ရေတစ်ဝက်ပြည့်နေသည်ဟု မြင်မည်လားဆိုသည်မှာ အထူးပင်စဉ်းစားစရာလိုမည်မထင်။ ရှုမြင်ပုံကို သင့်လျော်ရာနေရာတွင် ချထားရန်သာ လိုပါသည်။ ရှုမြင်ပုံကိုပြောင်းလဲ၍ ငင်းတို့၏ခွန်အားများ ရှင်သန်ရန် အထောက်အပံ့များပေးမည်ဆိုပါလျှင် ရရှိလာမည့် အကျိုးကျေးဇူးက ငင်းတို့အတွက်သာမဟုတ်၊ လူ့အရင်းအမြစ် (Human Resource) ကို ကျားကန်ပေးခြင်းလည်း မည်သည်။

**ကျော်ဇေယျာထွန်း**



www.foreverspace.com.mm



# လားရာမဲ့ဗီဒီယိုဈေးကွက်နှင့် ဆက်လက်ရှင်သန်ရေး

ကြူကြူသင်း (မိုးမြေ)၊ မိုးခိုင်

မြန်မာနိုင်ငံ၌ ၁၉၈၀ ခုနှစ်အလွန်တွင် အီလက်ထရွန်နစ်မီဒီယာလုပ်ငန်းများ စတင်ဖွံ့ဖြိုးလာရာ နှစ်ပေါင်း ၆၀ ကြာ ပြိုင်ဘက်ကင်းရပ်တည်နေခဲ့သည့် ရုပ်ရှင်လုပ်ငန်းကို ကိုင်လှုပ်နိုင်မည့် ဗီဒီယိုရိုက်ကူးတင်ဆက်မှုလုပ်ငန်းများ တစ်ခေတ်ဆန်းသစ်လာခဲ့သည်။ သို့ရာတွင် တိုးတက်ပြောင်းလဲနေသည့် အီလက်ထရွန်နစ်လုပ်ငန်းများကြောင့်ပင် ဆယ်စုနှစ်နှစ်ခု ကျော်ခန့်သာလှုပ်ရှားခွင့်ရသေးသည့် ဗီဒီယိုလုပ်ငန်းများမှာ ယိုင်နဲ့အားလျော့စပြုလာခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာ ဗီဒီယိုဇာတ်ကားရိုက်ကူးထုတ်လုပ်သည့်ဈေးကွက်သည် ခိုးကူးခွေဈေးကွက်၊ ဂြိုဟ်တုစလောင်းနှင့် ရုပ်သံလိုင်းများ၏ ထိုးနှက်မှုများနှင့် ကြုံတွေ့ရမှုကြောင့် ကျဉ်းမြောင်းလာပြီး လက်ရှိဈေးကွက်ဖော်ဆောင်မှုပုံစံများကို ပြောင်းလဲရန် လိုအပ်နေပြီဖြစ်သည်။

www.foreverspace.com.mm





အောင်မြင်မှုတို့ ကွန်းခိုချိန် ၁၉၈၀ ခုနှစ်မတိုင်မီနှစ်များဆီက မြန်မာနိုင်ငံ၌ ရုပ်သေဓာတ်ပုံများကို စုပေါင်းတည်းဖြတ်ပြီး လှုပ်ရှားအသက်သွင်းဖျော်ဖြေတင်ဆက်သည့် ရုပ်၊ သံဖျော်ဖြေမှုလုပ်ငန်းဆို၍ ရုပ်ရှင်လုပ်ငန်းတစ်မျိုးတည်းသာ ရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ်လွန်ဝန်းကျင်တွင် မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ အဆိုပါနည်းပညာဖွံ့ဖြိုးတိုးတက်လာမှုပေါ် အခြေခံကာ ဒါရိုက်တာဦးခင်ဇော်သည် တည်းဖြတ်စက်များ တွင်ကျယ်စွာသုံးစွဲနိုင်မှုမရှိသေးသော်လည်း 'မမုန်းကြေး၊ မမေ့ကြေး' ဟူသည့် ဇာတ်လမ်းတွင် ဇာတ်လမ်း၏ အခန်းစည်တိုင်းကို ခဲရာခဲဆစ် တည်းဖြတ်ဆက်စပ်ကာ ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ယင်းနောက်ပိုင်းမှစ၍ အခြားထုတ်လုပ်သူများလည်း ဗီဒီယိုဇာတ်ကားများ လိုက်လံရိုက်ကူးထုတ်လုပ်လာရာမှ မြန်မာနိုင်ငံတွင် ဗီဒီယိုရွှေခေတ်တစ်ခေတ် ဆန်းသစ်လာခဲ့သည်။

ဗီဒီယိုလုပ်ငန်းသည် အိမ်တွင်းကြည့်ဖျော်ဖြေရေးအသွင်ဖြင့် ဝင်ရောက်လာသည့် ဖျော်ဖြေရေးလုပ်ငန်းတစ်ခုဖြစ်၍ အချိန်တိုအတွင်း တစ်ဟုန်ထိုးအောင်မြင်သည့်လုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ဗီဒီယိုလုပ်ငန်းများစတင်ပေါ်ပေါက်စဉ်က ဗီဒီယိုပြစက်များ၏ ကာလပေါက်ဈေးမြင့်မားမှုကြောင့် အိမ်တိုင်း၌ ဗီဒီယိုပြစက်ဝယ်ယူကြည့်ရှုနိုင်ခြင်းမရှိခဲ့ပေ။ အဆိုပါအခြေအနေအကြောင်းတရားများ၏ နောက်ဆက်တွဲရလဒ်အနေဖြင့် ငွေကြေးတတ်နိုင်သူများသည် ဗီဒီယိုပြသခြင်းဖြင့် စီးပွားရှာသည့် စီးပွားရေးအခွင့်အလမ်းများ ရရှိလာခဲ့သည်။ ထိုမှတစ်ဆင့် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးလက်တောရွာများပါမကျန် ဗီဒီယိုပြသခြင်းဖြင့် စီးပွားရှာသည့် ဗီဒီယိုရုံများပေါ်ပေါက်လာခဲ့သည်။ ဗီဒီယိုရုံများ မြို့ ရွာအနှံ့ပွားများလာခဲ့သော်လည်း ဗီဒီယိုကြည့်ပရိသတ်နှင့် ဗီဒီယိုပြသသည့်ရုံအရေအတွက်မှာ မမျှတသည့်အတွက် ဗီဒီယိုရုံပိုင်ရှင်များသည် ပြသသည့်အချိန်ကို တစ်နေ့လျှင် နေ့ ည နှစ်ဆိုင်းခွဲ၍ ပြသခဲ့ရသည်အထိ ဗီဒီယိုလုပ်ငန်းမှာ အောင်မြင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဗီဒီယိုဈေးကွက်အခြေအနေနှင့် အခြားပြည်ပနိုင်ငံများ၏ ဗီဒီယိုဈေးကွက်မှာ ခြားနားကွဲပြားမှုများရှိသည်ကို တွေ့ရပြီး ရုပ်ရှင်ရုံများကဲ့သို့ အခကြေးငွေယူ၍ ဗီဒီယိုပြသသည့် ဗီဒီယိုရုံလုပ်ငန်းမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာရှိကြောင်း၊ အခြားမည်သည့်နိုင်ငံတွင်မျှ ယင်းကဲ့သို့လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ ပြည်ပနိုင်ငံများ၏ ဗီဒီယိုကြည့်ရှုမှုပုံစံမှာ ငှားရမ်းဆိုင်များမှတစ်ဆင့် အိမ်ကြည့်အဖြစ် ငှားရမ်းသည့်အဆင့်တွင်သာရှိသည့်အတွက် မြန်မာဗီဒီယိုလုပ်ငန်းမှာ အောင်မြင်သည်ဟုဆိုနိုင်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးမြင့်သိန်းဖေက ဆိုသည်။

ဗီဒီယိုပြသစီးပွားရှာသည့်ဗီဒီယိုရုံလုပ်ငန်းများ တွက်ခြေကိုက်ခဲ့သကဲ့သို့ ဗီဒီယိုဇာတ်ကားရိုက်ကူးထုတ်လုပ်သူများမှာလည်း စီးပွားဖြစ်ခဲ့ကြောင်း၊ ယင်းကြောင့် ရုပ်ရှင်ထုတ်လုပ်သူအချို့ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်ခြင်းများ ရှိခဲ့ကြောင်း၊ ထိုစဉ်က မြန်မာဗီဒီယိုကြည့်ပရိသတ်အများစုမှာ နာမည်ကျော်သရုပ်ဆောင်များ ပါဝင်သော ဇာတ်ကားဖြစ်လျှင် ဇာတ်လမ်းကောင်း၊ မကောင်းမရွေးဘဲ ကြည့်ရှုအားပေးခဲ့ခြင်းကြောင့် ဗီဒီယိုဇာတ်ကားတစ်ကားဖြစ်မြောက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်နေသည့် ထုတ်ဝေသူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ညွှန်းရေးဆရာ၊ ကင်မရာမင်း စသည့်အခန်းကဏ္ဍအသီးသီးမှ တာဝန်ယူရသူအားလုံးမှာ ထိုစဉ်က တစ်လလျှင် ဗီဒီယိုဇာတ်ကားသုံးလေးကားထွက်ရှိနိုင်ရေးအတွက် နေ့ ညမနား ကြိုးစားရိုက်ကူးခဲ့ရသည်ဟု ဝါရင့်ဗီဒီယိုလောကသားတစ်ဦးက ပြောကြားသည်။

## ဘဲအုပ်က တစ်ရာနစ်ရာ မဗေဒါက တစ်ပင်တည်း

ဗီဒီယိုရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း၏ ရွှေတစ်ခေတ်သည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းကာလမှ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်အလွန်ခန့်အထိ ဆယ်စုနှစ်တစ်စုကျော်မျှသာ ရပ်တည်ခွင့်ရခဲ့သည်။ ရုပ်သံလွှင့်မီဒီယာကဏ္ဍကို နိုင်ငံပိုင်လုပ်ငန်းတစ်ခုအနေဖြင့်ဆောင်ရွက်နေသည့် မြန်မာ့ရုပ်မြင်သံကြားသည် မြန်မာဗီဒီယိုလုပ်ငန်းနည်းတူ ၁၉၈၀ ခုနှစ်တွင် မွေးဖွားလာခဲ့သည်။ အတူတကွမွေးဖွားလာသည့် လုပ်ငန်းနှစ်ခုအတွင်း၌ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကျိုးသက်ရောက်မှုပြင်းထန်ခြင်းမရှိခဲ့သော်လည်း ၁၉၉၅ ခုနှစ်မှစ၍ အခြားရုပ်သံလွှင့်မီဒီယာသစ်များ၏

www.foreverspace.com.mm

အစီအစဉ်တင်ဆက်မှုများသည် ဗီဒီယိုဈေးကွက်နှင့် အားပြိုင်လာသည့်အနေအထားများ ရှိလာသည်။

၁၉၉၅ ခုနှစ်တွင် ဒုတိယမြောက်စိန်ခေါ်မှုဟုဆိုနိုင်သည့် တပ်မတော်ပိုင် မြဝတီ ရုပ်မြင်သံကြား ရုပ်သံလွှင့်မီဒီယာတစ်ခု အသစ်တိုးလာခဲ့သည်။ ထို့ပြင် အစိုးရနှင့် ပုဂ္ဂလိက ပထမဦးဆုံးတွဲဖက် ထုတ်လွှင့်သည့် MRTV-4 ရုပ်မြင်သံကြား ရုပ်သံလွှင့်မီဒီယာကို ၂၀၀၄ ခုနှစ်တွင် ထပ်မံထုတ်လွှင့်ခဲ့ပြီး MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် 5 Movies ကဲ့သို့သော ရုပ်သံ Channel အများအပြား၏ စိန်ခေါ်မှုများသည်လည်း အနည်းနှင့်အများဆိုသလို ဗီဒီယိုဈေးကွက်ကို ထိခိုက်စေခဲ့သည်။

နည်းပညာပြောင်းလဲတိုးတက်မှုသည် တစ်ဖက်တွင် သောင်ထွန်းစေသော်လည်း တစ်ဖက်တွင် ကမ်းပြိုစေတတ်သည်ကို တွေ့ရသည်။ ၁၉၈၂ ခုနှစ်ဝန်းကျင်ခန့်တွင် မြန်မာနိုင်ငံ ဈေးကွက်အတွင်းသို့ ဒစ်ဂျစ်တယ်စီဒီပြားများ စတင်မိတ်ဆက်ဝင်ရောက်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် မြန်မာနိုင်ငံ၏ စီဒီသုံးစွဲမှုအမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ အဆိုပါ ဒစ်ဂျစ်တယ်စီဒီ၊ ဒီဗီဒီသုံးစွဲမှု မြင့်တက်လာခြင်းနှင့်အတူ မြန်မာဗီဒီယိုလုပ်ငန်းကို ယိမ်းယိုင်မှေးမှိန်သွားစေမည့် ခိုးကူးခွေဈေးကွက်သည်လည်း နောက်မှကပ်၍ ပါလာခဲ့သည်။

ခိုးကူးခွေဈေးကွက်သည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပုန်းလျှိုးကွယ်လျှိုးရောင်းချသည့်အဆင့်မှ ယခုအခါ ရန်ကုန်မြို့၏ လူစည်ကားရာလမ်းမများအပြင် မြို့နယ်အစွန်အဖျားရှိ ရပ်ကွက်ဈေးများ၌ပါ ပေါ်ပေါ်ထင်ထင်ရောင်းချလာသည်ကို တွေ့ရသည်။

ခိုးကူးခွေထုတ်လုပ်မှုပပျောက်အောင် ဆောင်ရွက်မည်ဆိုပါက အတော်ပင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့်ယှဉ်၍ ပေါ်ပေါက်လာသည့် ခိုးကူးခွေပြဿနာကို နှိမ်နင်းရန်မှာ များစွာခက်ခဲကြောင်း၊ ခိုးကူးခွေနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်မှုများရှိသော်လည်း ကွန်ပျူတာတစ်လုံးရှိရုံဖြင့် စီဒီခွေပေါင်းမြောက်မြားစွာကို ပွားယူနိုင်သည့် အနေအထားရှိသောကြောင့် ခိုးကူးခွေပြဿနာနှိမ်နင်းရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ခိုးကူးခွေဈေးကွက်၏ ထိုးနှက်မှုကြောင့် ကာရာအိုကေသီချင်းခွေဈေးကွက်မှာ လုံးဝပျက်စီးသွားပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် ကာရာအိုကေသီချင်းခွေထုတ်လုပ်ရဲသည့်လုပ်ငန်းရှင်လုံးဝမရှိတော့ကြောင်း၊ ခိုးကူးခွေဈေးကွက်ပျောက်သွားလျှင် ဗီဒီယိုဈေးကွက်အခြေအနေပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာဗီဒီယိုဇာတ်ကားရိုက်ကူးထုတ်လုပ်သူများသည် ၎င်းတို့ရိုက်ကူးထုတ်လုပ်ထားသည့် ဗီဒီယိုဇာတ်ကားသီချင်းခွေများကို ဗီစီဒီကာဗာစတေကာများ ရိုက်နှိပ်ခြင်းနှင့် စီဒီများကို ပြန်ကူး၍မရအောင် နည်းပညာပိုင်းဖြင့် ကြိုတင်ကာကွယ်မှုလုပ်ဆောင်ထားကြောင်း၊ သို့သော်လည်း ဂျူဗလီကော်တာစက်တစ်လုံးရှိလျှင် အားလုံးကူး၍ရကြောင်း၊ ကတ်ပချာကတ်ပြား (ရုပ်နှင့်အသံဖမ်းကတ်) ကို ကွန်ပျူတာနှင့် ဆက်လိုက်လျှင် ကူး၍မရအောင် မည်သို့ပင်လုပ်ထားစေကာမူ စီဒီပြားကို ဗီစီဒီစက်နှင့် ကွန်ပျူတာစက်တို့တွင် ထည့်၍ရလျှင် အားလုံးကူး၍ရကြောင်း၊ ခိုးကူးခွေဈေးကွက်မှာ နည်းပညာနှင့် ဆက်နွှယ်ဖြစ်ပေါ်လာသည့်ဈေးကွက်ဖြစ်နေသည့်အတွက် တားဆီးရခက်နေခြင်းဖြစ်ကြောင်း ကွန်ပျူတာကျွမ်းကျင်သည့် ဗီဒီယိုထုတ်လုပ်သူတစ်ဦးက သုံးသပ်သည်။



ခိုးကူးခွေဈေးကွက်သည် မြန်မာနိုင်ငံအနှံ့အပြား၌ ဈေးကွက်အခိုင်အမာရရှိထားသည်ကိုတွေ့ရသည်။ အဆိုပါခိုးကူးခွေဈေးကွက်အတွင်း၌ ယခုနှစ် နှစ်ဆန်းပိုင်းခန့်တွင် ထပ်ဆင့်ပွားထားသည့် အချပ်များ ဈေးထက်ဝက်ကျော်သက်သာစွာဖြင့် ထွက်ရှိလာခဲ့သည်။ ဇာတ်လမ်းမျိုးစုံ ၁၂ ကားမှ ဇာတ်ကားပေါင်း ၅၀ ခန့်ထိပါသည့် စာတန်းထိုးဒီဗီဒီချပ်များမှာ ယခင်က တစ်ချပ် ၁၅၀၀ ကျပ်ဖြင့် ရောင်းချခဲ့သော်လည်း ယင်းအချပ်ကို ထပ်ဆင့်ခိုးယူပွားထားသည့်အချပ်များ ဈေးကွက်တွင်းဝင်ရောက်လာပြီးနောက် တစ်ချပ် ၄၀၀ ကျပ်ဝန်းကျင်ဖြင့်သာ ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ ခိုးကူးခွေဈေးကွက်အတွင်းရှိ မြန်မာစာတန်းထိုး နိုင်ငံခြားဒီဗီဒီဇာတ်

www.foreverspace.com.mm



ကား များနှင့် မြန်မာဗီဒီယိုဇာတ်ကားများ၊ အငြိမ့်ခွေများကိုစုစည်းထားသည့် ဇာတ်လမ်းစုံဒီဗီဒီချပ်ဈေးနှုန်းများမှာ တစ်နှစ်ထက်တစ်နှစ်ရောင်းချသည့် ဈေးနှုန်းများ ကျဆင်းလာသော်လည်း မြန်မာဗီဒီယိုခွေ ငှားရမ်းသည့်ဈေးကွက်၌မူ ယခုလက်ရှိအခြေအနေတွင် မြန်မာဗီဒီယိုဇာတ်လမ်းသစ်တစ်ခွေလျှင် ၂၀၀ မှ ၃၀၀ ကျပ်ဖြင့် ဇာတ်လမ်းစုံခိုးကူး ဒီဗီဒီတစ်ချပ်ရောင်းဈေးနီးပါးခန့်ပေး၍ ငှားရမ်းကြည့်ရှုနေရသည်။ ဤဈေးနှုန်းကွာဟချက်သည်လည်း မြန်မာဗီဒီယိုဇာတ်ကားငှားရမ်းကြည့်ရှုသည့်ဈေးကွက်အပေါ်များစွာ အကျိုးသက်ရောက်လျက်ရှိသည်။

မြန်မာစာတန်းထိုးနိုင်ငံခြား ဒီဗီဒီဇာတ်ကားများ ဈေးကွက်တွင်း ပျံ့နှံ့ဝင်ရောက်လာမှုနှင့် ဆက်သွယ်ရေးနည်းပညာများ ပိုမိုတိုးတက်လာမှုများကြောင့် ယခုအခါ မြန်မာဗီဒီယိုကြည့်ပရိသတ်များသည် နိုင်ငံတကာမှ ဇာတ်လမ်းမျိုးစုံကို ပိုမိုကြည့်ရှုခွင့်ရလာပြီဖြစ်သည်။ ယင်းကဲ့သို့ နိုင်ငံတကာမှ ဇာတ်လမ်းမျိုးစုံကို ပိုမိုကြည့်ရှုခွင့်ရလာသည်နှင့်အညီ မြန်မာပရိသတ်များ၏ ဇာတ်ကားများအပေါ် အကဲဖြတ်နိုင်စွမ်းမှာလည်း ပိုမိုမြင့်မားလာသည်ကိုတွေ့ရသည်။ မြန်မာပရိသတ်သည် အမေကျော်ဒွေးတော်လွမ်းသူများမဟုတ်ပါ။ ၎င်းတို့ကြည့်သည်က ဖန်တီးနိုင်မှုအနုပညာကိုသာကြည့်ခြင်းဖြစ်သည်။ လူ့သဘောသဘာဝအရ ရွေးချယ်စရာများလျှင် အကောင်းဆုံးကို အခွင့်အလမ်းရှိသလောက်ရွေးချယ်မည်မှာ သဘာဝဖြစ်သည်။ မြန်မာဗီဒီယိုကြည့်ပရိသတ်မှာ မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်လမ်းများထက် မြန်မာစကားပြော၍ မြန်မာ့ယဉ်ကျေးမှုနှင့်အညီရိုက်ကူးထားသည့် မြန်မာဇာတ်ကားများကို သာကြည့်ရှုလိုသော်လည်း ဇာတ်လမ်း ဇာတ်ကွက်ဖော်ဆောင်မှု၊ သရုပ်ဆောင်များ၏ သရုပ်ဆောင်ပီပြင်မှုတို့ကြောင့် နိုင်ငံခြားဇာတ်ကားများကို အရုပ်ကြည့်လိုက် စာဖတ်လိုက် အလုပ်ရှုပ်ခံ၍ နှစ်သက်စွာကြည့်ရှုနေခြင်း ဖြစ်သည်။



အမှန်ဆိုလျှင် မြန်မာဗီဒီယိုကြည့်ပရိသတ်များမှာ မိမိလူမျိုး မိမိယဉ်ကျေးမှုကို အပြည့်အဝခံစားကြည့်ရှုခွင့်ရမည့် မြန်မာဇာတ်လမ်းကောင်းများပေါ်ထွက်လာရန် များစွာမျှော်လင့်လျက်ရှိပါသည်။

"နိုင်ငံခြားဇာတ်လမ်းတွေထဲမှာ တချို့ဇာတ်ကွက်တွေက မောင်နဲ့နှမ သားနဲ့အမိကြည့်လို့မသင့်တဲ့ ဇာတ်ကွက်တွေပါတယ်။ ဒီလိုမြန်မာမျက်လုံးနဲ့ သဟဇာတမဖြစ်တဲ့ဇာတ်ကွက်တွေပါနေတာတောင် မြန်မာပရိသတ်တွေ နိုင်ငံခြားဇာတ်လမ်းတွေ ဘာကြောင့်ကြည့်နေကြလဲ၊ ကြိုက်နေကြလဲလို့ဆိုရင် နိုင်ငံခြားဇာတ်လမ်းတွေရဲ့ ဇာတ်လမ်းဇာတ်ကွက်၊ သရုပ်ဆောင်ချက်တွေက ပီပြင်နေလို့ပါ။ တကယ်ဆို မြန်မာ့ယဉ်ကျေးမှုနဲ့ညီတဲ့ မြန်မာဇာတ်ကားကောင်းတွေကိုပဲ ကြည့်ချင်ကြတာပါ" ဟု ရွှေပြည်သာမြို့နယ်မှ မူလတန်းပြဆရာမတစ်ဦးက ဆိုသည်။

မြန်မာစာတန်းထိုးဇာတ်ကားများ ဈေးနှုန်းချိုသာစွာဖြင့် ဈေးကွက်အတွင်းဝင်ရောက်လာမှုကြောင့် ဝယ်ယူကြည့်ရှုသူများ



www.foreverspace.com.mm

လာရာ ဗီဒီယိုခွေအငှားဆိုင်များ ငှားရမ်းရမှုနှုန်း သိသာစွာကျဆင်းလာလျက်ရှိသည်။ ထို့ပြင် ခေတ်ရေစီးကြောင်း၏ ပြောင်းလဲမှုဖြစ်စဉ်အရ နည်းပညာနှင့်ဆက်နွှယ်လျက်ရှိသော အခြားရွေးချယ်စရာများစွာပေါ်ပေါက်လာရာ ယခင်က စိတ်အပန်းဖြေစရာဖျော်ဖြေရေးအနေဖြင့် စာအုပ်ဖတ်၊ ဗီဒီယိုကြည့်ခဲ့ကြသည့် မြန်မာလူငယ်ပရိသတ်၏ အာရုံစေစားမှုများသည် ယခုနောက်ပိုင်းတွင် ရုပ်သံဇာတ်လမ်းတွဲများ၊ မြန်မာစာတန်းထိုးနိုင်ငံခြားဇာတ်ကားများကြည့်ခြင်း၊ ရုပ်ရှင်ရုံသွားခြင်း၊ အင်တာနက်သုံးခြင်းနှင့် တီဗီဂိမ်းကစားခြင်း စသည့် အခြားအခြားသော ရွေးချယ်စရာများစွာအပေါ်၌ ကျရောက်လျက်ရှိပြီး မြန်မာဗီဒီယိုဇာတ်ကားကို အချိန်ပေးကြည့်ရှုမှု နည်းပါးလျက်ရှိသည်ကိုတွေ့ရသည်။ မြန်မာဗီဒီယိုဇာတ်ကားများအပေါ်၌ အချိန်ပေးကြည့်ရှုမှုနည်းပါးလာမှုတွင် လူငယ်ပရိသတ်များသာမက တစ်ချိန်က မြန်မာဇာတ်ကားတစ်မျိုးတည်းကိုသာ အစွဲအလမ်းကြီးစွာ ကြည့်ရှုခဲ့ကြသည့် လူကြီးပရိသတ်များပင် ၎င်းတို့ပတ်ဝန်းကျင်၌ အလွယ်တကူလက်လှမ်းမီနိုင်သော ရုပ်သံဇာတ်လမ်းတွဲများ၊ ဗီစီဒီသီချင်းခွေများနှင့် ဘာသာစကားအခက်အခဲမရှိ ကြည့်ရှုနိုင်ရန် ဖန်တီးလုပ်ဆောင်ထားသော မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်လမ်းများဘက်သို့ ပြောင်းလဲကြည့်ရှုလာလျက်ရှိ သည်။

"အရင်ကဆိုရင် အပျင်းဖြေစရာဆိုလို့ ရေဒီယို၊ ကက်ဆက်တွေလောက်ပဲ နားထောင်လို့ရတယ်။ အခုကတော့ ရွေးစရာတွေအများကြီးဖြစ်သွားပြီ။ ရုပ်မြင်သံကြားကလာတဲ့ ဇာတ်လမ်းတွဲတွေကြည့်မလား။ ဗီစီဒီသီချင်းတွေပဲကြည့်မလား၊ စာတန်းထိုးဇာတ်ကားတွေပဲကြည့်မလား။ ကြည့်စရာတွေမှ အများကြီးပဲ။ ကြည့်စရာများလာတော့ ဈေးကြီးပေးပြီးငှားကြည့်ရတဲ့ ဗီဒီယိုဇာတ်ကားတွေ ငှားမကြည့်တော့ဘူးပေါ့" ဟု အသက်ခြောက်ဆယ်ကျော် အငြိမ်းစားစစ်မှုထမ်းဟောင်းတစ်ဦးက ပြောကြားသည်။

စာတန်းထိုးခွေရောင်းချခြင်းမှာ အရင်းနည်းပြီး အမြတ်များများရသည့် လုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် စာတန်းထိုးခွေအရောင်းဆိုင်များမှာ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများတွင် အရေအတွက်များစွာတိုးပွားလာရုံမက နယ်စွန်နယ်ဖျား ကျေးလက်များတွင်ပင် အခွေအရောင်းဆိုင်များပေါ်ပေါက်လာသည်ကိုတွေ့ရသည်။ ယင်းကဲ့သို့စာတန်းထိုးခွေများ နယ်ဈေးကွက်အထိဝင်ရောက်လာမှုသည် မြန်မာဗီဒီယိုဇာတ်ကားထုတ်လုပ်သူများကို များစွာထိခိုက်လျက်ရှိကြောင်း၊ ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းခန့်မှစ၍ နယ်ကိုယ်စားလှယ်များ၏ ဝယ်ယူမှုမှာ သိသိသာသာလျော့နည်းကျဆင်းသွားခဲ့ကြောင်း၊ နှစ်စဉ်ရောင်းအားတက်လေ့ရှိသည့် ဇွန်၊ ဇူလိုင်ရောက်သော်လည်း ဗီဒီယိုဈေးကွက်မှာ ပြန်လည်မြင့်တက်လာခြင်းမရှိသည်ကိုတွေ့ရကြောင်း၊ လက်ရှိဗီဒီယိုဈေးကွက်အနေအထားမှာ မြို့ပေါ်ဈေးကွက်သာမက နယ်ဈေးကွက်တွင်ပါ ကျပ်တည်းလာလျက်ရှိသည်ဟု ၃၅ လမ်းမှ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဖွင့်ဟပြောကြားသည်။

မြန်မာဗီဒီယိုဈေးကွက်တွင် နယ်ကြိုက်နှင့် မြို့ကြိုက်ဟူ၍ ဈေးကွက်နှစ်မျိုးကွဲနေပြီး ပိုမိုကျယ်ပြန့်သည့် နယ်ဈေးကွက်ကို သာ ထုတ်ဝေသူအများစု အားထားလုပ်ဆောင်လျက်ရှိသည်။ ယခုအခါ နယ်ပရိသတ်မှာ စာတန်းထိုးနိုင်ငံခြားဇာတ်လမ်းများအပြင် ထွက်ရှိသမျှ မြန်မာကားအားလုံးလိုလို ကြည့်ရှုနေသည့်အတွက် ယှဉ်တွဲအကဲ ဖြတ်နိုင်စွမ်းပြောင်းလဲမြင့်မားလာရာ မြန်မာဗီဒီယိုဈေးကွက်မှာလည်း နိုင်ငံတကာဇာတ်လမ်းများနှင့်အပြိုင်ရိုက်ကူးနိုင်မှသာ အကြီးမားဆုံးနှင့် လက်ကျန်ဈေးကွက်ဟုဆိုနိုင်သည့် နယ်ဈေးကွက်ကို ဆက်လက်ချုပ်ကိုင်ထားနိုင်မည်ဖြစ်သည်။



## အရင်း အဓိက

ယခုလက်ရှိ မြန်မာဗီဒီယိုဇာတ်ကားထုတ်လုပ်ရေးဈေးကွက်အတွင်း၌ ဗီဒီယိုဇာတ်ကားရိုက်ကူးထုတ်လုပ်ခွင့်လိုင်စင်ရယူထားသည့်လုပ်ငန်းပေါင်း ၃၀၀ ကျော်ရှိသော်လည်း အမှန်တကယ် ဗီဒီယိုရိုက်ကူးထုတ်လုပ်သည့်လုပ်ငန်းမှာ ၇၀ ခန့်သာရှိတော့ပြီး ဗီဒီယိုထုတ်လုပ်ရေးဈေးကွက်သည် ခိုးကူးခွေကိစ္စရပ်များကြောင့် များစွာထိခိုက်လျက်ရှိသည်ဟူ၍ ရန်ကုန်တိုင်း

www.foreverspace.com.mm





ဗီဒီယိုအခြေခံအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာဗီဒီယိုဇာတ်ကားဈေးကွက်၌ ဖြစ်ပေါ်နေသည့် ခိုးကူးခွေပြဿနာများ နယ်ဗီဒီယိုဈေးကွက်သို့တိုင်အောင် ပျံ့နှံ့ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါခိုးကူးခွေ ပြဿနာမှာ ယခုနှစ်၌ ပိုမိုဆိုးဝါးလာလျက်ရှိကြောင်း၊ ဖြန့်ချိပြသခြင်းမပြုရသေးသည့် မြန်မာဒီဗီဒီဇာတ်ကားများပင် ခိုးကူးခံနေရကြောင်း၊ ယင်းကဲ့သို့ ခိုးကူးခွေပြဿနာများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုလျှင် မြန်မာဗီဒီယိုဇာတ်ကားဈေးကွက် ပျက်သွားနိုင်သည့်အခြေအနေရှိကြောင်း၊ ယခုလက်ရှိတွင်လည်း ထုတ်လုပ်သူများမှာ နယ်ဖြန့်ချိရေးကိုယ်စားလှယ်များ လုပ်သာကိုင်သာရှိစေရန်အတွက် အမြတ်အစွန်းမကျန်ဘဲ အရင်းအဓိကထားလုပ်ကိုင်နေရသည့် အနေအထားတွင်ရှိနေသည်ဟု လပ်ကီးဆဲဗင်း ဗီဒီယိုနှင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

၂၀၀၉ ခုနှစ်၏ ဗီဒီယိုဈေးကွက် အနေအထားမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးခန့် ထပ်မံလျော့နည်းသွားခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် ဧပြီလခန့်မှစ၍ နယ်ကိုယ်စားလှယ်များ၏ ဝယ်ယူဖြန့်ချိမှုအပိုင်းမှာ သိသိသာသာကျဆင်းခဲ့ကြောင်း၊ ရိုက်ကူးထုတ်လုပ်မှုအပိုင်း၌လည်း ကားကြီးရိုက်ကူးမှု ရပ်တန့်လျက်ရှိပြီး ကားလတ်နှင့်ကားသေးများကိုသာ ရိုက်ကူးမှုရှိကြောင်း၊ ယခုနှစ်ပိုင်းတွင် ဗီဒီယိုဈေးကွက် ထိခိုက်ကျဆင်းမှုပိုများလာသည့်အတွက် ပရိသတ်လက်ခံသည့်မင်းသားများ၏ မူပိုင်ကြေးသတ်မှတ်နှုန်းများ ယခင်သတ်မှတ်ကြေးများထက် လျှော့ချပေးလာခြင်းများရှိလာကြောင်း DV5 ဗီဒီယိုရိုက်ကူးထုတ်လုပ်ရေးမှ တာဝန်ရှိသူ ဦးငယ်လေးက ပြောကြားသည်။

## ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်

မြန်မာဗီဒီယိုလောက၏ ဗီဒီယိုဇာတ်ကားထွက်ရှိမှုမှာ တစ်နှစ်လျှင် လူတစ်ဦးကြည့်နိုင်မှုနှုန်းထက် များစွာပိုလွန်လျက်ရှိသည်။ မြန်မာဗီဒီယိုလောက၏ တစ်နှစ်ဗီဒီယိုဇာတ်ကားထွက်ရှိမှုမှာ အနည်းဆုံးဇာတ်ကားပေါင်း ၈၀၀ ကျော်မှ ၁,၀၀၀ ကျော်ပတ်ဝန်းကျင်ခန့် နှစ်စဉ်ထွက်ရှိလျက်ရှိပြီး ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်း မြန်မာဗီဒီယိုဇာတ်ကားပေါင်း ၁,၁၀၀ ခန့် ထွက်ရှိခဲ့ရာ လူတစ်ဦးအနေဖြင့် ထွက်ရှိသမျှဇာတ်ကားများကို တစ်ရက်တစ်ကားနှုန်းကြည့်လျှင်ပင် ၃၆၅ ကားသာကြည့်နိုင်သည့်အတွက် လူတစ်ဦးကြည့်နိုင်သည့်နှုန်းထက် ဇာတ်ကားပေါင်း ၇၀၀ ကျော်ခန့် ပိုလွန်လျက်ရှိနေသည်။ မြန်မာဗီဒီယိုဈေးကွက်အတွင်းဖြစ်ပေါ်နေသည့် ဇာတ်ကားအလွန်အကျွံထွက်ရှိနေမှုမှာ ကြည့်ရှုသူဈေးကွက်လိုအပ်ချက်ထက် ပိုလွန်သည့်ကားရိုက်ကူးမှုများရှိနေခြင်းကို ညွှန်ပြလျက်ရှိသည်။

မြန်မာဗီဒီယိုဇာတ်ကားဈေးကွက် လျော့နည်းကျဆင်းရသည့်အကြောင်းအရင်းများထဲတွင် ဗီဒီယိုဇာတ်ကားရိုက်ကူးထုတ်လုပ်မှုများခြင်းသည်လည်း အပါအဝင်ဖြစ်ကြောင်း၊ လက်ရှိဈေးကွက်အတွင်းရှိ ထုတ်လုပ်သူအများစုမှာ သူ့ထက်ငါ ဇာတ်ကားအရေအတွက် ပိုမိုထုတ်လုပ်နိုင်ရေးကိုသာ ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဇာတ်ကား၏ အနုပညာအရည်အသွေးပိုင်းကို ထိန်းသိမ်းနိုင်မှုအားနည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ဗီဒီယိုရိုက်ကူးထုတ်လုပ်ခြင်းလုပ်ငန်းကို စီးပွားရေးအရ လုပ်ကိုင်နေသူများရှိသကဲ့သို့ အနုပညာကို ချစ်မြတ်နိုး၍ လုပ်ကိုင်နေသူများလည်းရှိကြောင်း၊ အနုပညာအပေါ် တန်ဖိုးထားလုပ်ကိုင်ဆောင်ရွက်ခြင်းကိုလိုက်၍ အရည်အသွေးရှိသည့်ဇာတ်ကားနှင့် အရည်အသွေးမရှိသည့်ဇာတ်ကားဟူ၍ ကွဲပြားသွားကြောင်း၊ နောက်ဆုံးတွင် ကြည့်ရှုသူပရိသတ်ကပင် ဖန်တီးထားသည့်အနုပညာကို အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း၊ ဗီဒီယိုဇာတ်ကားများကို အပြိုင်အဆိုင်ရိုက်ကူးထုတ်လုပ်နေခြင်းထက် ဈေးကွက်လိုအပ်ချက်ရှိသည့်ပမာဏခန့်ကိုသာ အနုပညာအရည်အသွေးပြည့်ပြည့်ဝဝဖြင့် ရိုက်ကူးတင်ဆက်မည်ဆိုပါက လက်ရှိဖြစ်ပေါ်နေသည့် ဗီဒီယိုဇာတ်ကားဈေးကွက်ကျဆင်းမှုပြဿနာမှာ ပြန်လည်မြင့်တက်ကောင်းမွန်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ပြောကြားသည်။

မြန်မာဗီဒီယိုဇာတ်ကားဈေးကွက်အတွင်း၌လည်း ဈေးကွက်ကတောင်းဆိုသည့် မင်းသား၊ မင်းသမီး၊ ဇာတ်ညွှန်း၊ ဒါရိုက်တာများဖြင့် ဈေးကွက်အကြိုက်

www.foreverspace.com.mm

ဇာတ်ကားများကို ထုတ်လုပ်နေသော ဈေးကွက်နောက်လိုက်ထုတ်ဝေသူများ များပြားလာပြီး ဈေးကွက်ကိုဂရုမစိုက်ဘဲ ပြသင့်ပြထိုက်သည့် အနုပညာပိုင်းကို ကြိုးစားရိုက်ကူးပြီး ပရိသတ်ရှေ့ချပြရဲသည့် ထုတ်ဝေသူက နည်းပါးလာသည်ကိုတွေ့ရကြောင်း၊ ယခုအတိုင်း ဈေးကွက်အကြိုက် ရိုက်ကူးထုတ်လုပ်နေမည်ဆိုပါက ကျဆင်းနေသည့် မြန်မာဗီဒီယိုဈေးကွက်အခြေအနေမှာ ပိုမိုဆိုးဝါးလာနိုင်ကြောင်း၊ ယခုအချိန်သည် မြန်မာဗီဒီယိုလောကရှင်သန်တိုးတက်စေရန်အတွက် ထုတ်ဝေသူများ၊ ဒါရိုက်တာများ၊ အနုပညာရှင်များအနေဖြင့် လုံလောက်သောရင်းနှီးမတည်မှု၊ လုံလောက်သောရိုက်ကူးရက်အချိန်ကာလများ သတ်မှတ်၍ ပရိသတ်မျှော်လင့်တောင့်တနေသည့် အမှန်တကယ် အနုပညာအရည်အသွေးပြည့်ဝသော ဇာတ်ကားကောင်းများ ရိုက်ကူးတင်ဆက်ရမည့်အချိန်အခါကို ရောက်နေပြီဖြစ်ကြောင်း ရသမြောက်သည့် ဇာတ်ကားများကိုသာ ရိုက်ကူးလိုသည့် ဝါရင့်ဒါရိုက်တာတစ်ဦးကဆိုသည်။

မြန်မာဗီဒီယိုကြည့်ပရိသတ်အများစုသည် ယခင်က နာမည်ကျော်သရုပ်ဆောင်များပါဝင်သောဇာတ်ကားဖြစ်လျှင် ဇာတ်လမ်းကောင်း၊ မကောင်း မရွေးဘဲ ကြည့်ရှုအားပေးခဲ့သော်လည်း ယခုအခါ နာမည်ကြီးမင်းသား၊ မင်းသမီးထက် ဇာတ်ကားကောင်းများကိုသာ ပိုမိုရွေးချယ်ကြည့်ရှုလာကြောင်း၊ တိုးတက်လာသောခေတ်စနစ်၏ ပြောင်းလဲမှုကြောင့် မြန်မာပရိသတ်များ၏ ဇာတ်ကားအပေါ် အကဲဖြတ်နိုင်စွမ်းမှာလည်း ယခင်ကထက်များစွာတိုးတက်မြင့်မားလာပြီး ဇာတ်လမ်းကျောရိုးပေါ်အောင်မရိုက်ဘဲ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ရုံ ရိုက်ကူးထားသည့် သာမန်ဇာတ်လမ်းများကိုကြည့်လိုစိတ်နည်းလာကြောင်း၊ နောက်ပိုင်းတွင်



www.foreverspace.com.mm



မြန်မာဗီဒီယိုကြည့်ပရိသတ်များသည် အနုပညာပြည့်ဝသည့် ရသပီပြင်သောဇာတ်ကားကောင်းများကိုသာ ငွေပေး၍ အချိန်ကုန်ခံကြည့်ရှုတော့မည့် အနေအထားရှိကြောင်း ဗီဒီယိုဝါသနာရှင် အသက် ၃၀ ဝန်းကျင်အမျိုးသမီးတစ်ဦးက ဆိုသည်။

လက်ရှိမြန်မာဗီဒီယိုဈေးကွက် အနေအထားမှာ ငွေကြေးအင်အားစိုက်ထုတ်၍ ဒီဗီဒီလိုင်းဘက်သို့ကူးပြောင်းရန် ပြင်ဆင်လျက်ရှိပြီး RC ကြေးမဲ့ ပရီစနစ်ကို ဦးတည် လျက်ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းကာလတွင် ဒီဗီဒီအနေဖြင့် ရိုက်ကူးပြသပြီး ပရီစနစ်ဖြင့် ဖြန့်ချိမည့်အနေအထားရှိလာနိုင်ကြောင်း၊ အဆိုပါ ၂၀၁၀ ပြည့်နှစ်တွင် ပေါ်ပေါက်လာမည့် ဒေသအသီးသီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဥပဒေအပေါ်လိုက်၍ လက်ရှိဗီဒီယိုဖြန့်ချိရေးဈေးကွက်ပြောင်းလဲလုပ်ကိုင်မည့် အခြေအနေရှိကြောင်း၊ သို့သော်လည်း မည်သည့်စနစ်ကို ပြောင်းလဲလုပ်ကိုင်စေကာမူ အရည်အသွေးကောင်းဇာတ်ကားများ ဖန်တီးနိုင်မှသာ ဗီဒီယိုလောက ရေရှည်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ၃၅ လမ်းရှိ ဗီဒီယိုရိုက်ကူးထုတ်လုပ်သူတစ်ဦးက ဆိုသည်။

မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်ဈေးကွက်ကို ဦးတည်လုပ်ကိုင်စေကာမူ အနုပညာသည်သာ အခရာကျပါသည်။ မြန်မာဗီဒီယိုဇာတ်ကားဈေးကွက်ပြန်လည်ထူမတ်လာရန်အတွက် များစွာအရေးကြီးသည့်အချက်မှာ အနုပညာဖန်တီးနိုင်မှုအရည်အသွေးပင်ဖြစ်သည်။ ရုပ်ရှင်နှင့်ဗီဒီယိုအနုပညာမည်သည် သဏ္ဍာန်လုပ်သရုပ်တူဆိုသည့် စကားကဲ့သို့ မျက်မှောက်ကာလတွင် လက်တွေ့ဖြစ်ပျက်နေသော လူမှုဘဝပုံရိပ်များကို သဘာဝကျကျ ထင်ဟပ်ရိုက်ကူးပြသနိုင်ရမည်ဖြစ်သည်။ ရုပ်ရှင်၊ ဗီဒီယိုကြည့်သည့်အခါတိုင်း ဇာတ်လမ်းပြီးဆုံးသည့်တိုင်အောင် ရည်ညွှန်းလိုသော ရသမရောက်ဘဲ ရသပျောက်သောဇာတ်လမ်းအဖြစ်သာ ခံစားမြင်တွေ့နေရဦးမည်ဆိုလျှင် အနုပညာအရည်အသွေးလိုအပ်ချက်ရှိနေသေးသည်ဟုသာ ဆိုရမည် ဖြစ်သည်။

အနုပညာဂုဏ်မြောက်၍ ပရိသတ်လက်ခံသည့်ရသမြောက်ဇာတ်ကားကောင်းများထွက်ပေါ်လာပြီး မြန်မာဗီဒီယိုလောကတိုးတက်ရှင်သန်ရန်အတွက်ဆိုလျှင် လိုအပ်သည့်တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းထောက်ပံ့ပေးနိုင်သည့် နောက်ခံကောင်းများ လိုအပ်သည့်အပြင် အနုပညာလောကသားများကိုယ်တိုင် တစ်ဦးချင်းစီ ကျရာအခန်းကဏ္ဍမှ အနုပညာမြတ်နိုးစိတ်နှင့်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားကြရန်လည်း လိုပါသည်။ ဗီဒီယိုဈေးကွက်တစ်ခုတည်းအတွက်သာမကပါ။ မည်သည့်ကိစ္စရပ် အခက်အခဲ၌မဆို ပြိုင်တူတွန်းလှန်ရွေ့နိုင်ပါသည်။

## အားလုံးမပါသေးလျှင် ကိုယ်ကစရမည်

အခက်အခဲနှင့် အခြေအနေအကြောင်းပေါင်းများစွာကြောင့် မြန်မာ့ဗီဒီယိုအဆင့်အတန်း တိုးတက်မလာသေးခြင်းဖြစ်ကြောင်း ဗီဒီယိုလောကသားအများစုက ဆိုနေကြသော်လည်း မိမိတို့၏ အနုပညာအရည်အသွေးမြှင့်တင်ရန် လိုအပ်ချက်ရှိနေသေးသည်ကိုမူ ပွင့်လင်းစွာ ဝန်ခံကြသူမရှိသေးဟု သတင်းစာဆရာတစ်ဦးကသုံးသပ်သည်။

ချစ်၊ ကြိုက်၊ ကွဲညားနှင့် ခပ်ပေါပေါ၊ ခပ်ချာချာ ကလိထိုးဟာသကားများသာ အထွက်များ၊ အရိုက်များနေသော မြန်မာ့ရုပ်ရှင်လောကနှင့် ဗီဒီယိုလောကမှာ စင်စစ်အားဖြင့် ခေါင်းနှင့်ပန်းကဲ့သို့ ဖြစ်နေပါသည်။ သရုပ်ဆောင်၊ မော်ဒယ်လ်လုပ်သူကိုပင် အနုပညာရှင်ဟု ထင်မှတ်မှားနေကြသေးသည်က 'အနုပညာ၊ အနုပညာရှင်' ဆိုသော မြန်မာဝေါဟာရကျယ်ပြောလေးနက်မှုကို ပေါ့တန်စေပါသည်။

ရုပ်ရှင်ကားတစ်ကား၊ ဗီဒီယိုဇာတ်လမ်းတစ်ခု အနုပညာဂုဏ်မြောက်စေရန်၊ သရုပ်ဆောင်အတတ်ပညာ၊ ဒါရိုက်တာအရည်အသွေး၊ ဇာတ်ညွှန်းအဆင့်အတန်း၊ တေးဂီတပညာ၊ မီးအလင်းအမှောင်ပေးသည့်ပညာရှင်၊ ရိုက်ကွင်းစီစဉ်သူ၊ ရုပ်ရှင်ရုပ်ပြင်မိတ်ကပ်ပညာရှင်၊ မိတ်ကပ်၊ အဝတ်အစားရွေးချယ်မှု၊ ဇာတ်လမ်းနှင့် အံဝင်ခွင်ကျသော၊ လိုက်ဖက်ညီသော ဆင်ယင်ထုံးဖွဲ့မှု၊ စကားပြောလေယူလေသိမ်းမှုစကာဇာတ်လမ်း၊ ဇာတ်ကားတစ်ခုပြီးစီးသည်အထိ အဘက်ဘက်က ပါဝင်ကူညီဆောင်ရွက်သူအားလုံး၊ ပံ့ပိုးပစ္စည်းအားလုံး၏ သဘာဝကျမှုနှင့် ပရော်ဖက်ရှင်နယ်ပီသမှုတို့ အချိုးညီတွဲစပ်နိုင်ဖို့လိုပါသည်။

ငွေကြေးကြောင့်၊ ဈေးကွက်တောင်းဆိုမှုကြောင့်၊ ဆင်ဆာကြောင့်ဟူသော အကြောင်းပြချက်များစွာဖြင့် ပြီးလွယ်စီးလွယ်၊ ငွေဖြစ်လွယ်ဇာတ်ကားများရိုက်နေကြသူများအနေဖြင့် အိမ်တစ်အိမ်တည်းတွင် သရုပ်ဆောင်သုံးလေးဦးဖြင့် ကမ္ဘာကျော်သွားအောင်ရိုက်ကူးထားသည့် နိုင်ငံခြားဇာတ်ကားများကို နမူနာယူကြည့်ရှုလေ့လာသင့်ကြပေသည်။

အဓိကအရေးကြီးသည်မှာ အနုပညာဂုဏ်မြောက်သော တင်ဆက်မှုဖြင့် ပရိသတ်၏ရင်ထဲကို ပြောချင်၊ ပြချင်၊ ပေးချင်သည့် Message တစ်ခုခုရောက်အောင် ထည့်ပေးနိုင်ရေးပင်ဖြစ်သည်။ ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းအပေါ် တာဝန်တစ်ခုခု ထမ်းဆောင်ချင်သူများ 'စေတနာ' တစ်ရပ် ထည့်သွင်းရေးခြင်းပင်ဖြစ်သည်။ အမှန်တကယ် စေတနာပါ၍ အမှန်တကယ် 'ပေး' ပါက ပရိသတ်၏တုံ့ပြန်မှု မလွဲမသွေရနိုင်ပါသည်။ သို့မဟုတ်ပါဘဲ အကြောင်းပြချက်များစွာကို လက်ညှိုးထိုးနေသမျှ မြန်မာဗီဒီယိုလောက တိုးတက်ရန်မဖြစ်နိုင်ပေ။ အားလုံးမစနိုင်သည့်တိုင်အောင် မိမိတစ်ယောက်တည်းက စမှရပေမည်။ နှမ်းစေ့ကလေးများစုဝေးလာလျှင် ဆီဖြစ်လာနိုင်သည် မဟုတ်ပါလော။

**ကြူကြူသင်း(မိုးမြေ)၊ မိုးနိုင်**

■

www.foreverspace.com.mm



# သရုပ်ဆောင်သင်တန်းများဖွံ့ဖြိုးလာမှုနှင့် မြန်မာ့ရုပ်ရှင်ဈေးကွက်လားရာ

ကျော်ဆန်းမင်း

**မြန်မာမီဒီယာလုပ်ငန်းနယ်ပယ်တွင် ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးခြင်းအပြင် တေးသီချင်းသရုပ်ဖော်ဇာတ်လမ်းများနှင့် ဒီဗီဒီဇာတ်ကားများရိုက်ကူးမှုတွင်ကျယ်လာခြင်း၊ အစီအစဉ်တင်ဆက်မှုလုပ်ငန်းများ စန်းပွင့်လာခြင်း စသည်ဖြင့် သရုပ်ဆောင် ဆက်နွှယ်ဈေးကွက် ဖွံ့ဖြိုးလာမှုကြောင့် မျက်နှာသစ်သရုပ်ဆောင်လိုအပ်ချက် မြင့်မားလာပြီး သရုပ်ဆောင်ဖြစ်နိုင်သည့် အခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းရာမှ ထိုအခြေအနေအရ သရုပ်ဆောင်နယ်ပယ်သို့ဝင်ရောက်လိုသူများပြားလာမှုနှင့်အတူ ဈေးကွက်လိုအပ်ချက်ကြောင့် သရုပ်ဆောင်ဖြစ်သင်တန်းများလည်း လိုက်ပါဖွံ့ဖြိုးလာကြသည်။**

## အတိတ်ပုံရိပ်

မြန်မာနိုင်ငံ သူ့ကျွန်ဘဝသို့ ရောက်ဦးစကာလ ၁၈၈၆ ခုနှစ်တွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဥရောပနိုင်ငံများတွင် ရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်ခြင်းနှင့် ရုံတင်ပြသခြင်းများ ခေတ်စားနေပြီဖြစ်သည်။ ယင်းအပြင် ရုပ်ရှင်ကားများဝယ်ယူကာ ကမ္ဘာလှည့်ရွှေ့လျားရုပ်ရှင်ပြသမှုများ ခေတ်စားနေပြီဖြစ်ပြီး မြန်မာနိုင်ငံသို့ ၁၉၀၁ မှ ၁၉၀၆ ခုနှစ်ဝန်းကျင်တွင်ရောက်ရှိလာကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြုစုသည့် မြန်မာ့ရုပ်ရှင်သမိုင်းစာအုပ်တွင်



www.foreverspace.com.mm

ပါရှိသည်။

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် ၁၉၁၉ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံတွင် သတင်းမှတ်တမ်းရိုက်ကူးမှုကို ဦးအုံးမောင်နှင့် ဦးမောင်မောင်တို့က စတင်ရိုက်ကူးနေပြီဖြစ်ပြီး တစ်နှစ်နီးပါး ရိုက်ကူးခဲ့ရသည့် ပထမဆုံး မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်သော 'မေတ္တာနှင့်အသူရာ' အသံတိတ်ဇာတ်လမ်းကို ၁၉၂၀ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင်ရုံတင်ပြသနိုင်ခဲ့သည်။

မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံး အသံထွက်ရုပ်ရှင်ဇာတ်ကားမှာ 'ရွှေအိမ်သည်' နှင့် 'ဗေဒါ' အမည်ရှိ ဇာတ်လမ်းတိုများဖြစ်ပြီး ၁၉၃၂ ဧပြီလကုန်တွင် ရုံတင်ပြသခဲ့သည်။

၁၉၃၂ ခုနှစ်မေလကုန်တွင် အိန္ဒိယသို့ သွားရောက်ရိုက်ကူးခဲ့သည့် 'ငွေပေးလို့မရ' အမည်ရှိ ပထမဆုံး အသံထွက်မြန်မာဇာတ်လမ်းရှည်ကိုရုံတင်ပြသနိုင်ခဲ့ရာ ဒုတိယကမ္ဘာစစ်မီးကူးစက်လာသည့် ၁၉၄၁ ခုနှစ်အထိ ဆယ်နှစ်အတွင်း အသံထွက်ရုပ်ရှင်ဇာတ်ကား တစ်နှစ်လျှင် ပျမ်းမျှ လေးကားနှုန်း ရိုက်ကူးပြသနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသည့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင်မူ ရန်ကုန်မြို့တွင်းရှိ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားရာမှ ရုပ်ရှင်ရိုက်ကူးရေးနှင့် ပြသရေးလုပ်ငန်းများ ရပ်ဆိုင်းသွားကာ ရုပ်ရှင်လုပ်သားများလည်း သင့်တော်ရာပြောင်းလဲလုပ်ကိုင်ကြပြီး အချို့မှာ စင်တင်ပြဇာတ်ကိုတီထွင်ကာ နယ်လှည့်ကပြကြရသည်။

ဒုတိယကမ္ဘာစစ်မီး ငြိမ်းအေးသွားသည့် ၁၉၄၆ ခုနှစ်ရောက်မှ မြန်မာ့ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လှုပ်ရှားသက်ဝင်လာပြီး အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာရာမှ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် တစ်နှစ်ဝန်းကျင်ခန့် ယာယီရပ်ဆိုင်းသွားခဲ့သည်။ ယင်းမှ ၁၉၈၉ ခုနှစ်တွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာသည်မှာ ယနေ့တိုင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်လုပ်ငန်းများပိုမိုဖွံ့ဖြိုးလာပြီး ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင် ဒါရိုက်တာခင်ဇော် ရိုက်ကူးသည့် 'မမုန်းကြေးမမေ့ကြေး' ဗီဒီယိုဇာတ်လမ်းထွက်ရှိရာမှ မြန်မာဗီဒီယိုရွှေခေတ် ဖြစ်လာခဲ့သည်။

ယင်းသို့ပင် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် MTV (သီချင်းသရုပ်ဖော်ဇာတ်လမ်း)များခေတ်စားလာရာမှ ယခုအခါ ကာရာအိုကေတေးသီချင်းသရုပ်ဖော်ဇာတ်လမ်းများ ရိုက်ကူးမှု တွင်ကျယ်နေပြီဖြစ်သည်။

## လုပ်ငန်းခွင်လိုအပ်ချက်

ယင်းသို့ ရုပ်ရှင်၊ ဗီဒီယို၊ တေးသီချင်းသရုပ်ဖော်ဇာတ်လမ်းများ ရိုက်ကူးမှုမြင့်မားလာသကဲ့သို့ပင် တစ်ဖက်၌လည်း ၁၉၄၆ ခုနှစ်ကအစပျိုးခဲ့သည့် 'ဗမာ့အသံ'ဟူသော ရေဒီယိုအသံလွှင့်လုပ်ငန်းမှသည် ယနေ့တွင် အခမဲ့၊ အခပေးသတင်းနှင့် ရုပ်သံလိုင်းများအထိ ဖွံ့ဖြိုးလာခဲ့ရာ အစီအစဉ်တင်ဆက်သူအဖြစ်လည်းကောင်း၊ သရုပ်ဆောင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရမည့်သူ အများအပြား လိုအပ်လာသည်။

"မြန်မာ့ရုပ်ရှင်လောကမှာက အရည်အချင်းပြည့်တဲ့သရုပ်ဆောင်တွေအများကြီး လိုအပ်နေတယ်။ ငွေကြေးအကျိုးအမြတ်နည်းပါးတဲ့အတွက် အမြတ်ကျန်ဖို့ အချိန်ချုံ့ရိုက်ရတဲ့ အခုလိုအနေအထားမျိုးမှာ အသေးစိတ်ပြဖို့မလိုတဲ့သရုပ်ဆောင်တွေ ပိုလိုအပ်တယ်။ ဒါပေမဲ့ ကျွမ်းကျင်တဲ့သရုပ်ဆောင်ကနည်းတော့ ရှိတဲ့သရုပ်ဆောင်တွေနဲ့ပဲ ရိုက်နေရတော့ သရုပ်ဆောင်တွေ ထပ်ထပ်နေတာ" ဟု ဒါရိုက်တာ မောင်အောင် (ရှုပ) က ပြောကြားသည်။

ယင်းသို့ ရုပ်ရှင်လောကတွင် ကျွမ်းကျင်သရုပ်ဆောင်ရှားပါးသကဲ့သို့ အစီအစဉ်တင်ဆက်သူကောင်းတစ်ယောက်ဖြစ်ရန်မှာလည်း ရုပါရုံ၊ သဒ္ဒါရုံတို့ အချိုးကျဟန်ချက်ညီစွာတင်ဆက်နိုင်ရေးက အဓိကကျလှသည်။ ယင်းသို့လုပ်ဆောင်နိုင်မှသာ နာမည်ကျော်အစီအစဉ်တင်ဆက်သူအဖြစ် ရပ်တည်နိုင်ကြပြီး အစီအစဉ်တင်ဆက်သူကောင်းတစ်ယောက်ဖြစ်ရန်မှာလည်း သရုပ်ဆောင်ပညာတတ်မြောက်မှုက အရေးပါလာသည်။

ယင်းကြောင့် သရုပ်ဆောင်ပညာတတ်မြောက်ထားပါက ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် သို့မဟုတ် အစီအစဉ်တင်ဆက်သူအဖြစ် သက်မွေးဝမ်းကျောင်းပြုနိုင်ပေရာ နေရာလပ်များစွာရှိနေပြီး အခွင့်အလမ်းကောင်းများစွာရယူနိုင်ရေးအတွက်



www.foreverspace.com.mm

ဘဝတက်လမ်း ရွေးချယ်စရာရှားပါးနေသော လူငယ်များအကြား သရုပ်ဆောင်ပညာသင်ကြားရေးမှာ ရေပန်းစားလာသည်။

"ကျွန်တော်က ဒီဂျေတစ်ယောက်ပါ။ သရုပ်ဆောင်ပိုင်းစိတ်ဝင်စားလို့ ဒီသင်တန်းလာတက်တာပါ။ ဒီသင်တန်းပြီးရင် အစီအစဉ်တင်ဆက်သူအဖြစ်ပါ ရပ်တည်မယ်လို့ စဉ်းစားတယ်။ ဒီသင်တန်းမှာ လေ့ကျင့်ရတဲ့ လျှာလေ့ကျင့်ခန်းက အသံနေအသံထားပိုကောင်းလာသလို မျက်လုံးလေ့ကျင့်ခန်းကြောင့် မျက်နှာအမူအရာ၊ ကိုယ်ဟန်အမူအရာ ပိုကောင်းလာတယ်" ဟု ရန်ကုန်မြို့ စကားဝါသရုပ်ဆောင်သင်တန်းတွင် သရုပ်ဆောင်သင်တန်းတက်နေသော ဒီဂျေမြတ်တိုးက ပြောကြားသည်။

## သရုပ်ဆောင်သင်တန်းများ

လူငယ်များအကြား ဘဝတက်လမ်းရှာဖွေရန် သရုပ်ဆောင်ပညာသင်ကြားရေးရေပန်းစားမှုမြင့်မားလာသည်နှင့်အမျှ သရုပ်ဆောင်သင်တန်းများလည်း ၂၀၀၉ နှစ်ဆန်းပိုင်းမှစ၍ တစ်စတစ်စ စတင်ဖွင့်လှစ်လာကြသည်။

မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကိုလေ့လာကြည့်လျှင် မြန်မာ့ရုပ်ရှင် စတင်ခဲ့သည့် ၁၉၂၀ မှ ၁၉၅၆ ကာလများမတိုင်ခင်က သရုပ်ဆောင်သင်တန်းဟူ၍ပေါ်ပေါက်ခဲ့ဖူးခြင်းမရှိဘဲ ၁၉၅၆ ခုနှစ်နောက်ပိုင်းရောက်မှသာလျှင် ရွှေမဝရုပ်ရှင်မှ ရွှေမဝဦးကျော်က မျက်နှာသစ်များပွဲထုတ်ရန် အခမဲ့သင်ပြသော သင်တန်းသာပေါ်ပေါက်ခဲ့ပြီး ရွှေမဝဦးကျော်ကွယ်လွန်သည့် ၁၉၇၃ ခုနှစ်နောက်ပိုင်း လေးနှစ်ခန့်အကြာတွင် ယင်းသင်တန်းလည်း ကွယ်ပျောက်သွားခဲ့သည်။

"အစကတော့ သင်တန်းရယ်လို့ သီးသီးသန့်သန့် မဟုတ်သေးပါဘူး။ ကုမ္ပဏီသင်သဘောလောက်ပဲ။ ၁၉၆၈ လောက်ရောက်တော့ 'စေလိုရာစေ' ဆိုတဲ့ကားအတွက် ဇော်ဝမ်းတို့ကိုသင်မှ သင်တန်းပုံစံဖြစ်လာတာ။ သင်တန်းက ရွှေမဝမဂ္ဂဇင်းပုံနှိပ်တိုက်မှာပဲ ပုံနှိပ်လုပ်ငန်းသိမ်းချိန် ညနေလေးနာရီကနေ ညကိုးနာရီလောက်အထိ ပုံနှိပ်စက်ဘေးက ၁၂ ပေ၊ ပေ ၂၀ အခန်းထဲမှာသင်ကြတာ ၁၅ ယောက် အယောက် ၂၀ အများဆုံးပဲ။ အဲဒီသင်တန်းကနေ နာမည်ကြီးတော်တော်များများ မွေးထုတ်နိုင်ခဲ့တယ်" ဟု ရွှေမဝသင်တန်းကျောင်းထွက် ဇာတ်ညွှန်းရေးဆရာ ရွှေတင်မန်နေဂျာ ရွှေမဝဦးနေဝင်းက ရှင်းပြသည်။

ရွှေမဝသင်တန်းရပ်ဆိုင်းပြီးနောက်ပိုင်းတွင် သရုပ်ဆောင်သင်တန်းများ ထပ်မံပေါ်ပေါက်ခြင်းမရှိဘဲ ၁၉၈၂ ခုနှစ်ဝန်းကျင်ရောက်မှသာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သရုပ်ဆောင် သုံးလသင်တန်းများ ကြိုကြားဖွင့်လှစ်လာခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ယဉ်ကျေးမှုတက္ကသိုလ်



www.foreverspace.com.mm

[ယခု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)] ၌ သရုပ်ဆောင်ဘွဲ့ သင်တန်း စတင်ဖွင့်လှစ်ခဲ့သည်။

ပထမဆုံးပုဂ္ဂလိက သရုပ်ဆောင်သင်တန်းများမှာ ၂၀၀၈ ခုနှစ်ကုန်ပိုင်းရောက်မှ Studio 35 နှင့် စကားဝါခန်းမတွင် ရှေ့ဆင့်နောက်ဆင့် ဖွင့်လှစ်ခဲ့ကြသည်။ ယင်းသင်တန်းများတွင် တက်ရောက်လိုသူများပြားမှုကြောင့် ၂၀၀၉ ခုနှစ် နှစ်လယ်ပိုင်းတွင် စကားဝါခန်းမ၌ သရုပ်ဆောင်သင်တန်းများ ပုံမှန်ဖွင့်လာသကဲ့သို့ 'အော်စကာ' အမည်ရှိ သရုပ်ဆောင်သင်တန်းတစ်ခုပါ ထပ်မံဖွင့်လှစ်လာကြောင်း တွေ့ရသည်။

"သရုပ်ဆောင်သင်တန်းတွေဖွင့်လာတာကောင်းပါတယ်။ ကျွန်တော်တို့တုန်းက ဒီလိုသင်တန်းတွေမရှိဘူး။ ရုပ်ရှင်ပညာသင်ချင်ရင် ရုပ်ရှင်ခြံတွေမှာ ထမင်းစားကျွန်ခံသွားနေရတာ။ အောက်ခြေသိမ်းအကုန်လုပ်ရတာ။ အဲဒီလိုနှစ်နဲ့ချီဒုက္ခခံပြီးမှ ဒီပညာတွေရတာ။ အခုသင်တန်းတွေပေါ်လာတော့ ကလေးတွေအတွက် အများကြီးကောင်းသွားတာပေါ့" ဟု သရုပ်ဆောင် ဒါရိုက်တာ ဟိန်းစိုးက သုံးသပ်ပြသည်။

## မြန်မာ့ရုပ်ရှင်ဈေးကွက်

နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယဉ်ကျေးမှုအနုပညာလုပ်ငန်းများလည်း သီးခြားတည်ရှိမနေဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်နွယ်လာရာမှ အနုပညာလုပ်ငန်းများမှာ ပြည်တွင်းဈေးကွက်မှသည် ကမ္ဘာလုံးချီဈေးကွက်ဖြစ်လာသည်။ ယင်းကြောင့် ပြည်တွင်းအနုပညာလုပ်ငန်းများ ရှင်သန်ရပ်တည်ရေးအတွက် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်လာရသည်။

ယနေ့ပြည်တွင်းရုပ်ရှင်၊ ဗီဒီယိုဈေးကွက်တွင် ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်နှင့် အမေရိကန်ရုပ်ရှင်များ လွှမ်းမိုးမှုပြင်းထန်လာရာ ဇာတ်လမ်း၊ ဇာတ်လှည့်၊ ဇာတ်အိမ်၊ ဇာတ်ကွက်နှင့် သရုပ်ဆောင်ချက်များတွင် အားနည်းချက်များရှိနေသည့် ပြည်တွင်းဇာတ်လမ်းများမှာ တဖြည်းဖြည်း ဈေးကွက်ကျုံ့မှုနှင့် စတင်ကြုံတွေ့နေရပြီ



ဖြစ်သည်။

"အခုပြည်တွင်းဈေးကွက်မှာက ကုန်ကျစရိတ်ပြန်ရဖို့တောင် ခက်ခဲလာတဲ့အနေအထားဆိုတော့ ဇာတ်ကို စိမ်မရိုက်နိုင်ဘူး။ တတ်နိုင်သမျှ အချိန်ချုံ့ရိုက်ရတယ်။ ဒါမှပဲ ရေရှည်လုပ်နိုင်မှာလေ။ ဘယ်သူမှကြာရှည်အိတ်မစိုက်နိုင်ဘူး။ ဒီတော့ တဖြည်းဖြည်း အဖြစ်သဘောဆန်လာတယ်။ အရည်အသွေးကျလာတယ်။ ပရိသတ်အားပေးမှုကျလာတယ်။ ဈေးကွက်က တစ်နေ့ထက်တစ်နေ့ လုပ်ရကိုင်ရကျပ်လာတယ်" ဟု အမည်မဖော်လိုသူ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူတစ်ဦးက ရှင်းပြသည်။

ငွေကြေးအကျိုးအမြတ်ရရှိမှု နည်း၍ ရုပ်ရှင်ကားကြီးထွက်ရှိမှု တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာရုံမက ကားသေး (ဗီဒီယို) ထွက်ရှိမှုပါ ကျဆင်းလျက်ရှိကြောင်း တွေ့ရသည်။

## ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ

မြန်မာ့ရုပ်ရှင်လောက ပြန်လည်ဖွံ့ဖြိုးရေးမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဖွံ့ဖြိုးရေးလိုအပ်သကဲ့သို့ အတတ်ပညာရှင်များပေါ်ထွက်ရေးမှာလည်း အရေးကြီးသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။

သရုပ်ဆောင်ရှားပါးမှုကြောင့် ရှိသည့် သရုပ်ဆောင်များဖြင့်သာ လှည့်ပတ်ရိုက်ကူးနေခြင်းကလည်း ဇာတ်ကား၏ ရသပေးနိုင်မှုကို လျော့နည်းသွားစေသဖြင့် ယင်းမှာ ပရိသတ်၏စိတ်ဝင်စားမှု လျော့ကျစေသောအချက်တစ်ချက်ဖြစ်လာသည်။ ယင်းကြောင့် သရုပ်ဆောင်သစ်များ ပိုမိုပေါ်ပေါက်လာရေးမှာ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးရေးနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်။

"ကျွန်တော် ရုပ်ရှင်အစည်းအရုံးမှာရော ဦးတင်ဦးသင်တန်းမှာရော၊ ဦးကျော်နှစ်တစ်ရာပြည့်မှာရော၊ အခု စကားဝါမှာပါ သင်ခဲ့ရတော့ ဘာတွေသင်ရမယ်၊ ဘယ်လိုသင်ရမယ်ဆိုတာ ကောင်းကောင်းသိနေပြီ။ ကျွန်တော်ကြည့်လိုက်လို့ တွန်းတင်လို့ရမယ့် အနေအထားမျိုးလေးတွေတွေ့ရင် သူတို့နဲ့သင့်တော်တဲ့ဇာတ်တွေမှာ ထည့်သုံးပါတယ်။ အခုလည်း လေးငါးယောက် ခေါ်သုံးပြီးသွားပါပြီ။ သရုပ်ဆောင်သင်တန်းတစ်ခုမှာ သရုပ်ဆောင်ကောင်းတစ်ယောက်



www.foreverspace.com.mm

ထွက်ဖို့ မလွယ်ပါဘူး။ လူတစ်ရာမှာ တစ်ယောက်ထွက်ဖို့ မလွယ်ပါဘူး။ ဒီသင်တန်းတွေ များများပေါ်ဖို့လိုပါတယ်။ ဒီလိုပေါ်လာရင် သရုပ်ဆောင်ဖြစ်ချင်သူတွေအတွက်ရော ရုပ်ရှင်လောကအတွက်ပါ အများကြီးကောင်းသွားမယ်"ဟု ဒါရိုက်တာစိုးဟိန်းက ဆိုသည်။

ယခင်က သရုပ်ဆောင်ဖြစ်လိုသူများအနေဖြင့် ငွေကြေးတတ်နိုင်ရုံသာမက မှန်မှန်ကန်ကန် မြေတောင်မြှောက်ပေးမည့်သူနှင့်တွေ့မှသာ သရုပ်ဆောင်ဖြစ်ခွင့်ရကြ၍ သရုပ်ဆောင်ကောင်းတစ်ယောက်ပေါ်ပေါက်ရန် ခက်ခဲလှသည်။ ယခုသရုပ်ဆောင်သင်တန်းများ ဖွင့်လှစ်လာမှု၏ အားသာချက်မှာ အရည်အချင်းရှိပါက ငွေကြေးတတ်နိုင်သူရော မတတ်နိုင်သူများပါ သရုပ်ဆောင်ဖြစ်ခွင့်အလားအလာကောင်းများရှိခြင်း၊ သင်တန်းကာလအတွင်း၌ပင် ဇာတ်လမ်းများ၌ ပါဝင်သရုပ်ဆောင်ခွင့်ရခြင်း၊ သရုပ်ဆောင်ပညာကို ကာလတိုအတွင်း စနစ်တကျနားလည်တတ်မြောက်လာခြင်း စသော အကျိုးကျေးဇူးများ ရနိုင်သည်။ ယင်းသို့ပင် သရုပ်ဆောင်ပညာ စနစ်တကျတတ်မြောက်သည့် သရုပ်ဆောင်များ ပိုမိုပေါ်ပေါက်လာခြင်းမှာ မြန်မာ့ရုပ်ရှင်လောကတိုးတက်ရေးအတွက် အရေးပါသည့်အချက်ဖြစ်ပေရာ သရုပ်ဆောင်သင်တန်းများပေါ်ပေါက်လာရေးမှာ ရုပ်ရှင်လောက ပြန်လည်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက် ဖြစ်နေသည်။

## သင်တန်းနှင့်သင်ရိုး

သရုပ်ဆောင်သင်တန်းများ ပြန်လည်ဖွံ့ဖြိုးလာသည့်ကာလတိုတောင်း၍ လိုအပ်ချက်များရှိသေးသော်လည်း ယင်းမတိုင်ခင်က ကြိုကြားဖွင့်လှစ်သည့် သရုပ်ဆောင်သင်တန်းများရှိခဲ့ခြင်း၊ သင်ကြားပြသသူများမှာ ဝါရင့်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာများဖြစ်ခြင်းတို့ကြောင့် ကျစ်လျစ်ထိရောက်သည့်သင်ရိုးများဖြစ်ကြောင်း တွေ့ရသည်။

"သင်တန်းမှာက အသံထွက်ကြည်လင်ပြတ်သားဖို့ လျှာလေ့ကျင့်ခန်းတွေ၊ သရုပ်ဆောင်ချက်ပီပြင်အောင် မျက်လုံးလေ့ကျင့်ခန်းတွေ၊ စကားပြောမမှားအောင် မှားသွားရင် ထိန်းတတ်အောင် ပြဇာတ်လေ့ကျင့်ခန်းတွေ၊ လိုက်ဖက်မယ့်အဝတ်အစားရွေးတတ်အောင် အရောင်တွဲစပ်မှုအကြောင်းတွေ ပါပါတယ်။ ရိုက်ကွင်းထဲမှာလို ဇာတ်လမ်းနမူနာတွေကြည့်ပြီး အထပ်ထပ် သရုပ်ဆောင်လေ့ကျင့်ရတယ်" ဟု စကားဝါသရုပ်ဆောင်သင်တန်းဖွင့်ထားသူ ဦးအုန်းခိုင်က ရှင်းပြသည်။

သရုပ်ဆောင်သင်တန်းများတွင် သင်ကြားနေသည့်သင်ရိုးများမှာ လက်တွေ့လုပ်ငန်းခွင်တွင်လိုအပ်သည်များဖြစ်ရာ တက်ရောက်သူများအတွက် အကျိုးရှိသည်ကိုတွေ့ရကြောင်း၊ ကိုယ်ရည်ကိုယ်သွေး



www.foreverspace.com.mm



မြင့်လာ၍ သရုပ်ဆောင်နယ်ပယ်အတွက် သာမက ကျန်နယ်ပယ်များတွင် ဝင်ရောက်လုပ်ကိုင်ပါက အောင်မြင်မှုရရန်ပိုလွယ်ကြောင်း စာရေးဆရာနှင့် ဇာတ်ညွှန်းရေးဆရာနွမ်ဂျာသိုင်းက သုံးသပ်ပြသည်။

## အနာဂတ်လားရာ

ပုဂ္ဂလိကသရုပ်ဆောင်သင်တန်းများ ပေါ်ပေါက်လာသည်မှာ လပိုင်းခန့်သာရှိသေးသော်လည်း တက်ရောက်လိုသူများပြားမှုကြောင့် အောင်မြင်သည့်ဈေးကွက်တစ်ခုဖြစ်လာပြီး ငွေကြေးလိမ်လည်ရယူသည့် ခါတော်မီ မသမာသင်တန်းအချို့လည်း ပေါ်ပေါက်လာသည်။

ဈေးကွက်သစ်တစ်ခုစန်းပွင့်လာပါက မသမာမှုများလည်း ကပ်ပါလာတတ်ကြောင်း၊ ရွေးချယ်စရာနည်းသေး၍ဖြစ်ပြီး ရွေးချယ်စရာများလာချိန်တွင် ယင်းသင်တန်းများ ပျောက်ကွယ်သွားနိုင်ကြောင်း ဦးအုန်းခိုင် (ရွှေပုပ္ပါး) က သုံးသပ်ပြသည်။

"အခုဒီမှာဖြစ်နေတဲ့ဈေးကွက်က သရုပ်ဆောင်ရှားပါးတဲ့အတွက် ရိုက်ချင်တဲ့သူများနေတော့ သရုပ်ဆောင်တွေက ရက်သိပ်မပေးနိုင်ဘူး။ ဒီတော့ ပေးတဲ့ရက်မှာ သူပါရမယ့်ဇာတ်ဝင်ခန်းတွေ အကုန်ရိုက်ရတာမျိုး၊ ဗီဒီယိုတစ်ကားကို တစ်ပတ်နဲ့အပြီးရိုက်တာမျိုးတွေ ဖြစ်လာတော့ အရည်အသွေးကျလာတယ်။ နောက်သရုပ်ဆောင်ဖြစ်ချင်တဲ့သူတွေ ငွေပုံပေးပြီး ရိုက်ကျတာမျိုးတွေရှိပေမယ့် သရုပ်ဆောင်ပညာကို ရိုက်သင်သင်ခဲ့ရတာဆိုတော့ လိုအပ်ချက်တွေများတယ်။ ဒီတော့ ဈေးကွက်ထဲမဖြန့်ဘဲ ဆွေပြမျိုးပြကားတွေလောက်ပဲ ဖြစ်သွားတယ်။ ငွေကုန်ပြီး မထိရောက်ဘူး ဖြစ်သွားတယ်။ အခု သရုပ်ဆောင်သင်တန်းတွေ ပေါ်လာတော့ ဘာကောင်းသွားလဲဆိုတော့ သရုပ်ဆောင်ပညာကို စနစ်တကျတတ်လာမယ်။ သင်တဲ့ဆရာတွေကလည်း ရုပ်ရှင်လောကသားတွေဆိုတော့ ဒီနယ်ပယ်ထဲရောက်ဖို့ ပိုလွယ်သွားမယ်။ ကိုယ်တိုင်ငွေရှိလို့ ထုတ်မယ်ဆိုရင်လည်း သရုပ်ဆောင်



ပညာတတ်ထားတော့ အောင်မြင်ဖို့ အများကြီးနီးစပ်သွားတာပေါ့။ ဒီတော့ သရုပ်ဆောင်သင်တန်းတွေ ဒီထက်ပိုများလာဖို့လိုပါတယ်" ဟု ၎င်းက ဆိုသည်။

သရုပ်ဆောင်သင်တန်းများပေါ်ပေါက်လာသည်ဆိုသော်လည်း ကာလတိုသင်တန်းများအဖြစ်သာရှိသေးပြီး ယာယီသင်တန်းများအဖြစ်သာဖွင့်နိုင်ကြ၍ သင်တန်းကျောင်းကြီးများအဖြစ် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရသည်။

"သင်တန်းတွေကိုလေ့လာကြည့်တော့ စိတ်ဝင်စားတဲ့သူ တော်တော်များတာတွေ့ရတယ်။ သင်တန်းတက်မယ့်သူတွေတန်းစီနေတော့ နောက်ပိုင်း သင်တန်းကျောင်းကြီးတွေ ပေါ်လာနိုင်တယ်။ အခု ပုဂ္ဂလိကသင်တန်းတွေပေါ်လာတော့ ပညာအရည်အချင်းကန့်သတ်ချက်၊ အချိန်ကန့်သတ်ချက်တွေနည်းသွားတာပေါ့။ အရင်က ယဉ်ကျေးမှုတက္ကသိုလ်နဲ့ ရုပ်ရှင်အစည်းအရုံးက ဖွင့်တာပဲရှိတော့ သတ်မှတ်ပညာအရည်အချင်းမမီရင် တက်ခွင့်မရတာ၊ နောက်တစ်တန်းဖွင့်ချိန်ကိုစောင့်နေရတာတွေ ရှိတယ်။ အခုက ဒါတွေမရှိတော့သလို ပညာဒါနပါပေးတော့ ငွေကြေးအတားအဆီးပါ နည်းလာတယ်။ ဒီတော့ သရုပ်ဆောင်ကောင်းတွေပေါ်လာဖို့ ခွင်ပိုကျယ်သွားတာပေါ့။ မြန်မာ့ရုပ်ရှင်လောကအတွက် အများကြီး အကျိုးရှိနိုင်ပါတယ်" ဟု စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ နွမ်ဂျာသိုင်းက ပြောကြားသည်။

ယင်းသို့သရုပ်ဆောင်သင်တန်းများ စန်းပွင့်လာမှုကြောင့် မသမာသည့်သင်တန်းများပေါ်ပေါက်လာခြင်းကဲ့သို့ အားနည်းချက်အနည်းငယ်ရှိနေသော်လည်း လူတန်းစားအလွှာစုံမှ သရုပ်ဆောင်ပညာစနစ်တကျတတ်မြောက်သော သရုပ်ဆောင်များများစွာ ပေါ်ထွက်လာနိုင်ခြင်းကဲ့သို့သော အားသာချက်များလည်းရှိပေရာ သရုပ်ဆောင်သင်တန်းများ စန်းပွင့်လာမှုသည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက တစ်ခေတ်ပြန်ဖြစ်လာစေနိုင်သည့် လိုအပ်ချက်များ မြောက်မြားစွာထဲမှ တစ်ချက်ပင်ဖြစ်ကြောင်း အနုပညာရှင်အများစုက သုံးသပ်ကြသည်။

**ကျော်ဆန်းမင်း**



www.foreverspace.com.mm



# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

မြန်မာ့လယ်ယာထွက်ကုန် သီးနှံမျိုးစုံရောင်းဝယ်ရေး၏ အဓိကဈေးကွက်ဖြစ်သော ဘုရင့်နောင်ပွဲရုံတွင် နေဆက်တိုက်သာသည့်ရက်များလာခြင်းကြောင့် ဆန်ပွဲရုံများတွင် ဆန်များထုတ်လှန်းနေခြင်း၊ လေမှုတ်စက်ဖြင့် ဆန်များပြာနေခြင်းတို့ တွေ့မြင်ရပြီး ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်သည့် ကုံကော်လမ်းမကြီးတွင်လည်း ပုစွန်ခြောက်၊ ငါးခြောက်များ ထုတ်လှန်းနေသည့်မြင်ကွင်းကိုလည်း ပြန်လည်တွေ့မြင်လာရသည်။

ပြည်ပပို့ကုန်ပဲဈေးကွက်တွင်လည်း အိန္ဒိယမှ ပဲလုပ်ငန်းရှင်များက ပဲဝယ်ရန် လာရောက်ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း၊ စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်နီမှာ ဈေးအမြင့်၌သာ ငြိမ်နေကြောင်း၊ အဲယားကွန်းဖြင့်လှောင်ထားသော ငရုတ်သီးများထုတ်ရောင်းလာကြောင်းနှင့် ငရုတ်သီးမှာ တက်ဈေးတွင် ငြိမ်နေကြောင်း စားဖိုဆောင် သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

## ဆန်တင်ပို့ခွင့်

ပြီးခဲ့သည့်မေလကစ၍ ရပ်ဆိုင်းထားသောပြည်ပသို့ ဆန်တင်ပို့ရောင်းချခွင့်ကို စက်တင်ဘာလအတွင်း ပြန်လည်ခွင့်ပြုမည်ဟူသည့်သတင်းများကြောင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်သုံးလဆက်တိုက် အရောင်းအဝယ်အေးနေသော ဆန်ဈေးကွက်သည် လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသည်။

"အညာဆန်ထောက် (ဝင်) တော့ မိုးတွင်းမှာတောင် ဆန်အရောင်းအဝယ်အေးသွားတယ်။ အခုတော့ အညာကို ပြန်ပို့နေရတယ်" ဟု ပိတောက်လမ်းရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့မှဆန်များ ဘုရင့်နောင်ပွဲရုံ

www.foreverspace.com.mm



သို့ စီးဝင်လာသော်လည်း ယင်းဆန်တို့တွင် စစ်ကိုင်းတိုင်း ရွှေဘိုဆန်တစ်မျိုးသာ အင်နှင့်အားနှင့် ပိုလျှံစွာထွက်ရှိကြောင်း၊ မန္တလေးနှင့် မကွေးဒေသတို့မှ စပါးမှာ ဒေသဝမ်းစာထက် အနည်းငယ်သာပိုလျှံသဖြင့် ယခုအခါ အဝင်ပြန်ရပ်သွားပြီး ဘုရင့်နောင်ပွဲရုံမှ ပြန်လည်တင်ပို့နေရကြောင်း ၎င်းက ဆိုသည်။

"အညာဆန်က ကာလရှည်ဝင်နိုင်အားတော့ မရှိသေးဘူး။ အခု အညာမှာ မိုးခေါင်နေတော့ လာမယ့်နှစ် ၂၀၁၀ မှာ ဆန်က သိသိသာသာရောင်းအားကောင်းမယ်လို့ခန့်မှန်းနေကြတယ်" ဟု အာသောကလမ်းရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

စက်တင်ဘာလအတွင်း ရန်ကုန်တစ်ဖက်ကမ်း ကျောက်တန်းနှင့် ခရမ်း၊ သုံးခွတို့မှ သက်နုစပါးများ ပေါ်လာရန်ရှိသဖြင့် ဆန်ဈေးဆက်အေးရန်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် မြဝတီနယ်စပ်မှ ဆန်ပြန်အဝယ်လိုက်လာကြောင်း ဆန်ဈေးကွက်အတွင်း စုံစမ်းသိရှိရသည်။


ဆန်ကြမ်းနှင့် ဆန်ချောများ ဈေးကျလာပြီး ဆန်ကွဲမှာ ဝယ်လိုအားအနေအထားကြောင့် အပြောင်းအလဲမရှိဘဲ ငြိမ်နေကြောင်း၊ နယ်စပါးဈေးများလည်း ကျဆင်းလာပြီး အကြမ်းထက် အချောမှာ ဈေးပိုကျဆင်းကြောင်း၊ ပေါ်ဆန်း ၁၀၈ ပေါင်အမြင့်စတစ်အိတ် ကျပ် ၃၀,၀၀၀ မှ ၂၈,၀၀၀၊ ၂၇,၅၀၀ အထိ ကျဆင်းပြီး အနိမ့်စတစ်အိတ် ၁၉,၅၀၀ ကျပ်ခန့်ရှိကြောင်း၊ ပေါ်ကျွဲ မှာ ၁၇,၀၀၀ မှ ၁၅,၀၀၀ ကျပ်ခန့်ရှိပြီး ဆန်ကြမ်းနွေ ၁၀၈ ပေါင်တစ်အိတ် ၁၅,၂၀၀ ကျပ်၊ မိုးအကြမ်း ၁၆,၅၀၀ မှ ၁၆,၂၀၀ ကျပ်အထိ ကျဆင်းလာပြီး ဆန်ကွဲအကြီးတစ်အိတ် ၁၁,၀၀၀ ကျပ်နှင့် အပြောင်းအလဲမရှိကြောင်း၊ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်း ရှစ်သောင်း၊ နွေစပါးတင်း ၁၀၀ လျှင် ကျပ်သုံးသိန်းငါးသောင်း၊ သုံးသိန်းခြောက်သောင်းခန့်၊ မိုးစပါးတင်း ၁၀၀ လျှင် ကျပ်သုံးသိန်းခုနစ်သောင်း၊ သုံးသိန်းရှစ်သောင်းခန့်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## မတ်ပဲဦးဆောင်

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် မြန်မာနိုင်ငံ၏ အဓိကပဲဝယ်လက်အိန္ဒိယနိုင်ငံမှ ပဲလုပ်ငန်းရှင်များသည် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲလွန်းဖြူများ ဝယ်ယူရန် ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်ခန့်က ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ တာဝန်ရှိသူများနှင့် လာရောက်ညှိနှိုင်းခဲ့သည်။

"အိန္ဒိယအဝယ်တော်တွေက စားတော်ပဲသာမက ပဲတီစိမ်းနဲ့ ပဲလွန်းပါ ဝယ်ချင်တယ်လို့ ကြားတယ်" ဟု ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးက ဆိုသည်။

ကုန်စည်ဒိုင်တွင် ပြည်ပသို့ အဓိကတင်ပို့သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ သုံးမျိုးအနက် မတ်ပဲတစ်မျိုးသာ အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်ကို ဦးဆောင်နေကြောင်း၊ မတ်ပဲမှာ အဝယ်လိုက်သော်လည်း ပို့ကုန်ရငွေ ငွေဈေးများကျဆင်းနေကြောင်း၊ ဩဂုတ်လ ၂ ရက်နေ့တွင် မတ်ပဲ Raw ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ၇၆,၃၀၀ ကျပ်ဖြင့် တန် ၁၀၀၊ ကျပ် ၇၆,၅၀၀ ဖြင့် တန် ၁၀၀၊ ကျပ် ၇၆,၆၀၀ ဖြင့် အိတ် ၈၀ (တန် ၄၀)၊ RC တစ်တန်လျှင် ၇၉၀,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာငါးလုံး၊ ၇၉၁,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာငါးလုံး၊ ကျပ် ၇၈၅,၀၀၀ ဖြင့် ကွန်တိန်နာငါးလုံး၊ SQRC တစ်တန်လျှင် ကျပ် ၈၅၀,၀၀၀ ဖြင့် ကွန်တိန်နာငါးလုံး၊ ၈၄၀,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာ ငါးလုံးအရောင်းအဝယ်ဖြစ်ပြီးနောက် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဈေးပြန်ကျလာကြောင်း၊ Raw ပိဿာ ၆၀ ဝင်တစ်အိတ် ၇၁,၀၀၀ ကျပ်၊ RC တစ်တန် ၇၄၇,၀၀၀၊ ၇၄၈,၀၀၀၊ ၄၅၀,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာ ၂၅ လုံး၊ SQRC မှာ ၈၇၀,၀၀၀ ကျပ်ဖြင့် ခေါ်ဈေးရှိခဲ့သော်လည်း အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် မတ်ပဲ Raw တစ်အိတ် ၅၈,၄၀၀ ကျပ်နှင့် တန် ၁၀၀၊ ၅၈,၃၀၀ ကျပ်နှင့် တန် ၁၀၀၊ ၅၈,၀၀၀ နှင့် တန် ၅၀၊ မတ်ပဲ RC တစ်တန် ၈၀၂,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာငါးလုံး၊ ၈၀၆,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာငါးလုံး၊ SQRC တစ်တန် ၈၇၀,၀၀၀ ကျပ်မှာ ခေါ်



www.foreverspace.com.mm

ဈေးသာဖြစ်ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် မတ်ပဲ Rawတစ်အိတ် ၇၄,၅၀၀ ကျပ်နှင့် တန် ၁၀၀၊ မတ်ပဲ RCတစ်တန် ၇၆၅,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၇၆၆,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ SQRC တစ်တန် ၈၃၀,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာ ၁၅ လုံး၊ ၈၃၃,၀၀၀ ကျပ်နှင့် ကွန်တိန်နာ ၁၀ လုံး၊ ပဲလွန်းဖြူတစ်အိတ် ၆၅,၀၀၀ ကျပ်ဖြင့် တန် ၅၀ (အိတ် ၁၀၀၀) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ်စာရင်းများအရ သိရသည်။

## မှန်းရခက်တဲ့ကြက်သွန်နီ

စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းမှာ ခန့်မှန်းရခက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြက်သွန်နီပိဿာချိန်သိန်း ၃၀၀ ကျော် လက်ကျန်ရှိသည်ဟု ခန့်မှန်းထားပြီး ကုန်သည်များက ပိဿာချိန် သိန်း ၁၅၀ ခန့် လက်ကျန် ရှိသေးသည်ဟု ခန့်မှန်းထားကြသည်။ ကြက်သွန်နီအသစ်မှာ အစောဆုံး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင်မှ ထွက်ရှိနိုင်ပြီး နယ်လက်ကျန်ခန့်မှန်းရခက်ခြင်းကြောင့် ဈေးနှုန်းမှန်းဆရန်ခက်ခဲနေကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“အမှန်တကယ်နယ်လက်ကျန်ရှိနေတယ်ဆိုရင် အသင်းကပဲဖြစ်စေ၊ စီးပွား/ကူးသန်းကပဲဖြစ်စေ နယ်ပေါက်ဈေးအတိုင်းဝယ်ပြီး ရောင်းပေးရင် ဈေးအရမ်းတက်ဖို့ မဖြစ်နိုင်သလို ပြီးခဲ့တဲ့ ၂ နှစ်ဆက်တိုက်အထိနာခဲ့တဲ့သူတွေလည်း ခုသာခံသာရှိမယ်”ဟု အောင်သပြေလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

အိန္ဒိယမှတင်သွင်းမည်ဆိုသည့် ကြက်သွန်နီမှာလည်း အစိုဓာတ်ထိန်းသိမ်းနိုင်သည့် အဲယားကွန်း ကွန်တိန်နာဖြင့်သာ တင်သွင်းနိုင်ပြီး တင်သွင်းမည့်ပမာဏမှာလည်း ဘုရင့်နောင်ပွဲရုံသို့ ယခင်ဝင်ရောက်သည့် ပမာဏခန့်သာရှိသည်ဟု ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဘုရင့်နောင်ပွဲရုံသို့ ပျမ်းမျှကြက်သွန်နီအဝင်မှာ နေ့စဉ်ကား ၁၀ စီးခန့်ရှိပြီး ဆိပ်ဖြူအနိမ့်စ တစ်ပိဿာ ၇၅၀ ကျပ်၊ အမြင့်စ ၁၁၅၀ ကျပ်နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ အကယ်၍ ၂၀၀၆ ခုနှစ်ကကဲ့သို့ ဈေးနှုန်းသတ်မှတ်ရောင်းဝယ်ခိုင်းပါက နယ်မှ ပစ္စည်းအဝင်ရပ်သွားနိုင်ကြောင်း ကြက်သွန်နီဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## အာလူးဈေးမြင့်

အာလူးကား အဝင်ပုံမှန်မရှိဘဲ ၁၀ စီးကျော်ဝင်သည့်အခါဝင်ပြီး နှစ်စီးသာဝင်သည့်အခါဝင်ကြောင်း၊ အဝင်များလျှင်ဈေးကျကြောင်း၊ ယခုရက်ပိုင်းတွင် ဟဲဟိုးနှင့် အောင်ပန်းအာလူးများလည်းဝင်ပြီး ပခုက္ကူဘက်မှလည်း အနည်းငယ်ဝင်ကြောင်း၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် အာလူး အနိမ့်တစ်ပိဿာ ၃၈၀ ကျပ်မှ အမြင့်တစ်ပိဿာ ၆၆၀ ကျပ်ခန့်ရှိပြီး စက်တင်ဘာလ ၁ ရက်တွင် ဟဲဟိုးအာလူး တစ်ပိဿာ ၅၀၀၊ ၆၀၀၊ ၆၅၀၊ ၆၇၀ ကျပ်ရှိလာပြီး အောင်ပန်းအာလူး တစ်ပိဿာ ၄၈၀၊ ၅၈၀၊ ၆၃၀၊ ၆၅၀၊ ၆၇၀ ကျပ်ခန့်ရှိကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ကျဈေးဖြင့်ငြိမ်သော ကြက်သွန်ဖြူ

ကြက်သွန်ကားအဝင်မှာ ၁၀ စီးခန့် ပုံမှန်ဝင်ရောက်လျက်ရှိပြီး တစ်ပိဿာ ၂၉၀၀ ကျပ်အထိ မြင့်တက်ခဲ့သော ကြက်သွန်ဖြူသည် ၂၄၀၀ ကျပ်အထိ ကျဆင်းလာပြီး ကျဈေးနှင့် ငြိမ်နေကြောင်း၊ ကြက်သွန်ဖြူဈေးကောင်းစဉ်က မြဝတီနှင့် ဘင်္ဂလားဒေ့ရှ်မှ ကြက်သွန်ဖြူအဟောင်းများ ဝင်လာသော်လည်း အရည်အသွေးညံ့သဖြင့် ထပ်မံမတင်သွင်းတော့ကြောင်း၊ တရုတ်နယ်စပ်အနေအထားကြောင့် နယ်စပ်မှ ကြက်သွန်ဖြူ အဆွဲနည်းသွားကြောင်း၊ ရှမ်းကြက်သွန်ဖြူအနိမ့် တစ်ပိဿာ ၂၂၀၀၊ ၂၄၀၀ ကျပ်၊ ကြူကုတ် တစ်ပိဿာ ၂၁၀၀၊ ၂၁၅၀ ကျပ်ခန့်ရှိကြောင်း ဘုရင့်နောင်ပွဲရုံ အောင်သပြေလမ်းမှ ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



## ထုတ်ရောင်းလာသော အအေးခန်းငရုတ်

ငရုတ်သီးဈေးများ ကောင်းလာသဖြင့် အဲယားကွန်းဖြင့် လှောင်ထားသော

www.foreverspace.com.mm

ငရုတ်များ ဈေးကွက်သို့ ထုတ်ရောင်းလာသည်ဟု ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ငရုတ်သီးဈေးမှာ မိုးထောင်တစ်ပိဿာ ၂၈၀၀ ကျပ်မှ ၂၅၀၀ကျပ် ပြန်ဖြစ်လာကြောင်း၊ ငရုတ်အဝင်မှာ အချိန် ၂၀ ဝင် အိတ် ၁၀၀၀ ခန့် ပုံမှန်ဝင်နေကြောင်း၊ ငရုတ်အပုမှာ တစ်ပိဿာ ၃၀၀၀၊ ၃၆၀၀ ကျပ်ခန့်ရှိပြီး အရောင်မပြောင်းအောင် ဂိုဒေါင်များတွင် လေအေးပေးစက်ဖြင့် သိုလှောင်ထားသော ငရုတ်ရှည်သန့်များ တစ်ပိဿာ ၃၇၀၀ ကျပ်ခန့်ရှိကြောင်း ယင်းပွဲရုံ ငုဝါလမ်းမှ ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုရက်ပိုင်း ကျောက်ဆည်နှင့် သဲတောမှငရုတ်များ ဘုရင့်နောင်သို့ အဝင်များနေကြောင်း ငရုတ်သီးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## စားအုန်းဆီဈေးပြန်ကျ

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (FDA) က စားသုံးရန်မသင့်သည့် ဆီလေးမျိုးကြေညာခဲ့ခြင်း၊ ရန်ကုန်မြို့တော်စည်ပင်ဈေးများမှ ဆီ ၁၁ မျိုးကို လိုက်လံသိမ်းဆည်းခြင်းတို့ကြောင့် စားအုန်းဆီဈေးနှုန်းများမြင့်တက်ခဲ့ပြီး နောက်ပိုင်းသက်ဆိုင်ရာမှ စားအုန်းဆီ ခုနစ်မျိုး ပြန်လည်ရောင်းချခွင့်ပြုခဲ့ရာ စားအုန်းဆီ ဈေးနှုန်းများ တဖြည်းဖြည်းပြန်လည်ကျဆင်းလာခဲ့သည်။

စားအုန်းဆီဘဏ်သွင်းဈေး ၁၉၅၁ ကျပ်ဖြင့် ငါးပတ်ဆက်တိုက် မပြောင်းလဲခဲ့သော်လည်း အပြင်ပေါက်ဈေးမှာ တစ်ပိဿာ ၂,၂၁၀ မှ ၂,၂၀၀ ကျပ်သို့လည်းကောင်း၊ ဩဂုတ်လ ၂၆ ရက်တွင် ၂,၁၀၀ ကျပ်သို့လည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်တွင် ၂,၀၉၀ ကျပ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ၂,၀၇၀ ကျပ်၊ စက်တင်ဘာလ ၁ ရက်တွင် ၂,၀၆၅ ကျပ်သို့လည်းကောင်း ကျဆင်းလာကြောင်း ငုဝါလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ကျဆင်းလာသော ဆားဈေး

ရေထွက်ကုန်ပစ္စည်း ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ဈေးကွက်တွင် အခြေခံကုန်ကြမ်းဆားများ အချိန်ငါးဆယ်ဝင်တစ်အိတ် ၁၅,၀၀၀ ကျပ်ခန့်၊ တစ်ပိဿာ ၃၀၀ ကျပ်ခန့်ရှိပြီး များမကြာမီရက်များတွင် တစ်ပိဿာ ကျပ် ၃၀၀ အောက် ရောက်နိုင်ကြောင်း ငါးဆားနယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ငါးဆားနယ်ဈေးကွက်သို့ ဧရာဝတီတိုင်းမှ ငါးဇင်းပြားနှင့် ငါးကွမ်းရှပ်ဆားနယ်များ ပုံမှန်ဝင်ရောက်နေပြီး



www.foreverspace.com.mm

တရုတ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပုံမှန်အတိုင်း တင်ပို့နေရကြောင်း၊ ငါးဇင်းပြားဆားနယ်အနိမ့် တစ်ပိဿာ ၃,၀၀၀ ကျပ်၊ အမြင့်စ ၄,၅၀၀ ကျပ်၊ ငါးကွမ်းရှပ်အနိမ့်စ ၂,၀၀၀ ကျပ်၊ အမြင့်စ ၆,၅၀၀ ကျပ်ခန့်ရှိကြောင်း ၎င်းကဆိုသည်။

ပုစွန်ခြောက်ဈေးကွက်သို့ ရခိုင်ပုစွန်ခြောက်များ ဝင်ရောက်နေသကဲ့သို့ ဧရာဝတီတိုင်း ဖျာပုံပုစွန်ခြောက်များလည်း အဝင်များကြောင်း၊ နာဂစ်ကြောင့် ပျက်စီးသည့် ဖျာပုံပုစွန်ဖောင်လုပ်ငန်းများ ပြန်လည်လည်ပတ်နေပြီး ပုစွန်ခြောက်ဈေးနှုန်းကျဆင်းလာကြောင်း၊ တစ်ရက်လျှင် ၃၀၊ ၃၅ ပိဿာ ပုစွန်ခြောက်အိတ် ၄၀ ကျော် ၅၀ ခန့် ပုံမှန်ဝင်ရောက်ကြောင်း ကံ့ကော်လမ်းမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ငါးခြောက်ဈေးကွက်သို့ ရွှေဘို၊ မုံရွာအညာမှလာဝယ်သူနည်းပြီး ငါးမန်းသားခြောက်ဆိုလျှင် အညာမှမဝယ်သဖြင့် တစ်ပိဿာ ၈,၅၀၀ ကျပ်ခန့်မှ ယခုအခါ ၅,၀၀၀၊ ၅,၅၀၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ရခိုင်ပုစွန်ခြောက်ပေါ်စ တစ်ပိဿာ ၁၁,၀၀၀၊ ၁၀,၀၀၀ ကျပ်၊ အလတ်စ ၇,၀၀၀၊ ၈,၀၀၀ ကျပ် အသေးစ ၄,၅၀၀ မှ ၆,၅၀၀ ကျပ်၊ ဖျာပုံချိုသေး အပေါ်စ ၁၂,၀၀၀ မှ ၁၂,၅၀၀ ကျပ်၊ အကြီးစ ၁၂,၀၀၀ ကျပ်ခန့်ရှိပြီး ငါးရောင်ခြောက်မှာ တစ်ပိဿာ ၇,၀၀၀ မှ ၇,၅၀၀ ကျပ်ခန့် ငါးနီတူခြောက်မှာ တစ်ပိဿာ ၂,၂၀၀၊ ၂,၃၀၀ ကျပ်ခန့်ရှိကြောင်း ရေထွက်ကုန်ပစ္စည်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



## ဟားခုန်ခုန်တဲ့ စက်သုံးဆီ

လပေါင်းများစွာ ဈေးငြိမ်နေသော ဒီဇယ်ဈေးနှုန်းများသည် တစ်ပတ်ခန့်အတွင်း တစ်ပီပါလျှင် ကျပ်တစ်သောင်းကျော်ခုန်တက်သွားကြောင်း၊ ဩဂုတ်လ ၁၉ ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် တစ်ပီပါလျှင် ၁၃၂,၀၀၀ ကျပ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ၁၃၅,၀၀၀ ကျပ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ၁၃၆,၀၀၀ ကျပ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ၁၄၅,၀၀၀ ကျပ်ခန့်ရှိပြီး စက်တင်ဘာလ ၁ ရက်နေ့တွင် ၁၃၈,၀၀၀ ကျပ်ခန့်ရှိကြောင်း ကုန်ကားဂိတ်များထံမှ သိရှိရသည်။ ကုန်စည်ပို့ဆောင်မှုမှာ ပုံမှန်အတိုင်းဖြစ်ပြီး ကုန်ကားအချို့ မြိုင်ကလေးဘိလပ်မြေစက်ရုံမှ ဘိလပ်မြေအိတ်များ ပို့ဆောင်မှုများသဖြင့် ဘုရင့်နောင်၌ ကုန်ရှားချိန်တွင် ကားလည်းရှားနေပြီး လတ်တလော တန်ဆာခများ အပြောင်းအလဲမရှိကြောင်း၊ ထူးခြားချက်တစ်ရပ်မှာ မန္တလေး–မူဆယ်လိုင်းမှ Box Truck တစ်စီး ရန်ကုန်ကုန်ကားဂိတ်သို့ ဝင်လာခြင်းဖြစ်ကြောင်း၊ ကားဖွဲ့စည်းတည်ဆောက်ပုံအရ တန်ဆာခပိုရသည့် ကုန်အပေါ်တင်၍မရနိုင်သဖြင့် တွက်ခြေမကိုက်ကြောင်း မန္တလေး ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

လယ်ယာထွက်ကုန်သီးနှံများသည် ရာသီအလိုက် ခြောက်လခန့်အတွင်း အလှည့်ကျစိုက်ပျိုးထုတ်လုပ်နိုင်သောသီးနှံများဖြစ်ပြီး ဈေးကွက်ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်မူတည်၍ ဈေးနှုန်းအတက်အကျဖြစ်ရခြင်းဖြစ်ကြောင်း၊ ဈေးကွက်သဘာဝအရ ပိုလျှံသည့်ဒေသမှ သီးနှံသည် ဈေးကောင်းရသည့်နေရာသို့ စီးဝင်ခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား အချိုးညီပြီး ဈေးနှုန်းများပြန်လည်

www.foreverspace.com.mm



တည်ငြိမ်လာကြောင်း၊ ဈေးနှုန်းအလွန်အမင်းကျဆင်းပြီး မက်လုံးမရှိလျှင် ထုတ်လုပ်မှုကျဆင်းသွားကြောင်း၊ ကြက်သွန်နီသည် ပြီးခဲ့သည့် ၂ နှစ်ဆက်တိုက်အရှုံးပေါ်ခဲ့ပြီး ယခုနှစ်မှ ဈေးကောင်းရလာကြောင်း၊ ကြက်သွန်နီဈေးကွက်ကို ရန်ကုန်ဘုရင့်နောင်ကုန်စည် ဈေးကွက်တစ်ခုတည်းတွင် ဗဟိုပြုထိန်းသိမ်းခြင်းထက် ဈေးကွက်ပိုမိုကျယ်ပြန့်စေရန်လိုအပ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးကသုံးသပ်ပြောကြားသည်။

"ထုတ်လုပ်စိုက်ပျိုးအရင်း၊ ရောင်းလိုက်တဲ့အရင်း၊ သုံးလိုက်တဲ့အရင်းတွေ တိတိကျကျရှိဖို့လိုသလို Buffer Stock လို့ခေါ်တဲ့ အရန်သိုလှောင် သီးနှံစနစ်တွေ ဖွံ့ဖြိုးဖို့လိုအပ်တယ်။ ကုန်ဈေးနှုန်းကို ကုန်ပစ္စည်းနဲ့ပဲ ချနိုင်တယ်" ဟု ၎င်းကဆိုသည်။

## ညောင်ပင်လေးပလာဇာ

ရန်ကုန်မြို့ ကမ်းနားလမ်း ဧရာဝတီမြစ်ကြောင်းသွား သင်္ဘောများ ဆိုက်ကပ်ရာ သင်္ဘောဆိပ်တို့နှင့် မျက်နှာချင်းဆိုင်ရှိ အခြေခံစားကုန်အများစုရောင်းဝယ်ဖောက်ကားရာ ညောင်ပင်လေးပလာဇာသည် အခြားသော ဈေးကွက်များနည်းတူ ဝယ်လက်မျှော်ဈေးကွက်တစ်ခုအသွင်ရှိနေကြောင်း အဆိုပါပလာဇာကြီးအတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူတို့၏ အဆိုအရသိရသည်။

နယ်ဝယ်လက်အားထားရာ အဆိုပါဈေးကြီးသို့ နယ်မှ အဝယ်လာရောက်မှု ကျဲပါး၍ အရောင်းအဝယ်အေးလျက်ရှိနေကြောင်း အရောင်းဆိုင်အချို့ထံမှ သိရှိရသည်။ ကုန်စည်ဝင်ရောက်မှုအနေဖြင့်မူ ပုံမှန်ရှိနေကြောင်းလည်း ပြည်တွင်းပြည်ပစားသောက်ကုန်တင်သွင်းသူလုပ်ငန်းရှင်တို့ထံမှ စုံစမ်းသိရှိရသည်။

## ပြန်မဆင်းနိုင်သေးတဲ့ သကြား

လက်ရှိအနေအထားတွင် ပြည်တွင်းသုံးစွဲမှုအတွက် လိုအပ်ချက်မရှိသေးသော်လည်း ပြည်ပဝယ်လက်ကြောင့် ဈေးမြင့်သွားသည့် သကြားမှာ ယခုလအနည်းငယ်အတွင်း ကျရိပ်မရှိသေးကြောင်း သကြားဈေးကွက်စောင့်ကြည့်လေ့လာသူအချို့က သုံးသပ်ပြောကြားသည်။

ဩဂုတ်လကုန်ပိုင်းရက်များအတွင်း ပြည်ပမှ အဝယ်တန့်သွားသော်လည်း ပြည်ပ ဝယ်လိုအားတစ်ရပ်ရှိနေသေးသည့် သကြားမှာ ဩဂုတ်လ ဒုတိယပတ်အတွင်းက တစ်ပိဿာလျှင် ကျပ် ၇၀၀ ကျော်မှ ကျပ် ၁,၀၀၀ ကျော်သည်အထိ ရက်ပိုင်းအတွင်း ဈေးမြင့်သွားခဲ့ပြီး ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဘုရင့်နောင်ဈေးကွက်မှ သိရှိရသည့် သကြားဈေးနှုန်းများတွင် ထိပ်စမှာ ၁,၀၅၀ ကျပ်မှ ၁,၀၆၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိနေသည်။ ပုံမှန်အားဖြင့် ပြည်တွင်းဈေးကွက်တွင် ၆၀၀ ကျပ်မှ ၇၀၀ ကျပ်တို့တွင် အရောင်းသွက်လေ့ရှိပြီး ထို့ထက်မြင့်သွားပါက အရောင်းလေးသွားလေ့ရှိကြောင်း၊ ယခုအခါ ကျပ် ၁,၀၀၀ ကျော်သို့ရောက်နေသည့်အတွက် အရောင်းအေးလျက်ရှိနေကြောင်း သကြားလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

အလတ်စမှာ ကျပ်တစ်ထောင်စွန်းစွန်း ဝန်းကျင်တွင်ရှိနေပြီး အောက်စတွင် ၂၀၀၈ ခုနှစ်လက်ကျန် သကြားအဟောင်းများမှာ ကျပ် ၉၀၀ ကျော်ဝန်းကျင်တွင်ရှိကာ ၂၀၀၉ ခုနှစ်ထွက် သကြားအောက်စများမှာ ၉၄၀ မှ ၉၅၀ ကျပ် ပေါက်ဈေးတို့ဖြင့်ရှိနေသည်ဟု ဘုရင့်နောင်သကြားလက်ကားအရောင်းဈေးကွက်မှသိရှိရသည်။

အဆိုပါသကြားဈေးကွက်အတွင်း Export အရည်အသွေးရှိ ဂရိတ်ဝေါအမှတ်တံဆိပ်သကြားမှာ ဩဂုတ်လ ၂၈ ရက်နေ့ ဘုရင့်နောင် သကြားဈေးကွက်အတွင်းမှ သိရှိရသည့် ပေါက်ဈေးများအရ တစ်ပိဿာလျှင် ၁,၁၀၀ ကျပ်ခန့်တွင်ရှိနေပြီး ဈေးကွက်အတွင်း ပစ္စည်းပြတ်လျက်ရှိနေကြောင်းနှင့် အဆိုပါ ဂရိတ်ဝေါအမှတ်တံဆိပ်နှင့် ငွေရည်ပုလဲအမှတ်တံဆိပ်တို့မှာ ပြည်ပဝယ်လက်ကြိုက် အမှတ်တံဆိပ်များဖြစ်ကြောင်း ဈေးကွက်အတွင်း ရောင်းဝယ်သူတို့ထံမှ စုံစမ်းသိရှိရသည်။

## အချိုရည်အချို့ဈေးမြင့်

မိုးရာသီမကုန်ဆုံးသေးသည့်အတွက် အချိုရည်ဈေးကွက်မဖြစ်ထွန်းသေးသော်လည်း အချိုရည်၏အဓိကကုန်ကြမ်းတစ်မျိုးဖြစ်သည့် သကြားဈေးမြင့်တက်ခဲ့မှုကြောင့် ရာသီချိန်မရောက်သေးခင် အချိန်အတွင်း ပြည်တွင်းထုတ် အချိုရည်အချို့ဈေးအနည်းငယ်မြင့်တက်သွားမှုရှိခဲ့ကြောင်း စက်တင်ဘာလဆန်းရက်များအတွင်း ညောင်ပင်လေးပလာဇာရှိ အချိုရည်လက်ကားဖြန့်ဖြူးသူတို့ထံမှသိရသည်။



www.foreverspace.com.mm



ပြည်တွင်းထုတ်အချိုရည်ဈေးကွက်အတွင်း လတ်တလောတွင် အာရှအချိုရည်မှာ ၂,၅၅၀ ကျပ်မှ ၂,၇၀၀ ကျပ်၊ Happy မှာ ၈၁၀ ကျပ်မှ ၉၁၀ ကျပ်၊ Winner (တစ်လီတာ) ၅၆၀ ကျပ်မှ ၆၁၀ ကျပ်တို့တွင်ရှိနေပြီး C Plus အပါအဝင် အခြားပြည်တွင်းထုတ်အချိုရည်အချို့မှာမူ ပုံမှန်ဈေးနှုန်းများအတိုင်းရှိနေကြောင်း အချိုရည်လက်လီလက်ကားရောင်းချသည့် ဈေးကွက်အတွင်းမှ သိရှိရသည်။

ပြည်ပမှဝင်ရောက်သည့် အချိုရည်ဈေးကွက်တွင်မူ ဈေးနှုန်းပြောင်းလဲမှု မဖြစ်ပေါ်သေးဘဲ ငြိမ်နေကြောင်း၊ ရာသီဥတုအနေအထားကြောင့် လမ်းပန်းဆက်သွယ်ရေးပိုင်းတွင် အနည်းငယ်ခက်ခဲသွားသော်လည်း ပစ္စည်းများ ပုံမှန်ဝင်ရောက်မှုရှိနေကြောင်း ပြည်ပမှ အချိုရည်တင်သွင်းရောင်းချသူအချို့ကဆိုသည်။

စက်တင်ဘာလ ၂ ရက်နေ့တွင် သိရှိရသည့် ပြည်ပအချိုရည်တစ်ကတ်ဈေးနှုန်းများမှာ ဆန်းကစ် ၉,၇၀၀ ကျပ်၊ ပိုကာလိမ္မော်၊ လိုင်ချီး ၁၅,၂၀၀ ကျပ်၊ Sprite (သံ) ၉,၆၀၀ ကျပ်၊ Coke (သံ) ၉,၆၀၀ ကျပ်တို့ အသီးသီးရှိနေကြပြီး 100 Plus မှာမူ ဈေးကွက်အတွင်း ပစ္စည်းပြတ်လျက်ရှိသည်။

## ကော်ဖီမစ် ပုံမှန်

စက်တင်ဘာလဆန်းပိုင်း ကော်ဖီမစ်ဈေးကွက်တွင် ဈေးနှုန်းနှင့်အတူ ရောင်းအားပါ ငြိမ်၍ ပုံမှန်အနေအထားတွင်ရှိနေကြောင်း ညောင်ပင်လေးပလာဇာရှိ စားသောက်ကုန်ဖြန့်ဖြူးသူတို့က ဆိုသည်။


နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှစတင်၍ ကော်ဖီမစ်ဈေးကွက်အတွင်း၌ ပြည်တွင်းထုတ်ကော်ဖီမစ်များနှင့်အပြိုင် ဈေးကွက်ဝေစုရယူနိုင်ခဲ့သော ပြည်ပကော်ဖီမစ်များမှာလည်း ယခုအခါ အရောင်းကျဆင်းသွားကြောင်း ယင်းကော်ဖီမစ်များလက်လီလက်ကားရောင်းချသည့် အရောင်းဆိုင်အချို့ထံမှ သိရသည်။

ပြည်ပမှဝင်သည့် ကော်ဖီမစ်ဈေးကွက်အတွင်း ယခင်က ရောင်းအားကောင်းအမှတ်တံဆိပ်ဖြစ်သည့် Birdy မှာ လက်ရှိဈေးကွက်ပေါက်ဈေး ၃,၁၅၀ ကျပ်သာရှိပြီး အရောင်းငြိမ်နေကာ Master Cup မှာ ၂,၄၀၀ ကျပ်တွင် ရှိနေသည်။

ပြည်တွင်းထုတ်ကော်ဖီမစ်ဈေးကွက်တွင်မူ Premier အမှတ်တံဆိပ်မှာ လက်ရှိတွင် ရောင်းအားအကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း ညောင်ပင်လေးပလာဇာရှိ ကော်ဖီမစ်လက်လီလက်ကားဖြန့်ဖြူးရောင်းချသူအချို့ထံမှ သိရသည်။ ဈေးကွက်အတွင်း၌ စက်တင်ဘာလ ၂ ရက်နေ့အထိ ပြည်တွင်းထုတ် ကော်ဖီမစ်တို့၏ ဈေးနှုန်းများမှာ အတက်အကျမရှိဘဲ ငြိမ်နေကြောင်း ညောင်ပင်လေးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## သကြားဈေးတက်သော်လည်း နို့ဆီဈေးအေး

သကြားနှင့် ဆက်စပ်ပစ္စည်းဖြစ်သော နို့ဆီမှာ ပုံမှန်အားဖြင့် သကြားဈေးတက်သွားပါက ဈေးနှုန်းလိုက်ပါမြင့်တက်လေ့ရှိကြောင်း၊ သို့သော် ယခုအခါ သကြားဈေးမှာ ဩဂုတ်လ ဒုတိယပတ်အတွင်းက ကျပ်ထောင်ဂဏန်းကျော်သည်ထိ ရုတ်တရက်မြင့်တက်ခဲ့သော်လည်း နို့ဆီဈေးနှုန်းများလိုက်ပါမြင့်တက်မှုမရှိဘဲ ယခင်ပုံမှန်နှုန်း



www.foreverspace.com.mm

ထားများအတိုင်းသာရှိနေကြောင်း ညောင်ပင်လေးပလာဇာ နို့ဆီရောင်းချသည့် ဈေးကွက်အတွင်းမှသိရသည်။ စက်တင်ဘာလ ၂ ရက်နေ့အထိ ညောင်ပင်လေးပလာဇာရှိ နို့ဆီဈေးကွက်တွင် အမြင့်ဆုံးပေါက်ဈေးမှာ ၆၃၀ ကျပ်သာရှိသည်ဟု အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

## တစ်ရာထပ်ဆင်းတဲ့ ဆပ်ပြာ

ညောင်ပင်လေးပလာဇာအတွင်းရှိ ရွှေဝါဆပ်ပြာတောင့်ဈေးကွက်မှာ အရောင်းအဝယ်အေးနေခဲ့ပြီး ယခင်လကထက် ကျပ်တစ်ရာခန့်ဈေးနှုန်းထပ်မံကျဆင်းသွားခဲ့ကာ စက်တင်ဘာလ ၂ ရက်နေ့ပေါက်ဈေးမှာ ၁၆,၃၀၀ ကျပ်သာရှိနေကြောင်း အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခုလဆန်းပိုင်းခန့်အထိ နယ်ဝယ်လက်များအေးနေခဲ့ခြင်းကြောင့် ရောင်းအားသိသိသာသာအေးလာခဲ့ပြီး ရောင်းသူများအနေဖြင့် ငွေပေါ်လိုသည့်အတွက် ယခုကဲ့သို့ ဈေးချရောင်းခြင်းဖြစ်နိုင်ကြောင်း ဆပ်ပြာရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ဆပ်ပြာတောင့်ဈေးကွက်အတွင်းရှိ အခြားပုဂ္ဂလိကထုတ်ဆပ်ပြာများမှာမူ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ငြိမ်နေကြောင်း အဆိုပါဈေးကွက်တွင်းမှ စုံစမ်းသိရှိရသည်။

ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ သက်သာဆပ်ပြာမှုန့်မှာ ဈေးအနည်းငယ်မြင့်သွားမှုရှိခဲ့ပြီး လတ်တလော၌ ဈေးကွက်အတွင်း ပစ္စည်းပြတ်လျက်ရှိကြောင်း စက်တင်ဘာလဆန်းပိုင်းရက်အတွင်းက ညောင်ပင်လေးပလာဇာရှိ အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ အခြားဆပ်ပြာမှုန့်များမှာမူ ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း စုံစမ်းသိရှိရသည်။

စက်တင်ဘာလဆန်းပိုင်းရက်များအတွင်း အဆိုပါဈေးကွက်တွင်းမှ စုံစမ်းသိရှိရသည့်ဈေးနှုန်းများမှာ သက်သာဆပ်ပြာမှုန့် ၁၂,၅၀၀ ကျပ်၊ အီလန် (အကြီး) ၁၃,၅၀၀ ကျပ်၊ အီလန် (အသေး) ၆,၇၀၀ ကျပ်၊ Eco (အကြီး) ၉,၃၀၀ ကျပ်၊ Eco (အသေး) ၄,၃၀၀ ကျပ်တို့ ဖြစ်သည်။

## ပြဿနာရှိလျှင် အဖြေရှိသည်

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေပါသည်ဟု ကမ္ဘာသိ ကြေညာထားသောနိုင်ငံတိုင်း ဈေးကွက်စီးပွားရေးစနစ်တစ်ခုတွင်ရှိသင့်ရှိထိုက်သော အခြေခံအဆောက်အဦများ၊ စည်းမျဉ်းစည်းကမ်းများ၊ စီးပွားရေးကျင့်ဝတ်များ၊ မျှတသောစည်းကြပ်မှုများနှင့် ဈေးကွက်ကိုမောင်းနှင်ရသည်။ ဈေးကွက်တို့အခြေခံသဘာဝ ရောင်းလိုအားနှင့် ဝယ်လိုအား သီအိုရီအပေါ် အမှီပြုလည်ပတ်နေသည့်အတွက် ထိုနှစ်ခုကပင် အပြန်အလှန်ထိန်းညှိသွားသည့်သဘောရှိသည်။ ဈေးကွက်တွင် ဝယ်လိုအားကောင်းနေသောပစ္စည်းသည် ဝယ်လိုအားရှိသလောက် မထုတ်လုပ်နိုင်ပါက ဈေးတက်သွားတတ်ပြီး ဝယ်လိုအားထက်ကျော်လွန်အောင် ထုတ်လုပ်ထားသောပစ္စည်းသည်လည်း ဈေးကျသွားတတ်သည်မှာ အများသိပြီးသား ရိုးရှင်းလှသည့်ဈေးကွက်သဘာဝဖြစ်သည်။ ဝယ်လိုအားပုံမှန်ရှိနေသော ကုန်စည်သီးနှံတစ်မျိုးမျိုးသည် သမားရိုးကျအကြောင်းများစွာကြောင့်မဟုတ်ပါဘဲ ဈေးကွက်ကို လက်ဝါးကြီးအုပ်လိုသူအချို့ကြောင့်လည်း ဈေးကွက်တွင် ရုတ်တရက်ဈေးထိုးတက်သွားတတ်သည်။ အမိန့်ပေးဈေးကွက်စီးပွားရေးပုံစံမျိုးတွင် မူဝါဒရေးရာနှင့် ဈေးကွက်သတင်းအချက်အလက်များကို သက်ဆိုင်ရာနှင့်နီးစပ်သူများသာရရှိနိုင်ကြသည့်အခါ ၎င်းတို့က လက်သိပ်ထိုးဝယ်ယူသိုလှောင်လာတတ်သည်။ ထိုအခါ ဈေးနှုန်းကလည်း ကွဲကူးရေပါ တက်လာတတ်သည်။ အကျိုးဆက်က မြန်မာဈေးကွက်သဘောသဘာဝအရ ကြိုတင်ဈေးဖြတ်ဝယ်ယူထားသူကုန်သည်များ အထိနာကြရသည်။ အတက်ကြမ်းလျှင်ကြမ်းသလို ထိခိုက်ဆုံးရှုံးမှုပမာဏ ကြီးတတ်သည်။ ကုန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်းကိုပြန်ကြည့်လျှင် မကြာခဏဆိုသလို ဖော်ပြပါအခြေအနေများ ကြုံခဲ့ကြပြီးဖြစ်သည်။ ယခုနှစ်ပိုင်းများပင်လျှင် မတ်ပဲနှင့် ကြက်သွန်နီဈေးများ မကြုံစဖူးထိုးတက်သွားခြင်းကြောင့် မြန်မာကုန်သည်ကြီးများ အထိနာခဲ့ကြပြန်သည်။ ဖြစ်ပေါ်ခဲ့သမျှသော အခြေအနေအားလုံးကို မည်သူ့မျက်နှာဘက်မှ မလိုက်ဘဲ တစ်ပတ်လည်အောင် သုံးသပ်ဆန်းစစ်ကြည့်ပါက မည်သည့်အတွက်ကြောင့်ဖြစ်ရသည်၊ မည်သို့ပြုပြင်သင့်သည်၊ မည်သို့စည်းကမ်းကြပ်မတ်သင့်သည်ဆိုသောအချက်များ ရှင်းလင်းစွာ တွေ့မြင်ရမည်ဖြစ်သည်။ ရင်ဆိုင်နေရသောအခက်အခဲနှင့် မပြေလည်မှုများကို ပြဿနာဟုစဉ်းစားလျှင် ဖြေရှင်းနိုင်သောနည်းလမ်းရှိနိုင်ပေသည်။ ဖြေရှင်းလိုစိတ်၊ ပြေလည်လိုစိတ် အမှန်တကယ်သာရှိနေလျှင် အဖြေကိုရှာတွေ့နိုင်သောနည်းလမ်းတစ်ခုခု သေချာပေါက်ရှိပေသည်။ သို့မဟုတ်ပါက အဆိုးကျော့သံသရာတွင်သာလည်ရင်း မြန်မာ့စီးပွားရေး နာလန်ထူနိုင်မည်မဟုတ်ပေ။

ပီပြင်သောဈေးကွက်စီးပွားရေးစနစ်တစ်ခုကိုမောင်းနှင်ပေးသည်မှာ ပြိုင်ဆိုင်မှုသာဖြစ်သည်ဟု ဘောဂဗေဒပညာရှင်များကဆိုထားသည်။ ပြိုင်ဆိုင်မှုဆိုရာတွင်လည်း ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း မျှတသည့်ပြိုင်ဆိုင်မှု ရှိမှသာ ဈေးကွက်ရေရှည်တည်တံ့နိုင်သည်။ ထိုသို့ဖြစ်နေစေရန်လည်း ဈေးကွက်အတွင်းရှိနေသူအားလုံးကို အစိုးရက တရားဥပဒေနှင့်အညီ တစ်ပြေးညီအကာအကွယ်ပေးရန် လိုပေသည်။ အမျိုးသားအကျိုးစီးပွားဦးတည်ချက်နှင့်သွေဖည်သော လက်ဝါးကြီးအုပ်ကိုယ်ကျိုးရှာနေသူများက အသာစီးရမနေစေရန်၊ မျှတသောပြိုင်ဆိုင်မှုရှိနေစေရန် တိုင်းရင်းသားလုပ်ငန်းရှင်အားလုံးအပေါ် မျှမျှတတကြီးကြပ်အကာအကွယ်ပေးခြင်းဖြင့်သာလျှင် ပီပြင်သောဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာနေသူတစ်ဦးက အကြံပြုသုံးသပ်သည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၃၀-၇-၂၀၀၉*** ဝမ်းခေါင်းအတွင်းရှိ နှလုံးမှထွက်သော သွေးကြောမကြီးပါး၍ ပေါက်နိုင်သည့်အခြေအနေရှိသော (Abdominal Aortic Aneurysm) အသက် ၆၈ နှစ်အရွယ် ဦးသန်းကျော်အမည်ရှိ လူနာ၏နှလုံးသွေးကြောမကြီးအား သွေးကြောတုဖြင့် ခွဲစိတ်တပ်ဆင်အစားထိုးကုသမှုတစ်ရပ်နေပြည်တော်ခုတင် ၁၀၀၀ဆံ့ ဆေးရုံကြီးတွင် ဆောင်ရွက်။

**၁-၈-၂၀၀၉*** မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပုံနှိပ်မီဒီယာအားလုံးကို စိစစ်တည်းဖြတ်ပေးရာ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ ဂျာနယ်မှုကြမ်းများတင်ပြရာတွင် ဩဂုတ်လ ၁ ရက်နေ့မှစ၍ စာရွက်ဖြင့်တင်ပြခွင့်မပြုတော့ဘဲ CD (Soft Copy) ဖြင့်သာ နေ့လယ် ၁၂ နာရီနောက်ဆုံးထားတင်ပြရမည်ဖြစ်ကြောင်း အဆိုပါဌာနကထုတ်ပြန်။

**၃-၈-၂၀၀၉*** ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ခနိတောအနီးရေပြင်၌ ကြံ့ (၁၄) ရေယာဉ်မှ စိန်ရွှေမိုးကုန်တင်သင်္ဘောသို့ ဆီထည့်စဉ် သင်္ဘောစက်ခန်းမှ မီးစတင်လောင်ကျွမ်းမှုတစ်ရပ် နံနက် ၄ နာရီအချိန်ခန့်က ဖြစ်ပွားခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ပြီး ကိုးဦးပျောက်ဆုံးကာ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြ။

**၆-၈-၂၀၀၉*** သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့တွင် ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် မြန်မာ–သီရိလင်္ကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ။

**၁၂-၈-၂၀၀၉*** မြန်မာစံတော်ချိန် နံနက် ၄ နာရီ၊ ၁၃ မိနစ်၊ ၄၈ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၅၃၀ ခန့် ကွာဝေးသော မြန်မာ–အိန္ဒိယနယ်စပ်တစ်နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၄ ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၁၂-၈-၂၀၀၉*** ရုပ်ရှင်သရုပ်ဆောင်ဇော်ဝမ်း အသက် (၆၅) နှစ် ကွယ်လွန်။

**၁၃-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၀ ရက်နေ့က ခရီးစဉ်အမှတ် 8M-502 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၃နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၁၉ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၄-၈-၂၀၀၉*** အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr. Jim Webb နှင့် ဇနီး Mrs. Hong Le Webb ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိခဲ့ပြီး ခရီးစဉ်အတွင်း လူမှုရေးအသင်းအဖွဲ့များနှင့်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ။

**၁၅-၈-၂၀၀၉*** Mr. Jim Webb နှင့်အဖွဲ့သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများနှင့်လည်းကောင်း နေပြည်တော်တွင် တွေ့ဆုံခဲ့ပြီး ယင်းနေ့တွင်ပင် ညနေ ၃ နာရီ ၅၅ မိနစ်အချိန်က ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ရိပ်သာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၀ ရက်နေ့က ခရီးစဉ်အမှတ် 8M-502 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၃ နှစ် ၇ လအရွယ်ကလေးငယ်တစ်ဦးတွင် ၂၀ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) နှင့် ကယားပြည်နယ်ရှိ မြို့ ၃၀ ကို ဦးတည်ထုတ်လွှင့်မည့် ချယ်ရီအက်ဖ်အမ်ရေဒီယိုအစီအစဉ် စမ်းသပ်ထုတ်လွှင့်။

**၁၆-၈-၂၀၀၉*** အမေရိကန်အထက်လွှတ်တော်အမတ်နှင့် ဇနီးဦးဆောင်သောအဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်းနှင့် မထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမဆောင်တွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၁၇ ရက်နေ့ထုတ် နိုင်ငံပိုင် မီဒီယာများတွင်ဖော်ပြပါရှိ။

www.foreverspace.com.mm



အမေရိကန်အထက်လွှတ်တော်အမတ် Mr. Jim Webb နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတို့က သက်ဆိုင်ရာ ဌာနများသို့ မေတ္တာရပ်ခံချက်များအရ Mr. John William Yattaw ၏ ကျန်းမာရေးနှင့် ဘဝရေ့ရေးအတွက် စာနာထောက်ထား၍လည်းကောင်း၊ အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို အလေးအနက်ထားရှိခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ အင်းစိန်ထောင်တွင် ပြစ်ဒဏ် ခုနစ်နှစ်ကျခံနေသော အမေရိကန်နိုင်ငံသား Mr. John William Yattaw အားချမှတ်ထားသော ပြစ်ဒဏ်များအနက် ပြစ်ဒဏ်၏ထက်ဝက်ကိုသာ ကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကို ဆိုင်းငံ့ခြင်းနှင့် ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်၍ အမေရိကန်အထက်လွှတ်တော် အမတ်နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr. Jim Webb နှင့်အတူ ဩဂုတ်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြောင်း အထက်ပါမီဒီယာများတွင်ပင် ဖော်ပြ။

* စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၃ရက်နေ့က ခရီးစဉ်အမှတ် MI-518ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၁ နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦးတွင် ၂၁ ဦးမြောက် လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ ။

* နေပြည်တော်ဟိုတယ်ဇုန်အနီး ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင်တည်ရှိပြီး စတုရန်းပေ ၆၀၀၀၀ ကျော်အကျယ်အဝန်းရှိသည့် Junction Centre - Nay Pyi Taw ဖွင့်လှစ်။

* ရန်ကုန်တိုင်းကိုယ်စားပြု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရန်ကုန်ယူနိုက်တက်အက်ဖ်စီနှင့် ထိုင်းပရီးမီးယားလိဂ်ကလပ်တယ်ရိုဆက်စနာအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်အတွက် Strategic Alliance Signing Ceremony က ရန်ကုန်မြို့တွင် ပြုလုပ်။

**၁၈-၈-၂၀၀၉*** ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဩဂုတ်လ ၁၃ ရက်မှ ၁၆ ရက်အထိကျင်းပခဲ့သည့် (၄၁) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၆ ရက်နေ့က ခရီးစဉ်အမှတ် MI-520 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၃၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၂၂ ဦးမြောက် လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၉-၈-၂၀၀၉*** ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၁၉ ရက်မှ ၂၆ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်။

* ပြည်ပနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၆ ရက်နေ့က ခရီးစဉ်အမှတ် MI-518 ပြန်လည်ရောက်ရှိလာသူ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးတွင် ၂၃ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၂၀-၈-၂၀၀၉*** ဇာမဏီ (Phoenix) ဂျာနယ်ထုတ်ဝေခွင့်ရပ်ဆိုင်းလိုက်ကြောင်း ပုံနှိပ်သူများထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ထုတ်ပြန်ကြေညာ။ (ဩဂုတ်လ ၂၈ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်)

* စာရေးဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာကံချွန် အသက် (၆၄) နှစ် ကွယ်လွန်။

* မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အလုပ်သမားကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရန်အတွက် မလေးရှားနိုင်ငံသို့ ဩဂုတ်လ ၁၇ ရက်မှ ၂၀ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* Yangon Expo' 2009 ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင်ကျင်းပ။

**၂၁-၈-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၆ ရက်နေ့က ခရီးစဉ်အမှတ် MI-520ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၃ နှစ်အရွယ်အမျိုးသားတစ်ဦးတွင် ၂၄ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၂၂-၈-၂၀၀၉*** ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ယင်းတိုက်ပင်ကျေးရွာတွင်တည်ရှိပြီး Grand Royal Whisky ထုတ်လုပ်သည့် IBTC Co., Ltd. ပိုင် မြန်မာဝိုင်နှင့်အရက်ချက်စက်ရုံ(MWDC)မီးလောင်ကျွမ်းမှုတစ်ရပ် ဩဂုတ်လ ၂၂ ရက်နေ့ ည ၇ နာရီမှ ၂၃ ရက်နေ့ နံနက် ၃ နာရီအထိ ဖြစ်ပွားခဲ့ရာ စက်ရုံတန်ဖိုး၏ ၈၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးပျက်စီးခဲ့၍ စက်ရုံဝန်ထမ်းလေးဦးပွဲ ချင်းပြီးသေဆုံးခဲ့ပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိ။

www.foreverspace.com.mm



**၂၃-၈-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဩဂုတ်လ ၁၈ ရက်မှ ၂၃ ရက်အထိ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးသွားရောက်ခဲ့သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ ၊ သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါ ပျံလွန်တော်မူ။

**၂၄-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၂၂ ရက်နေ့က ခရီးစဉ်အမှတ် MH-740 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၂၅ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လိကျေးရွာရှိ နေအိမ်တစ်အိမ်နှင့် အခြားနေရာများတွင် လက်နက်အချို့နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည့်အတွက် တရားခံခြောက်ဦးအပြင် ထိုင်းနိုင်ငံသားဇနီးမောင်နှံနှစ်ဦးကိုပါ ဆက်စပ်ဖမ်းဆီးရမိခဲ့ကြောင်း ဩဂုတ်လ ၂၇ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၆-၈-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၂၆ ရက်နေ့က ခရီးစဉ်အမှတ် MI-520 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၁၆ နှစ်အရွယ်အမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်အရွယ် အမျိုးသားတစ်ဦးတွင် လည်းကောင်းကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၂၇-၈-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။

* မြန်မာနိုင်ငံနှင့် ဇင်ဘာဘွေသမ္မတနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်စတင်ပြုလုပ်။

* စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ရွှေလဝင်းလမ်း တိုက်အမှတ် ၁၅–အေ၊ ခုနစ်လွှာတွင် ယာယီသန်းခေါင်စာရင်းဖြင့်နေထိုင်သော ဇနီးမောင်နှံနှစ်ဦးပြုတ်ကျသေဆုံးမှုတစ်ရပ်ဖြစ်ပွား။

**၂၉-၈-၂၀၀၉*** အသက် ၁၆ နှစ်အရွယ် မြန်မာအမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသူ အမျိုးသမီးတစ်ဦးတို့တွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။ အဆိုပါ လူနာနှစ်ဦးမှာ ၂၈ ဦးနှင့် ၂၉ ဦးမြောက် ကမ္ဘာ့လူတုပ်ကွေးရောဂါပိုးတွေ့ရှိရသည့် လူနာများဖြစ်။

* မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအနီးတွင်တည်ဆောက်ထားသော အကျယ် ၁၆၀ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိသည့် မြို့ကြီးရေလွှဲဆည်ဖွင့်လှစ်။

**၃၀-၈-၂၀၀၉*** အသက် (၄၄) နှစ်အရွယ် အမျိုးသားတစ်ဦးတွင်လည်း ၃၀ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

* ကိုးကန့်ဒေသတွင်ဖြစ်ပွားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးဖုန်ကြားရှင်အပါအဝင် ပုဂ္ဂိုလ်လေးဦးနှင့်သာသက်ဆိုင်ကြောင်းနှင့် မသိနားမလည်ဘဲ လိုက်ပါဆောင်ရွက်ခဲ့ကြသူကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခွင့်ပြုကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ကြေညာချက်အမှတ် ၁/၂၀၀၉ ဖြင့်ထုတ်ပြန်ကြေညာ။

* ဦးဖုန်ကြားရှင်ကို သစ္စာခံသောကိုးကန့်တပ်ဖွဲ့ဝင်များက ဓားစာခံအဖြစ်ဖမ်းဆီးထားခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၉ ဦးကိုကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာမှ ဩဂုတ်လ ၂၇ ရက်နေ့တွင် နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ဩဂုတ်လ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ပစ်ခတ်မှုများပြီးဆုံးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် တပ်မတော်သားကျဆုံး ၁၁ ဦး၊ ဒဏ်ရာရ ၃၄ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကျဆုံး ၁၅ ဦး၊ ဒဏ်ရာရ ၁၃ ဦး၊ ဦးဖုန်ကြားရှင်သစ္စာခံ ကိုးကန့်တပ်ဖွဲ့မှ သေဆုံးသူရှစ်ဦး တွေ့ရှိခဲ့ကြောင်းနှင့် ပစ်ခတ်ခံထားရသည့် ရဲတပ်ဖွဲ့ဝင်များ၏ဓာတ်ပုံများကိုလည်း ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထင်ရှားစွာဖော်ပြထားသည်ကို တွေ့ရသည်။

* ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်နယ်မြေတွင် တရားမဝင်လက်နက်/ခဲယမ်း ထုတ်လုပ်ရောင်းချသောစက်ရုံတစ်ရုံကို ၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန် တာရှင်၊ ဦးဖုန်တာလီတို့ကို ဆင့်ခေါ်ခဲ့ရာ အထူးဒေသ (၁) ခေါင်းဆောင်များအတွင်း အမြင်မတူဘဲ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး ဦးဖုန်ကြားရှင်အပါအဝင် အထက်ပါပုဂ္ဂိုလ်လေးဦးမှာ ကိုးကန့်ဒေသမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)

www.foreverspace.com.mm

အထူးဒေသ (၁) ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီက ယနေ့ရက်စွဲဖြင့် ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ကြေညာချက်ထုတ်ပြန်။

**၃၁-၈-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရထားစက်ခေါင်းများ၊ လူစီးတွဲနှင့် ကုန်တွဲများကို ရန်ကုန်မြို့ရှိ ရန်ကုန်ဘူတာကြီးတွင် လွှဲပြောင်းပေးအပ်။

* မြန်မာစံတော်ချိန် နံနက် ၀၁နာရီ၊ ၅၇ မိနစ်၊၀၂ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် မိုင် ၅၈၀ ခန့် ကွာဝေးသော မြန်မာ–အိန္ဒိယနယ်စပ်အနီးတစ်နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၃ ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၂-၉-၂၀၀၉*** စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အသက် ၃၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၃၁ ဦးမြောက်အဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၃-၉-၂၀၀၉*** အသက် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး တုပ်ကွေးလက္ခဏာဖြင့် ဖျားနာလာသဖြင့် စက်တင်ဘာလ ၁ ရက်နေ့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်ကလေးဆေးရုံကြီးသို့လွှဲပြောင်းပေးခဲ့ပြီး ဓာတ်ခွဲနမူနာကို စမ်းသပ်စစ်ဆေးခဲ့ရာ ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားသူ ၃၂ ဦးမြောက်အဖြစ် ထပ်မံတွေ့ရှိ။

* ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့များ၌ ကျင်းပခဲ့သည့် ၇ ကြိမ်မြောက် အရှေ့အာရှဆွေးနွေးပွဲသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၄-၉-၂၀၀၉*** အသက် ၁၅ နှစ်အရွယ် ပြင်သစ်နိုင်ငံသား အမျိုးသားတစ်ဦးတုပ်ကွေးလက္ခဏာဖြင့် ဖျားနာလာသောကြောင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြောက်ဥက္ကလာပဆေးရုံကြီးသို့ပို့ဆောင် ပြီး ဓာတ်ခွဲနမူနာကို စမ်းသပ်စစ်ဆေးခဲ့ရာ ၃၃ ဦးမြောက်အဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားသူဟု ထပ်မံအတည်ပြု။

* မလေးရှားနိုင်ငံ၌ ရောက်ရှိနေသော အခက်အခဲများရင်ဆိုင်နေရသည့် မြန်မာအလုပ်သမားများအနက် ပထမအသုတ် ၄၉ ဦးသည် မြန်မာ့လေကြောင်းခရီးစဉ်အမှတ် (8M-502) ဖြင့် ပြန်လည်ရောက်ရှိ။

* မြန်မာစံတော်ချိန် နံနက် ၂ နာရီ၊ ၂၃ မိနစ်၊၀၀ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် မိုင် ၅၅၀ ခန့် ကွာဝေးသော မြန်မာ–အိန္ဒိယနယ်စပ်အနီးတစ်နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၉ ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

* ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) လောက်ကိုင်ဒေသ တရုတ်–မြန်မာနယ်စပ် ကျောက်တိုင်အမှတ် ၁၂၇ အနီး မူကွာကျိုင်းကျေးရွာနှင့် တာစင်ကျိုင်းကျေးရွာအကြား၌ အဆောက်အအုံ ခုနစ်လုံးပါဝင်သော ဖောက်ခွဲဖျက်ဆီးရေးယမ်းထုတ်လုပ်သည့်စက်ရုံတစ်ရုံ သိမ်းဆည်းရမိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလုံပြာဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# ရတနာပုံအက်ဖ်စီ

**မြန်မာ့ဘောလုံးလောက၏ သမိုင်းဝင်အပြောင်းအလဲအဖြစ် ပရိုစနစ်သို့စတင်ကူးပြောင်းခဲ့ချိန်တွင် ပထမဆုံးအကြိမ်ကျင်းပသော MNL Cup Grand Royal 2009 ပြိုင်ပွဲ၌ ပထမရရှိဗိုလ်စွဲခဲ့သော မန္တလေးတိုင်းကိုယ်စားပြုဘောလုံးအသင်းဖြစ်သည်။**

- ❑ အသင်းတည်ထောင်သူမှာ Alpine သောက်ရေသန့်ထုတ်လုပ်လျက်ရှိသည့် Loi Hein Co., Ltd. ၏ အကြီးအကဲဖြစ်သူ ဒေါက်တာစိုင်းဆမ်ထွန်းဖြစ်ပြီး နည်းပြချုပ်မှာ ပြင်သစ်လူမျိုး Mr. Yoan Girard အသင်းနည်းစနစ်ဒါရိုက်တာမှာ Mr.Robert နှင့် အသင်းမန်နေဂျာမှာ ဦးစိုးမိုးလှိုင်ဖြစ်။
- ❑ ၂၀၀၉ ခုနှစ်တွင်စတင်တည်ထောင်ဖွဲ့စည်း။
- ❑ လက်ထောက်နည်းပြအဖွဲ့ကို မြန်မာ့လက်ရွေးစင်နည်းပြဟောင်း ဦးခင်မောင်တင့်ဦးဆောင်ဖွဲ့စည်းထားပြီး ပြည်ပမှ အားကစားသမားငါးဦး ငှားရမ်းခေါ်ယူထား။
- ❑ အသင်းတွင် အသင်းခေါင်းဆောင် ခင်မောင်ထွန်းအပါအဝင် ကစားသမားစုစုပေါင်း ၃၀ ဦးခန့်ရှိပြီး ထင်ရှားသည့်မြန်မာကစားသမားများဖြစ်သော ဘဏ္ဍာအခွန်အသင်းမှ ရန်ပိုင်၊ ထွန်းထွန်းဝင်း၊ ပိုင်စိုး၊ အောင်ဟိန်းလတ်၊ အောင်ကျော်စိုး၊ ကျော်ခိုင်ဝင်း စသူတို့ ပါဝင် ဖွဲ့စည်းထား။
- ❑ ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်း အိုင်ဗရီကို့စ်နိုင်ငံ ကစားသမားနှစ်ဦးကို ထပ်မံအားဖြည့်ခေါ်ယူ။
- ❑ အသင်း၏ အိမ်ကွင်းမှာ မန္တလေးမြို့ရှိ ဗထူးအားကစားကွင်းဖြစ်။
- ❑ ကစားသမားအပြောင်းအရွှေ့အတွက် ကုန်ကျစရိတ်မှာ ကျပ် ၈၆ သိန်းဖြစ်ပြီး၊ စာချုပ်ချုပ်ဆိုခအတွက် ကုန်ကျငွေမှာ ကျပ် ၃၈၅ သိန်းဖြစ်။
- ❑ ကစားသမားများကို ပေးထားသောလစာနှုန်းထားများမှာ အမြင့်ဆုံး ဒေါ်လာ ၂၀၀၀ နှင့် အနိမ့်ဆုံးကျပ် ၃.၅ သိန်းဖြစ်။
- ❑ ၂၀၀၉ ခုနှစ် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံသို့သွားရောက်၍ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်းလက်ရွေးစင်အသင်း၊ ဗီယက်နမ်လက်ရွေးစင်အသင်းတို့အပါအဝင် မိတ်ဖက်အသင်းဖြစ်သော ထိုင်းပရီးမီးယားလိဂ်ကလပ် မြောင်တောင်အသင်းနှင့်ခြေစမ်းကစားရန်စီစဉ်ထား။
- ❑ **ဆက်သွယ်ရန်လိပ်စာ**

  Loi Hein Co., Ltd. (Alpine Drinking Water)

  အမှတ် ၁၁၇၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

  ဖုန်း–၂၂၉၉၅၆၊ ၂၂၉၉၆၄၊ ဖက်စ်–၂၂၉၉၅၇

  Website - www.yadanarbonfc.com

**ကိုးကား– ဩဂုတ်လအတွင်းက Myanmar National League Website တွင် တရားဝင်ဖော်ပြထားသည့် အချက်အလက်များနှင့် အခြားတရားဝင်ဖော်ပြထားသည့်သတင်းများ။**



www.foreverspace.com.mm



# ရန်ကုန်အက်ဖ်စီ

**ရန်ကုန်တိုင်းကိုယ်စားပြုအသင်းဖြစ်ပြီး ပထမဆုံးအကြိမ်ကျင်းပသည့် MNL Cup Grand Royal 2009 ပြိုင်ပွဲတွင် ဒုတိယရရှိထားသောအသင်းတစ်သင်းဖြစ်သည်။**

- ရန်ကုန်အက်ဖ်စီအသင်းကိုတည်ထောင်သူမှာ Htoo Group of Companies အကြီးအကဲဖြစ်သူ ဦးတေဇဖြစ်ပြီး အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် မန်နေဂျာ ဦးအောင်ကျော်လွင်၊ အသင်းနည်းပြချုပ်မှာ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းတစ်ဦးဖြစ်သော မျိုးလှိုင်ဝင်းနှင့် အသင်းခေါင်းဆောင်မှာ အောင်အောင်ဦးတို့ဖြစ်။
- ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်တန်းတွင် ပဥ္စမရရှိခဲ့သော Air Bagan ဘောလုံးအသင်းကိုအခြေခံ၍ နာမည်ကျော် မြန်မာဘောလုံးကစားသမားများဖြစ်သော အောင်အောင်ဦး၊ မျိုးမင်းထွန်း၊ ကျော်သူရ၊ စိုးလင်းထွန်း၊ မောင်မောင်မြင့်၊ ကျော်ဒွန်း၊ ဌေးအောင်တို့အပြင် အာဖရိကတိုက်မှ ကစားသမားငါးဦးကိုလည်း ငှားရမ်းထား။
- အသင်း၏အိမ်ကွင်းမှာ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ကွင်းဖြစ်။
- ကစားသမားအပြောင်းအရွှေ့အတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၀၃ သိန်းဖြစ်ပြီး စာချုပ်ချုပ်ရာတွင်ကုန်ကျငွေတန်ဖိုးမှာ ကျပ် ၅၅၅ သိန်းဖြစ်ကြောင်းသိရ။
- ကစားသမားများကို ပေးထားသောလစာနှုန်းထားများမှာ အမြင့်ဆုံး ဒေါ်လာ ၂၅၀၀ နှင့် အနိမ့်ဆုံး ကျပ်သုံးသိန်းဖြစ်။
- ရန်ကုန်ယူနိုက်တက်အက်ဖ်စီသည် ထိုင်းပရီးမီးယားလိဂ်ကလပ် တယ်ရီဆက်စနာအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် Strategic Alliance Signing Ceremony ကို ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တို့တွင် ရန်ကုန်မြို့၌ ပြုလုပ်။ အလားတူ တယ်ရီဆက်စနာအသင်းနှင့် ပူးပေါင်းဆောင်ရွက်နေသော ပရီးမီးယားကလပ် အာဆင်နယ်အသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပြီး တယ်ရီဆက်စနာအသင်း၏ အကူအညီဖြင့် ရန်ကုန်မြို့တွင် လူငယ်ဘောလုံးသင်တန်းကျောင်းဖွင့်လှစ်သွားရန်လည်း စီစဉ်လျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

  Air Bagan Ltd.

  အမှတ် ၅၆၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

  ဖုန်း–၅၁၄၈၆၁၊ ၅၁၃၄၁၁

  ဖက်စ်–၅၀၄၇၄၁၊ ၅၁၅၁၀၂

  Website - www.ygnutd.com

**ကိုးကား– ဩဂုတ်လအတွင်းက Myanmar National League Website တွင် တရားဝင်ဖော်ပြထားသည့်အချက်အလက်များနှင့် အခြားတရားဝင်ဖော်ပြထားသည့်သတင်းများ။**



www.foreverspace.com.mm

# မကွေးအက်ဖ်စီ

**မကွေးတိုင်းကိုယ်စားပြုဖွဲ့စည်းထားသည့် အသင်းတစ်သင်းဖြစ်ပြီး လက်ရှိ မြန်မာနေရှင်နယ်လိဂ်အသင်းများထဲတွင် နည်းပြအဖွဲ့လစာအမြင့်ဆုံးပေးထားသောအသင်းတစ်သင်းဖြစ်သည်။**

- ❑ မကွေးအက်ဖ်စီအသင်းကိုတည်ထောင်သူမှာ Asia World Co. ၏အကြီးအကဲဖြစ်သူ ဦးထွန်းမြင့်နိုင်ဖြစ်ပြီး၊ အသင်းအုပ်ချုပ်သူ ဦးစိန်သောင်း၊ အသင်းနည်းပြချုပ် ဦးကြည်လွင်နှင့် အသင်းခေါင်းဆောင်မှာ မြန်မာ့လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်သူ လွင်ဦးဖြစ်။
- ❑ ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်း။
- ❑ ကစားသမားအများစုမှာ လက်ရှိလက်ရွေးစင်နှင့် နာမည်ကျော်လက်ရွေးစင်ဟောင်းများဖြစ်ကြပြီး ထင်ရှားသောဘောလုံးသမားများဖြစ်ကြသည့် လွင်ဦး၊ ဇော်ထက်အောင်၊ အောင်မြင့်အေး၊ စည်သူဝင်း၊ ပြည့်ဖြိုးဦး၊ထွန်းမင်းဦး၊ ဘိုဘိုအောင်၊ ဟိန်းကျော်သူ အစရှိသူတို့ပါဝင်ဖွဲ့စည်းထား။ ပထမအကြိမ် MNL Cup အပြီးတွင် နိုက်ဂျီးရီးယားကစားသမားသုံးဦး၊ ကင်မရွန်းကစားသမားနှစ်ဦးကို ထပ်မံအားဖြည့်ခေါ်ယူ။
- ❑ အသင်း၏အိမ်ကွင်းမှာ မကွေးမြို့ရှိ တိုင်းအားကစားကွင်းဖြစ်။
- ❑ ကစားသမားအပြောင်းအရွှေ့အတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၂၆ သိန်းနှင့် စာချုပ်ချုပ်ဆိုခအတွက်ကုန်ကျငွေမှာ ကျပ် ၅၅၅ သိန်းဖြစ်ကြောင်းသိရ။
- ❑ ကစားသမားများကို ပေးထားသောလစာနှုန်းထားများမှာ အမြင့်ဆုံး ကျပ် ၁၀ သိန်းနှင့် အနိမ့်ဆုံး ကျပ်သုံးသိန်းဖြစ်။
- ❑ **ဆက်သွယ်ရန်လိပ်စာ**

  Asia World Co., Ltd.

  အမှတ်–၆၁၊ ၆၂၊ ဗဟိုစာတိုက်ကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

  ဖုန်း – ၂၂၄၀၆၇၊ ဖက်စ် – ၂၁၄၆၃၀

  Website - www.magwayfootballclub.com

**ကိုးကား– ဩဂုတ်လအတွင်းက Myanmar National League Website တွင် တရားဝင်ဖော်ပြထားသည့် အချက်အလက်များနှင့် အခြားတရားဝင်ဖော်ပြထားသည့်သတင်းများ။**



www.foreverspace.com.mm



# ကမ္ဘောဇအက်ဖ်စီ

**ရှမ်းပြည်နယ် ကိုယ်စားပြုတည်ထောင်ထားသည့်အသင်းတစ်သင်းဖြစ်ပြီး လက်ရှိအခြေအနေတွင်လက်ရွေးစင်ကစားသမား အရေအတွက်အများဆုံး စာချုပ်ခေါ်ယူထားသည့်အသင်းတစ်သင်းဖြစ်။**

- ကမ္ဘောဇအက်ဖ်စီအသင်းကိုတည်ထောင်သူမှာ KBZ Bank ၏အကြီးအကဲဖြစ်သူ ဦးအောင်ကိုဝင်းဖြစ်ပြီး အသင်းအုပ်ချုပ်သူ ဦးဘသန်း (ခ) ဦးမောင်မောင်လောက်၊ အသင်းနည်းပြချုပ် ဦးအေးမောင်ကြီးနှင့် အသင်းဥက္ကဋ္ဌ ဦးမိုးဆန်းအောင်၊ အသင်းခေါင်းဆောင်မှာ မြန်မာ့လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်သူ စိုးမြတ်မင်း ဖြစ်။
- MNL Cup Grand Royal 2009 တွင် တတိယရရှိထားသောအသင်းတစ်သင်းဖြစ်။
- အသင်းခေါင်းဆောင်စိုးမြတ်မင်းကို စံချိန်တင်စာချုပ်ချုပ်ဆိုခ ကျပ်သိန်း ၇၀ အထိပေး၍ခေါ်ယူထားသည့် အသင်းတစ်သင်းဖြစ်ပြီး ထင်ရှားသောဘောလုံးသမားများဖြစ်ကြသည့် ခင်မောင်လွင်၊ မိုးဝင်း၊ ကျော်ဇင်ထက်၊ ဟန်ဝင်းအောင်၊ အေးဆန်း၊ တင့်နိုင်ထွန်းသိန်း၊ အောင်ဝင်းနိုင်၊ ဝင်းမင်းထွဋ်၊ နေဝင်း အစရှိသူတို့ပါဝင်ဖွဲ့စည်းထား။
- အသင်း၏အိမ်ကွင်းမှာ တောင်ကြီးမြို့ရှိ တိုင်းအားကစားကွင်းဖြစ်။
- ကစားသမားအပြောင်းအရွှေ့အတွက်ကုန်ကျစရိတ်မှာ ကျပ် ၇၅၄ သိန်းဖြစ်ကြောင်းသိရ။
- ကစားသမားများကို ပေးထားသောလစာနှုန်းထားများမှာ အမြင့်ဆုံး ကျပ် ၁၀ သိန်းနှင့် အနိမ့်ဆုံး ကျပ်နှစ်သိန်းဖြစ်။
- **ဆက်သွယ်ရန်လိပ်စာ**

  KBZ Bank Ltd.

  ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

  ဖုန်း – ၅၃၈၀၈၀၊ ဖက်စ် – ၅၀၃၀၀၆

  Website - www.kbzfc.com

**ကိုးကား– ဩဂုတ်လအတွင်းက Myanmar National League Website တွင် တရားဝင်ဖော်ပြထားသည့် အချက်အလက်များနှင့် အခြားတရားဝင်ဖော်ပြထားသည့်သတင်းများ။**



www.foreverspace.com.mm



# ဖောက်သည်တွေ ဘာလိုသလဲ

မျိုးခန့်စံ

**စီး ပွားရေးလုပ်ငန်းရှင်များ သို့မဟုတ် သက်ဆိုင်ရာမန်နေဂျာများသည် မိမိတို့လုပ်ငန်းအောင်မြင်ရေး၊ ဈေးကွက်ရရှိရေးအတွက် ဈေးကွက်မဟာဗျူဟာများချမှတ်ကာ လုပ်ငန်းဆောင်ရွက်ကြလေ့ရှိသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် ကုမ္ပဏီကချမှတ်ထားသောမူဝါဒလမ်းစဉ်များနှင့်အညီ ထိရောက်ရန်၊ စွမ်းဆောင်ရည်မြင့်မားရန် အလေးထား၍ ကြိုးပမ်းကြရပါသည်။ လုပ်ငန်းအဖွဲ့အစည်း၏ရည်မှန်းချက်များတွင် ဈေးကွက်ရရှိရန်၊ လုပ်ငန်းရေရှည်ရပ်တည်နိုင်ရန်၊ လုပ်ငန်းတိုးချဲ့ရန်နှင့် အကျိုးအမြတ်ရရှိရေးတို့ ပါဝင်လေ့ရှိပါသည်။ လုပ်ငန်းအောင်မြင်မှ၊ အကျိုးအမြတ်ရရှိမှ ရေရှည်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ဈေးကွက်မရရှိဘဲ ကုမ္ပဏီရပ်တည်ရန်မဖြစ်နိုင်ပါ။ စားသုံးသူ၊ ဖောက်သည်သည် အဓိကအခန်းကဏ္ဍတွင်ရှိရာ ကုမ္ပဏီအနေဖြင့် အကျိုးအမြတ်ရရှိရန်လိုအပ်သည်မှာမှန်သော်လည်း အကျိုးအမြတ်တစ်ခုတည်းကိုသာ ရှေးရှုဆောင်ရွက်ခြင်းမပြုသင့်ပါချေ။ 'Customer Point of View' မှကြည့်၍ 'ဖောက်သည်တွေ ဘာလိုသလဲ' ဆိုသည်ကို အလေးထား၍ စဉ်းစားအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။**

'ဖောက်သည်တွေ ဘာလိုသလဲ' ဆိုသည်ကို 'Customer Point of View' မှစဉ်းစားလျှင် ဖောက်သည်တို့လိုအပ်သည်မှာ ထိုက်တန်မှု (Value) နှင့် အဆင်ပြေချောမွေ့မှု (Convenience) တို့ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီတို့သည် 'မည်သို့သောတန်ဖိုးရလဒ်ကို မည်သို့သောပုံစံဖြင့် သက်သောင့်သက်သာအဆင်ပြေချောမွေ့စွာ ပေးအပ်မည်' ဆိုသည်ကို မဟာဗျူဟာချမှတ်၍ အလေးအနက်ထားဆောင်ရွက်ကြပါသည်။



'ထိုက်တန်မှု သို့မဟုတ် တန်ဖိုး' ဟူသည် အဘယ်နည်း။ ဈေးပေါတိုင်း၊ အချောင်ရတိုင်း ထိုက်တန်သည်ဟူ၍ သတ်မှတ်မည်လော။ ဗြိတိန်မှ လုပ်ခလစာကောင်းကောင်းရသည့် ကမ္ဘာကျော်ဘောလုံးသမားများကဲ့သို့ ဈေးကြီးတိုင်း ကောင်းပါသလား။ တန်ဖိုးနှင့်ဈေးနှုန်း အဆက်အစပ်သည် စိတ်ဝင်စားဖွယ်ကောင်း၏။ ပေးလိုက်ရသောကုန်ကျငွေထက် ရရှိသောအကျိုးရလဒ်က သာလွန်လျှင် ထိုက်တန်သည်ဟု သတ်မှတ်ကြသည်။ ကုန်ကျမှုစရိတ်တွင် ငွေကြေးကုန်ကျမှု၊ အချိန်နှင့် စိတ်ပင်ပန်းမှု စသောအချက်များပါဝင်သည်။ ထို့အတူ အကျိုးရလဒ်တွင် ကုန်ပစ္စည်း၏ အရည်အသွေး၊ အသုံးဝင်မှု၊ ဝန်ဆောင်မှု၊ စိတ်ချမ်းသာမှု စသောအချက်များပါဝင်သည်။ ဖောက်သည်တို့ခံယူသောထိုက်တန်မှု (တန်ဖိုး) ဟူသည် အရည်အသွေး၊ ဝန်ဆောင်မှုနှင့်ဈေးနှုန်းတို့ ဟန်ချက်ညီညီပေါင်းစပ်ပါဝင်နေခြင်းပင် ဖြစ်သည်။

အောင်မြင်သောအမှတ်တံဆိပ်ရှိအဝတ်အထည်ကုမ္ပဏီတစ်ခု၏ပြောကြားချက်မှာ မှတ်သားဖွယ်ရာဖြစ်သည်။ ၎င်းတို့ထုတ်လုပ်သောအဝတ်အထည်တို့သည်

www.foreverspace.com.mm



ထိပ်ပါတန်းနာမည်ကြီးသည့် အမှတ်တံဆိပ်
များမဟုတ်ဘဲ အလယ်အလတ်တန်းစား
အမှတ်တံဆိပ်များဖြစ်ကာ ဝတ်ဆင်ရာတွင်
အဆင်ပြေကောင်းမွန်ခြင်း၊ ရာသီဥတုနှင့်
ကိုက်ညီခြင်း၊ အသွင်အပြင်လှပခြင်း၊
အရည်အသွေးကောင်းခြင်း၊ ဒီဇိုင်းဆန်းသစ်
ခြင်း၊ ဈေးနှုန်းသင့်တင့်ခြင်းတို့ကြောင့်
အောင်မြင်မှုရရှိသည်ဟု သုံးသပ်ကြပါ
သည်။ ဖောက်သည်တန်ဖိုးတွင် QSP ခေါ်
Quality အရည်အသွေး၊ Service ဝန်ဆောင်
မှုနှင့် Price ဈေးနှုန်းတို့ပါရှိရာ အရည်
အသွေးကောင်းမွန်မှုသည် အဓိကဖြစ်ပြီး
အရည်အသွေးကောင်းမွန်မှုမရှိလျှင် ဝန်
ဆောင်မှုနှင့် ဈေးနှုန်းတို့ မည်သို့ပင်ရှိစေ
မအောင်မြင်နိုင်ပေ။ မြန်မာစကားတွင် 'ပေါ၊
ချောင်၊ ကောင်း' ဟူသောအသုံးအနှုန်းရှိ
သည်။ 'ပေါ၊ ချောင်၊ ညံ့' ဆိုလျှင် မည်သူမျှ
သုံးမည်မဟုတ်။ စိတ်ဝင်စားမည်မဟုတ်
ချေ။ အရည်အသွေးကောင်းမွန်ပါသော်
လည်း ဝန်ဆောင်မှုနှင့်ဈေးနှုန်းတို့ ဟန်
ချက်မညီလျှင် မအောင်မြင်နိုင်ချေ။ QSP
ကို 'ဖောက်သည်တို့ ဘာတွေလိုအပ်သလဲ'
ဆိုသည်နှင့် ချိန်ညှိရန် ဖြစ်ပါသည်။

Mc Donald ၏အောင်မြင်မှုကို လေ့
လာသုံးသပ်ရာတွင် တွေ့ရှိချက်တစ်ခုမှာ
'၎င်း၏အောင်မြင်မှုသည် အမြန်ရရှိစားသုံး
နိုင်ခြင်းဟူသော ဂုဏ်ရည်သက်သက်သာ
မဟုတ်ဘဲ ဖောက်သည်များ၏အတွေ့
အကြုံနှင့် စိတ်ကျေနပ်မှုကြောင့် အောင်မြင်
သည်' ဟူ၍ ဖြစ်ပါသည်။ Mc Donald's
၏ရှင်းပြချက်မှာ ဆိုင်သို့ တစ်ကြိမ်တစ်ခါ
လာရောက်ရုံမျှဖြင့် အဆင်ပြေသော၊ သက်
သောင့်သက်သာရှိသော ဝန်ဆောင်မှုများကို
ရရှိ၍ စိတ်ကျေနပ်မှုရရှိကာ အကြိမ်ကြိမ်
အခါခါလာရောက်အားပေးသောကြောင့်
အောင်မြင်မှုရရှိခြင်းဖြစ်သည်ဟူ၍ ဖြစ်ပါ
သည်။

ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိ
ခြင်း (Customer Satisfaction) သည်
အဓိကကျသဖြင့် ဈေးကွက်မဟာဗျူဟာ
တွင် အလေးထားထည့်သွင်းဆောင်ရွက်ကြ
ရပါသည်။ ကုမ္ပဏီ၏အရေးကြီးဆုံးပုဂ္ဂိုလ်
ဟုဆိုလျှင် Boss ကိုပြေးမြင်တတ်ကြ
သည်။ တကယ်တမ်းတွင်မူ ကုမ္ပဏီ၏
အရေးကြီးဆုံးပုဂ္ဂိုလ်မှာ Customer ခေါ်
ဖောက်သည်များ ဖြစ်ပါသည်။ အကြောင်း
မှာ ဖောက်သည်များရှိမှသာ ကုမ္ပဏီရပ်
တည်နိုင်မည်ဖြစ်ပြီး ဝယ်ယူစားသုံးသူ
(Consumer) နှင့်ဖောက်သည် (Custom-
ers) မရှိဘဲ ကုမ္ပဏီရပ်တည်၍မရပါ။ သို့ပါ
၍ ဖောက်သည်တို့ကို အလေးထားရန်လို
သည်။ ဖောက်သည်ကို အလေးထားခြင်း
သည် ကုမ္ပဏီအကျိုးကို ရှေးရှုဆောင်ရွက်
ခြင်းပင်ဖြစ်ရာ ဖောက်သည်တို့စိတ်ကျေနပ်
မှုရရှိစေရန် ဈေးကွက်ရေးရာဌာနတစ်ခုတည်း
၌သာ တာဝန်ရှိသည်မဟုတ်ဘဲ ဌာနပေါင်းစုံ
ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

လုပ်ငန်းများ အောင်မြင်ခြင်း၊
မအောင်မြင်ခြင်းသည် ဖောက်သည်များက
လုပ်ငန်းအပေါ် နှစ်သက်ခြင်း၊ မနှစ်သက်
ခြင်းအပေါ် များစွာမူတည်သည်။ မည်
သည့်ဖောက်သည်မဆို ၎င်းတို့နှစ်သက်လို



www.foreverspace.com.mm

လားသော ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းများနှင့်သာ ဆက်သွယ်ဆောင်ရွက်လိုကြပေသည်။ ကုမ္ပဏီများဘက်မှလည်း မိမိတို့စွမ်းဆောင်နိုင်သမျှ စွမ်းဆောင်၍ ဖောက်သည်တို့စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ပေးသင့်သည်။ ဖောက်သည်တို့စိတ်ကျေနပ်မှုရရှိရေးသည် အဓိကသော့ချက်ဖြစ်ပြီး ဖောက်သည်တို့ကို ရေရှည်ထိန်းထားနိုင်မှသာလျှင် ကုမ္ပဏီအတွက် ရေရှည်အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ရာ 'ဖောက်သည်တွေ ဘာတွေလိုသလဲ'၊ '၎င်းတို့၏လိုအပ်ချက် (Needs) သည် ဘာလဲ'၊ 'လိုအင်ဆန္ဒ (Wants) သည်ဘာလဲ' စသည်တို့ကို သိရှိရန်လိုအပ်သကဲ့သို့ ဖြည့်ဆည်းပေးရန်လည်းလိုသည်။

သတိပြုဖွယ်ရာအချက်မှာ ကုမ္ပဏီတို့သည် မိမိတို့စွမ်းဆောင်နိုင်သမျှ လုပ်ဆောင်ပေးတိုင်းလည်း ဖောက်သည်တို့က နှစ်သက်လိမ့်မည်မဟုတ်ဟူသောအချက်ဖြစ်ပါသည်။ ဖောက်သည်တို့လိုအင်ဆန္ဒနှင့် ကိုက်ညီမှသာ ၎င်းတို့နှစ်သက်သဘောကျပေလိမ့်မည်။ ဖောက်သည်တို့၏လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဖောက်သည်တို့၏ဆန္ဒကိုမေးမြန်းရန်၊ ဖောက်သည်ကို ရှေးရှုအလေးထားဆောင်ရွက်ရန်၊ ရင်းနှီးနွေးထွေးစွာ ဆက်ဆံရန်၊ မိမိပေးလိုက်သော ဝန်ဆောင်မှုကို နှစ်သက်ခြင်းရှိ မရှိမေးမြန်းရန်၊ သုတေသနပြုရန်လိုသည်။ CRM ခေါ် Customer Relationship Management ကိုဆောင်ရွက်ကျင့်သုံးပြီး ရင်းနှီးနွေးထွေးသော ဆက်ဆံရေးကို တည်ဆောက်ရန်လိုသည်။ Database တည်ဆောက်၍ သတင်းအချက်များစုဆောင်းရန်လိုအပ်မည်။ သုံးသပ်မည်။ Update လုပ်ရမည်။ သစ္စာရှိသောဖောက်သည်များဖြစ်လာစေရန် ကြိုးပမ်းသင့်သည်။ ဖောက်သည်များထံမှ အကြံဉာဏ်များရယူဆောင်ရွက်မည်။ ဖောက်သည်သည်အမြဲမှန်သည်ဟူသော အယူအဆကို လက်ခံကျင့်သုံးရန် လိုသည်။

ဂုရုကြီးပီတာဒရက်ကားက 'လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် ဖောက်သည်များ၏ထင်မြင်ယူဆမှုကို အလေးထားရန်' တိုက်တွန်းခဲ့ဖူးပါသည်။ ဖောက်သည်များကို ဝန်ဆောင်မှုပေးရာတွင် ၎င်းတို့မျှော်လင့်ထားသည်ထက် ပိုမိုလုပ်ဆောင်ပေးခြင်းဖြင့် ဖောက်သည်တို့၏ယုံကြည်မှု၊ သစ္စာရှိမှုကိုတည်ဆောက်နိုင်သည်။ စေတနာထား၍ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုပိုမိုရရှိနိုင်သည်။ စေတနာသည် ရောင်ပြန်ဟပ်သည်။ တူသောအကျိုးပေးသည်။ ဝန်ထမ်းများကို အရည်အသွေးမြှင့်တင်ပေးပြီး ဆက်ဆံရေးပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်သည်။ မိမိကုန်ပစ္စည်းအကြောင်းကို သေသေချာချာနားလည်ခြင်း၊ မိမိလုပ်ငန်းအကြောင်းကို ဂဃနဏသိခြင်း၊ လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုရှိခြင်း၊ စကားပြောဆိုဆက်ဆံရေးကောင်းမွန်ခြင်း စသည့်ကောင်းသောအရည်အသွေးရှိသော ဝန်ဆောင်မှုများဖြင့် ဝန်ထမ်းအရည်အသွေးမြှင့်တင်နိုင်ပါသည်။ ယှဉ်ပြိုင်မှုမြင့်မားပြင်းထန်သော ယနေ့ခေတ်တွင် ဖောက်သည်များ၏လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရုံ၊ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိရေးဆောင်ရွက်ပေးရုံမျှလောက်ဖြင့် မလုံလောက်တော့ပေ။ ဂလိုဘယ်ဈေးကွက်တွင် လက်ရွေးစင်ဖောက်သည်များကို တန်ဖိုး သို့မဟုတ် ထိုက်တန်မှုပေးနေပြီ ဖြစ်သည်။

နည်းပညာခေတ်တွင် တန်းတူညီမျှအခွင့်အရေးရှိနေပြီ။ မိမိကဲ့သို့ပင် ပြိုင်ဘက်များ၌လည်း အခွင့်အရေးရှိပြီ။ သူလည်းကိုယ့်လိုဆောင်ရွက်နိုင်ပြီ။ ကိုယ်လည်း သူ့လိုဆောင်ရွက်နိုင်ပြီ။ သမားရိုးကျများဖြင့် မလုံလောက်တော့။ တီထွင်နိုင်မှ၊ ဖန်တီးနိုင်မှ၊ ဆန်းသစ်နိုင်မှဖြစ်ပေမည်။ ဈေးနှုန်းသည် ကုမ္ပဏီ၏တစ်ခုတည်းသော မဟာဗျူဟာမဟုတ်။ ကုမ္ပဏီ၏အားသာချက်သည် စက်ကိရိယာနှင့် နည်းပညာကိုမူတည်သည်ဆိုလျှင် မိမိပြိုင်ဘက်များသည် မကြာမီပင် မိမိကဲ့သို့ လိုက်လံရင်းနှီးမြှုပ်နှံမည်ကို သတိပြုရာသည်။

စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ မဟာဗျူဟာချမှတ်ရာတွင်လည်းကောင်း သမားရိုးကျမှဖောက်ထွက်၍ တီထွင်ဆန်းသစ်ရန်၊ အပြောင်းအလဲပြုလုပ်ရန်လိုသည်။ ဖောက်သည်တို့သည် တီထွင်မှု၊ ဆန်းသစ်မှုကိုလိုလားသည်။ မြတ်နိုးခုံမင်သည်။ ကွဲပြားမှု၊ ထူးခြားမှု စိတ်ဝင်စားသည်။ ထူးခြားအောင်၊ ဆန်းသစ်အောင် ပြောင်းလဲခွဲထွက်ရသည်။ အသစ်ဖန်တီးရသည်။ ကွန်ပျူတာ၊ ဒီဗီဒီ၊ အိုင်းဗီဒီ၊ ဗီဒီယိုကင်မရာ စသည်တို့မပေါ်မီက ဖောက်သည်တို့သည် ကွန်ပျူတာအကြောင်း၊ ဗီဒီယိုကင်မရာ စသည်များအကြောင်းကို တွေးတောခဲ့ကြမည်မဟုတ်ချေ။ ဈေးကွက်နောက်လိုက်နေရုံမျှဖြင့် မလုံလောက်တော့။ ဈေးကွက်ကို ဖန်တီးနိုင်ရမည်။ လိုအင်ဆန္ဒသည် ရပ်တံ့မနေ။ တင်းတိမ်ရောင့်ရဲခြင်းမရှိ။ 'သောက်လေ သောက်လေ ငတ်မပြေ' ဆိုသောသဘော ရှိသည်။ ဆန္ဒတစ်ခုပြည့်ဝသွားလျှင် ဆန္ဒအသစ်ထပ်မံဖြစ်ပေါ်လာတတ်သောသဘော ရှိသည်။

Event ခေါ်ဖြစ်ရပ်များသည် 'လိုအင်မှုအသစ်' ကို ဖန်တီးပေးနိုင်သည်။ ပမာဆိုရသော် ၂၀၀၁ ခုနှစ်တွင်ဖြစ်ပွားခဲ့သော စက်တင်ဘာ ၁၁ ဖြစ်ရပ်သည် လေကြောင်းလုံခြုံမှု၊ ပို့ဆောင်ရေးလုံခြုံမှု စသည့်ကိစ္စရပ်များကို ပိုမိုတင်းကျပ်ဖြစ်ထွန်းစေသည်။ ရုပ်ရည်ပျိုမြစ်နုပျိုလိုသူများအတွက် အလှအပအသုံးအဆောင်ပစ္စည်းသစ်များ၊ ပြိုင်ကားလှလှလေးများ၊ မျက်နှာခွဲစိတ်ပြုပြင်ခြင်းများကို ဖြစ်ထွန်းခေတ်စားစေသည်။ Trend ပြောင်းလဲမှုများက 'လိုအင်မှုအသစ်' များကို ဖန်တီးသွားခြင်း ဖြစ်ပါသည်။ ရှိပြီးလိုအင်များနှင့် ငုပ်လျှိုးလိုအင်များဟူ၍ နှစ်မျိုးခွဲခြားသော် ရနိုင်ကောင်းသည်။ ဈေးကွက်အမြင်ရှိသူတို့သည် ရှိပြီးလိုအင်များ (ယနေ့လိုအင်များ) နှင့် ကိုယ့်ကိုယ်ကိုယ် ပိတ်လှောင်မခံဘဲ လိုအင်အသစ်များကိုဖန်တီးကာ ဈေးကွက်လက်ဦးမှုယူလေ့ရှိသည်။ ယင်းလိုအင်အသစ်များကို ဈေးကွက်ဖန်တီးပြီး အောင်မြင်မှုရရှိအောင် ဆောင်ရွက်လေ့ရှိကြပါသည်။

**မှူးခန့်စံ**

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | C'CARE<br>Skin Care Products<br>(ထိုင်း) | NEW LINK MARKETING LTD.<br>အမှတ်–၆(ခ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၆၁၅၃၂၊ ၅၆၀၂၁၆၊ ၇၂၁၀၉၅ | ဦးကျော်လွင်အောင်<br>(Brand Manager) | NEW LINK MARKETING LTD.<br>အမှတ်–၂၇၀(က)၊ ၆၃ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၁၉၈၉ |
| ၂။ | OPPLE<br>လျှပ်စစ်ပစ္စည်းများ<br>(တရုတ်–ကွမ်ကျုံးပြည်နယ်) | SILVER TIGER CO., LTD.<br>G-5,6၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၅၉၄၃၃၊ ၅၅၅၁၅၅<br>E-mail: Tem sales@baganmail.net.mm | ဦးလွှမ်းနိုင်မိုး<br>(General Manager) | SILVER TIGER CO., LTD.<br>အမှတ်– ၂၆၇၊ ၂၆ လမ်း၊ ၈၃ × ၈၄ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၃၄၉၅၇၊ ၆၆၆၃၆ |
| ၃။ | REMACO<br>Projector Screens<br>(စင်ကာပူ) | LUCKY BIRD TRADING CO., LTD.<br>အမှတ်–၃၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၄၈၁၆၇၊ ၃၇၉၈၇၅<br>E-mail:luckybd@myanmar.com.mm. | ဒေါ်လဲ့လဲ့ဟန်<br>(Sales Incharge) | LUCKY BIRD TRADING CO., LTD.<br>အမှတ်–၅၊ ၂၆ လမ်း၊ ၇၈× ၇၉ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၂၅၅၇၂၊ ၀၉–၈၀၂၂၀၂၅<br>E-mail:luckybd@ myanmar. com.mm. |
| ၄။ | AEROSAN<br>အစာကြေလေနိုင်ဆေး<br>(ထိုင်း) | SAN LWIN TRADING CO., LTD.<br>အမှတ်–၂၂၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၀၆၆၈၊ ၅၄၂၃၇၆ | ဒေါ်တင်လင်းလင်းအောင်<br>(Marketing Executive) | SAN LWIN TRADING CO., LTD<br>အမှတ်–၈၃၊ ၇၄ လမ်း၊ ၂၆ × ၂၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၇၃၅၆၅၊ ၂၄၂၇၅ |
| ၅။ | Napa Paracetamol<br>ဘင်္ဂလားဒေ့ရှ် | GOLDEN HAWKS INTERNATIONAL LTD.<br>အမှတ်–၁၅၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၆ လမ်းထိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၉၄၃၁၇၊ ၂၉၄၆၂၂၊ ၂၉၄၆၃၅ | ဦးမောင်မောင်ဦး<br>(National Sales Manager) | GOLDEN HAWKS INTERNATIONAL LTD.<br>အမှတ်–၁၂၃/၁၈၊ ၃၂× ၃၃ လမ်းကြား၊ ၇၄× ၇၅ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၃၃၅၄၅၊ ၃၁၀၆၂ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၂၈-၇-၂၀၀၉

* (၂၇) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် မန္တလေးမြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration for China မှ Vice Minister Mr.Lin Qi နှင့်အဖွဲ့သည်လည်းကောင်း၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E, Mr.Wannarat Channukul နှင့်အဖွဲ့သည်လည်းကောင်း စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁-၈-၂၀၀၉

* ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင်အတွင်းရေးမှူးချုပ် Dr.Noeleen Heyzer နှင့်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၅-၈-၂၀၀၉

* Jinan Diesel Engine Co.,Ltd. မှ ဥက္ကဋ္ဌ Mr.Tian Shu Min ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၈-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Chu Chong Phung သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၈-၂၀၀၉

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr.Jim Webb နှင့်အဖွဲ့သည် နိုင်ငံတော် ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၅-၈-၂၀၀၉

* အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr.Jim Webb သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

* အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr.Jim Webb နှင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်သည့် ကချင်အထူးဒေသ(၁) NDAK အဖွဲ့၊ ရှမ်း/မြောက်အထူးဒေသ (၅) KDA အဖွဲ့၊ ရှမ်း/တောင် အထူးဒေသ (၆) PNO အဖွဲ့၊ ကယားအထူးဒေသ (၂) ကလလတအဖွဲ့၊ ဘုရားကုန်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့ ဒီကေဘီအေအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသည့်နိုင်ငံရေးပါတီ ၁၀ ခုဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ ဝအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၉-၈-၂၀၀၉

* Northern International (Holding) Co.,Ltd. Manag-

www.foreverspace.com.mm



ing Director, Mr.Yu Xian Feng သည် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၈-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Grid Corporation မှ Chief Economist Dr.Du Zhigang, Board Chairman Professor Mr.Wang Jinian နှင့်အဖွဲ့သည် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် မစ္စတာဟွမ်ဝူးရီ၊ မစ္စတာကင်မ်ဆဲယွန်းနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၈-၂၀၀၉

* ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသော မစ္စတာဟွမ်ဝူးရီ၊ မစ္စတာကင်မ်ဆဲယွန်းနှင့်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၈-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Chong Phung သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၈-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး H.E. Mr.Chen Jian သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Chu Chong Phung သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၈-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Chen Jian သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# Fresh & Clean ဆပ်ပြာဆီ

**မြန်မာနိုင်ငံ သန့်ရှင်းရေးသုံးပစ္စည်းဈေးကွက်အတွင်း ဈေးကွက်လိုအပ်ချက်အလိုက် ထုတ်လုပ်ထားသော ဆပ်ပြာဆီများ ဖြစ်သည်။**

☆ Aung Thein Than Co., Ltd. က ၂၀၀၉ ခုနှစ် မတ်လအတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။

☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးအေးထွန်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် နှစ်ဦး၊ ဝန်ထမ်းအင်အား ၇၀ ဦးခန့်ရှိ။

☆ ထိုင်းနိုင်ငံမှ နည်းပညာရယူအသုံးပြုထားပြီး စက်ပစ္စည်းနှင့် ကုန်ကြမ်းများ မှာယူတင်သွင်းသည့်နိုင်ငံမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်။

☆ ကုန်ပစ္စည်းအာမခံသက်တမ်းကို သုံးနှစ်အထိပေးထား။

☆ Fresh & Clean အမှတ်တံဆိပ်အနေဖြင့် Dish Wash (Ultra Shine), Hand Wash (Soft Touch)၊ Glass Cleaner (Crystal Clear)၊ Bathroom Cleaner (Active Duty)၊ Floor Cleaner (Ever Bright) တို့ကို ထုတ်လုပ်လျက်ရှိပြီး Bathroom and Floor Cleaner (Extra Strength) ကို မကြာခင်ထုတ်လုပ်မည်ဟုဆို။

☆ ဆက်လက်၍ အခြားကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရ။

☆ ကုန်ပစ္စည်းများကို Diethelm & Co., Ltd. က ဖြန့်ချိပေးဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးကျော်မင်းထိုက် (Brand Manager)
အောင်သိန်းသန်းကုမ္ပဏီလီမိတက်
အမှတ်–၆၄၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၂၇၀၇၄၊ ၅၂၇၂၀၃၊ ၅၃၄၃၄၆

– Distributor (Diethelm & Co., Ltd.)
အမှတ်–G-03၊ ဗိုလ်မြတ်ထွန်းတာဝါ၊
ဗိုလ်မြတ်ထွန်းလမ်းနှင့်
မဟာဗန္ဓုလလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၃၅၅၂၊ ၂၀၃၅၅၄၊ ၂၀၃၃၈၃



www.foreverspace.com.mm



# Super One Teamix

**မြန်မာစားသောက်ကုန်စည်ဈေးကွက်အတွင်း မြန်မာကြိုက်လက်ဖက်ရည်အရသာကို အဆင့်မီထုတ်လုပ်ထားနိုင်သော Teamix တစ်မျိုးဖြစ်သည်။**

☆ A &S International Co., Ltd. က ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာမှာ ဒေါ်စန်းစန်းရီဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး ဝန်ထမ်းအင်အား ၁၅၀ ဦးခန့်ရှိ။

☆ ဂျပန်နိုင်ငံမှ မှာယူတင်သွင်းထားသောစက်ပစ္စည်းကိုအသုံးပြု၍ ပြည်တွင်းပြည်ပနည်းပညာများပူးပေါင်း၍ သုတေသန အကြိမ်ကြိမ်ပြုလုပ်ပြီး ထုတ်လုပ်။




☆ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသော နို့မှုန့် (Non Diary Creamer) ကို ဟော်လန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံမှ (Instant Tea) မှာယူတင်သွင်း။

☆ ရေနွေးတစ်ခွက်ရှိရုံနှင့် လက်ဖက်ရည်ကောင်းကောင်းသောက်နိုင်ရန်ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရ။

☆ ၂၀ ဂရမ်ပါတစ်ထုပ်ကို ၇၅ ကျပ် ဝန်းကျင်နှုန်းဖြင့် ကုမ္ပဏီက လက်လီလက်ကားတိုက်ရိုက်ဖြန့်ချိခြင်းအပြင် ကိုယ်စားလှယ်ပေးခြင်း၊ လှည့်လည်ဖြန့်ချိပေးခြင်းတို့ဖြင့် ဖြန့်ချိပေးလျက်ရှိကြောင်း သိရ။

☆ ပစ္စည်းအာမခံသက်တမ်း တစ်နှစ်အထိပေးထား။

☆ Super One အမှတ်တံဆိပ် Teamix အပြင် ယင်းအမှတ်တံဆိပ် Coffeemix ကိုပါ ထုတ်လုပ်လျက်ရှိဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဦးဇော်ဝင်းခိုင် (General Manager-Project Planning)
အမှတ်-၈၆၊ ၁၂၃ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၂၈၈၀

www.foreverspace.com.mm



စျေးဝယ်လမ်းညွှန်


အမှတ် ၁၇၁ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ

# အကြောင်းအရာမျိုးစုံ ဘာသာရပ်အစုံအတွက် Software တွေ တစ်နေရာတည်းကနေ အစုံရနိုင်တဲ့ Website

Software ကောင်းကောင်းတွေ စမ်းသုံးကြည့်လိုတဲ့သူတွေအတွက် တစ်နေရာတည်းကနေ အကြောင်းအရာမျိုးစုံအတွက် အသုံးတည့်မယ့် Website တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ အဲဒါကတော့ www.softempire.com ကပါ။

အဲဒီမှာ games အတွက်ဆိုရင် မဟာဗျူဟာဂိမ်း၊ ပြိုင်ပွဲဝင်ဂိမ်းတွေနဲ့ ဂိမ်းအဟောင်းတွေကိုပါ စုစည်းပေးထားပါတယ်။ ပြီးတော့ Utilities မှာဆိုရင် easy video downloader လိုမျိုး ပါပါတယ်။ Internet သုံးတဲ့သူတွေအတွက်ကတော့ Youtube downloader တို့ Internet download Manager တို့ပါပါတယ်။ development ဆိုတဲ့ခေါင်းစဉ်အောက်မှာကတော့ resources for software development ရှိပါတယ်။ ပြီးတော့ any video Converter freeware နဲ့ cyberlink power dvd ပါတဲ့ Multimedia၊ Screen Saver တွေရွေးလို့ရတဲ့ desktop၊ MS Word လို business မှာပါ သုံးနိုင်တဲ့ Software တွေနဲ့ Kid Educations နဲ့ Dictionary တွေပါတဲ့ Education ဆိုပြီး အသုံးတည့်မယ့် Software တော်တော်များများကို စုစည်းပေးထားတာတွေ့ရပါတယ်။

အထက်ပါဖော်ပြပေးထားတာတွေအားလုံးမှာ အမျိုးအစားတစ်ခုချင်းစီမှာ ပါတဲ့ အသုံးတည့်မယ်ထင်တဲ့ Software တွေကို နမူနာရွေးဖော်ပြထားတာဖြစ်ပြီး Website ကို ကိုယ်တိုင်ဝင်ကြည့်ရင်တော့ တခြား Categories အလိုက် စုစည်းပေးထားတာတွေကိုပါ မြင်ရမှာဖြစ်ပါတယ်။ Freeware၊ Shareware နဲ့ demo ဆိုပြီး ကိုယ် Download လုပ်ချင်တဲ့ Software တစ်ခုချင်းစီရဲ့ဘေးမှာ ဖော်ပြပေးထားတာဖြစ်လို့ ကိုယ်နှစ်သက်ရာ ရွေးပြီး ရွေးချယ် Download လုပ် ရယူနိုင်ကြမှာပါ။



# နေပြည်တော်က အောက်ဆီဂျင်အခမဲ့ ရယူနိုင်မယ့်နေရာ

တစ်စထက်တစ်စလူနေပိုမိုထူထပ်လာပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ပြောင်းရွှေ့အခြေစိုက်ရာ နေပြည်တော်မှာ အသက်ရှူရခက်ခဲနေတဲ့ အရေးပေါ်လူနာတွေအတွက် အောက်ဆီဂျင် အခမဲ့ရယူနိုင်မယ့် "ငွေကြေးမတတ်နိုင်တဲ့ လူနာတွေကို တတ်နိုင်သလောက် လှူဒါန်းချင်တာပဲ" လို့ဆိုပြီး စိတ်စေတနာကောင်းကောင်းနဲ့ ဆောင်ရွက်ပေးနေတာတွေ့ရလို့ လမ်းညွှန်ပေးလိုက်တာပါ။

ဒါပေမဲ့တစ်ခုရှိတာက နေပြည်တော် ပျဉ်းမနားမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံမှာ တက်ရောက်ကုသနေတဲ့ အရေးပေါ်လူနာတွေအတွက်သာ ဆောင်ရွက်ပေးမှာပါတဲ့။ ဒါကြောင့် ဒီဆေးရုံမှာတက်နေပြီး အောက်ဆီဂျင်အရေးပေါ်လိုအပ်နေတဲ့ လူနာအနေနဲ့ နေရပ်လိပ်စာ၊ မှတ်ပုံတင်ပေးပြီး ရက်အကန့်အသတ်မရှိ လူနာ လိုအပ်သရွေ့အခမဲ့သုံးစွဲနိုင်တယ်လို့ဆိုပါတယ်။ ဒီလိုအခမဲ့ဝန်ဆောင်မှုပေးနိုင်အောင် လက်ရှိမှာအောက်ဆီဂျင်နှစ်ဘူးဝယ်ယူထားပြီး အောက်ဆီဂျင်ဘူး ထပ်ဝယ်ဖို့လည်း အစီအစဉ်ရှိပါတယ်တဲ့။

**အမှတ် ၁၃/၄၊ အင်းဝဘဏ်ရှေ့၊**
**ရွာကောက်ရပ်၊**
**ရန်ကုန်-မန္တလေးလမ်း။**
**ဖုန်း-၀၆၇-၂၁၀၇၅**

www.foreverspace.com.mm



## မိတ်ကပ်၊ ဆံပင် အလှပြင်ဆင်လိုလျှင်

အမျိုးသမီးများအနေနဲ့ နေရာနဲ့ အခြေအနေအမျိုးမျိုးကို လိုက်လို့ အနည်းနဲ့အများဆိုသလို မိတ်ကပ်၊ ဆံပင် စတဲ့ အလှပြင်ဆင်မှုလိုအပ်တဲ့အပြင် အထူးပြုပြင်ဆင်ရမယ့် အလှပြင်ဝန်ဆောင်မှုလိုအပ်တဲ့ အချိန်အခါကိုလည်း ကြုံတွေ့ကြရမှာပါ။ ဘွဲ့ယူအခမ်းအနား၊ မွေးနေ့ပွဲ၊ မင်္ဂလာအခမ်းအနား စတဲ့ ဧည့်ခံပွဲအခမ်းအနားအမျိုးမျိုးတို့မှာ အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေဖြစ်မယ့် ပြင်ဆင်မှုမျိုး ပြုလုပ်ဖို့ လိုအပ်ပါတယ်။ အခုလိုဝါကျွတ်ကာလမှာတော့ အမျိုးသမီးတွေအနေနဲ့ ပြင်ဆင်ဖို့ အထူးလိုအပ်လာနိုင်တာက သတို့သမီးတစ်ဦးအနေနဲ့ မင်္ဂလာဧည့်ခံပွဲမှာ မိတ်ကပ်၊ ဆံပင်အလှပြင်ဆင်ဖို့ပါပဲ။ ဒီအတွက် ပြင်ဆင်မယ်ဆိုရင် မိမိနဲ့လိုက်ဖက်ပြေပြစ်ပြီး စိတ်ကျေနပ်တဲ့ လှပမှုမျိုးရဖို့လိုအပ်ပါတယ်။ ဒါမှသာ အခမ်းအနားအချိန်မှာရော၊ တစ်သက်တာအမှတ်တရသိမ်းထားရမယ့် မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုထဲမှာပါ အဆင်ပြေနေမှာပါ။ အဲဒီအတွက် အခမ်းအနားတွေအတွက် ပြင်ဆင်ပေးနေကျဖြစ်တဲ့ နာမည်ရ မိတ်ကပ်၊ ဆံပင်အလှပြင်ဆင်သူတချို့ကို ဖော်ပြပေးလိုက်ပါတယ်။ ဆက်သွယ်စုံစမ်းရွေးချယ်ပြင်ဆင်နိုင်အောင်လို့ပါ။

- ❑ **မိတ်ကပ်အောင်အောင် (တောင်ကြီး)**
  အမှတ်–၂၂၃၊ ဒုတိယထပ် (ဘယ်)၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်) ရန်ကုန်။ ဖုန်း–၃၈၄၇၄၂၊ ၇၀၆၇၆၄

- ❑ **ခင်စန်းဝင်း**
  အမှတ်–၂၄၇၊ ဒုတိယထပ်၊ ၃၅ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၁၃၁၀၊ ၃၈၉၅၁၈၊ ၃၈၃၇၈၉
  E-mail:khinsanwin@Myanmar.com.mm
  www.khinsanwin.com.

- ❑ **မိတ်ကပ်ပွင့် (ညီကိုကိုအောင်နှင့်အဖွဲ့)**
  အမှတ်–၃၀၊ ၄၃ လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၁၀၅၊ ၀၉–၅၀၁၁၁၀၉
  www.makeuppwint.com

- ❑ **ကိုမာ**
  အမှတ်–၂၉၁၊ ပထမထပ် (ဘယ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၄၆၀၇

- ❑ **မိတ်ကပ်ရွှေကြည်**
  အမှတ်–၂၁၀၊ သိမ်ဖြူလမ်းသွယ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၉၉၂၀၇၀၄

- ❑ **ဇော်ဇော် (ထီလာ)**
  အမှတ်–၂၇၅၊ ၂ လွှာ၊ လမ်း ၄၀ အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၂၉၄၁၁

- ❑ **ဒီဇင်ဘာနင်း**
  အမှတ်–၂၈၉၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်း (ဘိုကလေးဈေးလမ်းနှင့် ၄၃ လမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၈၁၅၇

- ❑ **မုဏီကို**
  အမှတ်–၂၇၄/၆၊ အရှေ့ရန်ကင်းလမ်းမကြီး၊ ရန်ကုန်။ ဖုန်း–၅၅၆၁၀၈၊ ၅၄၆၄၀၄ (လိုင်းခွဲ–၂၃၇)၊ ၀၉–၅၁၇၄၄၆၃

- ❑ **မိတ်ကပ်တိုးတိုး (Covermark)**
  အမှတ်–၁၈၅/၁၈၇၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်စာတိုက်အနီး၊ ရန်ကုန်။ ဖုန်း–၂၀၁၆၆၂

- ❑ **မိတ်ကပ်အကြိုင်**
  အမှတ်–၁၇၂၊ ဒုတိယထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၅၇၄၃ ■

## ကွန်ပျူတာဖန်သားပြင်မှာ ကိုယ်ပိုင်ပြက္ခဒိန်ထည့်သွင်းထားဖို့

ကွန်ပျူတာစဖွင့်လိုက်တာနဲ့ ဖန်သားပြင်ထောင့်မှာ ကိုယ်ပိုင်ပြက္ခဒိန်လေးရှိနေရင် အလုပ်ရှုပ်တတ်တဲ့သူတွေ မေ့တတ်တဲ့သူတွေအနေနဲ့ ဒီနေ့တော့ ဘယ်နေ့ရောက်နေပြီ။ ဒီနေ့ဘယ်မှာ ဘာလုပ်စရာရှိတယ်၊ ဘယ်သူနဲ့ချိန်းထားတယ်၊ ဘာအစည်းအဝေးရှိတယ် စတာတွေကို မမေ့မလျော့လုပ်နိုင်ပြီပေါ့။ အဲလိုလုပ်နိုင်ဖို့အတွက် အောက်မှာဖော်ပြထားတဲ့အဆင့်တွေလိုက်လုပ်ကြည့်ရင် အဆင်ပြေမှာပါ။

၁။ Desktop ပေါ်က ကြိုက်တဲ့နေရာလွတ်မှာ Right Click နှိပ်ပြီး Properties ကိုရွေးပါ။

၂။ ပြီးရင် ပေါ်လာတဲ့ထဲက Desktop ဆိုတဲ့ tab ကိုရွေးပါ။

၃။ နောက်ထပ်တစ်ဆင့်က Web ဆိုတဲ့ tab ကိုရွေးပြီးရင် New ကို ဆက်ရွေးပါ။

အဲဒီအဆင့်တွေအပြီး ကိုယ်စိတ်ကြိုက်အဆင်သင့်ပြင်ထားတဲ့ အွန်လိုင်းပြက္ခဒိန်၊ ဥပမာ–Google Calender လိုမျိုးရှိနေတဲ့ လိပ်စာ URL ကိုထည့်ပါ။ ပြက္ခဒိန်ကိုပြင်ဆင်ဖို့ကတော့ Online ပေါ်က ကိုယ့်စိတ်ကြိုက်ပြက္ခဒိန်အမျိုးမျိုးကို ကြိုတင်ပြင်ဆင်ထားလို့ရပါတယ်လို့ ဆိုပါရစေ။

www.foreverspace.com.mm

# ဖက်ရှင်ကျကျဝတ်ရဖို့

ဟိုတုန်းကတည်းက ပြောခဲ့ကြတဲ့ လူမှာအဝတ်တောင်းမှာ အကွပ်ဆိုပြီး ပေပြစ်တင့်တယ်အောင်ဝတ်ဆင်ဖို့လိုအပ်တာကို ပြ ဆိုတဲ့စကားလုံးအပြင် ဒီကနေ့ခေတ်ကာလမှာ ဖက်ရှင်ဆိုတဲ့ စကား လုံးကပါ အရေးပါလာပါပြီ။ နေ့စဉ်လူမှုဘဝမှာပဲဖြစ်ဖြစ်၊ လုပ်ငန်း ခွင်မှာပဲဖြစ်ဖြစ်၊ အခမ်းအနားပွဲလမ်းသဘင်တွေမှာပဲဖြစ်ဖြစ် သူ့နေ ရာနဲ့သူ အဆင်ပြေချောမွေ့အောင်ဝတ်ဆင်ဖို့လိုအပ်တဲ့အပြင် ဖက် ရှင်ကျကျဝတ်ဆင်နိုင်မယ်ဆိုရင် ပိုပြီးတော့ စိတ်ကျေနပ်မှုရစေမှာ ပါ။ အခုလို ပွင့်လင်းရာသီရောက်လာတဲ့ကာလမှာ အခမ်းအနား တွေများများသွားလာကြုံတွေ့ရနိုင်တာမို့ မိမိနဲ့လိုက်ဖက်လျော်ညီ လှပတဲ့ ဖက်ရှင်ကျကျဝတ်စုံတွေ ချုပ်လုပ်ဝတ်ဆင်နိုင်ဖို့ ဖက်ရှင် ဒီဇိုင်နာတွေ၊ မင်္ဂလာအခမ်းအနားအတွက် ထိုင်မသိမ်း အထူးပြု ချုပ်လုပ်သူတွေကို အမျိုးသမီးတွေအတွက် ဖော်ပြပေးလိုက်တဲ့ အပြင် အနောက်တိုင်းဝတ်စုံသေသေသပ်သပ်ချုပ်လုပ်ဝတ်ဆင်လို သူအမျိုးသားတွေအတွက် အပ်နှံချုပ်လုပ်နိုင်တဲ့ ဆိုင်တချို့ကိုပါ စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **ခင်စန်းဝင်း**
  အမှတ်–၂၄၇၊ ဒုတိယထပ်၊ ၃၅ လမ်း(အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၁၃၁၀၊ ၃၈၉၅၁၈၊ ၃၈၃၇၈၉
  E-mail:khinsanwin@Myanmar.com.mm
  www.khinsanwin.com.

- **ပြည့်စိုးအောင် Exclusive Bridal Creations**
  အမှတ်–၄၄၊ အလံပြဘုရားလမ်း၊ (ယုဇနဂါဒင်းဟိုတယ် အတွင်း)၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၁၁၆၆

- **မမဇူး (Zu Zu Collection)**
  အမှတ်–၃၈၊ (C-1)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၂၇၅၊ ၀၉–၅၀၁၀၉၀၈

- **DOZO**
  အမှတ်–၅၈၄၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၆၈၆၁
  Website-www.dozofashion.com

- **လတ်လတ် (Latt Latt Lady Boutique Special)**
  တိုက်–၆၀၊ အခန်း ၇၊
  ကမ္ဘာအေးဘုရားလမ်း (ပါရမီလမ်းထောင့်)၊
  မရမ်းကုန်းမြို့နယ်။ ဖုန်း–၆၆၅၈၆၉

- **ကိုကိုဖက်ရှင် (ထိုင်မသိမ်း)**
  သခင်မြပန်းခြံလမ်း၊
  ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အောင်ရတနာလမ်းထောင့်၊
  အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၀၄၇၂၃၊ ၂၂၆၇၆၅

- **Shayi**
  – အမှတ်–၂၄/၃၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၃၉၁၂၊ ၂၅၀၁၇၇၊ ၂၅၃၉၁၀
  – အမှတ် D–၁၃ (တတိယထပ်)၊ China Town Centre၊ ဘုန်းကြီးလမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ လမ်းမတော်မြို့ နယ်၊ ရန်ကုန်။ ဖုန်း–၂၁၅၅၆၀~၃ (လိုင်းခွဲ–၁၀၇)



❑ **ယုံးယုံး**

တိုက်–၂၁၊ အခန်း (၃–၄)၊ မာတလိလမ်း၊
လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၇၂၃၈၆၂၊ ၀၉–၅၁၁၅၇၃၃

❑ **မပုံ့ (Favourite)**

Asia Plaza မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၂၃၃၂၃

❑ **မိုးကုတ်ပေါက်ပေါက်**

အမှတ်–၄၆၊ ၆၆ လမ်း (၂၆ လမ်းနှင့် ၂၇ လမ်းကြား)၊
မန္တလေး။ ဖုန်း–၀၂–၆၆၆၂၈

❑ **Mantops**

အမှတ်–၁၂၅၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ဘက်တန်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၃၃၆၉၊ ၀၉–၉၉၂၆၉၄၁

❑ **Sein Shwe Tailor**

အမှတ်–၇၉၇၊ အခန်း–၀၀၃ (A)၊ MAC Tower II၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်)၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၅၃၁၀၊ ၂၁၂၉၄၄ (လိုင်းခွဲ–၁၄၆၊ ၁၄၇)

❑ **Liberal**

အမှတ်–၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်ချုပ်အောင်ဆန်းဈေး
(အရှေ့ဘက်တန်းအတွင်းမျက်နှာစာ)၊ ရန်ကုန်။
ဖုန်း–၂၄၆၄၇၀၊ ၂၄၀၉၆၆ (လိုင်းခွဲ–၃၁၃)

# မန္တလေးမှာ မီးဆိုင်းလှလှဝယ်မယ်ဆို

နေအိမ်တွေမှာ အလှဆင်ဖို့ မီးဆိုင်းလှလှလေးတွေ ဝယ်ယူလိုသူတွေအတွက်ပါ။ ဒီနေရာမှာ မီးဆိုင်းတွေအပြင် လျှပ်စစ်ပစ္စည်းတွေပါ ဝယ်ယူနိုင်ပါတယ်။ မီးဆိုင်းတွေကတော့ ပုံစံအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးရှိပြီး အီဂျစ်ကနေတင်သွင်းတဲ့ ASFOUR CRYSTAL မီးဆိုင်းတွေကိုလည်း အာမခံနဲ့ ရောင်းချပေးတာ တွေ့ရပါတယ်။ ဒါ့အပြင် ရက်အလိုက် လအလိုက် အာမခံနဲ့ရောင်းပေးတဲ့ Opple အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းတွေကိုလည်း ဝယ်ယူနိုင်ပါသေးတယ်။ နီးစပ်ရာနေရာမှာဝယ်လို့ရအောင် ရန်ကုန်ဆိုင်ခွဲလိပ်စာတွေကိုပါ ဖော်ပြပေးလိုက်ပါတယ်။

❑ **ငွေကျားတိုက်**

– အမှတ်–၂၆၇၊ ၂၆ လမ်း၊ ၈၃ × ၈၄ လမ်းကြား၊
မန္တလေး။ ဖုန်း–၀၂–၃၄၉၅၇၊ ၀၂–၆၆၆၃၆

– အမှတ်–G ၄/၅/၆၊ ပုလဲကွန်ဒို၊
ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၄၃၃၊ ၅၅၅၁၅၅

– အမှတ်–G ၁၃/၁၄၊
အောင်ဆန်းကွင်းအနောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၁၅၃၃၊ ၃၉၄၈၂၁၊
E-mail:silvertiger@myanmar.com.mm



www.foreverspace.com.mm

# ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ

သံဝေဇနိယလေးဌာနအပါအဝင် အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံတို့ရှိ ဗုဒ္ဓဝင်နေရာဒေသများသို့ သွားရောက်ဖူးမြော်လိုသူများအတွက် ဝန်ဆောင်မှုပေးလျက်ရှိတဲ့ လုပ်ငန်းတွေကို ဖော်ပြပေးထားတာဖြစ်ပါတယ်။ ၁၁ ညအိပ် ၁၂ ရက်ခရီးစဉ်၊ ၁၄ ညအိပ် ၁၅ ရက်ခရီးစဉ်၊ ၁၇ ညအိပ် ၁၈ ရက်ခရီးစဉ်တွေဆိုပြီး အမျိုးမျိုးရှိတာကြောင့် ကိုယ်သွားနိုင်တဲ့ ရက်နဲ့ချိန်ညှိပြီး စီစဉ်နိုင်အောင် ဖုန်းနဲ့အရင်ကြိုတင်မေးမြန်းတာက အဆင်အပြေဆုံးဖြစ်ပါလိမ့်မယ်။ ဝန်ဆောင်မှုလုပ်ငန်းအများစုကတော့ သတ်မှတ်ထားတဲ့ ဘုရားဖူးစရိတ်ကျသင့်ငွေထဲမှာ နေထိုင်သွားလာတည်းခိုစရိတ်တွေအပြင် ပတ်စပို့၊ ဗီဇာ၊ လေယာဉ်လက်မှတ် စတာတွေအပြီးအစီးပါဝင်ပြီး ပြည်တွင်းမှာရော ပြည်ပမှာပါ ငွေကြေးထပ်မံကောက်ခံတာတွေ မရှိစေရဘူးလို့ အာမခံထားကြတာကိုလည်း တွေ့ရပါတယ်။ တချို့လုပ်ငန်းတွေကတော့ နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိပြီးသူနဲ့ မရှိသေးသူများကို ဈေးနှုန်းသီးခြားစီသတ်မှတ်ထားတာ တွေ့ရပါတယ်။

❑ **အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

Power Palace Hotel၊ အမှတ်–၁၆၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၉၇၁၉၊ ၅၄၄၂၈၇၊ ၇၂၄၅၆၈၊ ၅၄၈၂၁၀၊
၀၉–၉၉၂၆၁၀၈၊ ၀၉–၅၁၂၈၆၂၁
သာသနာရေးဝန်ကြီးဌာန (လုပ်ငန်းခွဲရုံး)
ဖုန်း–၇၂၄၅၆၈

❑ **ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

အမှတ်–၅၅၊ ၁၇ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၇၇၀၂၊ ၂၂၇၇၀၃၊ ၂၂၅၉၁၅၊ ၂၂၅၉၈၉


## ဆီးချိုရှိသူတွေသုံးနိုင်မယ့် Herbal Fresh

Follow Me အမှတ်တံဆိပ် သွားတိုက်ဆေးတစ်မျိုးပါ။ Herbal Fresh လို့ ဆိုထားပြီး အချိုဓာတ်လုံးဝမပါဘူးလို့ပါ ဆိုထားသေးတာကြောင့် ဆီးချိုရောဂါရှိသူတွေ၊ အချိုဓာတ်နဲ့မတည့်သူတွေအတွက် အသုံးဝင်မှာပါ။ သွားတွေရဲ့အပေါ်ယံကြွေလွှာကို တောက်ပစေတယ်လို့ ဆိုထားပါသေးတယ်။ Follow Me အရောင်းကောင်တာတွေနဲ့ ဆူပါမားကက်တွေမှာ အလွယ်တကူ ဝယ်ယူလို့ရပါတယ်။


သာသနာရေးဝန်ကြီးဌာနရုံးခန်း
ဖုန်း–၆၆၅၃၈၃

❑ **မိဂဒါဝုန်ဘုရားဖူးလုပ်ငန်း**

အမှတ်–၁၃၇၊ အနော်ရထာလမ်းနှင့် ၄၈ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၆၄၈၇၊ ၂၉၆၉၄၆၊ ၂၉၄၁၉၉၊ ၂၉၀၈၀၂၊
၀၉–၅၀၀၃၂၂၃

❑ **ဗုဒ္ဓဂယာ (ဘုရားဖူးအကျိုးဆောင်အဖွဲ့)**

အမှတ်–၆၊ ၁၀ လမ်း (အောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၁၅၈၆၊ ၂၂၇၃၂၂

❑ **ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

အမှတ်–၂၅၊ အခန်းအမှတ်–၃၀၃၊ တတိယထပ်၊ လှေကားအမှတ်–၂၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၆၃၄၈၊ ၇၂၇၇၄၆၊ ၀၉–၅၀၀၁၇၆၃၊
၀၉–၈၀၂၁၅၄၉၊ ၀၉–၅၁၆၄၆၆၄

❑ **နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

အမှတ်–၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉–၉၉၇၃၃၉၅၊
၀၉–၈၆၁၂၀၀၃

❑ **မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

အမှတ်–၄၄၈/ဘီ၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၆၄၄၆၆၊ ၀၉–၅၀၆၅၈၇၁၊ ၀၉–၅၀၁၃၅၂၂

❑ **ရွှေမဟာ**

အမှတ်–၄၆၊ မြေညီထပ်၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၈၁၉၆၊ ၇၀၃၀၉၄၊ ၀၉–၅၁၈၈၃၇၆၊
၀၉–၈၀၂၀၅၀၅၊ ၀၉–၈၇၄၁၆၃၆၊ ဖက်စ်–၅၁၈၁၉၆

❑ **မဟာအောင်ပန်း**

– အမှတ်–၃ (ဃ)၊ ဒုတိယထပ်၊ အမှတ်–၂၀၀၊ ၂၀၆၊ စက်ရုံလမ်း၊ ၁၃၄/၁၃၅ လမ်းကြား၊ တာမွေမြို့နယ်၊ ရန်ကုန်။
– အမှတ်–၇၁ (က/ခ)၊ ရေတာရှည်လမ်းဟောင်း၊ ကမ္ဘာ့ဇသာသနာ့ဗိမာန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၆၈၅၆၊ ၆၆၄၄၀၆၊ ၆၆၂၇၃၂၊ ၀၉–၈၆၁၂၇၆၂၊

www.foreverspace.com.mm

၀၉–၅၁၅၉၉၉၈၊ ၀၉–၅၁၇၄၁၃၃

❑ **ဝိမုတ္တိ (ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း)**

တိုက်–၁၊ အခန်း–၃၀၂၊ ညောင်တန်းအိမ်ရာ၊
အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဆုလာဒ်ပိုင်စတိုး၊ ဆရာမောင်ဆေးနီမှုန့်အနီး၊
ဗိုလ်ချုပ်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၀၆၅၁၊ ၀၉–၅၁၈၆၄၀၁

❑ **မဟာအောင်ပန်း (ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)**

– အခန်းအမှတ်–၃–ဃ၊ ဒုတိယထပ်၊ အမှတ်–၂၀၀/၂၀၆၊
စက်ရုံလမ်း၊ ၁၃၄ လမ်းနှင့် ၁၃၅ လမ်းကြား၊ တာမွေမြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၉၆၈၅၆
– ကမ္ဘာ့ဧသာသနာ့ဗိမာန်၊ အမှတ်–၇၁ (က၊ ခ)၊
ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၄၄၀၆၊ ၆၆၂၇၃၂၊ ၀၉–၈၆၁၂၇၆၂၊
၀၉–၅၁၅၉၉၉၈၊ ၀၉–၅၁၇၄၁၃၃

❑ **SRI-ASIA**

အမှတ်–၅၅၊ ၁၇လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၅၉၁၅၊ ၂၂၅၉၈၉၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃၊
ဖက်စ်–၂၂၇၁၂၇၊ ၂၂၆၈၆၇၊
E-mail: sriasia@mptmail.net.mm

# ငါးရက်အတွင်း အင်္ကျီအသစ် ချုပ်ပေးနိုင်မယ့် နေရာတစ်ခု

ဈေးနှုန်းအလိုက် ဈေးကွက်ထဲရွေးချယ်စရာ ပေါပေါများများတွေ့လာရတဲ့ ရယ်ဒီမိတ်အင်္ကျီတွေကို ဝယ်ယူဝတ်ဆင်ရတာ ငြီးငွေ့နေတဲ့မမများအတွက် အင်္ကျီကို ကိုယ့်စိတ်တိုင်းကျ ချုပ်နိုင်မယ့်နေရာတစ်ခုပါ။ ဒီနေရာမှာ အင်္ကျီသီးသန့်ချုပ်လုပ်အပ်နှံနိုင်မယ့်အပြင် ရယ်ဒီမိတ်ပုံစံအင်္ကျီတွေအတိုင်းချုပ်နိုင်မယ့် ဈေးကွက်အခေါ် ဆွဲသားလို့ခေါ်တဲ့ အထည်စတွေ၊ ကိုရီးယားစကတ်အတိုင်းချုပ်နိုင်မယ့် ကိုရီးယားဆွဲသားအထည်စတွေအပြင် နိုင်ငံခြားဖြစ်ရေမွှေးနဲ့ အလှကုန်လိုမျိုးပစ္စည်းတွေကိုပါ ဝယ်ယူနိုင်အောင် စီစဉ်ထားတာ တွေ့ရပါတယ်။ ဒီဇိုင်းပုံစံလိုချင်သူတွေအတွက်လည်း အင်္ကျီ၊ ဂါဝန်၊ စကတ်ဒီဇိုင်း DVD ကိုပါဝယ်ယူနိုင်ပါသေးတယ်။ ချုပ်လုပ်အပ်နှံမယ့်အင်္ကျီကို ငါးရက်သာချိန်းပေးမှာဖြစ်ပြီး လောလောဆယ် ချုပ်ခကိုတော့ ၃၅၀၀ ကျပ်လို့ သတ်မှတ်ထားတာ တွေ့ရပါတယ်။

လိပ်စာ–

**Pearl Beauty Textile & Tailoring Shop**

အမှတ် ၁၄၊ ပဒုမ္မာကွင်း၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၈၁၆

# နေပြည်တော်က အိမ်ဆောက်ပစ္စည်းနဲ့ သုတ်ဆေးအမျိုးမျိုး ရနိုင်မယ့်ဝန်ဆောင်မှုလုပ်ငန်းတွေ

နေပြည်တော် တည်ဆောက်ရေးစီမံကိန်းတွေထဲမှာ ဆောက်လုပ်ဆဲ အဆောက်အအုံစီမံကိန်းတွေအတွက်ပဲဖြစ်ဖြစ်၊ မကြာသေးခင်ကမှဖော်ဆောင်လိုက်တဲ့ နေပြည်တော်ရဲ့ မြို့သစ်လေးမြို့နယ်ဖြစ်တဲ့ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိတွေမှာ ကိုယ်နေထိုင်ဖို့ အိမ်ဆောက်လိုရင်ပဲဖြစ်ဖြစ်၊ အခုဝါတွင်းကာလဖြစ်ပေမယ့် ဝါလကင်းလွတ်တဲ့အချိန်ကာလမှာ လက်ရှိကိုယ်နေထိုင်နေတဲ့အိမ်ကို ပြုပြင်လိုရင်ပဲဖြစ်ဖြစ်၊ ဆေးအသစ်သုတ်လိုရင်ပဲဖြစ်ဖြစ် အဆင်ပြေပြေ အလွယ်တကူဝယ်ယူနိုင်အောင်လို့ အိမ်ဆောက်ပစ္စည်းနဲ့ သုတ်ဆေးအမျိုးမျိုးရရှိနိုင်မယ့်လိပ်စာတချို့ကို လက်လှမ်းမီသလောက် ဖော်ပြပေးလိုက်ပါတယ်။

❑ **မြန်မာကိုးလ်ဒင်းရော့ခ်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (အိုင်စီအိုင်)**

အခန်း–၆/၄၄–၄၅၊ ရန်ကုန်–မန္တလေးလမ်း၊
ဆောက်လုပ်ရေးရုံးဝင်း၊ ရန်အောင် (၂) ရပ်ကွက်၊
နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၈၀၁၊ ၂၂၃၄၇

❑ **စိန်ဒိုင်းမွန်း**

အမှတ်–၆၄၁၊ ဗိုလ်တောက်ထိန်လမ်း၊
နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၃၄၄

❑ **TWJS**

အမှတ်–၆/၂၉၊ ၆ လမ်း၊ ရွှေချီရပ်ကွက်၊
နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၅၁၆

❑ **UPG (United Point Group)**

အမှတ်–စီ–၃/စီ–၄၊ ပျဉ်းမနားအဝေးပြေးယာဉ်ရပ်နားစခန်း၊
နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၈၀၃

❑ **ဦးလှမြင့်နှင့်သားများ**

အမှတ်–၁၊ မြို့မဈေး၊ မျက်နှာစာတန်း၊ (စီ–၁)၊
အနောက်ဘက်တန်း၊ ၁၀၄/၁၀၅၊
နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၅၅၆ ■

www.foreverspace.com.mm

# အမြင်တင့်တယ်စေတဲ့ ပိုးထည်တွေနဲ့ ပွဲတက်မယ်ဆိုရင်

ခေတ်မီဝတ်စုံတွေ ဘယ်လိုပဲဆန်းသစ်ပြောင်းလဲလာပါစေ၊ မင်္ဂလာရှိတဲ့ပွဲလမ်းသဘင်တွေ၊ အခမ်းအနားတွေမှာ အမျိုးသမီးအများစုရွေးချယ်ဝတ်ဆင်ကြလေ့ရှိတာကတော့ ရိုးရာပိုးထည်တွေပဲ ဖြစ်ပါတယ်။ မြန်မာဝတ်စုံတင်မဟုတ်ဘဲ ခေတ်မီဆန်းသစ် တီထွင်ပြီးတော့လည်း ဝတ်ဆင်လာကြတာကြောင့် ဘယ်တော့မှ မရိုးနိုင်တဲ့မြန်မာ့ရိုးရာအဝတ်အထည်ဈေးကွက်အဖြစ် ရပ်တည်နေတယ်လို့လည်း ဆိုနိုင်ပါတယ်။ အမျိုးသမီးများအတွက်မကပါဘူး၊ အမျိုးသားဝတ်ပိုးပုဆိုးတွေကလည်း ဒီလိုပါပဲ။ ဇနီးမောင်နှံယှဉ်တွဲပြီး တက်ရမယ့်အခမ်းအနားတွေမှာ ဖက်ရှင်ကျကျဝတ်ဆင်လိုသူတွေက ပိုးထည်တွေကို အရောင်တူရွေးချယ်ဝတ်ဆင်လေ့ရှိကြတာမို့ပါ။ မြန်မာ့ရိုးရာဝတ်စုံနဲ့ မင်္ဂလာအခမ်းအနားကျင်းပမယ့် မောင်နှံတွေဆိုရင်တော့ ပိုးထည်တွေဟာ မပါမဖြစ်လို့ ဆိုရမယ့်အပြင် မင်္ဂလာဝတ်စုံကိုလည်း တတ်နိုင်ရင် တတ်နိုင်တဲ့အလျောက် ပိုးထည်တွေမှာ လက်မှုပစ္စည်းတွေနဲ့ ထပ်ဖြည့်ပြီး ဝတ်ဆင်ကြပါသေးတယ်။ ဝါကျွတ်ကာလမှာ မင်္ဂလာပွဲတွေကို ဆက်တိုက်ဆိုသလိုကျင်းပလေ့ရှိကြတာကြောင့် မင်္ဂလာဆောင်မယ့်သူတွေရော၊ မင်္ဂလာပွဲကိုတက်ရောက်မယ့်သူတွေအတွက်ပါရည်ရွယ်ပြီး ရန်ကုန်မြို့နဲ့မန္တလေးမြို့မှာရှိတဲ့ ပိုးထည်တိုက်တွေကို တတ်နိုင်သလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။ တချို့ပိုးထည်တိုက်တွေက စစ်ကိုင်းနဲ့ အမရပူရမြို့တွေမှာပါရှိတာကြောင့် ရနိုင်သလောက် အဲဒီမြို့တွေကလိပ်စာတွေကိုပါ ဖော်ပြပေးလိုက်တာပါ။

### ❑ သိင်္ဂီရွှေဝါ

– အမှတ်–၂၄၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၉၃၄၆၊ ၀၉–၈၀၃၃၈၃၃

– အမှတ်–၁၂၅ (C)၊ ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၉၄၃၀၊ ၅၅၂၇၆၇၊ ၀၉–၅၀၁၉၁၆၄

– United Condo၊ အမှတ်–၃၉၊ အလံပြဘုရားလမ်း၊ နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၁၈၀၄၅၊ ၀၉–၅၀၀၁၅၈၄

### ❑ Thiri

အမှတ်–၄၅၉–ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

### ❑ ရွှေနန်းတော်ဝင်

–အမှတ်–၂၁၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၅၁၅၀၊ ၇၂၅၉၂၅၊ ၇၀၅၉၈၀

–အမှတ်–၁၃၈၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၀၉၆၆ (လိုင်းခွဲ–၃၈၆)

–အမှတ်–၁၁၅၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၄၆၉၂၁

### ❑ Kanok Silk (MK Fashion)

အမှတ်–F-15၊ ပထမထပ်၊ ဒဂုံစင်တာ၊ ပြည်လမ်းနှင့် ဗားကရားလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၇၂၉၂၊ ၅၃၅၁၆၈၊ ၅၃၆၇၉၆၊ ၅၃၄၂၉၈ (လိုင်းခွဲ–၁၁၆)

### ❑ Kanok

–အမှတ်–၁၂၄၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

– အမှတ်–G.O.2/A1၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်းနှင့် စက်မှု (၁) လမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၆၂၂၅၊ ၅၅၈၀၄၀၊ ၅၅၈၀၄၁၊ ၅၅၈၀၄၂

### ❑ မြမာလာ

အမှတ်–၁၃၇၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း၊ ဗိုလ်ချုပ်အော်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၄၁၁ (လိုင်းခွဲ–၃၁၉)

### ❑ ရွှေပိုးအိမ်

အမှတ်–၁၅၆၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၉၆၃၃

### ❑ မြပိုးထည်တိုက်

အမှတ်–၁၃၁၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း

### ❑ ရွှေကုံ့ကော်ပိုးထည်တိုက်

– အမှတ်–၄၇၅၊ ပြည်လမ်း၊ (၈) ရပ်ကွက်၊ TTC အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၄၈၂၉၊ ၀၉–၂၀၀၇၅၈၄၊ ၀၉–၂၀၂၈၁၂၉

– အမှတ်–၂/၃၊ အောင်ဆန်းကွင်းအနောက်ဘက်တန်း၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၃၆၉၀၊ ၀၉–၂၀၀၇၅၈၄

– အမှတ်–၁၆၁၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၃၅၆၂

– အမှတ်–၇၀၊ ၇၈ လမ်း၊ ၃၄× ၃၅ လမ်းကြား၊ ရတနာပုံဈေးကြီးအနီး၊ မန္တလေး။ ဖုန်း–၀၂–၂၄၃၅၆

### ❑ ရွှေပြည်တန်

– အမှတ်–၁၃၅၊ အင်းလျားလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ Savoy Hotel အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



ဖုန်း–၀၉–၅၀၃၈၉၀၉
– Great Wall Hotel ၊ ၇၈ လမ်း၊ မန္တလေး။
ဖုန်း–၀၂–၃၈၁၈၃၊ ၆၈၄၆၁၊ ၆၈၄၆၂၊ ၆၈၄၆၃
– မင်းလမ်းပွဲထိပ်ရပ်၊ စစ်ကိုင်းမြို့။
ဖုန်း–၀၇၂–၂၂၂၀၄၊ ၀၉–၂၀၃၆၆၉၉

- **တော်ဝင်နဒီပိုးထည်တိုက်**
  အမှတ်–၈၊ မန္တလေး–စစ်ကိုင်းလမ်း၊ ရေတွင်းညီနောင်ရပ်၊ အမရပူရမြို့။ ဖုန်း–၀၂–၇၀၂၂၄၊ ၀၉–၂၀၃၀၁၇၇
- **ဒေါ်စောရှင်**
  ရွှေခဲရပ်၊ စားကျင်ဝဂိတ်မြောက်ဘက်၊ အမရပူရမြို့။ ဖုန်း–၀၂–၇၀၀၇၀၊ ၀၉–၂၀၁၄၄၀၃
- **ရွှေဇမ္ဗူ**
  အမှတ်–အတ/ ၇၅၊ အိုးတော်ရပ်၊ စစ်ကိုင်း၊ မန္တလေးလမ်း၊ သိမ်ကြီးဈေးအနီး၊ အမရပူရမြို့။ ဖုန်း–၀၉–၂၀၁၄၀၀၇
- **တော်ဝင်**
  အမှတ်–၃၂၉၊ တတိယထပ်၊ 78th Shopping Centre ၊ ၃၈ လမ်း× ၇၈ လမ်းထောင့်၊ မန္တလေး။ ဖုန်း–၀၉–၅၁၇၆၅၆၅
- **သိန်းညို**
  – ဘိုးတော်ရပ်၊ အမရပူရမြို့။
  ဖုန်း–၀၂–၇၀၀၅၉၊ ၇၀၄၅၂၊ ၄၄၂၀၀
  – အမှတ်–၁၈၊ C ရုံ၊ ဒုတိယထပ်၊ ဈေးချို၊ မန္တလေး။
  – အမှတ်–၂၃၊ ၂၄၊ အနောက် C ရုံ၊
  ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၂၂၄၂၊ ၂၅၃၁၉၅၊ ၂၅၆၄၁၁ (လိုင်းခွဲ–၅၄၅)
- **ပျိုမေကြိုက်**
  – ၇၈ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ ဘူတာကြီးရှေ့၊ မန္တလေး။
  – ၈၄ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ မန်းမြန်မာပလာဇာ၊ ပထမထပ်၊ မန္တလေး။ ဖုန်း–၀၉–၂၀၁၉၆၆၆၊ ၀၉–၂၀၃၂၁၄၄
- **လွန်းရတီ**
  HH(၁၆)၊ မန်းမြန်မာဈေးချိုပလာဇာ၊ မြေညီထပ်၊ မန္တလေး။
  ဖုန်း–၀၉–၅၁၂၅၄၈၇၊ ၀၂–၇၀၀၂၆၊ ၀၂–၇၃၅၅၅၊
  (လိုင်းခွဲ– ၉၃၄၉)
- **ရွှေဆင်တိုင်း**
  မောင်းတန်းရပ်၊ အမရပူရမြို့။ ဖုန်း–၀၉–၂၀၃၀၈၂၀

# စားသောက်ဆိုင်သစ်

- **Cafe' de Angel**
  အမှတ်–၂၄၊ ဗဟိုလမ်း၊ ကလေးဆေးရုံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၃၄၄၉
- **မောခမ်းနွံ ရှမ်းထမင်း ဟင်းနှင့် ရှမ်းခေါက်ဆွဲဆိုင်**

# လက်နှိပ်စက် ရောင်းဝယ်ပြုပြင်ရေး

တစ်နေ့ထက်တစ်နေ့ နည်းပညာတိုးတက်မှုနှုန်း နိုင်ငံတကာမှာမြင့်မားလာတာနဲ့အမျှ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံမှာလည်း နည်းပညာတိုးတက်မှုရော အီလက်ထရွန်နစ်ပစ္စည်းအသစ်အဆန်းသုံးစွဲဝင်ရောက်မှုပါ များပြားလာတာတွေ့ရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းတွေမှာ လုပ်ငန်းအဆင့်ဆင့်ကို အချိန်တိုအတွင်းပြီးစီးအောင် ကွန်ပျူတာများမှာ Software တွေထည့်ပြီး ဆောင်ရွက်နေကြသလို အစိုးရဝန်ကြီးဌာန တော်တော်များများလည်း ဒီလိုလုပ်ငန်းအဆင့်တိုင်းမှာ ကွန်ပျူတာတွေနဲ့လုပ်ကိုင်ဆောင်ရွက်နေကြပေမယ့် တချို့တချို့သောဌာနလေးတွေမှာ လက်နှိပ်စက်များ အသုံးပြုမြဲသုံးနေရတုန်းပါပဲ။ ဒါကြောင့် အစိုးရယန္တရားရုံးစိုက်ရာ နေပြည်တော်မှာ လက်နှိပ်စက်နဲ့ပတ်သက်ပြီး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လမ်းညွှန်ပါရစေ။ ဒီကုမ္ပဏီက လက်နှိပ်စက်ကို ပြင်လိုရင်ပဲဖြစ်ဖြစ်၊ ရောင်း၊ ဝယ်လိုရင်ပဲဖြစ်ဖြစ် ဆောင်ရွက်ပေးမယ်လို့ ဆိုပါတယ်။ တခြားဝန်ဆောင်ပေးတဲ့ဟာတွေနဲ့ ကိုယ်သိချင်တာတွေ မေးမြန်းနိုင်အောင် လိပ်စာဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ– **ဂန္ဓမာရုံးသုံးစက်လုပ်ငန်းလီမိတက်**
(လက်နှိပ်စက်ရောင်းဝယ်ပြုပြင်ရေး)
နေပြည်တော်မြို့မဈေးအရှေ့၊ အမှတ် ၃၉–၄၀၊
နေပြည်တော်။ ဖုန်း–၀၆၇–၄၂၀၂၁၈

# နေရာပြောင်း၊ လိပ်စာသစ်

- **Celebrities' Wears**
  အမှတ်–၂၂(F) A၊ စိမ်းလဲ့ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Eleven Media Group**
  အမှတ်–၄/၃၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ မြစန္ဒာလမ်း၊ မဟာဇေယျာဘုံရပ်၊ နန်းရှေ့၊ မန္တလေး။
- **Cheery Beauty & Spa (18th လမ်း:)**
  အမှတ်–၂၁၉၊ ရွှေဂုံတိုင်လမ်းမကြီး(ကမ္ဘောဇဘဏ်မျက်စောင်းထိုး)၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၉၄၅၆၊ ၀၉–၉၉၂၅၇၁၇

Hill Restaurant ၊ သပြေကုန်းဈေး၊
ပွဲရုံအပေါ်စားသောက်ဆိုင်တန်း၊ နေပြည်တော်။

- **ကန်တော်ရိပ် Food Centre**
  ၁၂၈ လမ်းနှင့် ဗညားဒလလမ်းထောင့်၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၀၅၈၅ ■

www.foreverspace.com.mm



# လုပ်ငန်းသစ်၊ ဆိုင်သစ်

❑ **Estilo Fashion**
အမှတ်–C-3၊ သစ္စာလမ်း၊ သတ္တုတွင်းဝန်ကြီးဌာနအနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

❑ **Queen Hair & Beauty Spa**
အမှတ်–၈၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **TO TO ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုးအရောင်းပြခန်း**
မြေညီထပ်၊ ဒိုင်းမွန်းကွန်ဒိုမီနီယမ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၃၇၉၊ ၅၀၂၄၁၂ ဖက်စ်–၂၁၂၀၄၀

❑ **အောင်ဇေယျာမင်းတိုင်းရင်းဆေးကုခန်း**
ပိတောက် (၁) လမ်းသွယ်၊ ဇမ္ဗူသပြေလမ်း၊ သပြေကုန်းရပ်ကွက်၊ နေပြည်တော်–ပျဉ်းမနားလမ်း၊ နေပြည်တော်။

❑ **သုခစုစ်ဆန်နှင့်ဆန်ထွက်ပစ္စည်းများအရောင်းဆိုင်**
အမှတ်–ည/၂၇(ဘီ)၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

❑ **White Lotus Fashion**
No (S).12(B)၊ Junction Zawana Shopping Centre၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

❑ **ဖြူမွှစိုရ်လူမှုကူညီရေးအသင်းဆေးပေးခန်း**
၆၂ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၆၆၄၀၀၊ ၀၂၃၉၁၄၃

❑ **Diamond Villa**
အမှတ်–၂၂(F)A၊ စိမ်းလဲ့ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## ကောင်းထက်ကျော် ဒံပေါက်

နာမည်ကျော်ဒံပေါက်ဆိုင်တော်တော်များများရှိတဲ့ ရန်ကုန်ကနေ နေပြည်တော်မှာ အလုပ်သွားရောက်လုပ်ကိုင်ရတဲ့အခါ ဒါမှမဟုတ် ရပ်ဝေးကမိတ်ဆွေတွေ ကိုယ့်ဆီလာတဲ့အခါ ကျွေးမွေးဧည့်ခံနိုင်ဖို့ နေပြည်တော်က ကောင်းထက်ကျော် ဒံပေါက်ဆိုင်ကို ညွှန်းပါရစေ။ ဒီဆိုင်မှာ ရန်ကုန်ကဒံပေါက်အရသာနဲ့ အသွင်ကွဲပေမယ့် စားရတာ ချိုမွှေးအီစိမ့်ပြီး လက်ရာတစ်မျိုးနဲ့ဒံပေါက်ကို စားသုံးနိုင်မယ့်အပြင် ရှမ်းခေါက်ဆွဲ၊ မီးရှည်၊ ဆီချက်၊ အအေးမျိုးစုံစတာတွေလည်း ရရှိမှာပါ။ တစ်ခါစားလို့ကြိုက်သွားပြီး အလှူမင်္ဂလာပွဲတွေအတွက်ပါ ဒံပေါက်မှာယူချင်တယ်ဆိုရင်လည်း အထူးအော်ဒါအနေနဲ့ လက်ခံဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နေပြည်တော်ကဒံပေါက် ဘယ်လိုအရသာရှိလဲ မြည်းစမ်းလိုသူတွေအတွက် သတင်းကောင်းပါးလိုက်တာပါ။

–ဖုန်း–၀၆၇–၂၂၇၂၃ (လိုင်းခွဲ–၂၄)

❑ **Ocean Supercenter ဆိုင်ခွဲသစ်**
Junction Centre နေပြည်တော်၊ နေပြည်တော်ဟိုတယ်ဇုန်ရှေ့၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်။

❑ **Venus News**
အမှတ်–၄၇၊ ပထမထပ်၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၀၈၁၊ ၀၉–၅၀၀၆၁၇၄၊ ၀၉–၅၁၀၈၆၄၅
ဖက်စ်–၂၉၉၃၉၆
E-mail:thevenusnewsjournal@gmail.com.

❑ **30th Street Clinic**
Fully Automated Total Laboratory Automation System at Yangon GI & Liver Centre
အမှတ်–၁၉၁/၁၉၃၊ လမ်း–၃၀ (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑ **ပန်ထွာဂယ်လာရီ**
ဘော့ကုန်းကျေးရွာ၊
(မင်းဘူးမြို့၏မြောက်ဘက်လေးမိုင်ခန့်အကွာ)၊
မင်းဘူးမြို့။

❑ **ZK School of Design**
အမှတ်–၇၆/၁၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

❑ **SKY PRINCESS**
မိုးမင်းသမီး Beauty Salon ၊ အမှတ်–၄၁/က၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

❑ **PAPILLON Fashion Shop**
ရာဇသင်္ဂဟလမ်း၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ Junction နေပြည်တော်၊ နေပြည်တော်။

❑ **Lucky Life Cyber Cafe**
အမှတ်–၃၈၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်ဈေးအနီး၊ FMI Center မျက်စောင်းထိုး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၄၅၄၄၊
E-mail:luckylife@myanmar.mm.am

❑ **ခတ်ပုံ Ng Ng (Naung Naung)**
အမှတ်–၁၂၊ ၂၆ ဘီလမ်း၊ ဆိုင်းတန်း၊ မန္တလေး။
ဖုန်း–၀၉–၅၁၄၃၅၆၊ ၀၂–၂၁၃၁၇
E-mail:nanall@gmail.com

❑ **Early Childhood Care and Development (ECCD) Resource Centre**
လူမှုဝန်ထမ်းသင်တန်းကျောင်း၊ အမှတ်–၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ■

www.foreverspace.com.mm



# ၂၀၀၉ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ထေရဝါဒအနှစ်သာရ<br>စာမူခွင့်ပြုချက်အမှတ်– ၃၂၀၃၄၆၀၆၀၉ | ဓမ္မစေတီ ဦးကောသလ္လ | ၁၀၀၀ | ၁၀၀၀ | မိုးမြင့်ကြယ် | ၂၀၀၉၊ ဇွန် (ပ–ကြိမ်) | ဘာသာရေး |
| ၂။ | သန္တရသလွင်ပြင်နှင့် ဗုဒ္ဓဝင်မှတ်တမ်း<br>စာမူခွင့်ပြုချက်အမှတ်– ၃၂၀၆၈၉၁၂၀၈ | သစ္စာနီ | ၅၀၀ | ၁၈၀၀ | မြစ်ကွေ့ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာရေး |
| ၃။ | မျိုးဗီဇပြုပြင်ထားသောအစားအစာ နှင့် ကျန်းမာရေး<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၂၇၀၀၆၀၉ | ဒေါက်တာ ခင်မောင်လွင် (FAME) | ၅၀၀ | ၃၅၀၀ | စာပေလောက | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ကျန်းမာရေး |
| ၄။ | ကိုယ်ခံစွမ်းအားနှင့် ကမ္ဘာ့လူတုပ် ကွေးရောဂါ<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၈၈၈၀၇၀၉ | သိပ္ပံမှူးတင် | ၅၀၀ | ၅၀၀ | နန်းဒေဝီ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ကျန်းမာရေး |
| ၅။ | စျေးကွက်စီးပွားရေးဆိုတာ<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၂၆၇၁၁၀၈ | ကျော်ဝင်း | ၅၀၀ | ၁၅၀၀ | Plastic Rainbow Book Publication | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဘာသာပြန် |
| ၆။ | ဘီလျံနာတစ်ယောက်လိုတွေးပါ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၉၆၀၉၀၈ | တင်မောင်မြင့် | ၅၀၀ | ၂၀၀၀ | နန်းဒေဝီ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဘာသာပြန် (တက်ကျမ်း) |
| ၇။ | အတွေးအခေါ်တို့လွင့်မျောခြင်းနှင့် လူ၏ဆောက်တည်ရာ<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၉၄၁၀၅၀၉ | နန္ဒာသိန်းဇံ | ၃၀၀၀ | ၄၀၀၀ | လိုင်းသစ် | ၂၀၀၉၊ ဩဂုတ် (ပဥ္စမ–ကြိမ်) | အတွေးအမြင် ဒဿန |
| ၈။ | မိုက်ကယ်ဂျက်ဆင်ဘဝမှတ်တမ်း<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၉၂၄၀၈၀၉ | ညီညီနိုင် | ၅၀၀ | ၂၀၀၀ | မေတ္တာရွှေစင် | ၂၀၀၉၊ – (ပ–ကြိမ်) | မိုက်ကယ်ဂျက် ဆင်၏ဘဝဖြတ် သန်းမှု |
| ၉။ | ပညာမိုးကောင်းကင်သို့ ခရီးနှင်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၉၄၂၀၈၀၉ | ဒေါက်တာနေ | ၅၀၀ | ၁၀၀၀ | နဝရတ် | ၂၀၀၉ ၊ ဩဂုတ် (ပ–ကြိမ်) | ပညာရေး လမ်းညွှန် |
| ၁၀။ | ပေဖြစ်လျှင်ခံ တူဖြစ်လျှင်နှံ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၇၃၀၅၀၉ | ရဲမြလွင် | ၁၀၀၀ | ၂၀၀၀ | ထက်ဝေယံ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဘာသာပြန် |

www.foreverspace.com.mm

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁။ | စပယ်ဦးလက်ရွေးစင်မြန်မာဝတ္ထုတိုများ (၂၃)<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၇၆၀၉၀၈ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | ၁၀၀၀ | ၈၀၀ | စပယ်ဦး | ၂၀၀၉၊ စက်တင်ဘာ (ပ–ကြိမ်) | ဝတ္ထုတိုများ |
| ၁၂။ | တယ်လီဖုန်းအင်္ဂလိပ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၅၆၀၃၀၉ | မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) | ၅၀၀ | ၈၀၀ | ကျော်မွေး | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဘာသာစကား |
| ၁၃။ | ဆရာကောင်းတစ်ယောက်ဖြစ်ရလေအောင်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၆၂၀၉၀၈ | လူအောင် | ၅၀၀ | ၁၂၀၀ | ရှုဝံ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | သင်ကြားမှုအတတ်ပညာ |
| ၁၄။ | သန်းကြွယ်သူဌေးတို့၏စိတ်နေစိတ်ထား<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၃၄၉၀၄၀၉ | ခင်မောင်သန်း (စိတ်ပညာ) | ၂၀၀ | ၁၂၀၀ | မြဝတ်ရည် | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဆောင်းပါးများ |
| ၁၅။ | မပြောကောင်းမဆိုကောင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၅၄၀၇၀၉ | ဂျက်ကွမ်းခြံကုန်း | ၁၀၀၀ | ၁၅၀၀ | အလင်းသစ် | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | ဆောင်းပါးများ |
| ၁၆။ | နွေကူးသာချိန်နှင့် အခြားအက်ဆေးများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၃၇၀၂၀၉ | ဆယ်လွင် | ၅၀၀ | ၁၅၀၀ | မုံရွေး | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | အက်ဆေးစုစည်းမှု |
| ၁၇။ | သူလိုလိုငါလိုလို<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၈၀၃၀၆၀၉ | ကြပ်ကလေး | ၅၀၀ | ၁၅၀၀ | ရွှေကောင်းကင် | ၂၀၀၉၊ ဩဂုတ် (ဒု–ကြိမ်) | ဟာသဝတ္ထု |
| ၁၈။ | နှလုံးသားနှင့်သွားသည်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၇၇၀၇၀၈ | နီကိုရဲ | ၁၀၀၀ | ၂၂၀၀ | ကြောင်နှစ်ကောင် | ၂၀၀၉၊ (ပ–ကြိမ်) | လုံးချင်းဝတ္ထု |
| ၁၉။ | မိတ်ကပ်ဘယ်လိုလိမ်းကြမလဲ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၁၅၀၆၀၉ | နန်းအိအိဇာ | ၅၀၀ | ၃၀၀၀ | နန်းဒေဝီ | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | အလှအပ |
| ၂၀။ | ကပ်ကျော်လာဘ်ခေါ်စီးပွားရေး<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၈၉၀၆၀၉ | ခင်မောင်ညို | ၁၀၀၀ | ၃၅၀၀ | HR Publishing House | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | စီးပွားရေး |
| ၂၁။ | အချစ်နှင့်ဖဲကစားခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၂၇၀၅၀၉ | မိုးသက်မင်းရင် | ၅၀၀ | ၁၃၀၀ | စင်ရော် | ၂၀၀၉၊ စက်တင်ဘာ (ပ–ကြိမ်) | လုံးချင်းဝတ္ထု |
| ၂၂။ | လူ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၅၃၀၃၀၉ | ဇန်းမော်တင်အောင် | ၅၀၀ | ၂၀၀၀ | ယဉ်မျိုး | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | သုတ |

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်
Editor's Choice

## ဈေးကွက်စီးပွားရေးဆိုတာ

**ကျော်ဝင်း**

ယနေ့ကာလတွင် သောသောညံညံ ပြောဆိုသုံးနှုန်းနေကြသည့် ဈေးကွက်စီးပွားရေးဆိုသည်ကို အများလုပ်၍သာ မတတ်သာ၍လုပ်ရသည် သေသေချာချာ တော့မသိ ဆိုသူများ၊ သိသယောင်ယောင် ဝိုးတဝါးဖြစ်နေသူများ၊ လုံးဝမသိသေးသူများအတွက် ရည်ရွယ်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ မူရင်းပြုစုသူမှာ ဘောဂဗေဒပါမောက္ခ ဒေါက်တာမိုက်ကယ်လ် ဝပ်တ်စ်၏ What is Market Economy? ကို 'ဈေးကွက်စီးပွားရေးဆိုတာ' အမည်ဖြင့် ကျော်ဝင်းက ဘာသာပြန်ဆိုထားခြင်းလည်း ဖြစ်သည်။

ဈေးကွက်စီးပွားရေးသည် စင်စစ် အားဖြင့် အနောက်ကမ္ဘာတွင် ၁၉ ရာစုကတည်းက အဒမ်စမစ်နှင့် ကားလ်မာ့ခ်တို့က စတင်ဖော်ထုတ်ခဲ့ပြီး ၂၀ ရာစုအရောက်တွင် ဂျွန်မေးနတ်ကိန်းစ်က ဈေးကွက်စီးပွားရေးကို အခြားနည်းလမ်းဖြင့်ချဉ်းကပ်ကာ သီအိုရီသစ်ဖော်ထုတ်ခဲ့သည်။ ကိုလိုနီလက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရသည့် မြန်မာနိုင်ငံတွင်မူ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်နှင့် ၁၉၆၁ ခုနှစ်အတွင်း လွတ်လပ်သယောင်ရှိသော ဈေးကွက်စီးပွားရေး မီးအိမ် မှိန်ပြပြထွန်းညှိကာ အာရုတိုက်၍ အစောဆုံးကျင့်သုံးခဲ့သော်လည်း ၁၉၆၂ ခုနှစ်တွင် ချုပ်ငြိမ်းသွားခဲ့ရာက ၁၉၉၈ ခုနှစ်အထိ ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင်မှ ဈေးကွက်စီးပွားရေး အသံ ပြန်ကြားလာရခြင်းဖြစ်သည်။ သို့သော် အမိန့်ပေးဈေးကွက်စနစ်အောက် နှစ်များစွာနေလာခဲ့သောကြောင့် အဒမ်စမစ်၏ ကိုယ်ပျောက်လက်သဘောသဘာဝကို အပြည့်အဝ အသုံးမချရသေးခင် ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့၌ အသစ်ပေါ်လာသော ဂျွန်မေးနတ်ကိန်းစ်အယူအဆကို ကူးပြောင်းစပြုနေချိန်တွင်မှ ထိုအယူအဆကို ဆယ်စုနှစ်နှစ်ခုခန့် ခပ်ပြင်းပြင်းသုံးနေသည်ဟုယူဆရမည့် မြန်မာနိုင်ငံအဖို့ ယနေ့အချိန်အထိ တန်းမီစံမီသော ဈေးကွက်စီးပွားရေးစနစ်အသွင်သို့ မရောက်တတ်သေးဟု ဆိုနိုင်သည်။ အထူးသဖြင့် သူကောင်းပြုခံပုဂ္ဂိုလ်များနှင့် အမည်တပ်ရခက်သော၊ တရားဝင်အခွန်မဆောင်သူ အခွင့်ထူးရ စီးပွားရေးလုပ်ငန်းများရော အခွန်စာရင်းပေါက်နေသောကြောင့် ပုံမှန်အခွန်ထမ်းဆောင်နေရသူ အလတ်စား၊ အငယ်စားနှင့် အသေးစား တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များပါ ဈေးကွက်စီးပွားရေး အမည်ခံ ဈေးကွက်တစ်ခုအောက်တွင် ယှဉ်ပြိုင်နေရသောမြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် များစွားထူးခြားသည့်အခြေအနေများ ရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်တစ်ခု၏ ရေခံမြေခံများဖြစ်သည့် မော်တော်ယာဉ်နှင့် တယ်လီဖုန်းကဲ့သို့သော မရှိမဖြစ် အခြေပစ္စည်းဈေးများမှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှမရှိသည့်ဈေးနှုန်းများ ပေါက်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ခု၏ ခနအင်အားတောင့်တင်းခိုင်မာစေရန် စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် မူဝါဒချမှတ်အကောင်အထည်ဖော်မည့်သူများ၊ ထိုကဏ္ဍအတွင်းရှိ သက်ဆိုင်ရာနယ်ပယ်အလိုက် အပြိုင်အဆိုင်စီးပွားရှာကြမည့် လုပ်ငန်းရှင်များ၊ တစ်ပါးသူအခွင့်အရေးကို မထိပါးစေသော လွတ်လပ်သည့်ပြိုင်ဆိုင်မှုနှင့် ကျင့်ဝတ်နှင့်အညီ ပြိုင်ဆိုင်မှုတို့ကို စည်းကြပ်ကွပ်ကဲကြရမည့် နိုင်ငံ့ဝန်ထမ်း (ဝါ) ပြည်သူ့ဝန်ထမ်းများ မဖြစ်မနေ သိရှိနားလည်ထားရန် လိုအပ်သည့် ဈေးကွက်စီးပွားရေး အခြေခံသဘောသဘာဝများကို ဤစာအုပ်က အကျအနရှင်းပြထားသည်။




ဈေးကွက်သဘောသဘာဝများကို အခန်း(၇)ခန်းခွဲ၍ ဥပမာ၊ ဥပမေယျများဖြင့် ထင်သာမြင်သာရှိအောင် ရှင်းပြထားပြီး နိဂုံး၏နောက်တွင်မှ ဈေးကွက်၏အာနိသင်၊ ကမ္ဘာ့စီးပွားရေးပုံစံများနှင့် ပညာရှင်တို့၏ သီအိုရီများကို နောက်ဆက်တွဲအဖြစ် ဖော်ပြပေးထားသည်။ ဖွင့်ဆော်ဦးအခန်းတွင် အမိန့်ပေးနှင့် ဈေးကွက်၏သဘောသဘာကို လိမ္မော်သီးဝယ်သော ကျောင်းဆရာမနှင့် စက်ပြင်ဇနီးမောင်နှံနှင့် စက်ဘီးထုတ်လုပ်မှုအကြောင်းတို့ဖြင့် ပမာပြုရှင်းထားသည်မှာ စာဖတ်သူအဖို့ လွယ်ကူရှင်းလင်းစွာ သဘောပေါက်စေသည်။ ဈေးကွက်ကို အဓိကမောင်းနှင်ပေးနေသာ ပြိုင်ဆိုင်မှုကိုမူ မူလအလုပ်မှတစ်ဆင့် လိုအပ်ချက်အပေါ်မူတည်ကာ မိမိမကျွမ်းကျင်ရာနယ်ပယ်သို့ ကူးပြောင်းလိုကြသူ စက်ပြင်ဆရာနှင့် လိမ္မော်ခြံရှင်တို့နှစ်ဦး စဉ်းစားပုံနှင့် ခိုင်းနှိုင်းပြသည်။ သူတို့နှစ်ဦးစဉ်းစားပုံမှသည် ဘောဂဗေဒသီအိုရီနှင့်တိုက်စစ်ကြည့်သော် မည်သို့ဆိုလျှင် အကောင်းဆုံးဖြစ်လာနိုင်သည်ကို ယခုကဲ့သို့ရေးသားထားသည်။

"မိမိတို့ကျွမ်းကျင်ရာ (သို့မဟုတ်) အခြေအနေပေးရာ (ဘောဂဗေဒစကားနှင့်

www.foreverspace.com.mm

ဆိုလျှင် နိုင်ငံရေးအကျိုးများရာ) အလုပ်ကို စူးစိုက်လုပ်ကိုင်ပြီး လိုအပ်သောပစ္စည်းများကို အပြန်အလှန်ဖလှယ်ကုန်သွယ်ကြလျှင် သက်ဆိုင်ရာနိုင်ငံအားလုံး ကုန်ထုတ်သတ္တိမြင့်ပြီး ပိုမိုချမ်းသာကြွယ်ဝလာပါလိမ့်မည်" (စာ–၃၉)

အဓိကဆိုလိုသည်မှာ မည်သည့်နိုင်ငံတွင်မဆို မိမိတို့ကျွမ်းကျင်ရာအလိုက် တစိုက်မတ်မတ်ကြိုးစားအားထုတ် အလုပ်လုပ်မှသာလျှင် တိုးတက်မှုရှိမည်၊ စက်ပြင်ဆရာက လိမ္မော်သီးဝင်စိုက်၍ လိမ္မော်စိုက်သူက စက်ဝင်ပြင်ခြင်းကဲ့သို့ မကျွမ်းကျင်သည့်နယ်ပယ်သို့ ဝင်လုပ်မိပါက မဆီမလျော် မတော်မတည့်ဖြစ်ကာ ထိုနှစ်ခုစလုံး အနုတ်လက္ခဏာပြသွားမည်ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး အဆင့်အတန်းအမျိုးမျိုးဖြစ်နေရခြင်း၏ အကြောင်းများစွာအနက် လူမှန်နေရာမှန် ဆီလျော်မှုအချက်သည်လည်း အဓိကနေရာတွင်ပါဝင်သည်။ အနီးဆုံးပတ်ဝန်းကျင်တွင် မြင်ကြားတွေ့သိနေရသော ယနေ့အခြေအနေများကိုကြည့်လျှင် ဤအချက်ကို ထင်းလင်းစွာတွေ့ရမည်ဖြစ်သည်။ တစ်ဖန် နောက်တစ်ဆင့် ထပ်စဉ်းစားကြည့်သော် ကဏ္ဍအသီးသီးက ထုတ်လုပ်ထားသောကုန်စည်များကို သက်ဆိုင်ရာအစိုးရများက အကာအကွယ်ပေးမည်လော၊ သို့မဟုတ် လွတ်လပ်သော နိုင်ငံတကာဈေးကွက်အတွင်းသို့ အစွမ်းရှိသလောက် ပြိုင်ဆိုင်ခွင့်ပြုမည်လောဆိုသည်ကိုမူ ဤစာအုပ်၏ မူရင်းပြုစုသူပညာရှင်က အကာအကွယ်မပေးသင့်သည့်ဘက်မှ တင်ပြထားသည်။

ယနေ့ပြောင်းနေသော ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အခြေအနေနှင့်ဆိုလျှင် ကျမ်းပြုသူပညာရှင်၏အဆိုမှန်သော်လည်း ထိုအကောက်အယူကို အစိုးရသူကောင်းပြုခံ စီးပွားရေးလုပ်ငန်းရှင်အမည်ခံအချို့ကလွဲလျှင် အခက်အခဲ အတားအဆီးများကို ကြုံသလိုဖြေရှင်းနေရပြီး အခွန်အကောက်မှန်သမျှ အမြဲပေးဆောင်နေကြရသူ အကာအကွယ်မဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များဖြစ်၍ ရုန်းကန်နေရသော နိုင်ငံတို့တွင်မူ အလုံးစုံမမှန်နိုင်ပေ။ အကြောင်းက စီးပွားရေးလုပ်ငန်းတစ်ခုအတွက် မရှိမဖြစ် တယ်လီဖုန်း၊ မော်တော်ယာဉ်ကဲ့သို့ အခြေခံပစ္စည်းများကိုပင် အဆမတန် ဈေးပေးဝယ်ယူနေသောလုပ်ငန်းရှင်များအဖို့ ထိုအခြေအနေများကို လွန်စွာသက်သာသောနှုန်းထားဖြင့် လွယ်လင့်တကူ ရယူသုံးစွဲနေကြသည့်နိုင်ငံတို့မှ လုပ်ငန်းရှင်တို့၏ အလားတူကုန်ပစ္စည်းများနှင့် မည်သို့မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ အစိုးရတို့က အကာအကွယ်ပေးဖို့နေနေသာသာ မဖြစ်မနေဖြည့်ဆည်းပေးရန် တာဝန်ရှိသည်တို့ကိုပင် လက်သင့်ရာကိုသာဦးစားပေးကာ အများစုအတွက်မူ ပျက်ကွက်နေသောနိုင်ငံတို့အဖို့ နိုင်ငံတကာနှင့်ပြိုင်ရေးထက် မိမိနိုင်ငံအတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များ ရေရှည်ရပ်တည် ရှင်သန်ရေးကိုပင် မနည်းအားစိုက်ရုန်းကန်နေရပေသည်။ အခန့်မသင့်လျှင် လုပ်ငန်းများ ရပ်နားလျှော့ချရတော့မည့် အခြေအနေ ဆိုက်သွားနိုင်ပေသည်။

'ဈေးကွက်စီးပွားရေးရှိ အလုပ်သမားများ' အခန်းသည် အလုပ်လုပ်၍ ဝင်ငွေရှာကြသူ အလုပ်သမားများအတွက်သာမက အလုပ်ရှင်များအတွက်ပါ လမ်းညွှန်ပေးထားသကဲ့သို့ရှိသည်။ အလုပ်ရှင်အတွက်ရော အလုပ်သမားအတွက်ပါ ရွေးချယ်စရာတို့ များပြားလှသောယနေ့ကာလတွင် မိမိတို့လက်ရှိရောက်နေသောကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းအပေါ်မူတည်ကာ ထိုက်သင့်သောအလုပ်ကိုရနိုင်ကြသည်။ လက်ရှိအလုပ်ထက် လစာပိုကောင်း၍ တက်လမ်းပိုရှိသောအလုပ်ကို ရွေးချယ်လိုပါက လက်ရှိ မိမိ၏အရည်အချင်းကိုမြှင့်တင်ရသည်။ အလုပ်ရှင်ကလည်း အလုပ်ကျွမ်းကျင်၍ မခိုမကပ်အလုပ်လုပ်လိုသူကိုသာ လိုချင်သည့်နည်းတူ အလုပ်သမားကလည်း လုပ်ခလစာကောင်း၍ တက်လမ်းရှိသောအလုပ်ကိုလိုချင်သည်။ အထူးသဖြင့် ပြောင်းနေသော ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ကြီးက သာမန်ရွက်ကြမ်းရေကျိုလုပ်သားများထက် စံချိန်မီ၊ စွမ်းရည်မြင့် ပညာတတ်လုပ်သားများကိုသာ ပိုလိုအပ်လာသည်။ ထိုအတွက် မိမိတို့ကိုယ်ကိုယ်မြှင့်တင်မထားသူများ ကျန်ခဲ့ဖို့သေချာသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဤအခန်းသည် အလုပ်အကိုင်အခွင့်အလမ်းရှာနေကြသော ယနေ့ကျွမ်းကျင်ရာအသီးသီးရှိနေကြသူများအတွက်လည်း လမ်းညွှန်ချက်တစ်ရပ်ဖြစ်သည်။ ဤအချက်ကို စောစောပိုင်းက လိမ္မော်သီးဝယ်ထွက်သော ရောဘတ်တို့ဇနီးမောင်နှံတို့စဉ်းစားပုံနှင့်ဥပမာပေး၍ အောက်ပါအရေးအသားက ထင်ရှားစေသည်။

"ဈေးကွက်စီးပွားရေးစနစ်ရှိ အလုပ်သမားများ၏ အလုပ်အကိုင်ရွေးချယ်မှုမှာ အဓိကအားဖြင့် ၎င်းတို့၏ အရည်အသွေးကြည့် နိုင်စွမ်းအပေါ်မူတည်ပါသည်။ ရေရှည်တွင် မည်သည့်လုပ်ငန်းက ဝယ်လိုအားကောင်းနိုင်သည်ကို မှန်မှန်ကန်ကန် တွက်ဆတတ်ဖို့ အထူးအရေးကြီးပါသည်။ ထိုသို့တွက်ဆပြီး မိမိရည်မှန်းထားသောအလုပ်အကိုင်ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်ရန် မိမိအရည်အသွေးကိုလည်း မြှင့်တင်ကြရပါသည်။ ဤသို့မမြှင့်တင်နိုင်လျှင် မိမိရှေ့အလားအလာမှာ ဘယ်လိုမှမကောင်းနိုင်တော့ဘဲ အဆင်မသင့်လျှင် အလုပ်လက်မဲ့ပင် ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။ ဆိုခဲ့ပါအတိုင်း မိမိတို့၏ ကျွမ်းကျင်မှုအရည်အသွေးနှင့် ပညာရေးရေချိန်ကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေးသည်ပင် ဈေးကွက်စီးပွားရေးရှိ အလုပ်သမားများ၏ အရေးကြီးဆုံးဘဝအာမခံချက် ဖြစ်ပါသည်" (စာ–၅၂)

"ပြိုင်ဆိုင်မှုကိုသာ ဖယ်ထုတ်လိုက်လျှင် ဈေးကွက်စီးပွားရေးစနစ်မမည်တော့ပါ။ ပြိုင်ဆိုင်မှုအားကောင်းနေမှသာ ဈေးကွက်များ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုရှိ 'လက်ဝါးကြီးအုပ်မှုဆန့်ကျင်ရေးဥပဒေများ (anti trust laws) မှာ ပြိုင်ဆိုင်မှုကို အမြဲရှင်သန်နေစေရေးအတွက် ရည်ရွယ်ရင်းဖြစ်ပါသည်" (စာ–၅၆) ဆိုသောအချက်ပါဝင်သည့် 'ဈေးကွက်များ၏စနစ်' အခန်းသည် ယနေ့ဈေးကွက်စီးပွားရေးအမည်ခံ ဈေးကွက်ဖော်ဆောင်သူများ အထူးဖတ်ရှုသင့်သည်။ ပြိုင်ဆိုင်မှုရှိသည်ဟုသာဆိုရမည်၊ လက်တွေ့

# အမေရိကန်အလွန်

**နေဇင်လတ်**

ကမ္ဘာကျော် Newsweek မဂ္ဂဇင်း၏ နာမည်ကျော် ပင်တိုင်ဆောင်းပါးရှင်၊ အယ်ဒီတာ ဖာရိဒ်ဇာကာရီးယား ရေးသား ထုတ်ဝေထားသည့် The Post American World ကို အတွေးအခေါ်နှင့် စီမံခန့်ခွဲမှု ဆောင်းပါးများရေးသားလေ့ရှိသူ နေဇင်လတ်က 'အမေရိကန်အလွန်' အမည်ဖြင့် ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ဇာကာရီးယား၏ အဆိုပါစာအုပ်ကို ကျော်ဝင်းက 'အမေရိကအလွန်ကမ္ဘာ' အမည်ဖြင့် The Voice Weekly နှင့် True News ဂျာနယ်တို့တွင် ၂၀၀၈ ခုနှစ်ဆန်းလပိုင်းများကတည်းက အခန်းဆက် ဘာသာပြန်ဆိုဖော်ပြနေခဲ့သော်လည်း နေဇင်လတ်က လုံးချင်းအဖြစ် ဆောလျင်စွာ ထွက်ရှိလာခြင်းဖြစ်သည်။ မူရင်းစာအုပ်၏ အခန်းများ၊ ခေါင်းစဉ်ခွဲများနှင့်ပါဝင်သော အကြောင်းအရာများအတိုင်း တိတိကျကျ စေ့စေ့ငုငုစွာပြန်ဆိုလျှင် ယခုစာအုပ်ထက်ပို၍ ထူထဲဖွယ်ရှိမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး စစ်ကြောင့် အကျိုးအမြတ်ကြီးစွာဖြစ်ထွန်းကာ ချမ်းသာကြွယ်ဝလာပြီး ကမ္ဘာပေါ်တွင် အရာရာ အင်အားအကြီးမားဆုံးနိုင်ငံတစ်ခုအဖြစ် နှစ်ပေါင်း ၆၀ နီးပါး ရှေ့ဆောင်နေခဲ့ရာမှ ယခု ၂၁ ရာစုဝင်လာသည်နှင့် ထွန်းသစ်လာသောနိုင်ငံအချို့ ပခုံးချင်းယှဉ်၊ အချို့ကျော်ဖြတ်ရန်တာစူလာကြခြင်းကို ခပ်ရှုရှု ဝေဖန်ချက်များ၊ ကျယ်ကျယ်ပြန့်ပြန့်အတွေးများ၊ ခန့်မှန်းသုံးသပ်ချက်များ၊ ဟောကိန်းထုတ်မှုများနှင့် အမေရိကန်ပြည်ထောင်စု၏ တူရူချက်ကို ဝေဖန်သုံးသပ်ရေးသားထားခြင်းဖြစ်သည်။

စုစုပေါင်း အခန်း (၇) ခန်းခွဲခြားထားပြီး ခေါင်းစဉ်ကြွဲ ၄၂ ခုနှင့် ခေါင်းစဉ်ငယ် ၆ ခု ပါဝင်သည်။

အခန်း (၁) 'ကျန်သူများအတက်' ခေါင်းစဉ်ကိုက အမေရိကကျဆုံးခြင်းမဟုတ်ဘဲ ကျန်နိုင်ငံများက အပြိုင်းအရိုင်းတက်ထွင်မှု အစိုးရသူကောင်းပြုခံ အခွင့်ထူးခံများကသာ အရာရာအုပ်စီးရယူထားသော အမည်ခံဈေးကွက်တို့တွင် အမေရိကကဲ့သို့ ဥပဒေများ ချမှတ်ကျင့်သုံးနိုင်ပါမှ နိုင်ငံနှင့် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည့်၊ နိုင်ငံ၏ စီးပွားရေးဥစ္စာကိုတိုးပွားစေမည့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထိုအခွင့်ထူးခံတို့ဖြင့်သာ ထောက်မထားသောဈေးကွက်တို့ အခြေအနေတစ်ခုကြောင့် လဲပြိုသွားပါက ဒိမိနိုသီအိုရီအရ နိုင်ငံ့စီးပွားတစ်ခုလုံးအတွက်ပါ အန္တရာယ်ကြီးလှသည်။ နိုင်ငံအကျိုး အမှန်လိုလားသူ စီမံခန့်ခွဲနိုင်သည့်နေရာတွင်ရှိနေသူများ သတိချပ်ရန်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတစ်ခု၏ဈေးကွက်ကို ချမှတ်အကောင်အထည်ဖော်သူမှာ သက်ဆိုင်ရာနိုင်ငံအစိုးရများဖြစ်သည်။ အစိုးရတို့ အရည်အချင်းအလိုက် နိုင်ငံတို့၏ ဓနဥစ္စာကြွယ်ဝမှု၊ နိုင်ငံသားတို့၏ စီးပွားရေး စည်ပင်ဖွံ့ဖြိုးမှုကွာခြားသွားကြခြင်းသာ။ ထို့ကြောင့် ဤစာအုပ်ပါ 'ဈေးကွက်စီးပွားရေးရှိ အစိုးရကဏ္ဍ' အခန်းကို အထူးအလေးထားဖတ်ရှု အကောင်အထည်ဖော်သင့်လှသည်။ 'အမျိုးသားကာကွယ်ရေးနှင့် အများဆိုင်ကုန်စည်'၊ 'ညစ်ညမ်းမှုနှင့် ပြင်ပကုန်ကျစရိတ်'၊ 'ပညာရေးနှင့် ပြင်ပအကျိုးအမြတ်'၊ 'ဥပဒေဖြင့်ကာကွယ်ခြင်း'၊ 'ပြိုင်ဆိုင်မှု'၊ 'ဝင်ငွေနှင့်လူမှုဖူလုံရေး'၊ 'ဘဏ္ဍာရေးနှင့်ငွေကြေးပေါ်လစီ' စသော ခေါင်းစဉ်ခွဲပါ အကြောင်းအရာအားလုံးတို့မှာ အင်မတန်အဖိုးထိုက်တန်လှသော ရွှေရောင်လမ်းညွှန်ချက်များဖြစ်သည်။ ထိုအခန်းပါအချက်အားလုံး တစ်ခုမကျန် အရေးကြီးသောကြောင့် တစ်ပိုင်းလိုက် ထုတ်နုတ်ညွှန်းဆိုရန်ပင် မသင့်ချေ။

အခန်း (၇) ခန်းနိဂုံး၏ နောက်ပိုင်းတွင် ဖြည့်တွဲထားသော 'ဈေးကွက်၏အာနိသင်'၊ 'ကမ္ဘာ့စီးပွားရေးပုံစံများ' နှင့် 'ပညာရှင်သုံးယောက်နှင့်သီအိုရီများ' တို့သည်လည်း မဖြစ်မနေ လေ့လာဖတ်ရှုထားရမည့်အချက်များ ဖြစ်သည်။ အထူးသဖြင့် ယနေ့ကမ္ဘာပေါ်တွင် စီးပွားရေးအင်အား အတောင့်တင်းဆုံး၊ အအောင်မြင်ဆုံး၊ အချမ်းသာဆုံး၊ အဖွံ့ဖြိုးဆုံးဟုဆိုရမည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ကို ဥပမာပြုရှင်းပြထားသည့် 'ကမ္ဘာ့စီးပွားရေးပုံစံများ' ကို လေ့လာကြည့်သင့်သည်။

အခန်း (၇) ခန်း၏ 'နိဂုံး'ပါ အောက်ပါအတွေးအယူကလည်း အရာရာ မတည်မြဲသောလောကသဘာဝကို သတိပြုမိစေသောကြောင့် ညွှန်းဆိုသင့်သောအချက်ဖြစ်သည်။

"ဈေးကွက်စီးပွားရေးအပါအဝင် မည်သည့်စနစ်မှ ပြီးပြည့်စုံခြင်း မရှိနိုင်ပါ။ ယတိပြတ်မဖြေရှင်းနိုင်သောပြဿနာအချို့ သဘာဝကျစွာ ဆက်လက်ရှိနေဦးမည်သာ ဖြစ်ပါသည်။

သို့အတွက် ပြဿနာရပ်တိုင်းကို လက်တွေ့ကျကျလေ့လာဆန်းစစ်ပြီးသကာလ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော အပြောင်းအလဲများနှင့် အမြဲတစေတိုက်ဆိုင်စစ်ဆေးနေကြရမည်သာဖြစ်ပါသည်။ ဤအတွက် လွတ်လပ်ပွင့်လင်းသော ဆွေးနွေးငြင်းခုံမှုများနှင့် ဦးနှောက်မုန်တိုင်းဆင်နိုင်ဖို့ အထူးလိုအပ်ပါသည်။

ဤသည်ပင် ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီနိုင်ငံရေးစနစ်တို့အကြား အရေးအကြီးဆုံးဆက်ထုံးဖြစ်ပါသတည်း" (စာ-၉၃)

စာရေးသူကျော်ဝင်းနှင့် ထုတ်ဝေတိုက် Plastic Rainbow စာအုပ်တိုက်တို့၏ စေတနာကို အသိအမှတ်ပြုသည်။ ကျောဖုံးပုံ မျက်စိနောက်စရာဖြစ်နေသည်မှလွဲ၍ ပုံနှိပ်အရည်အသွေးကောင်း၊ စာအကျအပေါက်ကင်းသည်။

ထုတ်ဝေတိုက် – Plastic Rainbow
မျက်နှာဖုံးဒီဇိုင်း – အောင်ဇော်ဟိန်း
ထုတ်ဝေနှစ် – ၂၀၀၉၊ ဩဂုတ်
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၂၀၀
စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၆၇၁၁၀၈

www.foreverspace.com.mm

www.foreverspace.com.mm



လာခြင်းကိုဆိုလိုကြောင်း အမေရိကန်နိုင်ငံသား စာရေးသူ ဇာကာရီးယားက ဖွဲ့ဆော်ဦးစကားပလ္လင်ခံထားသည်။ ဤအခြေအနေဘာ့ကြောင့်ဖြစ်ပေါ်လာရနည်းဆိုသော မေးခွန်းအတွက် ကမ္ဘာ့သမိုင်းကို ပြန်ကြည့်သုံးသပ်ကြည့်ပါက အပြောင်းအလဲကြီးများကြောင့်ဟု အဖြေထွက်သည်။ နှစ်ပေါင်း ၅၀၀ အတွင်း ကမ္ဘာကြီးတစ်ခုလုံး ကြုံတွေ့ခဲ့ရသော အပြောင်းအလဲများက ယနေ့ ကမ္ဘာကြီး၏လားရာနှင့် တူရူချက်ကိုပြဋ္ဌာန်းသည်။ ယခင်က အကြွေးသံသရာလည်ကာ အထွေထွေအခက်အခဲပြဿနာပေါင်းများစွာနှင့်နပန်းလုံးပြီး ဆင်းရဲတွင်းနက်သူ အများစုဖြစ်နေခဲ့သည့်နိုင်ငံများ ယနေ့စီးပွားရေး၊ နိုင်ငံရေးအင်အားကြီး နိုင်ငံများအဖြစ်သို့ တက်လှမ်းလာကြသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်ကို အနောက်ကမ္ဘာထက် ပိုမိုရှည်ကြာစွာ ကျင့်သုံးခဲ့သော အရှေ့ခေါ် အာရှတိုက်နိုင်ငံအများစုသည် စောစောပိုင်းကာလများက အနောက်နိုင်ငံများလောက် မဖွံ့ဖြိုးခဲ့သော်လည်း ၂၀ ရာစုနှောင်းကာလများမှစ၍ 'အာရှစန်းပွင့်ချိန်' ဟု ကင်ပွန်းတပ်ခံရသည်အထိ ဖွံ့ဖြိုးမှုရေချိန်မြင့်တက်လာခဲ့သည်။ ၂၁ ရာစုအတွင်းရောက်သည့်အခါတွင်မူ ယခင် အစာရေစာငတ်မွတ်ခေါင်းပါးမှု၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် ပြည်တွင်းစစ်မီးများအကြား မွဲတေနုံချာနေခဲ့သော အာဖရိကတိုက်နိုင်ငံများ၏ ၃၀ ရာနှုန်းပင်လျှင် ဖွံ့ဖြိုးမှုနှုန်းမြင့်တက်လာခဲ့သည်။ ဤအပြောင်းအလဲများကြောင့်ပင် ယခင် ၁၉ ရာစုလယ်မှ ၂၀ ရာစုနှောင်းပိုင်းအထိ အရာရာထိပ်ဆုံးက သရဖူဆောင်းခဲ့သော အမေရိက၏နယ်ပယ်တော်တော်များများ နန်းကျသွားခဲ့ရသည်။ ထိုအခြေအနေကို ဇာကာရီးယားက အောက်ပါအတိုင်း ရှင်းလင်းမြင်သာသော ဥပမာများဖြင့် သရုပ်ဖော်ပြသည်။

"နောင်လာမည့် နိုင်ငံတကာအကြီးအကျယ်ဆုံး ကုမ္ပဏီကြီး ၂၅ ခုကို ရွေးချယ်ခဲ့ပါသည်။ သူရွေးချယ်သောစာရင်းထဲတွင် ဘရာဇီး၊ မက္ကဆီကို၊ တောင်ကိုရီးယားနှင့် တရုတ်တိုင်ပေတို့မှ ကုမ္ပဏီလေးခုစီပါဝင်ပြီး အိန္ဒိယမှ (၃) နှင့် တရုတ်မှ ကုမ္ပဏီ (၂) ခု အာဂျင်တီးနား၊ ချီလီ၊ မလေးရှားနှင့် တောင်အာဖရိကမှ ကုမ္ပဏီတစ်ခုစီ ပါဝင်သည်။




တစ်ပတ်လောက်ငဲ့ကြည့်လိုက်ပါ။ လောလောဆယ် ကမ္ဘာ့အမြင့်ဆုံးမိုးမျှော်အဆောက်အအုံသည် တိုင်ပေတွင်ရှိသည်။ ဒူဘိုင်းတွင်ဆောက်လုပ်နေသော မိုးမျှော်အဆောက်အအုံက မကြာမီ ကမ္ဘာ့အမြင့်ဆုံးဖြစ်လာပါလိမ့်မည်။ ကမ္ဘာ့အချမ်းသာဆုံးသူက မက္ကဆီကန်လူမျိုးဖြစ်သည်။ အများနှင့်ဆိုင်ရာ ကုန်သွယ်ရေးကော်ပိုရေးရှင်းကြီးမှာ တရုတ်ကုမ္ပဏီဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးလေယာဉ်ပျံကြီးကို ရုရှားနှင့် ယူကရိန်းတို့ကတည်ဆောက်နေကြပြီး ကမ္ဘာ့အကြီးဆုံး ရေနံချက်စက်ရုံကြီးကိုမူ အိန္ဒိယတွင် တည်ဆောက်နေပြီဖြစ်ပါသည်။ ကမ္ဘာ့အကြီးဆုံးစက်ရုံကြီးအများစုမှာလည်း တရုတ်နိုင်ငံတွင် တည်ရှိနေသည်။

တိုင်းတာချက်အမျိုးမျိုးအရ လန်ဒန်သည် ကမ္ဘာ့ဦးဆောင် ဘဏ္ဍာရေးဗဟိုတစ်ခုဖြစ်ပြီး UAE (United Arab Emirates) သည် ကမ္ဘာ့အချမ်းသာဆုံးသူများစုဝေးရာ စုပေါင်းရန်ပုံငွေထူထောင်ထားသည့်နိုင်ငံဖြစ်သည်။ အမေရိကန်တို့၏ တစ်ချိန်ကစံချိန်များသည် ယခုအခါ အခြားနိုင်ငံများသို့ ဖြန့်ကြက်သွားပြီဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးခြားရဟတ်သည် ယခုအခါ စင်ကာပူနိုင်ငံတွင်ရှိနေလေပြီ။ ယခင်က အမေရိကန်တို့၏ Las Vegas ရှိ ကမ္ဘာ့အကြီးဆုံး လောင်းကစားဝိုင်းသည် ယင်းရာထူးကို မကာအိုသို့ လွှဲပေးလိုက်ရသည်။ . . . . . .

www.foreverspace.com.mm

. . . . . . ရုပ်ရှင်လုပ်ငန်းဘက် စေ့စောင်းလိုက်လျှင်လည်း ဇာတ်ကားအရေအတွက်ဖြင့်ကြည့်ကြည့်၊ လက်မှတ်အရောင်းဖြင့်ကြည့်ကြည့် အမေရိကန်တို့က နံပါတ် (၁) မဟုတ်တော့ပါ။ နောက်ပိုင်း တစ်ဟုန်ထိုး တက်လာသော အိန္ဒိယ ဘောလီးဝုဒ် (Bollywood) က နံပါတ် (၁) ဖြစ်သွားချေပြီ။ . . . . . .

. . . . . . ဈေးဝယ်ခြင်းကိစ္စပင်လျှင် ကမ္ဘာ့အကြီးဆုံးမောလ် (Mall) ဆယ်ခုတွင် အမေရိကန်တို့တစ်ခုသာပိုင်ဆိုင်တော့သည်။ ကမ္ဘာ့အကြီးဆုံးဈေးဝယ်နေရာ (Shopping Mall) မှာ အမေရိကန်တွင်ရှိသည်မဟုတ်၊ တရုတ်က ဘေဂျင်းမှာသာ ဖြစ်သည်။ ဤစာရင်းဇယားများသည် ယေဘုယျ ကောက်ယူထားသော စာရင်းမျှသာဖြစ်ပြီး ကျန်သောအပိုင်းများတွင်လည်း အမေရိကန်တို့က ကမ္ဘာ့စံချိန်တော်တော်များများမှ နေရာဖယ်ပေးထားရလျက်ရှိသည် . . . . ”(စာ–၂၃)

ဤအချက်များက အမေရိကမှအပ ကျန်သူများ'တက်' လာခြင်းကို ပြသည်။ ဤနေရာတွင် ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများက အမေရိကကို တဖြည်းဖြည်း နေရာရွှေ့သွားစေရန်၊ အခြားနိုင်ငံများ နေရာသစ်ယူလာစေရန် အကြောင်းဖန်ပေးသည်ဟုဆိုသော်လည်း နိုင်ငံများချည်းတက်လာသည်တော့မဟုတ်။ နိုင်ငံတကာအဖွဲ့အစည်းကြီးများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမျိုးရေးအယူဝါဒအရ အစွန်းရောက်သောအဖွဲ့အစည်းများ၊ စစ်သွေးကြွများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအထိ သက်ဆိုင်ရာနယ်ပယ်အလိုက် ဩဇာတိကမကြီးလာသူများကဲ့သို့ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များလည်း ပါဝင်လာသည်။ ဤအချက်ကို ဇာကာရီးယားက ယခုကဲ့သို့ ကောက်ချက်ဆွဲပြသည်။

“ပါဝါဟူသောစွမ်းအားတစ်ရပ်သည် အမျိုးသားနိုင်ငံများမှသည် အပေါ်၊ အောက်၊ ဘေး အသီးသီးသို့ ဝေးရာရွှေ့လျားလာကြသည်။ ထိုသို့သော အာဝါသမျိုးတွင် အစဉ်အလာဖြစ်ခဲ့သော အမျိုးသားစွမ်းအား၊ ပါဝါသည် ထိရောက်မှုအနည်းဆုံးအဆင့်ထိ လျော့ကျသွားသည်။ စီးပွားရေး၊ စစ်ရေးများ အပါအဝင်ဖြစ်သည်”(စာ–၅)

အခန်း (၂)'အရွှေ့တစ်ခု၏အပြောင်း' တွင်ပါဝင်သော 'အစွလာမ်ခြိမ်းခြောက်မှု'၊ 'အမျိုးသားရေးတိုးတက်လာသည်' နှင့် 'နောက်ဆုံးဆူပါပါဝါ' တို့ကိုမူ မဖြစ်မနေဖတ်ကြည့်၊ ဆန်းစစ်သုံးသပ်ကြည့်သင့်လှသည်။ ကျန်အခန်းအားလုံးသည်လည်း သူ့အခန်းနှင့်သူ ကမ္ဘာကြီးတစ်ခုလုံး၏ပါဝါအရွှေ့အပြောင်းကို ပြီးခဲ့ပြီးသောအတိတ်သမိုင်းက အဖြစ်အပျက်များနှင့် ချက်ကျလက်ကျ ဥဒါဟရဏ်ဆောင်ကာ ကောက်ချက်ချ၊ သုံးသပ်ဆန်းစစ်ပြထားသည်။ အထူးသဖြင့် လက်ရှိအကျ ဖက်ကိုရောက်နေပြီဟုထင်နေရသည့် အမေရိကန်ပြည်ထောင်စုကို အိန္ဒိယမှ ရွှေ့ပြောင်းအခြေစိုက်ရင်း နာမည်ကျော်မီဒီယာကြီးတစ်ခုတွင် ဩဇာကြီး ဂျာနယ်လစ်တဖြစ်လဲ ပိုင်းခြားစိတ်ဖြာသုံးသပ်သူတစ်ဦးဖြစ်နေသူ ဇာကာရီးယား၏ ဝေဖန်ဆန်းစစ်ချက်၊ နိမိတ်ဖတ်ဟောကိန်းထုတ်မှုများဖြစ်သည်။ အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သော်လည်း ပွင့်လင်းလွတ်လပ်သော အမေရိကန်၏ပညာရေးစနစ်အောက်တွင် ကောင်းစွာ ပညာဆည်းပူးခွင့်ရခဲ့သည့်အပြင် မိမိထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်ရှိသောပတ်ဝန်းကျင်ဖြစ်နေသောကြောင့် အမေရိက၏အားနည်းချက်များကိုလည်း မထောက်မညှာ ဝေဖန်စောကြောထားသည်။ သို့သော် တစ်ဖက်တွင်လည်း အမေရိက၏အားသာချက်၊ အများထက်သာ လွန်နေသေးသော အခြေအနေကောင်းများကြောင့် နိုင်ငံသားများနှင့် အစိုးရတို့ ပြုပြင်ပြောင်းလဲနိုင်လျှင် ထိပ်ဆုံးနေရာသို့ပြန်ရောက်နိုင်ကြောင်း အကြံပြုခန့်မှန်းထားသည်။

ဇာကာရီးယား၏စာအုပ်သည် ကမ္ဘာ့သမိုင်းကြောင်းတစ်လျှောက် ကမ္ဘာ့ဦးဆောင်နေရာကို ရယူခဲ့သည့် အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စုတို့၏ ပါဝါအရွှေ့ကို သမိုင်းကြောင်းနှင့်တကွ ခြေခြေမြစ်မြစ်၊ ကျိုးကြောင်းဆက်စပ်မှုရှိရှိ၊ ယထာဘူတကျကျ၊ ခိုင်ခိုင်လုံလုံ လေ့လာချဉ်းကပ်၍ စနစ်တကျဆန်းစစ်သုံးသပ်ထားနိုင်သည့်အပြင် ရှေ့တွင်ဖြစ်တန်ရာ အခြေအနေများကိုလည်း ရဲရဲတင်းတင်း ဟောကိန်းထုတ်ပေးထားသည်။ မူရင်းစာအုပ်ရေးသားထုတ်ဝေသည့်ကာလနှင့် မြန်မာဘာသာပြန်ထွက်ရှိလာချိန်ကွာဟချက်အရ အချို့ခန့်မှန်းချက်များ လွဲချော်သွားသော်လည်း ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးလောကတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သော အတွေးအခေါ်၊ အကောက်အယူ၊ သုံးသပ်ချက်များဟု အများစုက တညီတညွတ်တည်း မှတ်ချက်ပြုရသည့် စာအုပ် ဖြစ်သည်။

အချိန်အကန့်အသတ်တစ်ခုအတွင်း အလျင်အမြန်ပြန်ဆိုထားရဖွယ်ရှိသောကြောင့် အချို့နေရာများတွင် မြန်မာစာ၊ ဝါကျတည်ဆောက်ပုံနှင့် ဝေါဟာရဖလှယ်သုံးစွဲမှု အတန်ငယ်ထောင့်တောင့်တောင့်ဖြစ်နေသည်။ မူရင်းစာအုပ်ပါအတိုင်းမဟုတ်ဘဲ အတန်ငယ်ချုံ့၍ ပြန်ဆိုထားဖွယ်ရှိခြင်း၊ 'ကမ္ဘာဆန်လာခြင်း'၊ 'စကွဲယားမီတာ'၊ 'အယ်လ်ကာရေဒါ' ကဲ့သို့ အခြားအများစု ဘာသာပြန်ဝေါဟာရများနှင့် တစ်မူထူးခြားနေခြင်း၊ မြန်မာဘာသာ၊ စာပေတွင် မေးခွန်းဝါကျမျိုးတွင် လုံးဝအသုံးပြုရန်မလိုအပ်သည့် အင်္ဂလိပ်လိုအမေးသင်္ကေတ (?) များ ပါဝင်နေခြင်းတို့မှလွဲ၍ ဖတ်ရှုသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ဘာသာပြန်သူနေဇင်လတ်၏စေတနာကိုအသိအမှတ်ပြုပြီး စီစဉ်ထုတ်ဝေသူ စိတ်ကူးချိုချို အနုပညာစာအုပ်တိုက်၏ ခြေလှမ်းသွက်သွက်စီစဉ်ထုတ်ဝေမှုကို သတိပြုမိသည်။

ထုတ်ဝေတိုက် – စိတ်ကူးချိုချို

မျက်နှာဖုံးဒီဇိုင်း – MSO

ထုတ်ဝေနှစ် – ၂၀၀၉၊ ဩဂုတ်

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်

အုပ်ရေ – ၅၀၀

တန်ဖိုး – ၂၅၀၀

စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၅၁၀၆၀၉

■

www.foreverspace.com.mm

# Which & Why ဘယ်ပစ္စည်းဘာ့ကြောင့်

## ကျားရုပ်

ကျားဟိန်းသံပါရှိသည့် ကျားရုပ်ဖြစ်။ AA ဓာတ်ခဲသုံးလုံးကို ထည့်၍ အသုံးပြုရ။ ဓာတ်ခဲထည့်ထားပါက ကျားမျက်လုံးများမှ မီးလင်းသည့်စနစ်ပါ။ ကျားရုပ်အရွယ်အစား ခြောက်မျိုးရှိ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေးကျပ် ၃၀,၀၀၀ ဖြစ်။






## Sunny ဖုန်စုပ်စက်

Sunny အမှတ်တံဆိပ် M-288, 388, 488, 688 မော်ဒယ်လ်အမျိုးအစား ဒီဂျစ်တယ်ဖုန်စုပ်စက်ဖြစ်။ လျှပ်စစ်ဓာတ်အားသွင်း၍အသုံးပြုရ။ လျှပ်စစ်ဓာတ်အား လေးနာရီခန့်အားသွင်းထားပါက တစ်နာရီကြာ အသုံးပြုနိုင်။ ဖုန်စုပ်လိုသောကြမ်းပြင်ဧရိယာကိုသတ်မှတ်ပေးပြီး ဖုန်စုပ်စက်ကို အလိုအလျောက်ရွေ့လျားဖုန်စုပ်ပေးခြင်းဖြစ်။ Remote Control ပါရှိ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၆၅,၀၀၀ ကျပ်ဖြစ်။




## NSG ရေနွေးငေါက်

NSG အမှတ်တံဆိပ် ရေနွေးငေါက်ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ ပြီး 2500 Walt ဖြစ်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## AKAI DVD Player

AKAI အမှတ်တံဆိပ် ADB-5002 မော်ဒယ်လ်အမျိုးအစား DVD Player ဖြစ်။ DVD, VCD, CD, MP-3, Radio, USB, SD Card စသည်တို့ကို အသုံးပြုနိုင်။ TV ဖြင့်ချိတ်ဆက်၍ ရုပ်သံကြည့်ရှုနိုင်။ C Size ဓာတ်ခဲရှစ်လုံး ထည့်၍လည်း အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) ထုတ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉၅,၀၀၀ ကျပ်ဖြစ်။







## Panasonic LCD DVD Player

Panasonic အမှတ်တံဆိပ် LV 65 LCD DVD Player ဖြစ်။ DVD, CD, VCD, MP-3, SD Card စသည်တို့ကို အသုံးပြုနိုင်။ ၄ ဒသမ ၅ လက်မအရွယ် LCD ပါရှိ။ LCD Screen ကို ခေါက်သိမ်းထား၍လည်းရ။ လျှပ်စစ်အားသွင်း၍ အသုံးပြုရခြင်းဖြစ်။ အခြား TV များဖြင့်လည်း ချိတ်ဆက်အသုံးပြုနိုင်။ ဂျပန်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၂၀,၀၀၀ ကျပ်ဖြစ်။

## SONY MP-5 Player

SONY အမှတ်တံဆိပ် MP-5 Player ဖြစ်။ MP-4, MP-3, Video, Radio, ဓာတ်ပုံ၊ e-book, Recording စသည်များကို အသုံးပြုနိုင်။ Memory 2G ဖြစ်။ Memory Card ထပ်စိုက်၍လည်းရ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၅၃,၅၀၀ ကျပ်ဖြစ်။




## PHILIPS Ear Phone


Philips အမှတ်တံဆိပ် HS-302 မော်ဒယ်လ်အမျိုးအစား Ear Phone ဖြစ်။ နားတွင်ချိတ်ထားရန် ကိရိယာပါရှိ။ ကြိုးအရှည်မှာ ၁ ဒသမ ၂ မီတာရှိ။ နားကြပ်ကို ရော်ဘာသားဖြင့် ပြုလုပ်ထားခြင်းဖြစ်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၁,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## Super Mini Speaker

Super အမှတ်တံဆိပ် Mini Speaker ဖြစ်။ MP3, MP4, iPop, Hand Phone စသည်တို့ဖြင့် တွဲဖက်အသုံးပြုနိုင်။ 3, 6 Volt ဖြစ်။ လျှပ်စစ်အားသွင်း၍ အသုံးပြုရခြင်းဖြစ်။ မျက်လုံးနှင့် ဦးချိုတွင် မီးလုံးများပါရှိ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇,၅၀၀ ကျပ်ဖြစ်။




## UHP Blu-ray EVD Player

UHP အမှတ်တံဆိပ် 8822 မော်ဒယ်လ်အမျိုးအစား Blu-ray EVD Player ဖြစ်။ CD, VCD, DVD, EVD, MP3, MP4, MPEG4, Blu-ray Disc စသည်တို့ကိုအသုံးပြုနိုင်။ Main Menue ကို မြန်မာဘာသာဖြင့် ပြောင်းလဲကြည့်ရှုနိုင်။ Game ကို လက်ကိုင်မပါဘဲ Remote Control ဖြင့် အသုံးပြုနိုင်။ USB ပါသဖြင့် SD Card အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၆,၀၀၀ ကျပ်ဖြစ်။




## SEIKO Velatura နာရီ

SEIKO အမှတ်တံဆိပ် Velatura နာရီဖြစ်။ ဒိုင်ခွက်သုံးခွက်ပါရှိ။ Tachy Meter ပါရှိ၍ လေယာဉ်မောင်းသူများလည်းအသုံးပြုနိုင်။ Alarm၊ ညကြည့်အဏုမြူပါရှိပြီး အားကစားသမားများအသုံးပြုသည့်စနစ်လည်းပါရှိ။ ရေစိမ်ခံပြီး နာရီကိုယ်ထည်ကို စတီးများဖြင့်ပြုလုပ်ထားခြင်းဖြစ်။ ဂျပန်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၃၁,၅၀၀ ကျပ်ဖြစ်။




## Sound Box With Card Reader

SDAB မော်ဒယ်လ်အမျိုးအစား Card Reader ပါရှိသည့် Sound Box ဖြစ်။ SD/ MMC Card များအသုံးပြုနိုင်။ MP3, DVD, Mobile Phone, Laptop များဖြင့် တွဲဖက်အသုံးပြုနိုင်။ လျှပ်စစ်အားသွင်း၍ အသုံးပြုရခြင်းဖြစ်။ Remote Control ပါရှိ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## MP9 ဘောလ်ပင်



MP9 ဗီဒီယိုကင်မရာဘောလ်ပင်ဖြစ် အသံဖမ်းယူရရှိနိုင်။ လျှပ်စစ်အားသွင်း၍အသုံးပြုရခြင်းဖြစ်။ Data များ သိမ်းဆည်းထားနိုင်ပြီး Memory မှာ 2G ဖြစ်။ တရုတ်(တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၁,၀၀၀ ကျပ်ဖြစ်။




## Gaoli အကြောနှိပ်ကိရိယာ

Gaoli အမှတ်တံဆိပ် GL-606A မော်ဒယ်လ်အမျိုးအစား အကြောနှိပ်ကိရိယာဖြစ်။ ခြေ၊ လက်၊ ခေါင်းနှင့် ကိုယ်ခန္ဓာနေရာအနှံ့အပြားကို နှိပ်ပေးနိုင်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ ခေါင်းပုံစံသုံးမျိုးပါရှိပြီး အနေးအမြန် နှစ်ဆင့်ဖြစ်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၈,၅၀၀ ကျပ်ဖြစ်။

## စွမ်းဆောင်ရည်မြင့် Lenovo PC သစ်



မြန်နှုန်းမြင့် Intel Core 2 duo Processor နှင့် DDR3 Memory ကို အသုံးပြုထားသည့် စွမ်းဆောင်ရည်မြင့် PC ဒီဇိုင်းသစ်ဖြစ်။ Motion Game များ ကစားနိုင်ပြီး Blueway Drive နှင့် TV Tunner တို့ပါဝင်သောကြောင့် High Definition (Bluray) အခွေများ၊ TV အစီအစဉ်များကြည့်ရှုနိုင် Wireless Keyboard နှင့် Wireless Mouse ပါဝင်ပြီး Keyboard တွင် Mouse အဖြစ်အသုံးပြုနိုင်သည့် Touchpad ပါဝင်။ Hard Disk 600 GB ပါရှိ။ 4 in 1 Remote Control ဖြင့်အသုံးပြုနိုင်ပြီး Internet Phone (VOIP) ပြောဆိုရာတွင် Handset အဖြစ်ပါအသုံးပြုနိုင်။ ဘက်စုံသုံး PC သစ်တစ်မျိုးဖြစ်ပြီး ရောင်းဈေး ကျပ် ၁၄ သိန်းကျော်ဟု သိရ။



## ရင်ကျပ်ပန်းနာသမားတွေအတွက် OMRON ချွဲချေစက်

ရင်ကျပ်ပန်းနာရှိသူများ၊ ချွဲပိတ်နေသော ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အဆုတ်ဝေဒနာရှင်များအတွက် ချွဲပျော်စေရန်အသုံးပြုသော OMRON အမှတ်တံဆိပ် ချွဲချေစက်ဖြစ်။ ချွဲပျော်ဆေးရည်ကို စက်အတွင်းထည့်၍ ထွက်ပေါ်လာသောအငွေ့ကိုရှူရှိုက်ပါက ချွဲသလိပ်များပျော်၍ သက်သာစေနိုင်သည်ဟုဆို။ ကလေး လူကြီးနှစ်မျိုးလုံးအတွက် အလွယ်တကူ အိမ်တွင် အသုံးပြုနိုင်ပြီး လျှပ်စစ်ဓာတ်အားဖြင့်အသုံးပြုရခြင်းဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတင်သွင်းပြီး ရောင်းဈေးမှာ ကျပ် ၁၂၀,၀၀၀ ဝန်းကျင်ဟု သိရ။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် အချက်အလက်များကို Ever Fime၊ စိန်ဂေဟာ Super Centre၊ KMD နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၄-၉-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (ရဃ) | ၆၅ |
| Dagon Jeep | | (ရဂ) | ၉၀ |
| Toyota Publica | 84 | (လ/သ/အ) | ၁၂၀ |
| Toyota Publica | 86 | (၃က) | ၁၄၀ |
| Nissan Sunny Supersaloon | 86 | (၆က) | ၃၃၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၃၅၀ |
| Toyota Corolla 1.5 Limited | | (၂ခ) | ၄၀၀ |
| Suzuki Wagon R+ | | စတိ | ၃၇၅ |
| Suzuki Wagon R- | | (၂ဂ) | ၁၄၅ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (ရဃ) | ၂၂၀ |
| Light Truck | | (ရဂ) | ၁၃၀ |
| Toyota Corolla | CE 96 | (၂က) | ၄၃၀ |
| Corolla 1.8 Van | 94 | (၆ခ) | ၄၅၀ |
| Toyota Corolla MarkII | 92 | (၆ခ) | ၆၀၀ |
| Toyota Corolla MarkII | 94 | (၉ခ) | ၇၀၀ |
| Mitsubishi Pajero V46 | 96 | (၇ခ) | ၇၅၀ |
| Toyota Hilux Surf S/W | 97 | (၆ခ) | ၁၂၀၀ |
| Land Crusier | 97 | (၇ခ) | ၂၀၀၀ |
| Parado | 97 | (၉ခ) | ၁၅၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၅-၉-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| Panasonic | 32 LE8M | 32" | ၅၉၇,၀၀၀ |
| SAMSUNG | LA-32A330(LCD) | 32" | ၆၃၄,၀၀၀ |
| SAMSUNG | CS-21A530 | 21" | ၁၄၉,၀၀၀ |
| SAMSUNG | CS-21A760 | 21" | ၁၈၉,၅၀၀ |
| STAR | T-29068 | 29" | ၂၅၃,၅၀၀ |
| STAR | 21-T50 | 21" | ၁၂၂,၀၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၀၀၀ |
| STAR | N 14 A | 14" | ၈၀,၅၀၀ |
| LG | 21FU6RL | 21" | ၁၈၅,၀၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၀၅,၅၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၂၀၀ |
| FUJI | N1407AIE | 14" | ၆၃,၀၀၀ |

## ရေခဲသေတ္တာ

(၂၅-၉-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-60 | ၁၂၅,၅၀၀ |
| STAR | RL-100 | ၁၄၆,၀၀၀ |
| STAR | RL-135 | ၁၂၀,၅၀၀ |
| LG | GC-151SNS | ၁၅၉,၀၀၀ |
| LG | GC-191SN | ၂၈၀,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၃၄,၅၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FABP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RA-21FAPP | ၁၂၅,၀၀၀ |
| DAEWOO (Two door) | 291 | ၂၆၅,၀၀၀ |

## DVD ပြစက်

(၂၅-၉-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၆,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၈၀၀ |
| FUJI (EVD) | F510 | ၃၂,၅၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၀၀၀ |
| Pansonic | DVD LS80 | ၃၅,၀၀၀ |
| DAEWOO | DV1400S | ၃၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၅-၉-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၃,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၇၉,၀၀၀ |
| STAR | T-09G | ၂၇၀,၅၀၀ |
| STAR | T-12G | ၃၁၅,၀၀၀ |
| LG | O962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၈၀,၀၀၀ |

## အဝတ်လျှော်စက်

(၂၅-၉-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၀,၁၀၀ |
| SAMSUNG | WA-95U3 | ၂၅၀,၀၀၀ |
| STAR | WA-95U7 | ၂၈၀,၂၀၀ |
| STAR | WT-75H2 | ၁၂၃,၅၀၀ |
| STAR | WT-105H2 | ၃၃၄,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၆၀ |
| Milo (400g) ခဲထုပ် | ၃,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၂၀ |
| Maltova (450g) (နီ) | ၃,၂၀၀ |
| Ovaltine (400g) နီ | ၃,၆၀၀ |
| Ovaltine (200g) နီ | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၅၀၀ |
| Jonnie Walker (Red)(37.5Cl) | ၈,၀၀၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၅၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၄၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၁,၀၀၀ |

| | |
|---|---|
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၉၅၀/၁,၈၀၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၈၅၀ |
| Cream Crackers(Hup Seng) | ၇,၂၀၀ |
| (KHIAN GUAN) Top Choice | ၇,၆၅၀ |
| (HWA TA) Choice | ၇,၂၀၀ |
| (Munchys) Funmix | ၅,၅၀၀ |
| Hwa Tai Wonderful | ၈,၈၀၀ |
| Lee Daily Delight | ၅,၄၀၀ |
| Every Time | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၄,၉၀၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဥ်စပ်(ပုစွန်) | ၁၆၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဥ်စပ်) | ၁၈၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဥ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၅၀ |
| Yum Yum ပုစွန်မလိုင်ချဥ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဥ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Colgate (160g) Double Cool Stripe | ၁,၆၀၀ |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၅၀၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၈၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| DOVE | ၉၀၀ |
| Kanebo | ၁,၈၀၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၅၀၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၃၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၅၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၇၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၃၀၀ |
| Palmolive 100 g | ၁,၂၀၀ |
| Palmolive 200 g | ၂,၇၀၀ |
| Rejoice 100 g | ၅၀၀ |
| Rejoice 200 g | ၁,၇၀၀ |

## ခြင်ဆေးခွေ

(၂၅-၉-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၃၀၀ |

www.foreverspace.com.mm

www.foreverspace.com.mm

| | |
|---|---|
| Fuji | ၃၀၀ |
| ATAK | ၄၀၀ |
| FIGHTER | ၃၈၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၈၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၀၀ |



# ကွန်ပျူတာ ဈေးနှုန်းများ

( ၂၄-၉-၂၀၀၉)

### ❑ Lucky Bird P4 Budget PC 775

- Intel Pentium 4-775 Dual Celeron 1.6 GHz
- Memory 1 GB DDR2 667
- MSI MB
- 250 GB HDD SATA
- 16" Fujitsu LCD Monitor
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing

Price 299 US$

### ❑ TOSHIBA Satellite L310 P 4011 Notebook (PSME6L-0U001)

- Intel Core 2 Duo T4200 2.1 GHz 800 MHZ
- 1 G DDR 2 SDRAM
- 14.1" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic Media Accelerator
- 250 GB HDD SATA
- Wireless LAN 802.11b/g Ethenet Lan
- 56K bps Fax & Data Modem
- DVD RW Super, Card Reader, Web Camera Smart Face, Stereo Speaker
  USB Sleep and Charge, Card Reader
- 1 Year International Warranty

Price 629,000 Ks

### ❑ KMD Basic Model

- Intel Celeron 1.8 GHz (430)(512 KB L2 Cache, 800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1066) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 15" LCD Color Digital Monitor (NEC)
- Prolink Keyboard and Mouse (Myanmarser)
  Optical Mouse Pad
- P4 Casing (Medium Light)

Price 345,000 Ks

### ❑ TOSHIBA Satellite L510 (PSLFLL-005002) Notebook

- Intel Dual Core 2.0 GHz Processor P7350
- 14.0" WXGA Super Shine View screen
- 2GB DDR2 RAM
- 320GB HDD [SATA]
- DVD Writer SuperMulti DL
- Wireless LAN 802.11 b/g,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Intel Graphic Media Accelerator 4500M
- Web Cam, Card Reader, Speaker

Price 925,000 Ks

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Dual 2.8 GHz (775 CPU)
- ASUS P5KPLAM
- 1GB DDR 2 RAM
- 250 GB HDD SATA
- 16" Fujitsu LCD Monitor
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 389 US$

www.foreverspace.com.mm



### ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.6 GHz E5200(2MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 16" LCD Color Monitor (Prolink)
- Prolink Keyboard
- Optical Mouse Pad
- P4 Casing (Medium Light)

Price 380,000 Ks

### ❑ KMD Innovator Model

- Intel Pentium Core2 Duo 2.8 GHz (3 MB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- PCIE 1 GB (N9400GT) Gygabyte
- 250 GB HDD (Seagate 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (L.G)
- Prolink Keyboard & Mouse (Myanmarser)
- Optical Mouse Pad
- P4 Casing (Light High)

Price 558,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 24 x DVD Writer (ASUS) SATA | 36,500 KS |
| 24 x DVD Writer (Sony) SATA | 35,000 Ks |
| 22 x DVD Writer (Pioneer)IDE | 32,500 Ks |
| 24 x DVD Writer (Samsung) SATA External | 77,000 Ks |
| Microlab M 223 Speakers with sub woofer | 27,000 Ks |
| Microlab B 56 Speakers with sub woofer | 93,000 Ks |
| Microlab M900 Speakers with sub woofer | 41,000 Ks |
| Microlab FC 661 Speakers with sub woofer | 73,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 22,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 37,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 42,000 Ks |
| 2GB (DDR 3 RAM) 800 MHz (Kingston) | 38,000Ks |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 50,000 Ks |
| 320 GB (Seagate) SATA | 57,000 Ks |
| 500 GB (Seagate) SATA | 61,000 Ks |
| 750 GB (Seagate) SATA | 84,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 49,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 57,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 64,000 Ks |

### ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 75,000 Ks |
| 17" SVGA Color Monitor (Dyna) | 60,000 Ks |
| 17" SVGA Color Monitor (NEC) | 90,000 Ks |
| 19" SVGA Color Monitor (Philips) | 90,000 Ks |
| 16" LCD Color Monitor (Prolink)(Wide view) | 112,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1916 wm | 149,000 Ks |
| 19" LCD Touch Screen Monitor (Prolink) | 445,000 Ks |
| 19" LCD Color Monitor (Prolink)Wide View | 137,000 Ks |
| 19" LCD Color Monitor (Philips) Wide View | 143,000 Ks |
| 20" LCD Color Monitor (Acer) Wide View | 143,000 Ks |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 43 US$ |
| Canon MP 145 Printer (USB) | 73,000 Ks |
| Canon Laserjet 3050 Printer (USB) | 109,000 Ks |
| Canon Laserjet 3100 Printer | 127,000 Ks |
| HP Laserjet P 2055 Printer (USB) | 365,000 Ks |
| HP Laserjet 1005 Printer (USB) | 110,000 Ks |
| HP Laserjet 1522 N A10 Printer (USB) | 395,000 Ks |
| HP Laserjet 3100 Printer | 127,000 Ks |
| HP Deskjet 2235 Printer (USB) | 72,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 223,000 Ks |
| EPSON T11 Inkjet Printer | 45 US$ |
| EPSON TX 200 SPC Printer | 146,000 Ks |
| EPSON R 230 Photo Printer | 139US$ |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 63,500 Ks |
| HP 1010/ 1320/ 1300 Toner | 73,500 Ks |
| HP 2015/ 1522 Toner | 79,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 57,500 Ks |
| Canon 1120 Toner | 57,500 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 90,000 Ks |
| Canon Scanner Lide 100 | 59,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 42,000 Ks |
| 1250 VA (Power Tree) | 79,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 99,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .
၁၄၀ ကျေးဇူးရှင် ကျွန်တော့်အဖေ (၁)
၁၄၈ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ(၃)
၁၅၄ သဘောထားကြီးပါ
၁၅၈ ငွေရေးကြေးရေးကိစ္စ
၁၆၂ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၅)

# ကျေးဇူးရှင် ကျွန်တော့်အဖေ

မောင်မောင်တင်

**ဒီဆောင်းပါးကိုရေးဖို့ စဉ်းစားနေတာကြာပါပြီ။ ရေးသင့် မရေးသင့်အမျိုးမျိုးတွေးတောနေရသည်နှင့် လမှနှစ်သို့ ကြာခဲ့ပါပြီ။ အဖေကွယ်လွန်သည်မှာ ၂၀၀၇ ခုနှစ်ဖြစ်၍ ယခုမှရေးဖြစ်သောအခါ ၂ နှစ်ပင်ကျော်ခဲ့ပြီဖြစ်ပါသည်။ ခုတော့ ဒီဆောင်းပါးကိုမရေးဘဲမနေနိုင်တော့ပြီဖြစ်၍ ရင်တွင်းမှာရှိတာတွေကို ထုတ်ဖော်ရေးသားလိုက်ရပါသည်။**

အဖေ့ကို ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် ကြခတ်တန်းကြီးရွာတွင် အဖ ဦးကျော်လှ၊ အမိဒေါ်ရွှေသစ်တို့မှ ၁၂၇၉ ခုနှစ် ဝါခေါင်လပြည့်နေ့ (၂-၈-၁၉၁၇) တွင် မွေးဖွားခဲ့ပါသည်။ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်တွင် အကြီးဆုံးဖြစ်၍ ညီမတစ်ယောက် ပါဝင်ပါသည်။ အဖေသည် ငယ်စဉ်ဘဝ လယ်သမားသားသမီးဖြစ်၍ လယ်တောတွင် အလုပ်လုပ်ရင်း ကြီးပြင်းလာသူတစ်ဦး ဖြစ်ပါသည်။ အတန်းပညာသင်ကြားခွင့်မရဘဲ ဘုန်းကြီးကျောင်းတွင် ဘုန်းကြီးကျောင်းသားဘဝနှင့် စာကိုသင်ကြားရပါသည်။ ပညာသင်ကြားနိုင်သောအရွယ်ရောက်သောအခါ လယ်ယာလုပ်ငန်းခွင်အပြီး ကိုရင်ဝတ်၍ ဘုန်းကြီးကျောင်းစာကိုသင်ကြားခဲ့ရာ ပရိတ်ကြီးသင်္ဂြိုဟ်အထိ သင်ကြားတတ်မြောက်၍ လောကုတ္တရာစာပေများတွင် ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်သောပုဂ္ဂိုလ်တစ်ဦး ဖြစ်လာပါသည်။

အဖေက ငယ်စဉ်ကပင် ပညာကို လိုလားသူတစ်ဦးဖြစ်ပါသည်။ မျိုးရိုးစဉ်ဆက် လောကဓာတ်ကျောင်းတွင် မနေခဲ့ကြ၍ အဖေလည်း ကျောင်းမနေခဲ့ရပါ။ အရွယ်ရောက်၍ မိဘလက်ငုတ်လယ်ယာအလုပ်ကို လုပ်ကိုင်နေရသော်လည်း စာပေလေ့လာလိုသောစိတ်များ သူ့ရင်ထဲတွင် ကိန်းအောင်းနေပါသည်။ တစ်နေ့သောအခါ အဖေ့အတွက် အလင်းတန်းတစ်ခု မမျှော်လင့်ဘဲ ပေါ်ပေါက်လာပါသည်။

ကြို့ပင်ကောက်မြို့မှ မူလတန်းပြဆရာတစ်ဦး ကြခတ်တန်းကြီးရွာသို့ ရောက်ရှိလာပါသည်။ ကြခတ်တန်းကြီးရွာတွင် မူလတန်းကျောင်းဖွင့်၍ စာသင်ပေးရန်ဖြစ်ပါသည်။ ကျောင်းဆရာ၏အမည်မှာ ဦးမြဒင် ဖြစ်ပါသည်။ ဦးမြဒင်သည် ရွာသို့ရောက်လာပြီး အဖေတို့အိမ်တွင် တည်း၍ စာသင်ပါသည်။ ဆရာဦးမြဒင် ရောက်လာပြီး မကြာမီတွင် အဖေနှင့်ဆရာဦးမြဒင် အသက်ချင်းမကွာလှသည့်အတွက် ခင်မင်ရင်းနှီးသွားကြပါသည်။ အဖေက နေ့စဉ်လယ်ယာလုပ်ငန်းနှင့် အလုပ်ရှုပ်နေသော်လည်း ဆရာဦးမြဒင်က စီးကရက်ကိုလက်ကြားညှပ်၍ အေးအေးဆေးဆေး နေနေရပါသည်။ အတူနေတာကြာလာသောအခါ ဆရာဦးမြဒင်၏ နေရ ထိုင်ရ ဝတ်ရ စားရပုံတွေကို ကြည့်ပြီး အဖေက ပီတိဖြစ်နေပါသည်။ နံနက် ၅ နာရီ အိပ်ရာမှထ၍ လယ်လုပ်ငန်းခွင်ဆင်းရန် အဖေက ပြင်ရသည်။ ဆရာဦးမြဒင်က အိပ်တုန်း။ လယ်ယာထဲမထွက်ရသည့်နေ့တွင် အဖေက ၅ နာရီထ၊ နွားခြံကို သုတ်သင်ရှင်းလင်း၊ အဖေ့အလုပ်တွေ ပြီးချိန်လောက်တွင် ဆရာဦးမြဒင် အိပ်ရာမှထ၊ မျက်နှာသုတ်ပဝါ ပခုံးပေါ်တင်၊ သွားတိုက်၊ မျက်နှာသစ်ပြီးလျှင် အဖေနှင့်အတူ နံနက်စာစား။ ဤကဲ့သို့တွေ့ကြုံရသောအဖေသည် ဦးမြဒင်ဘဝကို ကြည့်၍ အားကျနေပါသည်။ အဖေ့စိတ်ထဲတွင် "ဦးမြဒင်လို ပညာတတ်ရင်ကောင်းမှာ။ သူကတော့ ဇိမ်ကျလိုက်တာ။ ငါကတော့ မိုးမလင်း ခင်ထ၊ မိုးထဲ၊ လေထဲ၊ နေပူကျဲမှာရုန်းရ ကန်ရ မနားရနဲ့ ဘယ်တော့များ သူ့လိုနေရပါ့မလဲ" လို့ တွေးမိပါသတဲ့။

အဖေသည် သူဖြစ်ချင်သော ပညာတတ်ဘဝကို ဖြတ်လမ်းမှလိုက်ရန် ကြိုးစားပါတော့သည်။ တစ်ရက်တွင် ဆရာဦးမြဒင်အား "ဆရာ ကျွန်တော့်ကို စာသင်ပေးပါ။ ဆရာ့လို ပညာတတ်ချင်တယ်" ဟု ပြောရာ ဆရာဦးမြဒင်က "ကိုဟန်ညွန့်၊ ခင်ဗျားက

www.foreverspace.com.mm

၁၆ နှစ်သားတောင်ဖြစ်နေတော့ ကလေးတွေလိုစာသင်ဖို့ မဖြစ်နိုင်တော့ဘူး။ ကျွန်တော့်လို ဆရာဖြစ်အောင် ငယ်ငယ်ကတည်းက စာသင်ရတယ်”။ ဆရာဦးမြဒင် စကားကြားရတာ အဖေစိတ်ဓာတ်ကျသွားပါသည်။ ငါအသက်ကြီးသွားလို့ စာမသင်ရဘူး။ ငါစာမသင်ရ၊ ပညာတတ်မဖြစ်ရရင် ငါမွေးတဲ့သားလေးကို ပညာသင်ပေးရမယ်။ ဆရာဦးမြဒင်လို ကျောင်းဆရာတစ်ယောက်ဖြစ်စေရမယ်လို့ စိတ်ထဲမှာ ကြိတ်ခဲပြီးနေရသည်ဟု ပြောပါသည်။

တစ်နေ့သောအခါတွင် အဖေက အမေ့ကို ခိုးပြေးသွားပါသည်။ ခိုးပြေးရသည့်အကြောင်းရင်းမှာလည်း အဖေ့မိဘများက ချမ်းသာ၍ အမေက ဆင်းရဲသူဖြစ်နေသောကြောင့် သဘောမတူနိုင်ခြင်းဖြစ်ပါသည်။ အဖေနှင့်အမေ အခြားရွာသို့ရောက်နေသည်။ မိဘများ ပြန်မခေါ်ကြသော်လည်း ဩဇာရှိသူဦးလေးတစ်ယောက်ကလိုက်ခေါ်ပြီး ပြန်အပ်ပေးလိုက်ပါသည်။ အဖေငယ်စဉ်ကတည်းက အဘိုးအဘွားများကအလွန်ချစ်၍ အဘိုးအဘွားများနှင့် အတူနေ အတူစားခဲ့ရာ အဖေနဲ့အမေတို့ မင်္ဂလာပွဲကို ဝိုင်းဝန်းကူညီကျင်းပပေးလိုက်ကြပါသည်။ သို့သော် မိဘများက မကျေနပ်၍ လက်ဖွဲ့ပစ္စည်း မယ်မယ်ရရမပေးအပ်ခဲ့ပါ။ အဖေနှင့်အမေ အိမ်ထောင်ကျပြီး ၂ နှစ်ခန့် ကြာသောအခါ ကျွန်တော့်မမကြီးကိုယ်ဝန်ကို အမေကလွယ်ထားခဲ့ပါသည်။ အဖေက ငယ်စဉ်က ပညာမသင်ခဲ့ရ၊ ပညာမတတ်ရသည်ကို မကျေနပ်သောအဖေသည် အမေ့ဗိုက်ထဲကကလေးကို သားဦးထင်ပြီး ပျော်မြူးနေပါသည်။ ဆရာဦးမြဒင် အဖေ့ကိုစာမသင်ပေးနိုင်ခဲ့သည်ကို မကျေနပ်သောအဖေသည် အမေ့ဗိုက်ထဲက ကလေးကို သားလေးထင်မှတ်ပြီး “ငါပညာသင်ပေးရတော့မယ်။ ငါ့သားလေးကို ပညာတတ်အောင်ထားမယ်” ဟု ပြောနေပါတော့သည်။




အခုတော့ အဖေ့ရည်မှန်းချက်လွဲသွားရပြန်ပြီ။ အမေမွေးပေးသောကလေးသည် သားလေးမဟုတ်ဘဲ သမီးလေး (ကျွန်တော့်အစ်မကြီး) ဖြစ်နေပါသည်။ အဖေသည် ကျောင်းထားရမည့်သားလေးမရ၍ စိတ်မကောင်းသော်လည်း နောက်တစ်ခါမွေးရင် သားလေးမွေး။ မွေးတဲ့သားလေးကို ကျောင်းထားမည်ဟု မလျှော့သောဖွဲ့နှင့် စိတ်ကို တင်းမြဲတင်းထားပါသည်။ နောက်သုံးနှစ်ကြာသောအခါ အမေက သားလေးကျွန်တော့်ကို မွေးလိုက်သောအခါ အဖေပျော်တပြုံးပြုံးနှင့် လူတကာကို ကြွားနေတော့သည်။ “သားလေးရပြီ။ ကျောင်းထားမယ်။ ပညာတတ်ရင် ဆရာဦးမြဒင်လို ကျောင်းဆရာလုပ်ခိုင်းမယ်။ ကျောင်းဆရာဆိုတာ မြင့်မြတ်တယ်၊ ဂုဏ်ရှိတယ်၊ အေးအေးဆေးဆေး နေရတယ်။ တို့လိုမပင်ပန်းဘူး” ဟု တတွတ်တွတ်ပြောနေသည်ဟုဆိုပါသည်။ ကျွန်တော့်ကိုမွေးဖွားသောအချိန်တွင် ဆရာဦးမြဒင်က မြို့ကိုပြောင်းသွားပါသည်။ ကျွန်တော်တို့ ညီအစ်ကို

www.foreverspace.com.mm

မောင်နှမခြောက်ယောက် မွေးဖွားပါသည်။ ယောကျ်ားသုံးယောက်၊ မိန်းမသုံးယောက် ဖြစ်ပါသည်။ ကျွန်တော် ငါးနှစ်ကျော် ခြောက်နှစ်သားအရွယ် ရွာရှိဘုန်းတော်ကြီး မူလတန်းကျောင်းသို့ ပို့ပါသည်။ ကျွန်တော်ကျောင်းစ၍နေသည့်အရွယ် မြန်မာပြည်သို့ ဂျပန်များသိမ်းပိုက်ထားပြီး တစ်တိုင်းပြည်လုံး မငြိမ်းချမ်း။ ကျွန်တော် စာဆက်မသင်ရတော့ပါ။ စီးပွားရေးများ ကျဆင်းသွားရာ စားရေး ဝတ်ရေးလည်း အလွန်ခက်ခဲကြောင်း အဖေက ပြောပြပါသည်။ ကျွန်တော်သည် ခြောက်နှစ်သားအရွယ်ဖြစ်၍ သိတတ်နေပြီဖြစ်ရာ အဲဒီအချိန်က အဖေဝတ်ထားသော အညာစောင်ကို သတိရနေပါသည်။ ပုဆိုးဝတ်စရာမရှိ၍ အညာစောင်ကို ပုဆိုးအဖြစ်ဝတ်ထားရခြင်းဖြစ်ပါသည်။ အဖေသည် အညာစောင်ပုဆိုးကိုဝတ်ပြီး တောင်တွင်းကြီးမြို့သို့ နွားလှည်းဖြင့် ဆန်ရောင်းသွားရာ တောင်တွင်းမှ အသိမိတ်ဆွေများက စောင်ပုဆိုးကို ချည်ပုဆိုးဖြင့် လဲဝတ်ပေးလိုက်ကြောင်း သိရပါသည်။ အဖေက တောင်တွင်းသို့ သုံးလေးခေါက် ဆန်ရောင်းသွားရာ နောက်ဆုံးအခေါက်တွင် လေထီးပိတ်စများ ပါလာပါသည်။ လေထီးပိတ်စများကို မိသားစုများ အင်္ကျီချုပ်၍ ဝတ်ဆင်ကြရပါသည်။

ဂျပန်များပြေးပြီး အင်္ဂလိပ်များ ပြန်ဝင်လာသောအခါ တိုင်းပြည်တဖြည်းဖြည်း အေးချမ်းလာပြီး စာသင်ကျောင်းများလည်း ပြန်ဖွင့်ခဲ့ကြောင်း အဖေက ပြောပြပါသည်။ ကျွန်တော် ၁၀ နှစ်သားအထိ ကျောင်းမနေရဘဲ ဟိုလိုလို ဒီလိုလိုနှင့် အချိန်ကုန်နေရပါသည်။ ၁၀နှစ်သားတွင် ရွာရှိမူလတန်းကျောင်းပြန်ဖွင့်၍ ကျွန်တော်ကျောင်းနေရပါသည်။ အဖေနှင့်ကျွန်တော့်အတွက် ကုသိုလ်ကောင်းသည်က ရွာရောက်လာသော ဆရာမငယ်နှစ်ဦးမှာ ကျွန်တော့်အမေကို ခင်ပြီး နေ့စဉ် အမေ့ထံလာနေခြင်းပင်ဖြစ်ပါသည်။

ကျွန်တော် မူလတန်းကျောင်းတွင် စာသင်နေစဉ် အဖေ၏ ရည်ရွယ်ချက်များကို ဘာမှမသိပါ။ ကျောင်းသွားလိုက်၊ အိမ်ပြန်လိုက်နှင့်သာ ပျော်နေပါသည်။ အဖေက ကျောင်းသို့ မကြာခဏလာသည်ကို ကျွန်တော်တွေ့ပါသည်။ ကျောင်းလာသည့်အခါ ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်နှင့်လည်းကောင်း၊ ဆရာမဒေါ်ကျင်ထွေး၊ ဒေါ်မြလေးတို့နှင့်လည်းကောင်း တွေ့ဆုံစကားပြောပါသည်။ တစ်ရက်တွင် အဖေကျောင်းသို့ရောက်စဉ် ကျွန်တော်တို့ စတုတ္ထတန်းကျောင်းသားများ ပြိုင်ပွဲလုပ်နေကြပါသည်။ ကျွန်တော်တို့ကျောင်းမှာ ဘုန်းကြီးကျောင်းအတွင်း ဇရပ်များတွင် စာသင်နေရ၍ ရွာဦးဘုန်းတော်ကြီးနှင့် ဆရာ ဆရာမများ ခင်မင်နေရာ ဘုန်းတော်ကြီးက ဆရာ၊ ဆရာမများအတွက် ငှက်ပျောသီးများ ချကျွေးပါသည်။ ဆရာ၊ ဆရာမများစား၍ ကျန်သော ငှက်ပျောသီးသုံးလုံးကို ကျွန်တော်တို့ ကျောင်းသားများ ရအောင်ယူနိုင်သူကို ရွေးရန်ဖြစ်ပါသည်။ ဆရာမလေးက “ဂဏန်းငါးပုဒ် တွက်ရမယ်။ ငါးပုဒ်လုံးမှန်တဲ့သူ၊ မြန်တဲ့သူကိုပေးမယ်” ဟုပြောပြီး သူ့စားပွဲပေါ်တွင်တင်ထားပါသည်။ ကျွန်တော်တို့ကို ပုစ္ဆာငါးပုဒ် ကျောက်သင်ပုန်းတွင် ရေးပေးပါသည်။ ကျွန်တော်တို့ ကျောင်းသား ၁၂ ယောက် စဖြေကြပါသည်။ ဂဏန်းငါးပုဒ်ကို အမြန်ဆုံးပြီးသူကျွန်တော်နှင့် အခြားတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်က အားလုံးမှန်ပြီး အခြားတစ်ယောက် တစ်ပုဒ်မှား၍ ကျွန်တော် ငှက်ပျောသီးသုံးလုံးဆုကို ရရှိပါသည်။ ကျွန်တော့်ဘဝတွင် ပညာ



www.foreverspace.com.mm

ရေးနှင့်ပတ်သက်၍ ပထမဆုံးရသောဆုဖြစ်ပါသည်။

အဖေက ဝမ်းသာလွန်း၍ ကျွန်တော့်ကို ရင်ခွင်ထဲတွင်ဖက်ထားပြီး "ဒါမှငါ့သားကွ" ဟု ပြောပါသည်။ ထိုနေ့ကျောင်းဆင်းပြီး အိမ်ပြန်ရောက်သောအခါ အမေ့ကိုပြောပြ၍ အမေကပါ ဝမ်းသာသွားပါသည်။ ကျွန်တော်တို့မိသားစု ကျွန်တော်ပညာတော်ကြောင်းပြောပြီး တစ်မိသားစုလုံး ဝမ်းသာနေကြပါသည်။

ကျွန်တော် စတုတ္ထတန်းကို ကောင်းစွာအောင်မြင်ခဲ့ပါသည်။ စတုတ္ထတန်းအောင်မြင်ကြောင်း ဆရာကြီးက အဖေ့အားပြောပြသောအခါ အဖေအလွန်ဝမ်းသာသွားပါသည်။ သားကို မြို့ကျောင်းပို့မည်၊ မြို့ကျောင်းပို့မည် အကြိမ်ကြိမ်ပြောသောအခါ အဖေ့ယောက္ခမ၊ ကျွန်တော့်ဘကြီးက မြို့ကျောင်းမပို့ရန် ပြောပါသည်။ "ဆွေမျိုးတွေထဲမှာ ဘယ်သူမှ မြို့ကျောင်းသွားပြီး စာမသင်ပါဘူး။ ကိုယ့်အရပ်ကိုယ့်အလုပ်နဲ့ လုပ်ကိုင်စားသောက်နိုင်တာပဲ။ ငါကတော့ သဘောမတူဘူး" ဟု ပြောသောအခါ အဖေဘာမှ ဆက်မပြောတော့ဘဲ ငြိမ်နေရပါသည်။ အဖေ့စိတ်ထဲတွင် သားကိုကျောင်းထားချင်လျက်နှင့် မထားရသောအခါ မကျေမနပ် ဖြစ်နေပါသည်။ သို့သော်လည်း ယောက္ခမကိုမလွန်ဆန်ဝံ့၍ ငြိမ်နေရခြင်းဖြစ်ပါသည်။

ဝါဆိုလသို့ ရောက်လာပါသည်။ ဝါဆိုလမပြည့်ခင် ကျွန်တော့်ကို ကိုရင်ဝတ်စေ၍ ဝါဆိုစေပါသည်။ ကိုရင်ဝတ်နှင့် ဘုန်းတော်ကြီးကျောင်းစာများကို သင်စေပါသည်။ ဝါကျွတ်သောအခါ လူထွက်စေပြီး အဖေ့လယ်ယာထဲတွင် စာရင်းငှား ဘထွေးဝမ်းကွဲများနှင့် ဟိုယောင်ဒီယောင်ဖြစ်နေပါသည်။ နောက်တစ်နှစ်တွင်လည်း ဘုန်းကြီးကျောင်းတွင်ပင် စာသင်စေ၍ ပရိတ်ကြီး၊ သင်္ဂြိုဟ်စာများကို သင်ရပါသည်။ ဘုန်းကြီးကျောင်းစာသင်နေစဉ် နွေရာသီနှစ်သစ်ကူးသင်္ကြန်တွင်းတွင် ကျွန်တော့်ဘကြီး ကွယ်လွန်ခဲ့ပါသည်။ သင်္ကြန်တွင်းကွယ်လွန်၍ နှစ်သစ်မကူးစေဘဲ သင်္ဂြိုဟ်လိုက်ရပါသည်။ နှစ်ဆန်း၍ ရက်လည်ဆွမ်းကျွေးပြီးသောနေ့တွင် အဖေက "ယောက္ခမကြီးသေတာ မိဘမို့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ခုမှငါ့သားကို ကျောင်းထားရတော့မှာမို့ ဝမ်းသာမိတယ်" လို့ပြောကြောင်း အမေက ပြောပြပါသည်။

ကြို့ပင်ကောက်အထက်တန်းကျောင်း အသစ်ကြီး စတင်ဖွင့်လှစ်သည့်နှစ်တွင် ကျွန်တော့်ကိုကျောင်းထားရန် စီစဉ်ပါတော့သည်။ မြို့ပေါ်သွားပြီး ကျွန်တော့်ကို ဘော်ဒါထားရန် ရှာဖွေနေစဉ် အဖေနှင့်အမေ စကားများကြပါသည်။ အမေက ကျောင်းထားရင် သားနှင့်အဝေးကြီး ခွဲရမှာမို့ မထားရန် ကန့်ကွက်ပါသည်။ အဖေသည် ဒေါသအလွန်ထွက်၍ "ခင်ကြည်-နင်ဘာသိလို့ကန့်ကွက်နေတာလဲ။ ခုတောင် ၂ နှစ်နောက်ကျနေပြီ။ ပညာတတ်မှ လူရာဝင်မှာ။ နင့် သားကို ရွှံ့ထဲ ဗွက်ထဲမှာ နေပူပူ၊ မိုးရွာရွာ ခိုင်းမလို့လား" ဟုပြောရာ အမေက ငိုပါတော့သည်။ အဖေက "နင့်ဟာနင် ငိုချင်ငို၊ ငါကတော့ လူလေးကို ကျောင်းပို့ဖြစ်အောင်ပို့မှာပဲ" ဟုပြောပြီး မြို့ကကျောင်းတွင် ထားဖြစ်အောင်ထားပါသည်။

ကျွန်တော် ကြို့ပင်ကောက်မြို့ မြူနီစပယ်စာရေးကြီးအိမ်တွင် နေရပါသည်။ တစ်လအတွက် ဆန်တစ်တင်းနှင့် ငွေငါးကျပ်ပေးရပါသည်။ အဖေသည် မြို့ပေါ်သို့ အပတ်စဉ်လာ၍ ကျွန်တော့်ကို တွေ့ပါသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ကျောင်းပိတ်၍ ရွာသို့ပြန်စေပြီး အမေနှင့်အတူနေစေပါသည်။ ပထမဆုံးရွာမှထွက်၍ မြို့ကျောင်းသွားသောနေ့တွင် အမေနှင့်ကျွန်တော့်မမကြီးငိုနေတာကို အဖေစိတ်မကောင်းဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့များတွင် အမေနှင့်အတူနေရအောင် စီစဉ်ပေးထားခြင်းဖြစ်ပါသည်။ ကျွန်တော်ရွာတွင်နေသောနှစ်ရက်တွင် အစားကောင်း အသောက်ကောင်းများကို အမေက ချက်ကျွေးနေပါသည်။ ကျန် ညီအစ်ကိုမောင်နှမများမှာလည်း ကျွန်တော်ကျောင်းပိတ်ရက်ပြန်မှ ဟင်းကောင်းစားရ၍ ကျောင်းပိတ်ရက်တိုင်း ကျွန်တော့်ကို မျှော်နေကြပါသည်။

ကျွန်တော် ပဉ္စမတန်းတွင် အင်္ဂလိပ်စာ စတင်သင်ရ၍ အိမ်တွင်စာကျက်သောအခါ အဖေက သေသေချာချာ နားထောင်ပြီး "လူလေး-မင်း အင်္ဂလိပ်စာကျက်ရ၊ ဖတ်ရခက်သလား" မေးပါသည်။ ကျွန်တော်က "အစကတော့ ခက်ပါတယ်။ ခုကြာလာတော့ မခက်တော့ပါဘူး" ပြောရာ "မခက်ရင် အဖေ့လည်း နည်းနည်းပါးပါး သင်ပေးပါလား" ပြောပါသည်။ အမှန်တော့ အဖေက စာတတ်ချင်သူ၊ ခုတော့ အင်္ဂလိပ်စာပါတတ်ချင်နေပါသည်။ ကျွန်တော်က ပဉ္စမတန်းကျောင်းသားဖြစ်၍ ယခုမှ "CAT"၊ "BAT" အော်၍ ကျက်မှတ်တုန်း။ အဖေ့ကို ဘယ်လို မှ သင်မပေးနိုင်သေးပါ။ သို့သော်လည်း အဖေအားမလျှော့သေးဘဲ ကျွန်တော်တို့ရွာကျောင်းမှ ဆရာကြီးကို စာသင်ခိုင်းပါတော့သည်။

ဆရာကြီးဦးအေးမောင်က အဖေ့ကို စာသင်ပေးရာတွင် "ကိုဟန်ညွန့်-ခင်ဗျား စာတတ်ချင်တယ်ဆိုရင် နေ့တိုင်း တစ်နာရီခွဲလောက်တော့ အချိန်ပေးရမယ်" ပြောရာ အဖေက "တစ်နာရီခွဲမကဘူး။ နှစ်နာရီလည်း ပေးနိုင်ပါတယ်" ပြန်ပြောရာ နောက်တစ်နေ့တွင် အဖေ့ကိုခေါ်၍ စာသင်ပါသည်။ ဆရာကြီးဦးအေးမောင်က အခြားဘာသာရပ်တွေမသင်ပေးဘဲ ဂဏန်းသင်္ချာကိုစ၍ သင်ပါသည်။ အမြှောက်၊ အစားကစ၍ အပိုင်းဂဏန်း၊ သုံးချက်တွက်နည်း၊ စပါးဈေးတွက်နည်း၊ သစ်ကန်တွက်နည်းမှစ၍ မီးရထားပုစ္ဆာများနှင့်ပတ်သက်သော သင်္ချာများကို သင်ပေးပါသည်။ တစ်လကျော် နှစ်လလောက်ကြာသောအခါ အဖေသည် သင်္ချာနှင့်ပတ်သက်သော ပုစ္ဆာတော်တော်များများကို ကျွမ်းကျင်စွာ တတ်မြောက်နေပါသည်။

အဖေ့ကို ဆရာကြီးဦးအေးမောင် အပိုင်းဂဏန်းသင်ပုံကို အဖေပြောပြပါသည်။ ဆရာကြီးဦးအေးမောင်က သံပုရာသီးတစ်လုံးယူပြီး "ဒါ သံပုရာသီးတစ်လုံးမဟုတ်လား"။ အဖေက "ဟုတ်ပါတယ်"။ "ဒါဖြင့် ဒီလိုဓားနဲ့အလယ်တည့်တည့်ကခွဲလိုက်တယ်။ နှစ်ခြမ်းဖြစ်သွားတယ်။ တစ်

www.foreverspace.com.mm

ခြမ်းဟာ တစ်လုံးရဲ့ နှစ်ပုံတစ်ပုံပေါ့။ အဲဒီ နှစ်ပုံတစ်ပုံကို ဒီလိုရေးတယ် (၁/၂)။ ဒီတစ်ခြမ်းကိုထပ်ပြီးခွဲရင် တစ်လုံးရဲ့ လေးပုံတစ်ပုံ (၁/၄) ဖြစ်သွားရော၊ ဒါဒီလိုပဲ သံပုရာသီးတစ်လုံးကို အပိုင်းပိုင်းစိတ်ချင်သလောက်စိတ်၊ စုစုပေါင်းစိတ်လိုက်တဲ့ အရေအတွက်ဟာ အစိတ်ပေါင်းမျဉ်းရဲ့ အောက်မှာထားတယ်။ ခင်ဗျားလိုချင်တဲ့ အစိတ်အပိုင်းကို မျဉ်းပေါ်မှာထားတယ်။ သံပုရာသီးကို ရှစ်စိတ်စိတ်ပြီး တစ်စိတ်ယူ (၁/၈)၊ နှစ်စိတ်ယူရင် (၂/၈)၊ သုံးစိတ်ယူရင် (၃ ၈) ပုံကို ယူတယ်ဆိုပြီး အပိုင်းဂဏန်းများဆိုတာဖြစ်လာတာ"ဟု စ၍သင်ပေးကြောင်း ပြောပြပါသည်။

အဖေ ဆရာဦးအေးမောင်ထံ စာသင်နေချိန်တွင် ကျွန်တော်က ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေပါသည်။ ကျွန်တော်ရွာပြန်သွားသောနေ့များတွင် အဖေက သင်္ချာမေးပါသည်။ ကျွန်တော်မတတ်လျှင် အဖေက ကူညီသင်ပေးပါသည်။ ကျွန်တော် ဆဋ္ဌမတန်းအောင်သောအခါ အမှတ်ကောင်းကောင်းဖြင့်အောင်ကြောင်း ဆရာမက အဖေ့ကိုပြောပြတော့ အဖေက ကျေးဇူးတင်ကြောင်းပြောပြီး သတ္တမတန်းတွင် စကောလားရှစ်ရအောင် သင်ပေးဖို့ အဖေက ပြောပါသည်။ သတ္တမတန်းတွင် ဆရာမက အထူးဂရုစိုက်၍ သင်ပေးပါသည်။ သတ္တမတန်း စကောလားရှစ်စာမေးပွဲဖြေဖို့ လူရွေးသောအခါ ကျွန်တော် ပါလာပါသည်။ အဖေ့ကို အကျိုးအကြောင်းပြောပြတော့ အဖေက ဆရာမနှင့်တွေ့ပြီး တိုင်ပင်ကြပါသည်။ အဖေနှင့်ဆရာမတိုင်ပင်ကြသည်မှာ စာမေးပွဲဖြေဆိုခွင့်တွင် ကျွန်တော် အသက်တစ်နှစ်ကြီးနေခြင်းကြောင့် ဖြစ်ပါသည်။ အဖေက ဗေဒင်ဆရာထံမှာ ဇာတာကိုက်အောင် လုပ်ခိုင်းပါသည်။ ဗေဒင်ဆရာက ငွေ ၃၀၀ ကျပ်တောင်း၍ အဖေက မပေးနိုင်ပါ။ အဖေက ကျောင်းအုပ်ဆရာကြီးထံဝင်ပြော၍ စကောလားရှစ်ဖြေဆိုခွင့် ရပါသည်။

ကျွန်တော် သတ္တမတန်း စကောလားရှစ်အောင်ပါသည်။ အဖေအလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ အဖေ့ရည်ရွယ်ချက်ပြည့်သွားပါပြီ။ သတ္တမတန်းအောင်ရင် ကျောင်းထွက်၊ ရွာတွင် ကျောင်းဆရာလုပ်၊ မိဘများနှင့် အိုးမကွာ၊ အိမ်မကွာ အေးအေးငြိမ်းငြိမ်းနေရတော့မယ်ဟု အဖေက စိတ်ကူးထားပါသည်။ အဖေ သတိမထားမိသည်က လွတ်လပ်ရေးမရခင် ဆရာကြီး ဦးမြဒင်ခေတ်နှင့် လွတ်လပ်ရေးရပြီးနောက် အနှစ် ၂၀ ကျော်လာသည့် အချိန် လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ မည်သို့ တိုးတက်ပြောင်းလဲသွားပြီကို အဖေက သတိမပြုမိပါ။ ကျွန်တော်ကတော့ စာတော်သူ ကျောင်းသားတစ်ယောက်ဖြစ်သည့်အားလျော်စွာ အဋ္ဌမတန်းကို တက်လိုပါသည်။ အဖေ့ကို ကျောင်းဆက်တက်ခွင့်တောင်းရာ သူရည်မှန်းသော အတန်းပညာရပြီဖြစ်၍ ရွာတွင် မူလတန်းဆရာလုပ်ရန်သာ ပြောနေပါသည်။ ကျွန်တော့်အတန်းပိုင်ဆရာမနှင့် ကျောင်းအုပ်ဆရာကြီးများ ဝိုင်းဝန်းပြောပေးမှ ကျွန်တော် အဋ္ဌမတန်းသို့ တက်၍ ပညာသင်ကြားခွင့် ရခဲ့ပါသည်။

ကျွန်တော် အဋ္ဌမတန်း တက်ရောက်သင်ကြား၍ တစ်ပတ် ၁၀ ရက်ခန့်အကြာ ရန်ကုန်မြို့ ပညာရေးဌာန၊ သိပ္ပံပညာဝန် ဦးဘိုးထိုထံမှ စာရောက်ပါသည်။ စာထဲတွင် သတ္တမတန်းအောင်မြင်ခဲ့သော ကျောင်းသားများမှ သိပ္ပံဘာသာရပ်ထူးချွန်သူများ ရန်ကုန်မြို့တွင် အကြိုဆေးသိပ္ပံသင်တန်းတက်ရောက်ရန် ဖြစ်ပါသည်။ ကျွန်တော်တို့ကျောင်းအုပ်ဆရာကြီးနှင့် အတန်းပိုင်ဆရာမများက ကျွန်တော်နှင့် ကျောင်းသား ကျောင်းသူ လေးဦးကို ရွေးချယ်လိုက်ပါသည်။ ရန်ကုန်မြို့တွင် ပညာသင်ကြားနိုင်ရေးအတွက် စတိုင်ပင်ငွေ ကျပ် ၆၀ ပေးမည် ဖြစ်ပါသည်။ ကျွန်တော်သည် သတ္တမတန်း စကောလားရှစ်မှရငွေ ၃၀ ကျပ်နှင့်ပေါင်းလျှင် တစ်လ ကျပ် ၉၀ ရမည်ဖြစ်၍ ပျော်နေပါသည်။ အဖေက ဘာပြောမည်ဆိုသည်ကို စိတ်ပူနေပါသည်။ တစ်ရက်နှစ်ရက်အတွင်း ဒီသတင်းအဖေ့ထံ ရောက်သွားပြီး အဖေမြို့ပေါ်သို့ ရောက်လာပါသည်။ "ကဲ- လူလေး မင်းရှစ်တန်းတက်ချင်တယ်ပြောတယ်။ ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာမကြီးကလည်း ကျောင်းဆက်တက်ပါစေပြောလို့ အဖေက ရှစ်တန်းတက်ခိုင်းတာ။ အခု ရန်ကုန်မြို့မှာသွားပြီး ကျောင်းတက်ရမယ်ဆိုတော့ အဖေ ဘာလုပ်ပေးရမှန်းမသိဘူးသားရယ်။ အဖေ့မှာလည်း သားကို ရန်ကုန်ပို့နိုင်လောက်တဲ့ စီးပွားရေးမရှိဘူး" ဟု ပြောပါသည်။ ကျွန်တော်က "သတ္တမတန်း စကောလားရှစ်မှရငွေနဲ့ သိပ္ပံပညာဝန်ကထောက်ပံ့ပေးငွေနဲ့ ဆိုတော့ တစ်လ ကျပ် ၉၀ လောက် ရမှာပါ။ ကျွန်တော်ရတဲ့ငွေနဲ့လောက်အောင် သုံးပါ့မယ်။ အဖေ သိပ်ပြီးစိတ်မပူပါနဲ့" ပြောရပါသည်။ အဖေက ဘာမှဆက်မပြောတော့ဘဲ တွေဝေစဉ်းစားနေပါသည်။ ကျွန်တော် ရပ်ဝေးမှာသွားပြီး ပညာသင်ရမည့်အရေး ငွေကြေးကိစ္စ စိတ်လေးနေဟန်ရှိပါသည်။ တော်တော်ကြာတော့မှ "အေးလေ- မင်းမှာ ထောက်ပံ့ငွေရှိတော့ မင်းကလည်း လောက်အောင်သုံးပါ့မယ်ပြောပြန်တော့ အဖေလွှတ်ရမှာပေါ့။ ပညာတတ်စေချင်တယ်။ ပညာတတ်အောင်သာ ကြိုးစားပါ" တဲ့။

ကျွန်တော် အဖေ့မျက်နှာကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေပါသည်။ အဖေသည် သားကို ပညာတတ်စေချင်သော စေတနာနှင့်သာ အလျှော့ပေးရသော်လည်း အဖေ့တွင် စီးပွားရေးအခြေအနေမကောင်းတော့

**ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝက ယခင်ထက် အသုံးစရိတ်များ များလာပါသည်။ ကျွန်တော့်အသုံးစရိတ်ကို အဖေလုံလောက်အောင် ဖြည့်ဆည်းမပေးနိုင်ပါ။ အစိုးရထံမှရသောစတိုင်ပင်များလည်း ကြန့်ကြာနေသည်ကများ၍ မကြာခဏ ထမင်းဖြတ်ခံရပါသည်။**

www.foreverspace.com.mm

ပါ။ ကျွန်တော် ဆဋ္ဌမတန်းတွင် အဖေက တောရွာမှ မြို့ပေါ်သို့ ပြောင်းရွှေ့လာခဲ့ပါသည်။ ခြံတစ်ခြံဝယ်၍ အိမ်ဆောက်သည်။ တောရွာမှ လယ်ထွက်သီးနှံများနှင့် စားဝတ်နေရေးကို ကြိုးစားနေပါသည်။ တစ်နှစ်ကျော်လာသောအခါ ရွာမှထွက်သည့်စပါးကို အားမကိုးတော့ဘဲ မြို့ပေါ်တွင် အလုပ်လုပ်ရန် ကြိုးစားပါတော့သည်။ အဖေ့ကို အလုပ်လုပ်ရန် တွဲခေါ်သူကတော့ အဖေ့မရီးတစ်ဝမ်းကွဲ ဖြစ်ပါသည်။ အဖေ့မရီးက သစ်သီးကုန်ရောင်းဝယ်ရေးလုပ်သည်။ သူရောင်းသောသစ်သီးများမှာ ငှက်ပျော၊ သင်္ဘော၊ မာလကာ၊ ရှောက်သီး၊ သံပုရာသီး၊ ဘူးသီး၊ မရမ်းသီးများ အစုံပင်ဖြစ်ပါသည်။ အဖေ့ကိုလည်း ယင်းသီးနှံများနှင့် ရန်ကုန်လိုက်ရောင်းရန် ပြောပါသည်။ အဖေက အလုပ်တစ်ခုတော့ရပြီဆိုပြီး ဝမ်းသာသွားပါသည်။ ရွာသို့ပြန်ပြီး သစ်သီးမျိုးစုံစုဆောင်းဝယ်ယူ၍ မရီးနှင့်ရန်ကုန်လိုက်သွားပါသည်။ ရန်ကုန်မြို့တွင် သစ်သီးဈေးမှာ ဗိုလ်ချုပ်ဈေးလေဟာပြင်တွင် ရှိပါသည်။ ယခင် သွားကောလိပ်ရှေ့လမ်းဘေးတွင် သစ်သီးပွဲရုံများတွင်ရောင်းချရန် ရောက်သွားရာ အဆက်အသွယ်မရှိ၊ ဝယ်မည့်သူမရှိနှင့် တစ်ရက်၊ နှစ်ရက်၊ လေးငါးရက်ကြာသောအခါ သစ်သီးများ နွမ်းနယ်ပုပ်သိုး၍ မရောင်းရတော့ပါ။ ပို၍ဆိုးသည်က ညပိုင်းအိပ်ရသောအခြေအနေဖြစ်ပါသည်။ ကုန်စိမ်းပွဲရုံများဖြစ်၍ သန့်ရှင်းမှုမရှိ ညစ်ပတ်နေပါသည်။ ယင်ပေါ၍ ခြင်ထူသောနေရာ ဖြစ်ပါသည်။ မှောင်ကတည်းက ခြင်များ အစုလိုက်အပြုံလိုက်ဝင်လာပြီးကိုက်ရာ ဘယ်လိုမှသည်းမခံနိုင်အောင် ဖြစ်ပါသည်။ အဖေ့မရီးက သူတို့အိပ်သောခြင်ထောင်ထဲဝင်ရန်ပြောရာ ခြင်ကိုက်သက်သာလိုသည်နှင့်ဝင်ကြည့်ရာ ခြင်ထောင်အတွင်းတွင် အမျိုးသမီးသုံးဦး၊ အမျိုးသားနှစ်ဦးအိပ်နေတာ တွေ့ရပါသည်။ အဖေ မြင်ကွင်းကို စိတ်ပျက်လှသဖြင့် ယင်းညတွင် စောင်ကိုခေါင်းမြီးခြုံ၍ ထိုင်လျက်အိပ်ရပါသည်။ နောက်တစ်နေ့ မိုးလင်းလျှင် မရီးဖြစ်သူအားပြောရာ "ဒီလိုနေရာမျိုးမှာ ဒီလိုပဲ အိပ်ကြတာပဲ။ မအိပ်လို့လည်းမဖြစ်ဘူး၊ နေရာကကျဉ်း၊ ခြင်ထောင်ကမရှိနဲ့၊ နင်က ယောကျ်ားပဲ သဘောထားကြီးလိုက်ပေါ့"ဟု ဆိုပါသည်။ နောက်ရက်များတွင် အများတကာအိပ်သလို ခြင်ထောင်ထဲဦးခေါင်းထားပြီး ကိုယ်တစ်ပိုင်းကိုစောင်ခြုံ၍ ခြင်ထောင်အပြင်မှာထားပြီးအိပ်ခဲ့ရကြောင်း ပြောပြပါသည်။

အဖေသည် ဒီတစ်ခေါက်နှင့်ကုန်စိမ်းရောင်းဝယ်ရေးကို စိတ်ကုန်သွားပြီး နောက်မသွားတော့ပါ။ "အလုပ်မလုပ်လို့တော့ မဖြစ်ဘူး"ဟုဆိုပြီး မြို့တွင် အလုပ်ရှာထွက်သွားပါသည်။ တစ်နေ့လုံး အဖေပြန်မလာပါ။ ညနေ ၄ နာရီတွင် အဖေပြန်လာပါသည်။ "အလုပ်ရခဲ့ပြီဟေ့"အမေ့ကို အဖေက ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်တို့မိသားစု ဝမ်းသာသွားပြီး အမေက "ရှင့်အလုပ်က ဘာအလုပ်လဲ ကျွန်တော်တို့ကိုလည်း ပြောပြပါဦး" "ဒရဝမ်"(ညစောင့်)ဟု တိုတိုတုတ်တုတ်ပြောရာ ကျွန်တော့် မမကြီး ချုံးပွဲချ၍ ငိုပါတော့သည်။ "အဖေ ဒရဝမ်မလုပ်ရဘူး၊ သမီးရှက်တယ်"ဟု ဆိုပါသည်။ အမေကတော့ "တခြား နေ့ခင်းနေ့လယ်လုပ်လို့ရမယ့်အလုပ် ရှာပါဦးလား" ပြောတော့ "အဲဒါပေါ့ဟ ပညာမတတ်ရင် ဘာမှအသုံးမကျဘူးလို့ပြောတာ၊ လူလေးကို ကျောင်းထားဖို့ပြောတော့ နင်တို့သားအဖပဲ ကျောင်းမထားရဘူး ပြောခဲ့တာ၊ ခုလက်တွေ့ တွေ့ရပြီမဟုတ်လား"ဟု ဒေါနဲ့မောနဲ့ ပြောပါတော့သည်။ အဖေ ဒေါသဖြစ်မှန်းသိတော့ တစ်အိမ်သားလုံးငြိမ်နေကြသည်။ တစ်နေ့ထက်တစ်နေ့ မြို့နေစရိတ်ကိုကျော်လွှားရန် ခက်ခဲလာပါတော့သည်။ ငွေဦးပေါက်သည်နှင့် ကျွန်တော်တို့မိသားစု တောသို့ ပြန်သွားကြပါသည်။ ကျွန်တော့်ကိုတော့ အမေ့အစ်ကိုကြီးအိမ်တွင် ထားခဲ့ပါသည်။ အမေနှင့်အဖေတို့ တောရွာရောက်သွားပြီးသော ကျောင်းဖွင့်ချိန်တွင် ကျွန်တော် ရန်ကုန် မြို့မ အမျိုးသား အမျိုးသမီးကျောင်းသို့ ရောက်သွားပါသည်။

ကျွန်တော် ရန်ကုန်သို့သွားရန်အတွက် အဖေ့တွင် အခက်အခဲရှိပါသည်။ ကျွန်တော့်အတွက် စရိတ်ပေးစရာမရှိပါ။ သို့သော် ကျွန်တော် မြို့မှထွက်ခွာသည့်နေ့တွင် ငွေ ၃၀၀ ကျပ်ကို ကျွန်တော့်အား ပေးပါသည်။ ရန်ကုန်ရောက်လျှင်ရောက်ချင်း အစိုးရထံမှမရပါက လောလောဆယ်သုံးရန်ဟုဆိုပါသည်။ နောင်သိရသည်မှာ ယင်းငွေ ၃၀၀ မှာ အဖေတို့ခင်မင်သော စက်သူဌေးဦးတင်ထံမှချေး၍ပေးလိုက်သောငွေ ဖြစ်ပါသည်။

အဖေသည် တောရွာပြန်ရောက်သွားပါသည်။ သူ့ညီအစ်ကိုဝမ်းကွဲများနှင့်တွဲ၍ လယ်ကိုကြိုးစားလုပ်ပါသည်။ လယ်ပြီးသွားသောအခါ အားလပ်နေ၍ ရန်ကုန်ရှိကျွန်တော့်ထံ လိုက်လာပါသည်။ ရန်ကုန်ရောက်သောအခါ အသိမိတ်ဆွေအိမ်မတည်းဘဲ မြို့မကျောင်းဘော်ဒါသို့ လိုက်လာပါသည်။ ကျောင်းသားတစ်ယောက်က ကျွန်တော့်အား ဧည့်သည်ရောက်နေကြောင်းလာပြော၍ အောက်ထပ်ဆင်းကြည့်ရာ အဖေဖြစ်နေပါသည်။ အဖေသည် လွယ်အိတ်တစ်လုံးတွင် အဝတ်အစားများထည့်၍ အညာစောင်တစ်ထည်ကို လွယ်အိတ်ပေါ်ဖြတ်တင်ပြီး ကြိုးတစ်ချောင်းဖြင့်စီး၍ထားပါသည်။ ကျွန်တော်က "အဖေဘယ်တုန်းကရောက်သလဲ။ ဘယ်မှာတည်းမှာလဲ" မေးရာ "မကြာသေးခင်ကရောက်တယ်။ တည်းမှာတော့ မင်းနဲ့အတူနေချင်တာ"ဟု ပြောပါတယ်။ ကျွန်တော်တို့ဘော်ဒါတွင် မိဘဆွေမျိုး မတည်းရပါ။ အဖေ့ကို အကျိုးအကြောင်းပြောပြရာ ဘော်ဒါအုပ်နှင့်စကားပြောလိုကြောင်း ပြောပါသည်။ ဘော်ဒါအုပ်နှင့်တွေ့ပေးရာ ဘော်ဒါအုပ်နှင့်စကားပြောပြီးနောက် ကျွန်တော်တို့ဘော်ဒါတွင်တည်းခွင့် ပေးလိုက်ပါသည်။

အဖေ ကျွန်တော်တို့ဘော်ဒါတွင် တစ်ညအိပ်ပြီး နောက်နေ့တွင် မြို့တွင်းမှ အသိအိမ်သို့ပြောင်းသွားပါသည်။ နှစ်ရက်သုံးရက်ကြာ ဘုရားဖူး၊ ဈေးဝယ်ပြီး နောက်တစ်နေ့ပြန်သွားပါသည်။ ကျွန်တော် မြို့မကျောင်းမှ ဗဟိုစံပြအထက်တန်းကျောင်းသို့ ပြောင်း၍ ပညာသင်ကြားနေစဉ်အတွင်း

www.foreverspace.com.mm

သီတင်းကျွတ်ကျောင်းပိတ်ရက်၊ နွေရာသီကျောင်းပိတ်ရက်များတွင် ရွာသို့ပြန်၍ မိဘများနှင့်အတူနေပါသည်။

ကျွန်တော် ၁၀ တန်းအောင်သောအခါ အဖေကမဝမ်းသာပြီး ကျောင်းဆရာလုပ်ဖို့ တစ်ခါပြောပြန်ပါသည်။ သို့သော် ကျွန်တော်တို့ စတိုင်ပင်စားကျောင်းသားများသည် အစိုးရထားသည့်အတိုင်း ပညာကို ဆက်လက်သင်ကြားရပါသည်။ ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝက ယခင်ထက် အသုံးစရိတ်များ များလာပါသည်။ ကျွန်တော့်အသုံးစရိတ်ကို အဖေလုံလောက်အောင် ဖြည့်ဆည်းမပေးနိုင်ပါ။ အစိုးရထံမှရသော စတိုင်ပင်များလည်း ကြန့်ကြာနေသည်ကများ၍ မကြာခဏ ထမင်းဖြတ်ခံရပါသည်။ ဤသို့အချိန်မျိုးတွင် ကျွန်တော့်တွင် ထမင်းစရိတ်သွင်းစရာမရှိ၍ အဖေ့ကို အထူးသတိရပါသည်။ စတိုင်ပင်ငွေများ စုပေါင်းထုတ်ပေးလိုက်သောအခါ ပေါပေါများများသုံးစွဲရပါသည်။

အဖေသည် ကျွန်တော် တက္ကသိုလ်တက်နေစဉ်အတွင်း မကြာခဏလာတွေ့ပါသည်။ တစ်နေ့တွင် အဖေက "လူလေး တက္ကသိုလ်မှာ မင်းနဲ့လာနေလို့ရမလား" မေးပါသည်။ "ဘယ်လောက်ကြာကြာနေမှာလဲအဖေ" ကျွန်တော်ကမေးတော့ "တစ်ပတ်ဆယ်ရက်လောက်ပေါ့ကွာ" ဟု ပြောပါသည်။ ကျွန်တော်က "အဲဒီလောက်တော့ရပါတယ်။ အဖေလာနေပါ" ပြောရပါသည်။ အဖေ ရွာသို့ပြန်သွားပြီး သုံးလေးလကြာသောအခါ အဝတ်အစား အပြည့်အစုံနှင့် ရောက်လာပြန်ပါသည်။ "လူလေး ဒီတစ်ခါတော့ မင်းနဲ့ တစ်ပတ်နေမယ်" ပြောပါသည်။ အဖေနှင့်ကျွန်တော် အတူတူအိပ်၊ အတူတူစားပြီး အဖေလိုအပ်သည်များ၊ အဖေသိချင်သည်များကို ဆောင်ရွက်ပေးပါသည်။ အဖေတက္ကသိုလ်နယ်မြေတွင် နေသည့်အချိန်တွင် အင်းလျားကန်ပတ်ဝန်းကျင်နှင့် လှည်းတန်းလမ်းဆုံရှိ စားသောက်ဆိုင်များကို အများဆုံးရောက်ရှိပါသည်။ ညနေပိုင်း အင်းလျားကန်ပတ်ဝန်းကျင်၌ လမ်းလျှောက်သောတစ်နေ့တွင် ကျောင်းသူကျောင်းသားစုံတွဲများ အင်းလျားကန်ကို မျက်နှာပြု သစ်ပင်ကိုမှီ၍ ချစ်တင်းစကား ပြောကြားနေသည်ကို အဖေတွေ့သွားပါသည်။ အဖေက "လူလေး အဲဒါ ဘာတွေလဲကွ" မေးပါသည်။ "အဲဒါ ချစ်သူစုံတွဲတွေပေါ့။ ကျောင်းအားလပ်ချိန်မှာ ချစ်သူသဘာဝ စကားလက်ဆုံပြောမကုန်ဖြစ်နေတာပေါ့" ကျွန်တော်ပြန်ပြောစကားကို အဖေတွေဝေ စဉ်းစားနေပြီး "သူတို့မိဘတွေ ဘယ်သိမလဲနော်" ဟု သူစဉ်းစားမိသည်ကို ပြောကြားပါသည်။

အဖေသည် အင်းလျားကန်စောင်းက မြင်ကွင်းတွေကို အတော်စဉ်းစားဟန်ရှိပါသည်။ သမီးမိန်းကလေးများ မွေးထားပြီး တက္ကသိုလ်ပညာသင်လွှတ်ရာတွင် မိန်းကလေးများနေထိုင်သွားလာမှု လွတ်လပ်လာပြီး အမိအဖများမသိဘဲ ဒုက္ခတစ်ခုခုနှင့်ရင်ဆိုင်ရမည့်အရေးကိုတွေးတော ပူပန်နေဟန်ရှိသည်။ နောက်ဆုံးတော့ အဖေ့ရင်တွင်းမှ ခံစားချက်ပွင့်ထွက်လာပါသည်။ "လူလေးရေ . . . မင်းတို့တက္ကသိုလ်ကလည်း မလွယ်ပါလား။ မိန်းကလေး၊ ယောကျ်ားလေး လွတ်လပ်လွန်းအားကြီးတယ်။ ငါ အဲဒါတွေ ကြားဖူးနားဝရှိတယ်။ ဒါကြောင့် မင်းအစ်မကို ကျောင်းမထားတာ" တဲ့။ အဖေက တောရွာတွင် မိရိုးဖလာသားသမီးများကို အုပ်ထိန်းလာသောစနစ်ကိုကိုင်စွဲထားခြင်း ဖြစ်ပါသည်။ တက္ကသိုလ်ကမြင်ကွင်းသည် အဖေ့အတွက် မျက်စိရှက်ဟန်တူပါသည်။

အဖေသည် တနင်္ဂနွေတစ်ပတ်တိတိနေပြီး ရွာသို့ပြန်သွားပါသည်။ ကျွန်တော် အဲဒီနှစ်စာမေးပွဲကျရှုံးပါသည်။ ဘဝတွင် တစ်ကြိမ်တစ်ခါမျှ စာမေးပွဲမကျရှုံးဖူး၍ မနေတတ်မထိုင်တတ်ဖြစ်နေပါသည်။ ကျွန်တော့်အခန်းဖော်က "နောက်တစ်ကြိမ် ပြန်ဖြေရဦးမှာပဲ။ သိပ်ပြီးစိတ်မပူပါနဲ့။ ငါလည်းကူညီပါ့မယ်" ပြောသော်လည်း သူကဝိဇ္ဇာ၊ ကျွန်တော်က Bio ဘယ်လိုမှ မဆက်စပ်။ ဒါကြောင့်စာမေးပွဲလည်းဖြေမည်။ အလုပ်လည်းရှာမည်ဟု စိတ်ကိုဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော်စာကျက်ရင်း အလုပ်ရှာနေပါသည်။ ဇွန်လစာမေးပွဲဖြေပြီးသောအခါ မီးရထားဌာနတွင် အလုပ် လျှောက်ထားရာ တစ်ပတ်အတွင်း အလုပ်ရပါသည်။ အလုပ်ရမှဖြစ်မယ်။ အဖေ့ကို သနားလှပြီ။ သတ္တမတန်းအောင်ကတည်းက ကျောင်းကထွက်ပါ၊ မူလတန်းဆရာလုပ်ပါ ပြောခဲ့သည်။ ၁၀ တန်းအောင်တော့လည်း "တော်ရောပေါ့ လူလေး၊ ရွာမှာဆရာလုပ်ပါ၊ ချက်ချင်းအလုပ်ရမယ်" ပြောပြန်သည်။ ကျွန်တော်ကမလျှော့ခဲ့ပါ။ အဖေက သားကိုချစ်လွန်း၍ ပညာတတ်စေချင်သည်။ သို့သော် တက္ကသိုလ်ရောက်တော့ အဖေက လုံးဝ စရိတ်မထောက်နိုင်တော့။ ဒါကိုမသိသောကျွန်တော်က ကျောင်းဆက်တက်ဖို့သာ လုံးပန်းနေခဲ့သည်။ ခုတော့ အဖေ့အတွက် ကျွန်တော့်ဆန္ဒတွေကို လျှော့ချလိုက်ပါသည်။ အလုပ်လုပ်တော့မည်။ အလုပ်လုပ်မှ ဖြစ်မည်။ ယခုတော့ ကျွန်တော် အလုပ်တစ်ခုရရှိပြီဖြစ်ကြောင်း အဖေ့ကို အကြောင်းကြားလိုက်ပါသည်။

ကျွန်တော့်ကို မီးရထားဌာနက ဖွင့်လှစ်ထားသော စစ်တောင်းတံတားတည်ဆောက်ရေးဌာနခွဲ၊ ကျောက်ညှပ်စခန်းသို့ ပို့လိုက်သည်။ ကျောက်ညှပ်စခန်း မီးရထားရုံးသည် စစ်တောင်း၊ မုပ္ပလင်မြို့များနှင့် ငါးမိုင်ခန့်ဝေးပါသည်။ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း တောထဲတွင်ဖြစ်ပါသည်။ ကျွန်တော်သွားရောက်အလုပ်လုပ်ရမည့်နေရာကိုသိသွားသော အဖေသည် စိတ်မကောင်းအလွန်ဖြစ်နေပါသည်။ ပညာတတ်ချင်လွန်းသောသားအတွက် ပညာဆုံးခန်းတိုင်အောင် သင်မပေးနိုင်ခြင်းကို စိတ်မကောင်းဖြစ်နေပါသည်။ သို့သော် အဖေ ဘယ်လိုမှ မတတ်နိုင်ပါ။ ကျွန်တော် ကျောက်ညှပ်စခန်းမီးရထားရုံးသို့ရောက်ပြီး မကြာမီ အဖေရောက်လာပါသည်။ သားရဲ့နေရေးထိုင်ရေး စားသောက်ရေးများကို ပူပန်နေ၍ လာသည်ဆိုပါသည်။ ကျွန်တော်ရောက်တော့ ကျွန်တော့်တွင် နေစရာအိမ်တစ်လုံး၊ ရေမီးအပြည့်အစုံ၊ ခိုင်းစေဖို့ လူတစ်ယောက်ရှိနေပြီမို့ အစစအဆင်ပြေနေ

www.foreverspace.com.mm

သည်တွေ့ရ၍ အဖေ စိတ်အေးသွားပါသည်။ ကျွန်တော်နှင့် တစ်ပတ်ခန့်နေပြီး အဖေပြန်သွားပါသည်။

အဖေရွာသို့ပြန်သွားပြီး ရပ်ရေးရွာရေးများကို ဦးဆောင်ဦးရွက်လုပ်နေပါသည်။ တစ်ရွာလုံးဆွေမျိုးတွေမို့ အဖေကိုအားကိုးပြီး ရပ်ရွာကာကွယ်ရေး၊ လူမှုရေးတို့တွင် ရှေ့တန်းတင်ထားပါသည်။ ဤတွင် အဖေ့ကိုဒုက္ခပေးမည့်ကိစ္စများ ပေါ်လာပါသည်။ နိုင်ငံရေးသည် ဖဆပလနှစ်ခြမ်းကွဲကာလ ဖြစ်ပါသည်။ သန့်ရှင်းနှင့် တည်မြဲ အပြိုင်ကြဲနေကြရာ ရွာသို့ တည်မြဲလာလိုက် သန့်ရှင်းလာလိုက်နှင့် ရွာသားများကို စည်းရုံးနေကြပါသည်။ အဖေကတော့ တည်မြဲလာလည်းထမင်းကျွေး၊ သန့်ရှင်းလာလည်းထမင်းကျွေးနှင့် နေတတ်အောင်နေနေရပါသည်။ သို့သော် နိုင်ငံရေးဇာတ်ရှုပ်သည် မအေးဆေးဘဲ ပူသထက်ပူလာပါသည်။ တစ်နေ့သောနေ့လယ်ခင်းတွင် စစ်သား ၁၀ ဦးခန့်ပါသော တပ်ဖွဲ့တစ်ဖွဲ့ ရွာသို့ရောက်လာပါသည်။ အဖေ့နာမည်ကိုမေးသည်။ အဖေသေချာပြီဆိုသောအခါ "အဝတ်တစ်စုံကိုယူပါ။ ကျုပ်တို့နောက်လိုက်ခဲ့ပါ" ဟုခေါ်၍ လိုက်သွားရပါသည်။ လာခေါ်သည့် တပ်ကြပ်ကြီးလက်ထဲတွင် သေနတ်တစ်လက်၊ ဝါးရင်းတုတ်တစ်ချောင်းပါလာသည်ကို အဖေသတိထားမိပါသည်။ ညနေစောင်းသောအခါ ကျွန်တော့်ရွာနှင့် သုံးမိုင်ခန့်ဝေးသောအလယ်ကုန်းရွာရှိ တပ်စခန်းသို့ ရောက်သွားပါသည်။ တပ်စခန်းတွင် အဖေကဲ့သို့ရွာသား ၁၀ ယောက်ခန့်ရောက်ရှိနေသည်ကို တွေ့ရပါသည်။ အဖေရောက်ပြီးမကြာမီ ရွာသားအားလုံးကိုထိုင်စေပြီး တာဝန်ရှိသူစစ်ဗိုလ်က "ခင်ဗျားတို့ကိုခေါ်တာ တခြားမဟုတ်ဘူး။ အခု တည်မြဲ သန့်ရှင်း မဲရွေးပွဲလုပ်တော့မယ်။ အဲဒီမဲရွေးပွဲမှာ ခင်ဗျားတို့ရွာကလူတွေ တည်မြဲမဲပုံးမှာ မဲထည့်လို့ပြောပေးရမယ်။ အဲဒီလိုမလုပ်ဖူးဆိုရင်၊ ဒီတုတ်ကိုကြည့်ပါ။ မသက်သာဘူးမှတ်ထား" ဟု ပြောဆိုပါသည်။ အဖေ့စိတ်ကမဟုတ်မခံတတ်သောစိတ်ဖြစ်ရာ မတ်တတ်ရပ်ပြီး "ဗိုလ်ကြီးခင်ဗျား–ကျွန်တော် ဗိုလ်ကြီးခိုင်းတဲ့အတိုင်း ရွာမှာ ပြောလိုက်ပါ့မယ်။ ဒါပေမဲ့ မဲရုံထဲမှာ သူတို့သဘောနဲ့သူတို့ထည့်သွားတာကိုတော့ ကျွန်တော် တာဝန်မယူနိုင်ဘူး" ဟု ပြန်ပြောပါသည်။ ဗိုလ်ကြီးက "ခင်ဗျား လျှာရှည်မနေနဲ့။ ခိုင်းတာလုပ်ပါ" ဟု ပြောလိုက်ပါသည်။ ညတွင် တပ်စခန်း၌ အိပ်ခိုင်းပြီး မိုးလင်းတော့ ပြန်လွှတ်လိုက်ပါသည်။ ရွာရောက်သော် ရွာသားများကိုဆင့်ခေါ်ပြီး သူ့ကိုစစ်တပ်က ဗိုလ်ကြီးဘယ်လိုမှာလိုက်သည်များကို ရွာသားများကို ပြောပြပါသည်။ မဲရွေးသောအခါ မဲအားလုံးသည် သန့်ရှင်းမဲများဖြစ်နေရာ တည်မြဲဗိုလ်ကြီးကိုကြောက်ပြီး ရွာမှထွက်ပြေး၍ စစ်တောင်းတံတားဆောက်လုပ်ရာ ကျောက်ညှပ်စခန်းသို့ ရောက်လာပါသည်။ ကျောက်ညှပ်စခန်းတွင် ကျွန်တော်နှင့်အတူနေ၍ ကြာလာသောအခါ ဝန်ထောက်၊ အရေးပိုင်၊ လမ်းဗိုလ်များနှင့် ရင်းနှီးခင်မင်သွားပါသည်။

တစ်နေ့သောအခါတွင် ကျွန်တော်တို့သားအဖနှစ်ယောက် စကားထိုင်ပြောနေကြပါသည်။ အဖေက "လူလေး အဖေ အလကားနေနေရတာ ဒီတံတားဆောက်လုပ်ရေးမှာ အလုပ်တစ်ခုလုပ်ရင်ကောင်းမယ်" ဟု ပြောပါသည်။ အဖေအလုပ်လုပ်ချင်သည်ပြောသောအချိန်တွင် ကျွန်တော်က ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်တွင် မန်နေဂျာ ဖြစ်နေပါသည်။ ကျွန်တော့်ဆိုင်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အိုးခွက်ပန်းကန်များပါ ရောင်းချနေရာ ဝန်ထမ်းငါးဦးနှင့် ကျွန်တော် လက်မလယ်အောင်ရောင်းနေသောအချိန် ဖြစ်ပါသည်။ အဖေက ကျွန်တော့်ဆိုင်တွင် ကုန်ချိန်စာရေးလုပ်ချင်ပါသည်။ သို့သော် ကျွန်တော်က အဖေ့ကိုအလုပ်မခန့်နိုင်ပါ။ သို့ဖြစ်၍ ကျွန်တော်နှင့်ရင်းနှီးသော လမ်းဗိုလ်တစ်ယောက်ကို အဖေ့ကို အလုပ်ခန့်ပေးဖို့ ပြောရပါသည်။ လမ်းဗိုလ်က "ကိုတင်မြင့်အဖေကို ဘာအလုပ်ပေးရမှာလဲ။ ကျွန်တော်ပေးနိုင်တာက အလုပ်ကြမ်း အလုပ်သမားပဲခန့်ပေးနိုင်တာ။ အလုပ်ကြမ်းဆိုတော့ မြေပေါက်၊ သံပေါင်တွေဆွဲ လုပ်ရမှာ ခင်ဗျားကိုအားနာတယ်" ဟု ပြောပါသည်။ ကျွန်တော်လည်း အဖေ အလုပ်ရအောင်ဆိုပြီး "အဖေ့ကို ဒရဝမ်ခန့်ဗျာ" ပြောရာ တစ်ရက်၊ နှစ်ရက်အကြာတွင် အဖေ့ကို ဒရဝမ်ခန့်လိုက်ပါသည်။ ကျွန်တော့်ကို ဒရဝမ်ကြီးသား ဆိုင်မန်နေဂျာဟု တံတားအလုပ်သမားတွေက သိကြပါသည်။ ကျွန်တော်ငယ်စဉ် အဖေအလုပ်ရှာတုန်းက ဒရဝမ်အလုပ်ရဖူးပါသည်။ ကျွန်တော့်မမကြီးက ရက်လှချည်ရဲ့ဆိုပြီး ငိုနေ၍ အဖေ ဒရဝမ်မလုပ်ရပါ။ ခုတော့ သားပညာတတ်ပြီး ဆိုင်မန်နေဂျာဖြစ်တော့မှ အဖေက သားအလုပ်ထဲတွင် ဒရဝမ်ဖြစ်နေရာ စိတ်အလွန်မကောင်း ဖြစ်နေရပါသည်။ သို့သော် အဖေက အလုပ်လိုချင်သည် သားနှင့်လည်း အတူနေချင်သည်ဖြစ်ရာ အဖေ့အရည်အချင်းနှင့် ဒီရာထူးပဲရနိုင်မည်ဆိုတာကို ကျွန်တော်သိပါသည်။

ကျွန်တော်က မန်နေဂျာရာထူးနှင့် ခန့်ခန့်ညားညားနေပြီး အဖေ ဒရဝမ်ဖြစ်နေသည်ကို စိတ်မကောင်းပါ။ တစ်လခန့်ကြာသောအခါ အရေးပိုင်ကိုပြောပြီး အဖေ့ကို ကျွန်တော့်ဆိုင်ခေါ်ထားပါသည်။ ကျွန်တော် ဆိုင်ဒရဝမ်လိုနေသည်ဟု အကြောင်းပြ၍ ခေါ်ထားခြင်းဖြစ်ပါသည်။ ကျွန်တော့်ဆိုင်ရောက်သောအခါ "အဖေနေချင်သလိုနေပါ၊ အဖေ့ကို ကျွန်တော် နားနားနေနေ နေစေချင်လို့ခေါ်ထားတာ" ပြောသော်လည်း အဖေက မနားပါ။ ချိန်ခွင်ချိန်သည်။ ဆန် ချင်သည်။ ဆိုင်၏တောက်တိုမယ်ရအားလုံး လုပ်ပေးပါသည်။ အဖေကျွန်တော့်အနားတွင်နေသောအခါ ကျွန်တော်လည်း စိတ်ချမ်းသာသွားပါသည်။ အဖေကျွန်တော့်ထံတွင် တစ်နှစ်ကျော်ခန့် အလုပ်လုပ်ပြီးသောအခါ ရွာတွင်အေးချမ်းပြီဖြစ်၍ ရွာသို့ပြန်သွားပါသည်။

(ရှေ့လဆက်ပါမည်)

**မောင်မောင်တင်**

■

www.foreverspace.com.mm

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၃)

## KNIL မှသည် PETA ဆီသို့

တင်ညွန့်




ကျွန်တော် မမျှော်လင့်ဘဲ KNIL (Royal Netherlands Indies Army) စစ်တပ်အတွင်းသို့ ဝင်ခွင့်ရခဲ့သည်။ တပ်ထဲဝင်ခွင့်ရရန် လျှောက်ထားသည့်အတွက် ဝင်ခွင့်ရခဲ့သော်လည်း ဝမ်းသာခြင်းတော့မဖြစ်ခဲ့။ သို့ဖြစ်ရာ ဝင်ခွင့်ရပြီးမှ အကြောင်းပြန်ရန် အချိန်အတော်လေးကြာသွားခဲ့ရသည်။ အကြောင်းပြန်ပြီးနောက် ဝင်ခွင့်စာမေးပွဲဖြေရသည်။ စာမေးပွဲအောင်သဖြင့် တပ်ထဲဝင်ခွင့်ရခဲ့သည်။

ကျွန်တော် ရွေးချယ်ခွင့်နှစ်ခုရခဲ့သည်။ တပ်ထဲသို့ အမြဲတမ်းလား၊ ယာယီလားဟူသည့်ရွေးချယ်ခွင့်ဖြစ်သည်။ အမြဲတမ်းစစ်မှုထမ်းခြင်းကို (Langverband) ဟုခေါ်ပြီး ယာယီစစ်မှုထမ်းခြင်းကို (Kortverband) ဟု ခေါ်ကြသည်။ ယာယီစစ်မှုထမ်းခြင်းအတွက် တပ်သားသစ်စုဆောင်းခြင်းကို Gombong တွင်ပြုလုပ်သည်။ တာဝန်ထမ်းဆောင်ချိန် သုံးနှစ်တာကာလတွင် ပုံမှန်စစ်မှုထမ်းခြင်းနှင့် ကွာခြားခြင်းမရှိပေ။ ပင်စင်ပေးမှုလောက်သာ ကွာခြားသည်။ စစ်မှုထမ်းရန်လိုအပ်သည့်ပညာအရည်အချင်းမှာ အနိမ့်ဆုံးမူလတန်းအဆင့်အောင်ပြီးဖြစ်ရမည်။ အမြဲတမ်းစစ်မှုထမ်းရန်အတွက် တပ်သားသစ်စုဆောင်းရာတွင် အနိမ့်ဆုံးပညာအရည်အ

www.foreverspace.com.mm

ချင်းမှာ မူလတန်းတွင် အနည်းဆုံး သုံးနှစ်နေခဲ့ရမည်ဖြစ်သည်။ သို့သော် ကျောင်းမနေခဲ့ဖူးသူ ယောကျ်ားလေးများကိုလည်း လက်ခံသည်။ အမြဲတမ်းစစ်မှုထမ်းရန်ဝင်လာသူများကို Purworedjo စစ်သင်တန်းကျောင်းတွင် သင်တန်းပေးသည်။

Gombong တွင် သင်တန်းတက်ပြီးနောက် အရည်အချင်းပြည့်မီသူများကို တပ်ကြပ်ရာထူးတိုးပေးပြီး အထူးကေဒါကျောင်းသို့ တက်ခွင့်ပြုသည်။ အမြဲတမ်းစစ်မှုထမ်းသူများ သင်တန်းဆင်းလျှင် တပ်ရင်းသို့ပို့သည်။ လုပ်သက် ဆယ်နှစ်ပြည့်လျှင် တပ်ကြပ်ရာထူးအတွက်စဉ်းစားသည်။ တပ်ကြပ်ဖြစ်လျှင် တပ်ရင်းတွင် အမှုထမ်းနိုင်ပြီး ငါးနှစ်ကြာလျှင် တပ်ကြပ်ကြီးရာထူးသို့တိုးပေးသည်။

ကျွန်တော်က Gombong ရှိ ယာယီစစ်မှုထမ်းဌာနတွင် စာရင်းပေးလိုက်သည်။ ကျွန်တော်တို့ မနက်ခင်းမှ ညတိုင်အောင် စစ်ရေးလေ့ကျင့်ကြရသည်။ ကျောင်းတွင် ကြုံတွေ့ခဲ့ရသည်နှင့် စစ်သင်တန်းကျောင်းတွင် လုံးဝခြားနားသည်။ ကျွန်တော် ကျေးရွာဘဏ်တွင် လက်ထောက်စာရေးလုပ်ခဲ့စဉ်ကနှင့်လည်းတခြားစီဖြစ်သည်။ သို့သော် ကျွန်တော်ကတော့ စစ်သင်တန်းအတွေ့အကြုံကို သဘောကျနေသည်။ ယခုမှ ထိုက်ထိုက်တန်တန် တိုင်းပြည်တာဝန်ထမ်းရခြင်း ဖြစ်သည်။

သင်တန်းတွင် ကျွန်တော့်အတန်း၌ ပထမရခဲ့သည်။ Malang ခရိုင်အနီး Rampal မြို့ရှိ အမှတ် ၁၃ တပ်ရင်းတွင် ဒုတပ်ကြပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ လူတွေထင်ကြသလို Surabaya တပ်ရင်းတွင် ကျွန်တော် သင်တန်းမတက်ခဲ့ပါ။ Gresik တွင် ကမ်းခြေစောင့်အဖြစ် နှစ်ပတ်ခန့်တာဝန်ပေးအပ်ခြင်းခံရပြီး ငှက်ဖျားမိတော့သည်။

Malang တွင် ကျွန်တော် ငှက်ဖျားမကြာမကြာပြန်ထသည်။ မေ့လဲသည်အထိ ခံစားရပြီး ဆေးရုံသို့ ရက်သတ္တပေါင်းများစွာ တက်လိုက်ရသည်။ ဆေးရုံမှဆင်းခွင့်ရသည့်အခါတွင် Gombong သင်တန်းကျောင်း၌ တပ်ကြပ်ကြီးရာထူးသို့တိုးပေးခြင်းခံရသည်။

Malang တွင် ကျွန်တော်တို့က adik (ညီငယ်) ဟုခေါ်သည့် တစ်ဝမ်းကွဲညီ ဆူလာဒီ စိုက်ပျိုးရေးကောလိပ်သို့ လာတက်သည်။ ကျွန်တော်ခွင့်ရတိုင်း သူနှင့်သွားတွေ့လေ့ရှိသည်။ ကျွန်တော်တို့ လျှောက်သွားကြ၊ ရုပ်ရှင်ကြည့်ကြသည်။ ထိုအချိန်က ဖျော်ဖြေရေးအနေဖြင့် ရုပ်ရှင်တစ်ခုတည်းသာ ရှိသည်။

ကျွန်တော် KNIL တွင် အမှုထမ်းသည့်အခါ အခင်မင်ရဆုံးမိတ်ဆွေမှာ အာမက်ဆူဒိုနိုဖြစ်သည်။ ကျွန်တော်တို့ အိပ်စင်တစ်ခုတည်းတွင်အိပ်ခဲ့သည်။ ကျွန်တော်က အောက်ဆင့်တွင်အိပ်ရသဖြင့် သူက စိတ်မကောင်းမဖြစ်။ ကျွန်တော် ဝတ်တက်ချိန်လွယ်ကူရန် သူက သဘောတူထားခြင်းဖြစ်သည်။



www.foreverspace.com.mm




အခြားမိတ်ဆွေများကိုလည်း သတိရသေးသည်။ ခိုဆာရီက ရဲတပ်ဖွဲ့အတွင်း ဝင်သွားပြီး ဆူပိုတိုကတော့ ကွယ်လွန်သွားပြီဖြစ်သည်။ ကျွန်တော့်ကျောင်းနေဘက်သူငယ်ချင်း ယာရီဆူဝမ်ဒိုကတော့ Kelapa Gading တွင်နေသည်။ သူလေတပ်မှ ပင်စင်ယူပြီးနောက် Bermis အိမ်ရာတွင် အခန်းတစ်ခန်းပေးလိုက်သေးသည်။ သူလည်း မကြာမီကွယ်လွန်သွားသည်။

ဒတ်ချ်အရာရှိများတွင် ကျွန်တော့်တပ်၏တပ်မှူး ဗိုလ်ကြီးဒရိုင်းဘားကို အမှတ်ရနေသည်။ သူဟော်လန်တွင် အသက်ရှင်လျက်ရှိဦးမည်ထင်သည်။ ကျွန်တော့်တပ်စုမှူး ဗိုလ်ဟိုင်းန်မင်းဆိုသူလည်း ရှိသေးသည်။

ဗိုလ်ကြီးဒရိုင်းဘားသည် တစ်ချိန်က ကျွန်တော့်ထံစာရေးဖူးသည်။ ယခုအင်ဒိုနီးရှားနိုင်ငံတွင် သမ္မတဖြစ်နေသည့် ဆူဟာတိုသည် သူ့လက်အောက်တပ်ထဲမှ ဆူဟာတိုဟုတ်မဟုတ် စုံစမ်းမေးမြန်းခြင်းဖြစ်သည်။ ကျွန်တော်က ဝန်ထမ်းများကို ဟုတ်မှန်ကြောင်းစာပြန်ရန် ပြောခဲ့သည်။ ကျွန်တော့်ပြန်စာကို သူရ မရတော့ မသိပေ။ တပ်စိတ်မှူးဂျန်ဆင်းဆိုသူလည်းရှိသေးသည်။ သူဘာဖြစ်နေမှန်းတော့မသိ။

ကျွန်တော် တပ်ကြပ်သင်တန်းကျောင်းတက်နေချိန်တွင် ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားခဲ့သည်။ အကယ်၍ စစ်မဖြစ်လျှင်လည်း ကျွန်တော့်တပ်ရင်းသို့ ပြန်ရမည်သာ ဖြစ်သည်။ Gombong သင်တန်းကျောင်းမှဆင်းပြီးနောက် ကျွန်တော့်ကို တပ်ကြပ်ကြီးရာထူးတိုးပေးလိုက်သည်။ ချက်ချင်း Bandung သို့ပြောင်းရွှေ့လိုက်ပြီး စစ်ရုံးချုပ်အရန်တပ်တွင် သတင်းပို့ပြီးနောက် Cisarua တွင် တာဝန်ချထားခြင်းခံရသည်။ တစ်ပတ်သာကြာလိုက်သည် ဗိုလ်မှူးတစ်ဦးက နေရာပြောင်းပေးလိုက်ပြန်သည်။

၁၉၄၁ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဒတ်ချ်တွေ လက်နက်ချလိုက်ရသည်။ ဂျပန်တွေက နိုင်ငံကို ထိန်းသိမ်းလိုက်သည်။ ကျွန်တော် ဘာဖြစ်လာမည်ကို စောင့်ကြည့်ရုံသာရှိတော့သည်။ ကျွန်တော် အဖမ်းခံရမည့်အချိန်ကိုစောင့်ရင်း လုံဒိုဖဲကစားနေမိသည်။ ထိုစဉ်က ကျွန်တော့်အိတ်ထဲတွင် တစ်ဂီလ်ဒါ (Guilder) သာရှိသည်။ ကစားရင်း ၅၀ လောက်ဖြစ်လာသည်။ ကျွန်တော်က ထိုငွေကို ညီဖြစ်သူ အာမက်ဆူဒိုနိုနှင့် ရွာသို့ပြန်ပို့ပေးလိုက်သည်။

ကျွန်တော်တို့ ဂျပန့်အထိန်းအသိမ်း မခံလိုကြပေ။ သို့ဖြစ်ရာ ပထမဦးဆုံး Cimahi သို့သွားကြသည်။ သာမန်အဝတ်အစားတွေဝယ်ဝတ်ပြီးနောက် ယိုဂျာကာတာသို့ တိုက်ရိုက်ဦးတည်ကာ မီးရထားဖြင့်ထွက်ခဲ့ကြသည်။ Tagu ဘူတာသို့အရောက်တွင် ကြေညာချက်တစ်ခုကို ကြားလိုက်ရသည်။ အစိုးရအမှုထမ်းတွေအားလုံး Jetis ရှိ ရုံးတစ်ရုံးတွင် သတင်းပို့ရမည်ဆိုသည့်ကြေညာချက် ဖြစ်သည်။

ကျွန်တော်တို့ ဘူတာထဲမှမထွက်ခွာရန် ဆုံးဖြတ်လိုက်ကြသည်။ ကျွန်တော်တို့ ဂျပန့်လက်ထဲသို့ အရောက်မခံဆိုသည့်စိတ်ဓာတ်နှင့်ဖြစ်သည်။ နည်းလမ်းရှာကြရာ

www.foreverspace.com.mm

တွင် မီးရထားဖြင့် Sleman သို့ ပြန်သွားပြီး အာမက်ဆူဒိုနိုအိမ်သို့ သွားကြရန်ဖြစ်သည်။ ထိုအိမ်တွင် တစ်ညသာတည်းခိုခဲ့ပြီးနောက် တစ်နေ့နံနက်တွင် ကျွန်တော်က ဘတ်စ်ကားဖြင့် Wonogiri သို့သွားကာ၊ ထိုမှတစ်ဆင့် Wuryantoro သို့ ခရီးဆက်ခဲ့သည်။

ကံမကောင်းဟုဆိုရမည် Wuryantoro တွင် ငှက်ဖျားပြန်ထသည်။ နောက်ဆုံး ၆ လအကြာမှပြန်ဖျားခြင်းဖြစ်သည်။ Gombong တွင်တစ်ကြိမ်မျှ ပြန်မဖျားခဲ့။ Wuryantoro သို့ရောက်မှ ငှက်ဖျားပြန်ထခြင်း ဖြစ်သည်။

ထိုအချိန်တွင် ဂျပန်တွေက လုံခြုံရေးတပ်တွေကိုဖွဲ့စည်းနေသည်။ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများတွင် Keibodan နှင့် Seinendan ဟူ၍ တပ်များဖွဲ့ကြသည်။ အမျိုးသမီးများကို Fujin Kai ဆိုသည့်အဖွဲ့သို့ဝင်ရန် အတင်းအကျပ် တွန်းအားအပေးခံကြရသည်။ ဒေသဆိုင်ရာအစိုးရဌာနများတွင် ရာထူးခန့်ခြင်းမှာ အစဉ်အလာပုံစံများအတိုင်းမဟုတ်တော့။ Bupati ဟုခေါ်သည့် ကျေးရွာခေါင်းဆောင် (ဂျပန်ခေတ်အခေါ် Kenco) ရာထူးသည် ဒတ်ချ်တို့အုပ်စိုးစဉ်ကာလတွင် အဆင့်အတန်းသတ်မှတ်ချက်မရှိပေ။ မကြာမီ Romusha တပ်များဖွဲ့ကာ မော်တော်ယာဉ်များဖြင့် ချွေးတပ်လိုက်ဆွဲတော့သည်။ မယုံကြည်နိုင်လောက်အောင်ပင် Romusha ချွေးတပ်သို့ ဝင်ကြသည်။ ပထမဦးဆုံးသူတို့ကို ဂျာဗားကျွန်းသို့ပို့ကာ နေရာအတော်များများတွင် ဆည်ရေကာတာများဆောက်ခိုင်းခဲ့သည်။ သို့သော် နောက်ပိုင်းတွင် သူတို့ကို မြန်မာပြည်ဘက်သို့ပို့ပြီး လမ်းတွေဖောက်ခိုင်းခြင်း၊ ဂျပန်တပ်အတွက် စစ်စခန်းများဆောက်ခိုင်းခြင်းတို့ကို ပြုလုပ်စေသည်။

အနီနှင့်အဖြူရောင် အင်ဒိုနီးရှားအလံကို ပထမပိုင်းတွင် ချွေးတပ်၌ လွှင့်ထူခွင့်ပြုသော်လည်း နောက်ပိုင်းတွင် ဂျပန်အလံ (Hinomaru) ကိုသာ လွှင့်ထူခွင့်ပြုခဲ့သည်။ အလံသာမကနောက်ပိုင်းတွင် နိုင်ငံတော်သီချင်း (Indonesia Raya) ကိုပါ သီဆိုခွင့်ပိတ်ပင်ကာ ဂျပန်သီချင်း (Kimigayo) ကိုသာ သီဆိုခွင့်ပြုခဲ့သည်။

ထိုစဉ် အစားအစာနှင့် အဝတ်အထည်များ ရှားပါးလာသည်။ ပြည်သူတွေကို သစ်ပင်တွေပေါ်မှ ခရု၊ ပတ်ကျိများကို စားရကြောင်း ပြောသံတွေကြားနေရသည်။ ချည်ထည်အဝတ်အစားတွေပျောက်သလောက်ဖြစ်သွားပြီး လူတွေလုံချည်ကိုပင် မဝတ်နိုင်ကြတော့။ အနံ့ဆိုးလှသည့် ဆေးဆိုးရော်ဘာ ပြားများကိုပတ်ကြရသည်။

ဆင်းရဲဒုက္ခကြုံတွေ့နေရသော်လည်း ကျွန်တော့်ကျန်းမာရေးက တဖြည်းဖြည်း ပြန်ကောင်းလာသည်။ သို့သော် ရွာတွင်ဆက်နေပြီး လယ်သမားဘဝဖြင့် ရပ်တည်ရန်မဖြစ်နိုင်တော့။ လူတွေအသက်ရှင်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်နေရချိန်တွင် ကျွန်တော့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု မဖြစ်စေလို။ စစ်ပြီးတော့လည်း လယ်ယာမြေတွေက ကျတ်တီးမြေတွေဖြစ်ပြီး ချက်ချင်းစိုက်ပျိုးရန် မဖြစ်နိုင်ပေ။ ကျွန်တော် မြို့တက်ပြီး အလုပ်ရှာရန်စဉ်းစားရသည်။

Yongya မှထွက်ခွာရန်မှာ ကံတရားအတိုင်းပင်။ အလုပ်မဲ့အကိုင်မဲ့ဘဝ မည်မျှပျင်းစရာကောင်းသည်ကို ကြုံခဲ့ရပြီးပြီ။ သို့ဖြစ်ရာ Patuk တွင် လက်နှိပ်စက်သွားသင်သည်။ ထိုသင်တန်းက ရဲစခန်းနှင့် မျက်နှာချင်းဆိုင်တွင်ဖြစ်သည်။ ကျွန်တော်က အပျင်းပြေသဘောဖြင့် သွားသင်မိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် နောက်တစ်ကြိမ်ပြန်ဖျားပြန်သည်။ ကျွန်တော့်ဘဝအတွက် အရေးကြီးသည့်အချိန်ဖြစ်သည်။ စိတ်ရှည်သည်းခံပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်တတ်မှုများ အတော်လေးရလာသည်။

တစ်နေ့ ရဲစခန်းမှ ကြေညာချက်တစ်ခု သွားဖတ်မိသည်။ ရဲတပ်ဖွဲ့ (Keibuho) မှ ရဲတပ်သားသစ်များ အလိုရှိသည်ဆိုသည့် ကြေညာချက်ဖြစ်သည်။ ကျွန်တော် အတော်လေးချီတုံချတုံဖြစ်နေမိသေးသည်။ ဂျပန်တွေအပေါ် ကျွန်တော်အပြည့်အဝ ယုံသင့်မယုံသင့် စဉ်းစားနေခြင်းဖြစ်သည်။ ဖြစ်လာသမျှရင်ဆိုင်ပြီး ရဲတပ်ဖွဲ့ထဲဝင်ရန် ဆုံးဖြတ်လိုက်သည်။

ပထမဦးဆုံး ဆေးစစ်ခံရသည်။ ကံအားလျော်စွာ ငှက်ဖျားကိုမစမ်းမိသဖြင့် ရဲသင်တန်း သုံးလတက်ခွင့်ရသွားသည်။ အခက်အခဲသိပ်မရှိပါ။ စစ်ရေးပြရန်အတွက် ချီတက်လမ်းလျှောက်လောက်သာ အဓိကထားလုပ်နေရသောကြောင့် ဖြစ်သည်။ ကျွန်တော့်အဖို့ ထိုသင်တန်းလောက်မှာ တပ်ကြပ်သင်တန်းကတည်းက အတွေ့အကြုံတွေရခဲ့ပြီးဖြစ်သည်။ အဆင့်မြင့်အမှတ်ကောင်း ကောင်းဖြင့်အောင်မြင်ခဲ့ပါသည်။ ကျွန်တော် ရဲသင်တန်းတွင် အဆင့်တစ်ဖြစ်သဖြင့် ဆက်သားအလုပ်နှင့် ဂျပန်စာသင်ကြားခွင့်ရရှိခဲ့သည်။

မကြာမီ ဂျပန်ရဲအုပ်က ကျွန်တော့်ကို သတိထားမိသွားပြီး PETA တပ်ဖွဲ့သို့ဝင်ရန် တိုက်တွန်းခဲ့သည်။ PETA တပ်ဖွဲ့သည် အမိနိုင်ငံကိုကာကွယ်ရန် အသစ်ဖွဲ့စည်းထားသည်တပ်ဖွဲ့ဖြစ်သည်။ ကျွန်တော် PETA တပ်သို့ဝင်လိုက်သော်လည်း KNIL တွင် စစ်မှုထမ်းခဲ့ဖူးကြောင်း ဖုံးကွယ်ထားခဲ့သည်။ ဂျပန်တွေ အဖြစ်မှန်ကိုသိသွားပြီး အဖမ်းမခံရရန် ကျွန်တော် အတော်လေးသတိထားနေရသည်။ အကယ်၍ ကျွန်တော့်ကို KNIL တပ်ဖွဲ့တွင် အမှုထမ်းခဲ့ကြောင်းသာသိသွားလျှင် ချွေးတပ်စခန်းသို့အပို့ခံရမည်မှာသေချာသည်။ ကျွန်တော် Shodancho သို့မဟုတ် တပ်စုမှူးသင်တန်းသို့တက်ခွင့်ရခဲ့သည်။

Yongya တွင် လျှောက်ထားသူအတော်များများထဲမှ ကျွန်တော်တစ်ယောက်တည်းသာ ရဲအနေဖြင့်အောင်မြင်ခဲ့သည်။ ကျွန်တော့်တွင် စစ်ရေးအခြေခံရှိခဲ့ပြီး သူတို့စစ်ဆေးမှုတွေက ကျွန်တော့်အတွက် အခက်အခဲမရှိသောကြောင့်ဖြစ်သည်။

Yongya ရှိမိတ်ဆွေများထဲတွင် ထိုစဉ်က ပရာနိုတိုဝီဂျိုနိုလည်းပါသည်။ ခုတော့ သူလည်းအငြိမ်းစားယူသွားခဲ့ပြီ။ အခြားမိတ်ဆွေတစ်ဦးဖြစ်သည့် ဆူပီယိုသည် Bogor ရှိသင်တန်းကျောင်း (Kyoikutai) တွင် ခင်မင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ ဘားတိုက်တစ်တိုက်တည်းတွင် အတူနေခဲ့ရပြီး အရင်းနှီးဆုံးမိတ်ဆွေတွေ ဖြစ်ခဲ့ရ

www.foreverspace.com.mm

သည်။ လေ့ကျင့်ခန်းများပြီးလျှင် တစ်ယောက်အဝတ် တစ်ယောက်လျှော်၊ တစ်ယောက်သေနတ် တစ်ယောက်တိုက်လုပ်ပေးကြသည်။ ထမင်း၊ ဂျုံ၊ အာလူး၊ ပဲတို့နှင့်ပြုလုပ်ထားသည့် ဂျပန်မုန့်မိုချီကို အမြန်ဆုံးတန်းစီနိုင်မှ စားကြရသဖြင့် စားသောက်ရုံတွင်တန်းစီလျှင်လည်း အတူတူစီကြသည်။

PETA တွင်သင်တန်းတက်စဉ် မျိုးချစ်စိတ်နှင့်၊ နိုင်ငံချစ်စိတ်များကို ဂျပန်များတွင်တွေ့မြင်ရခြင်းက အတော်လေးစိတ်ခံစားမှုကို ဖြစ်စေသည်။ အမိမြေကိုကာကွယ်သူများ၊ အပျော်တမ်းတပ်ဖွဲ့ဆိုသည့် စကားလုံးများသည် ထိုစဉ်က အတော်လေးလူကြိုက်များသည့်စကားလုံးများဖြစ်ခဲ့ရသည်။ ဂျပန်တွေက ထိုတပ်ဖွဲ့များကို ဂျူဂန်းဟု ခေါ်ကြသည်။

Kyoikutai သင်တန်းကျောင်းဝင်ရန် အထက်တန်းအဆင့် ပညာအရည်အချင်း ရှိရသည်။ သင်တန်းသားများတွင်ဘာသာရေးခေါင်းဆောင်များ၊ ဆရာများ၊ ယခင်အစိုးရဝန်ထမ်းဟောင်းများ ပါလာသည်။ တပ်စုမှူး သင်တန်း (Shodancho) က လေးလတက်ရသည်။ အတော်လေးခက်ခဲသည့်သင်တန်းဖြစ်ပြီး တပ်ခွဲမှူးသင်တန်း (Chudancho) နှင့် တပ်ရင်းမှူးသင်တန်း (Daidancho) တို့ကတော့ ပိုပြီးလွယ်သည်။

PETA သင်တန်းသည် ကျွန်တော်တို့ကို ဂျပန်တပ် (Rikiugun) တွင် စစ်မှုထမ်းရန်အတွက် လေ့ကျင့်သင်တန်းပေးနေခြင်း ဖြစ်သည်။ Shodancho သင်တန်းသည် တပ်စုအလိုက် စစ်နည်းဗျူဟာများကို အချိန်တိုအတွင်း ကျွမ်းကျင်ရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သဖြင့် အတော်လေးခက်ခဲသည့်သင်တန်းဟုဆိုရမည်။ ကျွန်တော့်အဖို့ကတော့ စစ်တပ်အတွေ့အကြုံရှိပြီးဖြစ်သဖြင့် ကံကောင်းသည်ဟု ဆိုရမည်။ ဂျပန်တွေက ကျွန်တော်တို့ကို ရိုင်းစိုင်းစွာဆက်ဆံနေကြသော်လည်း ကျွန်တော်တို့၏သစ္စာရှိမှုကိုစမ်းသပ်နေသည်ဟု သဘောပိုက်ထားသည်။

တစ်ကြိမ်တွင် ပင်ပန်းသည့် လေ့ကျင့်ခန်းများလုပ်အပြီး Goodyear ရော်ဘာစက်ရုံနောက်ဘက်ရှိ မြစ်ထဲမှ ညစ်ပတ်သည့်ရေများကို အတင်းသောက်ခိုင်းသည်။ နောက်တစ်ကြိမ်တွင်လည်း တပ်သားသစ်တစ်ယောက်သည် သူ့ဟန်ချီဦးထုတ်ကို လွှင့်ပစ်လိုက်မိသဖြင့် ကျွန်တော်တို့ နာရီပေါင်းများစွာ ဒူးထောက်အပြစ်ပေးခံကြရသည်။

ဂျပန်တွေက ဖိနှိပ်နေသည့်ကြားမှပင် ကျွန်တော်တို့က ဗြိတိန်နှင့်အမေရိကန်တို့ကို မုန်းတီးစိတ်တွေ အဆက်မပြတ်ဝင်ကာ “အာရှသည် အာရှသားများအတွက်သာဖြစ်ရမည်” ဆိုသည့်စိတ်တွေ တဖွားဖွားဝင်နေမိသည်။ သို့သော် လက်တွေ့တွင် “အာရှသည် ဂျပန်တွေအတွက်” ဖြစ်နေသည်။

သူတို့ကလည်း ဝါဒဖြန့်ချိရေးလက်



www.foreverspace.com.mm

နက်ကိုကိုင်ဆွဲပြီး "အာရှသည် အာရှသားအတွက်" ကြွေးကြော်သံကို မည်မျှပင် အမွှမ်းတင်အော်ခိုင်းနေသည်ဆိုစေ ကျွန်တော်တို့အပေါ်ဖိနှိပ်မှုတွေက တစ်နေ့တခြား တိုးတက်များပြားလာသည်။ အင်ဒိုနီးရှားလူငယ်တွေကလည်း အမိနိုင်ငံတော်ကာကွယ်လိုစိတ်များ နိုးကြားလာကြသည်။ သို့ဖြစ်ရာ အချင်းချင်း ပိုပြီးသွေးစည်းညီညွတ်လာသကဲ့သို့ PETA တပ်နှင့်ပြည်သူများအကြား၊ အခြားတပ်ဖွဲ့များအကြားပိုပြီးစည်းလုံးလာကြသည်။ ကျွန်တော်တို့ဂျပန့်စိတ်ဓာတ်နှင့်အကျင့်များကို အတော်လေးသိလာလေ သူတို့နှင့်ပဋိပက္ခ တွေဖြစ်လာသည်။ ကျွန်တော်တို့အထဲမှ တစ်ယောက်ဆိုလျှင် ဂျပန့်မျက်နှာကိုလက်သီးနှင့်ထိုးဝံ့သည်အထိ မခံမရပ်နိုင်မှုများ ပွင့်ထွက်လာခဲ့ရသည်။

PETA တပ်ကိုဖွဲ့စည်းအပြီးတွင် အမိန့် တွေထပ်ထုတ်လာသည်။ PETA တပ်ဖွဲ့ဝင်တပ်သားများသည် တစ်နေရာမှ အခြားတစ်နေရာသို့ပြောင်းရွှေ့အမှုထမ်းရလျှင် တစ်ဦးတည်းသာသွားရမည်ဆိုသည့် အမိန့်ဖြစ်သည်။ Shodancho သင်တန်းကျောင်းမှဆင်းပြီးနောက် ကျွန်တော့်ကို ယိုဂျာကာတာသို့ပြန်ပို့ပြီး Wates တပ်ရင်းတွင် အမှုထမ်းစေသည်။

Pranoto တွင်အမှုထမ်းနေစဉ်နောက်ထပ် Bogor ရှိ Chudancho သင်တန်းတက်ရန် ကျွန်တော့်ကိုရွေးပြန်သည်။ ၁၉၄၄ ခုနှစ်တွင် စစ်ရေးမဟာဗျူဟာနှင့် နည်းဗျူဟာသင်တန်းများကို ကျွန်တော်တို့တက်ရောက်ခွင့်ရခဲ့ကြသည်။ Bogor တွင် ကျွန်တော် ရှိဒန်ချိုဆင်းဂီနှင့် ဆုံတွေ့ခဲ့ရသည်။ Chudancho သင်တန်းပြီးဆုံးသည့်အခါတွင် Seibu သို့ သွားရောက်အမှုထမ်းရသည်။ ထိုမြို့တွင် ကျွန်တော် ဆူလာဒီနှင့် ထပ်တွေ့ဆုံခဲ့ရသည်။ ကျွန်တော့်ညီက အိမ်ထောင်ကျပြီး စိုက်ပျိုးရေးဌာနတွင်ဝင်ရောက်အမှုထမ်းနေသည်။

Chudancho သင်တန်းကျောင်းသို့ မသွားမီ ကျွန်တော့်ကို ယိုဂျာကာတာ



တောင်ဘက်ကမ်းခြေတွင် ကာကွယ်ရေးခေါင်းဆောင်အဖြစ်ခန့်ခဲ့သေးသည်။ ပြီးနောက် Solo ၊ Solo မှ Madiun သို့ပြောင်းခဲ့ရသည်။ အပြောင်းအရွှေ့များသဖြင့် ဒေသအကြောင်းလည်း အတော်လေးသိလာခဲ့သည်။

PETA ဌာနချုပ်ရှိ သင်တန်းကျောင်းတွင် ကျွန်တော့်ကို သင်တန်းကြီးကြပ်ရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် ဂျာကာတာရှိ Jaga Monyet စခန်းသို့ပြောင်းရွှေ့ရပြန်သည်။ နည်းပညာသင်တန်းကျောင်းရှိကျောင်းသားများကို အင်ဂျင်နီယာတပ်အဖြစ် ဖွဲ့စည်းရန်အတွက် လေ့ကျင့်ပေးရန် ဖြစ်သည်။ ထိုသင်တန်းကျောင်းတွင် ဆင်းဂီနှင့် ထပ်တွေ့ပြန်သည်။

ကျောင်းသားများကိုသင်တန်းပေးအပြီးတွင် PETA ဌာနချုပ်သို့ပြန်လာရသည်။ Solo မှ Madiun သို့ထပ်ပြောင်းရပြန်သည်။ PETA တွင်ကြုံတွေ့ခဲ့ရသမျှ ဂျပန်အရာရှိအချို့၏ ရိုင်းစိုင်းမှုများသည် သည်းခံခွင့်လွှတ်ရန်မှတစ်ပါး အခြားမရှိသော်လည်း ကျွန်တော့်စိတ်ထဲတွင် ပြန်လည်တိုက်ခိုက်လိုစိတ်များကတော့ တလိမ့်လိမ့်တက်လာသည်။

Blitar တွင်ရှိသည့် PETA တပ်တစ်တပ်ပုန်ကန်မှုကိုစတင်ခဲ့သည်။ ဂျပန်တို့က ထိုတော်လှန်မှုအပြီးတွင် PETA တပ်တွင်းရှိ အရာရှိများကို နေရာအသီးသီးသို့ ပြောင်းရွှေ့ပစ်လိုက်သည်။ ကျွန်တော့်ကိုလည်း အလုပ်ထုတ်မည်ထင်ထားရာမှ ဂျပန်အရာရှိအတော်များများက ကျွန်တော့်ကို လေးစားသဖြင့် ကယ်တင်ထားလိုက်ကြသည်။

ကျွန်တော့်ကို Madiun တောင်ပိုင်း၊ Wilis တောင်ခြေရှိ Brebeg ရွာသို့ ပြောင်းရွှေ့လိုက်သည်။ ထိုရွာလေးတွင် ကျွန်တော်က Blitar တပ်ရင်းရှိ PETA စစ်သားများကို ဂျပန်တို့စီမံကွပ်ကဲမှုအောက်တွင် သင်တန်းပေးရသည်။ ထိုစဉ်က ပစိဖိတ်တွင်ဖြစ်ပွားနေသည့် စစ်မီးငြိမ်းတော့မည်ဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော့်ကို တောသို့ပို့ထားခြင်းခံရသည်။ မြို့ပြဖွံ့ဖြိုးမှုကို ကျွန်တော်အနည်းငယ်သာသိသည်။ အထူးသဖြင့် ဂျာကာတာလောက်သာသိသည်။ ဆက်သွယ်ရေးကလည်း အလွန်ခက်ခဲနေချိန်မဟုတ်ပါလား။

**တင်ညွန့်**

Ref :
Soeharto, My Thoughts, Words and Deeds (An Autobiography)

www.foreverspace.com.mm

ယခင်လမှအဆက်

# သဘောထားကြီးပါ

မြသန်းသန်းနု

ပြခန်း ခန်းမ (၁) မှာ လူတိုင်းလူတိုင်း ပျော်ရွှင်ချမ်းမြေ့မှုအတွက် မိမိအပေါ်မှာပဲမူတည်တဲ့အကြောင်း မီးမောင်းထိုးဖော်ပြရင်း သူတော်စင် ဆွာမိနရယန်းရဲ့ ဘဝဖြစ်စဉ်ပေါ်အခြေခံပြီး ရဲစွမ်းသတ္တိရှိခြင်း၊ ကြိုးပမ်းအားထုတ်ခြင်း၊ သူတစ်ပါးအကျိုးရွက်ဆောင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ဘုရားသခင်အပေါ်ယုံကြည်ကိုးစားခြင်း၊ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးနဲ့ အကြမ်းမဖက်ခြင်းတို့ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ လူ့ကျင့်ဝတ်တွေဖြစ်ကြောင်း လှုပ်ရှားနေတဲ့ရုပ်လုံးရုပ်ကြွတွေနဲ့ သရုပ်ဖော်ပြသပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လှတာကြောင့် ပကတိလူတွေနဲ့သရုပ်ဖော်ပြနေတယ်လို့ ထင်ရပါတယ်။

ပြခန်း ခန်းမ (၂) မှာ ပညာပေးအစီအစဉ်အနေနဲ့ ငန်းရုပ်ပုံသဏ္ဍာန်ပြုလုပ်ထားတဲ့လှေကြီးတွေစီးရင်း နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကြာမြင့်ပြီဖြစ်တဲ့ အိန္ဒိယရှေးဟောင်းယဉ်ကျေးမှုကို ၁၄ မိနစ်ကြာလှေ့လာခွင့်ရရှိခဲ့ပါတယ်။ ဒီမှာလည်း ပကတိလူတွေနဲ့မခြားပြုလုပ်ထားတဲ့စက်ရုပ်တွေ၊ သဘာဝတောတောင်ရေမြေသရုပ်ဖော်နဲ့ ဗိသုကာ၊ လက်မှု၊ စက်မှုပညာတွေကို ရင်သပ်ရှုမောဖွယ်တွေ့မြင်ရပါတယ်။ ဒီပြခန်းမှာ 'ဗေဒခေတ်' ကျေးလက်သရုပ်ဖော်၊ ရှေးခေတ်ပင်လယ်ရပ်ခြားရေကြောင်းကုန်သွယ်ရေးခရီးသွားသရုပ်ဖော်၊ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းပညာသင်စနစ်၊ ကမ္ဘာ့ရှေးအကျဆုံးနဲ့ ပထမဆုံးတက္ကသိုလ် (အခုအခါ ပါကစ္စတန်နိုင်ငံထဲက Takshashila ဒေသဖြစ်ပါတယ်။) ရှေးခေတ်သူတော်စင် သိပ္ပံပညာရှင်များပေါ်ထွန်းပုံနဲ့ ၎င်းတို့ရဲ့နက္ခတ္တဗေဒပညာတီထွင်ပုံ၊ ချို့တဲ့ပျက်စီးသွားတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကာယကံရှင်ရဲ့ တခြားအစိတ်အပိုင်းကနေ အစားထိုးဖြည့်ဆည်းပေးတဲ့ခွဲစိတ်နည်း (Plastic Surgery) ရဲ့ဖခင်ကြီးလို့ခေါ်ဆိုရတဲ့ အိန္ဒိယသိပ္ပံပညာရှင်ကြီး Sushruta ရဲ့ ထူးကဲအံ့သြဖွယ် ခွဲစိတ်ကုသနည်းတွေကိုလည်း ရုပ်လုံးကြွတွေနဲ့ပြသထားပါတယ်။ အိန္ဒိယ



www.foreverspace.com.mm

နိုင်ငံမှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူခဲ့ပုံကိုလည်း အိန္ဒိယယဉ်ကျေးမှုခေတ်တစ်ခေတ်အဖြစ် ဖော်ပြထားပါတယ်။ အိန္ဒိယလွတ်လပ်ရေးရပြီး ပထမဆုံးဝန်ကြီးချုပ်နေရူးကြီး (Pandit Jawahar Lal Nehru) က ဂေါတမရှင်တော်မြတ်ဘုရားကို အိန္ဒိယနိုင်ငံရဲ့ 'ထူးကဲမြင့်မြတ်တဲ့ သားကောင်းရတနာ' ဖြစ်တယ်လို့ အလေးအမြတ်ထားဖော်ပြခဲ့ဖူးပါတယ်။

ဆွာမိနရယန်းအတ်ကျ်ရှာဒမ်ကျောင်းတော်ကြီးရဲ့ အံ့မခန်းပုံဟာ စာဖွဲ့လို့ကုန်မယ်မထင်ပါ။ အနုစိတ်ပုံ၊ ထည်ဝါပုံ၊ စနစ်တကျရှိပုံတို့ကို တစ်ထပ်တည်းကျအောင်ပြောပြဖို့လည်း မလွယ်ကူပါ။ ကျောင်းတော်ရဲ့နေရာအနှံ့မှာ ငြိမ်းချမ်းရေးနဲ့ ချစ်ကြည်သင့်မြတ်ရေးတိုးပွားဖို့ ရေးရှုထားတဲ့သူတော်စင်တွေရဲ့အတွေးအခေါ်တွေကို ကျောက်ထက်အက္ခရာတင်ထားတာတွေ့ ရပါတယ်။ 'သက်ရှိသတ္တဝါတိုင်းကို လေးစားရမယ်' ဆိုတဲ့ ဆွာမိနရယန်းရဲ့ အခြေခံသွန်သင်ဟောကြားမှုကို ကျောင်းတော်ကြီးရဲ့ ပရဝဏ်ထဲရောက်ရှိသွားတာနဲ့ ထိတွေ့ခံစားမိမှာဖြစ်ပါတယ်။ "ဒီကျောင်းတော်ကြီးကို ရောက်လာရင် ဝတ်ပြုဖို့သက်သက်မဟုတ်ဘဲ ပညာလည်းရ၊ အတွေ့အကြုံကောင်းတွေနဲ့ ဉာဏ်အမြင်ပွင့်လင်းမှုကို ပေးဆောင်နိုင်တဲ့ဌာနအဖြစ်ပါ ရပ်တည်စေဖို့ အဘက်ဘက်က စီစဉ်ဆောင်ရွက်ထားပါတယ်' လို့ ကျောင်းတော်ဂေါပကလူကြီးတွေက ပြောပြပါတယ်။

ကျောင်းတော်ကြီးဖွင့်လှစ်ပေးချိန်မှာ အဲဒီအချိန်က အိန္ဒိယသမ္မတကြီး Dr.A. P.J. Abdulkalam က 'ဒီကျောင်းတော်ကြီးတည်ဆောက်မှုမှာအသုံးပြုထားတဲ့ အံ့သြဖွယ်ကောင်းလှတဲ့ နည်းပညာတွေကို ကြည့်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့အိန္ဒိယနိုင်ငံကြီးအဖြစ် ရောက်ရှိစေလိုတဲ့ အိပ်မက်ကို သက္ကရာဇ် ၂၀၂၀ မတိုင်မီ အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်စိတ်ချမှုရှိလာကြောင်း၊ မြင့်မြတ်တဲ့စိတ်ဓာတ်၊ အသိဉာဏ်အမြင်ပွင့်လင်းမှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ဟာ နိုင်ငံတည်ဆောက်ရေးမှာ အဓိကသော့ချက်တွေဖြစ်ကြောင်း' မိန့်ကြားခဲ့ပါတယ်။

ကျောင်းတော်ပရဝဏ်တစ်ခုလုံးမှာ အိန္ဒိယရှေးဟောင်းဗိသုကာလက်ရာနဲ့ လက်မှုပညာတို့အပေါ် အခြေခံထားတာကြောင့် ပန်းပုရုပ်တိုင်းဟာ ဂုဏ်ရောင်ပြောင်တဲ့ အိန္ဒိယအမွေအနှစ်ကို ဖော်ပြနေပြီး အိန္ဒိယနိုင်ငံမှာ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုတိမ်ကောပျောက်ကွယ်သွားပြီဆိုတဲ့ အယူအဆ မှားယွင်းကြောင်းလည်း သက်သေထူနိုင်ခဲ့ပါတယ်။

ကျောင်းတော်ကြီးအဝင် မုခ်ဦးကနေ ကျောင်းတော်ရှိရာဘက်မသွားဘဲ ဘယ်ဘက်ချိုးလိုက်မယ်ဆိုရင် ၂၂ ဧကကျော်ရှိတဲ့ အရောင်မျိုးစုံပန်းဥယျာဉ်ကြီးနဲ့ စိမ်းလန်းစိုပြည်နေတဲ့ မြက်ခင်းပြင်တွေကို တွေ့ရပါလိမ့်မယ်။ သစ်ပင်ပန်းမန်တွေရဲ့ တစ်ဖက်တစ်ချက်မှာ အိန္ဒိယနိုင်ငံရဲ့ ရှေ့ဆောင်အကျော်အမော်တွေရဲ့ ဓာရာမကြေးရုပ်တုကြီး ၆၅ ရုပ် ထုလုပ်ပြသထားပါတယ်။ အိန္ဒိယသမိုင်းအဆက်ဆက်မှာ အရေးပါထင်ရှားတဲ့အခန်းကဏ္ဍတွေက ပါဝင်ခဲ့ကြတဲ့ ကလေးသူရဲကောင်းတွေ၊ ရဲရင့်တဲ့စစ်သည်တွေ၊ လွတ်လပ်ရေးတိုက်ပွဲဝင်တွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ စံတင်လောက်တဲ့ အမျိုးသမီးတွေနဲ့ အမျိုးသမီးသူရဲကောင်းတွေရဲ့ ကြေးရုပ်တုတွေနဲ့စွမ်းဆောင်ချက်အကျဉ်းချုပ်ကို ကြေးပြားတွေပေါ်မှာ မှတ်တမ်းတင်ထားတာလည်း တွေ့ခဲ့ရပါတယ်။ ဆရာ့စကားနားထောင်ရမယ်ဆိုရင် အသက်ကိုပင် ပဓာနမထားဘဲ မြေဝယ်မကျနားထောင်ခဲ့ကြတဲ့ Dhruv, Upamanyu, Aruni စတဲ့ ကလေးသူရဲကောင်းတွေရဲ့စိတ်ဓာတ်အားဖြင့် ဒီကနေ့မျက်မှောက်ခေတ်ကလေးသူငယ်တွေကို ရတနာသုံးပါးနဲ့တစ်တန်းတစ်စားတည်း ထားအပ်တဲ့မိဘဆရာသမားတွေအပေါ် ရိုသေကိုင်းရှိုင်းဖို့ လှုံ့ဆော်ပေးတာပဲဖြစ်ပါတယ်။ ရာမမင်းသားနဲ့သီတာဒေဝီတို့ရဲ့သားနှစ်ဦးဖြစ်တဲ့ Lav နဲ့ Kush တို့ရဲ့ ငယ်ရွယ်စဉ်ကတည်းက ရန်သူကို အောင်နိုင်ခဲ့တဲ့ ရဲစွမ်းသတ္တိရှိပုံအကြောင်း သူတို့ရုပ်တုတွေ အောက်မှာဖော်ပြထားသလို Shravan (သုဝဏ္ဏသာမ) ရဲ့ မိဘလုပ်ကျွေးတဲ့ကုသိုလ်ကြောင့် အသက်ချမ်းသာရာပြန်ရခဲ့ပုံကိုလည်း ကလေးတွေ အတုယူစေအောင် သရုပ်ဖော်ပြသထားပါတယ်။

အမျိုးသမီးသူရဲကောင်းတွေ၊ စံနမူနာတင်ထိုက်တဲ့အမျိုးသမီးတွေအနေနဲ့လည်း မဟာဘာရတ်ဇာတ်တော်ကြီးထဲက Drau-padi၊ ရာမဇာတ်တော်ကြီးထဲက သီတာဒေဝီ၊ ဗြိတိသျှအုပ်ချုပ်မှုကို ဆန့်ကျင်ခဲ့တဲ့ ပထမလွတ်လပ်ရေးတိုက်ပွဲ (၁၈၅၇) မှာ ရှေ့တန်းကပါဝင်ခဲ့သူ ဂျန်စီ (Jhansi)၊ ဘုရင်မလက်ရှမီဘိုင် (Lakshmibai)၊ ပထမဆုံးအိန္ဒိယအမျိုးသမီးဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ စသဖြင့် ဂုဏ်ပြုဖော်ပြထားပါတယ်။

ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်အိန္ဒိယစစ်သည်ကျော်များအဖြစ် Shivaji, Maharana Pratap, Maraja Ranjitsingh, Subashchandra Bose, Bhagatsinh, Chandrashekhar Azad တို့အပြင် Lokmanya Tilak, မဟတ္တမဂန္ဒီကြီး၊ Pandit Nehru, Sardar Patel စတဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ငံရေးခေါင်းဆောင်တွေရဲ့ ကြေးရုပ်တုတွေ၊ တိုင်းပြုပြည်ပြု ပြုပြင်ပြောင်းလဲရေးပညာရှင် Swami Vivekanand၊ နိုဘယ်ဆုရကဗျာစာဆိုပညာရှင်ကြီး Tagore၊ သိပ္ပံပညာရှင် J.Bose, C.V.Raman၊ ကမ္ဘာကျော်သင်္ချာပါရဂူပညာရှင် Shrinivas Ramanujan စတဲ့ စတဲ့ ပညာရှင်တွေရဲ့ကြေးရုပ်တုတွေကိုလည်း ဂုဏ်ပြုထုလုပ်ထားတာ တွေ့ခဲ့ရပါတယ်။

ခေတ်အဆက်ဆက်လွတ်လပ်ရေး

www.foreverspace.com.mm

တိုက်ပွဲဝင်ခေါင်းဆောင်တွေအားလုံး လွတ်လပ်ရေးချစ်မြတ်နိုးပြီး မိမိနိုင်ငံ၊ မိမိလူမျိုးကောင်းစားရေးအတွက် တစ်တပ်တစ်အားလုပ်ကိုင်ဆောင်ရွက်ပေးလိုသူတွေသာဖြစ်ကြပါတယ်။ ပန်းတိုင်တူပေမယ့် လုပ်နည်းလုပ်ဟန်ကွဲပြားမှုရှိခဲ့ကြပါတယ်။ Chandrashekhar Azad, Bhagat Singh, Subashchandra Bose တို့ဟာ အကြမ်းဖက်နည်း၊ လက်နက်စွဲကိုင်တဲ့နည်းနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ရင်း အာဇာနည်သူရဲကောင်းတွေ ဖြစ်ခဲ့ရပါတယ်။

Bal Gangadhar Tilak ဆိုရင် ကောလိပ်ကျောင်းသားဘဝကတည်းက ထက်မြက်ပြီး မိမိလူမျိုးနဲ့ နိုင်ငံတော်အနာဂတ်ရေးအတွက် အမြဲစဉ်းစားခဲ့သူဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပြည်သူများရပိုင်ခွင့်တောင်းဆိုတဲ့လှုပ်ရှားမှုကို ဦးဆောင်ပြီး ဗြိတိသျှအစိုးရကို ဆန့်ကျင်တော်လှန်ခဲ့ပါတယ်။ Tilak က "လွတ်လပ်ရေးဟာ ကျွန်တော့်ရဲ့မွေးရာပါအခွင့်အရေးတစ်ရပ်ဖြစ်တယ်။ ရကိုလည်းရရမယ်" လို့ ရဲရဲတောက်ကြွေးကြော်ခဲ့ဖူးပါတယ်။ ဒီကြွေးကြော်သံဟာ အဲဒီအချိန်ကသာမကဘဲ ဒီကနေ့ထိကျော်ကြားလျက်ရှိပါတယ်။ Tilak က ပြည်တွင်းဖြစ်အားပေးရမယ်။ အင်္ဂလိပ်နဲ့ပတ်သက်သမျှ သပိတ်မှောက်ရမယ်။ အမျိုးသားပညာရေးပြဋ္ဌာန်းနိုင်ရမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရမယ်ဆိုတဲ့ အစီအစဉ်နဲ့ ပြည်သူ့အခွင့်အရေးတိုက်ပွဲဝင်ခဲ့ပါတယ်။ Tilak ရဲ့ နိုင်ငံရေးသိက္ခာ သမာဓိရှိမှုကြောင့် အိန္ဒိယနိုင်ငံသားတွေရဲ့ 'လူထုခေါင်းဆောင်' (Lokamanya) အဖြစ် အသိအမှတ်ပြုတာခံခဲ့ရတာကြောင့် 'Lokamanya Tilak' အဖြစ် ထင်ရှားခဲ့ပါတယ်။

ဂန္ဒီကြီးကတော့ ကိုယ်နှုတ်နှလုံးသုံးပါးလုံးနဲ့ အကြမ်းမဖက်ရေးလမ်းစဉ်ကျင့်သုံးပြီး Satyagraha လို့ခေါ်တဲ့ အနုနည်းနဲ့ အာဏာဖီဆန်ရင်း လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ပါတယ်။



လွတ်လပ်ရေးတိုက်ပွဲဝင်တဲ့နေရာမှာ ခေါင်းဆောင်တွေနဲ့ အိန္ဒိယပြည်သူတွေ ခေတ်အဆက်ဆက်ပါဝင်လှုပ်ရှားခဲ့ရတယ်ဆိုတဲ့အချက်ကို ဆွာမိနရယန်းကျောင်းတော်ကြီးမှာ မီးမောင်းထိုးဖော်ပြထားတာပဲဖြစ်ပါတယ်။

ဗြိတိသျှတို့ အိန္ဒိယနိုင်ငံကို အုပ်ချုပ်နေဆဲကာလဖြစ်တဲ့ ၁၈၃၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ အဲဒီအချိန်က ဘုံဘေဘုရင်ခံ Sir John Malcolm ဟာ ဂူဂျရတ်ပြည်နယ် Rajkot မြို့ကို အလုပ်သဘောနဲ့ ခရီးလှည့်ခဲ့ပါတယ်။ Sir Malcolm က ဂူဂျရတ်မှာ ဆွာမိနရယန်းရဲ့ အောင်မြင်လှတဲ့လူမှုရေးလုပ်ငန်းတွေအကြောင်း ကြားသိပြီး ဆွာမိကြီးနဲ့တွေ့ဆုံဖို့ ချိန်းဆိုခဲ့ပါတယ်။ Sir Malcolm က ဆွာမိကြီးကို တွေ့တဲ့အခါ "ဆော်ရပ်ရှထရာ (Saurashtra) ဒေသမှာ တစ်ချိန်က အမာခံသူခိုးတွေ၊ ရာဇဝတ်သားတွေ သောင်းကျန်းခဲ့တာကို ကျွန်တော်တို့ စစ်သားတွေနဲ့ နှိမ်နင်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အခု အဲဒီလူတွေ ဆွာမိကြီးရဲ့တပည့်တွေအဖြစ် ဘဝပြောင်းသွားတာ ထူးဆန်းနေပါတယ်" လို့ ပြောပါတယ်။ ဆွာမိကြီးက "ဟိန္ဒူတရားဓမ္မအရ လူတွေကို ကိုယ်ကျင့်တရားရှိဖို့၊

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

**အမည်ရင်း** – သန်းသန်းနု

**မိဘ** – ဦးနု (ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ

**မွေးသက္ကရာဇ်** – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

**ပညာအရည်အချင်း**– ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

**အလုပ်အကိုင်** – ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**စာပေလောကဝင်ရောက်သည့်နှစ်** – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။

**ခင်ပွန်း** – ဦးအောင်ငြိမ်း

သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

တရားမျှတမှုရှိဖို့နဲ့ ဘာသာတရားကိုင်းရှိုင်းဖို့ဆိုတဲ့အခြေခံ အချက်သုံးချက်အကြောင်း ဟောပြောရှင်းပြပါတယ်။ ဒီအချက်သုံးချက်နဲ့ပြည့်စုံရင် လူမှုအဖွဲ့အစည်းမှာ ငြိမ်းချမ်းမှုနဲ့သင့်မြတ်မှုရှိလိမ့်မယ်” လို့ မိန့်ဆိုဖြေကြားပါတယ်။ Sir Malcolm က ဆွာမိကြီးရဲ့ဇာစ်မြစ်နဲ့ ဘဝဖြစ်စဉ်ကို မေးပါတယ်။ ဆွာမိကြီးကလည်း အသေးစိတ်ဖြေကြားခဲ့ပါတယ်။ Sir Malcolm က ကျေနပ်မှုရှိပြီး ဟိန္ဒူဘာသာတရားနဲ့ပတ်သက်တဲ့စာအုပ်ရှိရင် လေ့လာလိုကြောင်း ပြောပါတယ်။ ဆွာမိကြီးက အသင့်ယူလာတဲ့ ဘာသာရေးစာအုပ်ကိုပေးတဲ့အခါ Sir Malcolm က ရိုသေလေးစားမှု ပြသတဲ့အနေနဲ့ ဦးခေါင်းပေါ်တင်လိုက်ပါတယ်။ အဲဒီနောက် ဘုရင်ခံက ဆွာမိကြီးဘက်လှည့်ပြီး “ကျွန်တော့်နိုင်ငံအကျိုးနဲ့ ကျွန်တော့်ရန်သူတွေအကျိုးဆောင်ရွက်နိုင်ဖို့ ကျွန်တော့်ကို ကောင်းချီးပေးပါ” လို့ ဆုတောင်းပါတယ်။ ဆွာမိကြီးက ကျေနပ်ပြီး “ခင်ဗျားရဲ့ဉာဏ်ပညာထက်မြက်မှုအတွက် ချီးကျူးပါတယ်။ သူတစ်ပါးကောင်းကျိုးအတွက် ဆုတောင်းပတ္ထနာပြုသူဟာ ကိုယ်တိုင် အကျိုးခံစားရစမြဲပဲ။ ခင်ဗျားကတော့ ခင်ဗျားရဲ့ရန်သူတွေအတွက်ပါဆုမွန်ကောင်းတောင်းခဲ့တာကြောင့် ခင်ဗျားရဲ့ဘဝတစ်လျှောက်လုံး ကောင်းကျိုးချမ်းသာပြည့်စုံမှာမုချဧကန်ပါပဲ” လို့ အမိန့်ရှိခဲ့ပါတယ်။ ဆွာမိကြီးက Sir John Malcolm အတွက်ပေးလိုက်တဲ့ ဟိန္ဒူဘာသာရေးစာအုပ် (Shik Shapatri) ဟာ ဒီကနေ့ထိ ဗြိတိန်နိုင်ငံ Oxford တက္ကသိုလ်ရဲ့ Bodleian စာကြည့်တိုက်မှာ မပျောက်မပျက်ထိန်းသိမ်းထားတယ်လို့ သိရပါတယ်။ ဒီပီတိဖြစ်ဖွယ် ဖြစ်ရပ်ဟာ ဆွာမိကြီးရဲ့ ဘုရားသခင်အပေါ် သက်ဝင်ယုံကြည်မှု၊ လူသားတိုင်းအပေါ် သက်ဝင်ယုံကြည်မှု၊ သက်ရှိသတ္တဝါတိုင်းကို လေးစားမှုဆိုတဲ့စိတ်ဓာတ်ကနေ ပေါက်ပွားလာတာဖြစ်ပါတယ်။

ဆွာမိနရာယန်းအတ်က်ရှာဒမ်ဝတ်ကျောင်းပရဝဏ်တစ်ခုလုံးရဲ့နေရာတိုင်းမှာ လူသားတိုင်းအပေါ်သက်ဝင်ယုံကြည်မှုရှိရမယ်၊ လေးစားမှုရှိရမယ်ဆိုတဲ့ နွေးထွေးတဲ့အငွေ့အသက်တွေလွှမ်းခြုံထားတယ်လို့ ကျွန်မခံစားမိပါတယ်။ ကျောင်းတော်ကြီးကို သွားရောက်ပညာယူလေ့လာအပြီး သုံးလေးရက်အကြာ နယူးဒေလီက ပြန်မထွက်မီ ကျွန်မ တစ်ခေါက်ထပ်သွားခဲ့ပါသေးတယ်။ ကျောင်းတော်နေရာဘက်မရောက်ဘဲ သမိုင်းခေတ်အဆက်ဆက်ခေါင်းဆောင်ကြီးတွေ၊ လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေ၊ သူရဲကောင်းအမျိုးသား၊ အမျိုးသမီးတွေရဲ့ ကြေးသွန်းကျောက်ရုပ်ကြီးတွေရှိတဲ့ဥယျာဉ်ကြီးဆီကိုပဲ ဦးတည်ခဲ့ပါတယ်။ ခေတ်အဆက်ဆက် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြတဲ့ သူရဲကောင်းတွေ၊ ခေါင်းဆောင်တွေကို ထိုက်ထိုက်တန်တန် လေးလေးစားစား ဂုဏ်ပြုပေးဖို့သတိရသူတွေကို ကျွန်မအထူးလေးစားမိပါတယ်။ ကြေးရုပ်ကြီးတွေသက်ဝင်လှုပ်ရှားလာတယ်လို့ထင်ရလောက်တဲ့အထိ ကျွန်မ စူးစူးစိုက်စိုက်လေ့လာကြည့်ရှုရင်း တစ်ဦးအပေါ်တစ်ဦး လေးစားနိုင်ဖို့ သဘောထားကြီးနိုင်မှုဖြစ်လိမ့်မယ်ဆိုတဲ့ အချက် ခေါင်းထဲရောက်လာပါတယ်။ မှန်ပါတယ်။ သဘောထားကြီးနိုင်မှုဟာ ငြိမ်းချမ်းပြီး သင့်မြတ်အောင် နေနိုင်ရေးမှာ အဓိကအချက် မဟုတ်ပါလား။

**မြသန်းသန်းနု**

Ref: Bhagwan Swaminarayan-Life & Work

www.foreverspace.com.mm



# ငွေရေးကြေးရေးကိစ္စ

**ကိုဝမ်း**

**တစ်**ရက်က မြို့ထဲသို့အသွား ရန်ကုန်မြို့ မြေနီကုန်းကားမှတ်တိုင်ကနေ မိန်းကလေးနှစ်ဦး ကားပေါ်သို့တက်လာကြသည်။ လက်ထဲမှာလည်း အထုပ်အပိုးတွေနှင့်။ သူတို့အထုပ်က ငွေစက္ကူတွေ၊ ကြွပ်ကြွပ်အိတ်ခေါ် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည်။ ငွေက အတော်များသည်။ သိန်းငါးဆယ် ခြောက်ဆယ်ခန့် ရှိမည်။ ကုမ္ပဏီဝန်ထမ်း မိန်းကလေးတွေ။ မြို့ထဲဘဏ်ခွဲ (၃) ၌ ငွေသွားသွင်းမည်။ သူတို့၏ပိုက်ဆံတွေက မြင်နေရသည်။ "သမီးတို့ နောက်ကို ပိုက်ဆံသယ်ရင် လူမြင်အောင် မသယ်နဲ့နော်။ သတင်းစာစက္ကူနဲ့ ထုပ်ပိုးပြီးမှသယ်" ဟု ပြောလိုက်သည်။ "ကုမ္ပဏီက တက္ကစီခ မပေးဘူးလား" ဆိုတော့ "မပေးပါ" ဟု ဖြေသည်။ ကုမ္ပဏီက တက္ကစီခပေးလျှင်လည်း လူငယ်များပီပီ တက္ကစီခကိုနှမြော၍ သက်သာအောင် ဘတ်စ်ကားစီးတာလည်း ဖြစ်နိုင်သည်။ ကုမ္ပဏီ၏မန်နေဂျာ သို့မဟုတ် ကြီးကြပ်ရေးမှူး လိုသည်။ ကိုယ်တိုင် တက္ကစီကားငှား၊ ကလေးများနှင့် ငွေထုပ်ကိုတင်ပေးလိုက်ရမည်။ လူငယ်ကို အစစယုံကြည်၍မရ၊ မျက်နှာလွှဲ၍မရနိုင်ပါ။

ရန်ကုန်မြို့ ပန်းဆိုးတန်းတောင်ဘက် ထိပ်ဘဏ် (၁) အနီးက အမှတ် (၄၈) ဘတ်စ်ကားပေါ်သို့ ဘဏ်အမှုထမ်း အမျိုးသမီး အသက် ၄၀ ကျော်ခန့်က မြွေရေခွံခေါ် ပီနံအိတ်နှင့်ထည့်ထားသောငွေထုပ်ကြီးနှစ်ထုပ်၊ သိန်းငါးရာ တစ်ထောင်ခန့်နှင့် တက်လာသည်။ ရန်ကုန်-အင်းစိန်လမ်းမပေါ်ရှိ အစိုးရဘဏ်ခွဲတစ်ခုမှဖြစ်ပြီး ဘဏ်ခွဲအတွက် ငွေလာထုတ်ပြီး ပြန်ခြင်းပါ။ "ခင်ဗျားတို့ဘဏ်က မော်တော်ကား စီစဉ်မပေးဘူးလား" ဆိုတော့ "စီစဉ်မပေးပါ။ အမြဲတမ်း ဘတ်စ်ကားနှင့်သယ်ရသည်" ဟုပြော၏။ အန္တရာယ်များလှသည်။



နောက်တစ်ခါ မြို့ထဲကနေအပြန် မြေနီကုန်းမှတ်တိုင်ကနေ လူငယ်တစ်ဦးက မော်တော်ကားခြေနင်းခုံကို တွယ်စီး၊ လက်တစ်ဖက်က ခေါင်မိုးတန်းကိုကိုင်၊ တစ်ဖက်က ကြွပ်ကြွပ်အိတ်တစ်ထုပ်ကိုဆွဲထားသည်။ မီးပွိုင့်တွင်မီးနီ၍ ဘတ်စ်ကားက ရပ်နေသည်။ သူ့အိတ်ထဲမှာက ၁၅ သိန်းခန့်ရှိသော တစ်ထောင်တန်အစည်းတွေ။ "ခု ကားရပ်နေတုန်း အောက်ကနေ မင်းလက်ထဲက ငွေထုပ်ကို တစ်ယောက်က ဆွဲပြေးရင် ဘယ့်နှယ်လုပ်မလဲ" ဟု မေးလိုက်သည်။ သူက မဖြေ။ "တက်ခဲ့ပါဆရာ။ လာ ကျွန်တော့်နေရာမှာထိုင်ပါ" ဆိုပြီး နေရာကိုပါ သူ့ကိုပေးလိုက်သည်။ ရွှေမှတ်တိုင် မဟာမြိုင်တွင် ကျွန်တော်ကဆင်းမည် ဖြစ်သည်။

ဖြစ်နိုင်သောကိစ္စကို ဖြစ်နိုင်သည်ဟု တွက်ပါ။ တစ်ခါကလည်း မှုခင်းဂျာနယ်မှာ ဖတ်လိုက်ရသည်။ ဆန်စက်ပိုင်ရှင်က သိန်း ၄၀ သော ငွေကို ဆန်စက်က စားပွဲမှာ သော့ခတ်ထားခဲ့သည်။ အလုပ်သမားက ခိုးသည်။ အမှုက ပေါ်ပေမယ့် ဇာတ်လမ်းက အရှည်ကြီး ဖြစ်သွားသည်။ အမှုအတွက် ကြားကနေ စားမယ့်သူတွေ ရှိသွားသည်။ သိန်း ၄၀ ဆိုတဲ့ငွေကို အထုပ်နဲ့ထည့်ပြီး အိမ်ပြန်သယ်သွားရမှာများ ဘယ်လောက်တာဝန်ကြီးလို့ပါလဲ။

'ငွေရေးကြေးရေးကိစ္စ' ဟူသော ခေါင်းစဉ်ဖြင့် ဤဆောင်းပါးကို ကျွန်တော်ရေးသော်လည်း ကျွန်တော်သည် စီးပွားရေးတက္ကသိုလ်ဆင်း ဘီကွမ်းမဟုတ်ချေ။ ဘီအေ (အီကို) မဟုတ်ချေ။ ကျွန်တော်သည် တစ်ခါက ဝေးမြေရပ်ခြားတွင် အလုပ်လုပ်

www.foreverspace.com.mm

ရင်း ဘဏ်တစ်ခု၌ လုံခြုံရေးတာဝန် ရှစ်နှစ်ယူဖူးသည်။ ဤငွေရေးကြေးရေးကိစ္စက မမြင်ချင်အဆုံးဖြစ်သည်။ ယနေ့ ရန်ကုန်မြို့ ကုန်သည်လမ်းပေါ်ရှိ အင်းဝဘဏ်ကနေ၊ စည်ပင်ဘဏ်ကနေ ပီနံအိတ်ဖြင့် အထုပ်ကြီးတွေနှင့် ကားပေါ်တင်တာ တွေ့ရသည်။ ကျွန်တော်က အံ့သြမိသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ စီလုံလမ်းပေါ်ရှိ ဘန်ကောက်ဘဏ်သို့ အကြိမ်များစွာရောက်ဖူးသည်။ ဆူခွန်ဗစ်လမ်းမပေါ်ရှိ ထိုင်းလယ်သမားဘဏ် (Thai Farmer's Bank) သို့ အကြိမ်များစွာရောက်ဖူးသည်။ ဆူခွန်ဗစ်ဆွိုင်ရခနားကလမ်သောင်ဘဏ်သို့ ရောက်ခဲ့ဖူးသည်။ မကာအိုမှာလည်း ဘဏ်လောကနှင့် ရှစ်နှစ်တာ နီးစပ်ခဲ့ဖူးသည်။ ဤကဲ့သို့ ပီနံအိတ်ခွံကြီးတွေနှင့် ဆန်အိတ်လို၊ အစာအိတ်လို ငွေကြေးထုကြီးထည်ကြီးတွေပို့တာယူတာ တစ်ခါမှမတွေ့ဖူးပါ။ ရန်ကုန်မြို့မှာ ဘာဖြစ်လို့လဲ။ ဘဏ်တွေမှာ စီးပွားရေးသမားတွေက Current Account လို့ခေါ်တဲ့ချက်စာအုပ်ကို တွင်တွင်ကျယ်ကျယ်မသုံးကြလို့လား။

မကာအိုတွင် စီးပွားရေးသမားတိုင်း၌ Current Account ရှိသည်။ ဘဏ်တွင် ငွေစုဘဏ်စာရင်းနှင့် ချက်ငွေစာရင်းဟူ၍ ရှိသည်။ ယင်းတစ်ကိုယ်တော်ချက်စာအုပ်ကို တွင်တွင်ကျယ်ကျယ်သုံးကြသည်။ အဆုံးစွန်ပြောသော် ဝက်သားသည်ထံ ပိုက်ဆံရှင်းရာမှာလည်းသုံးသည်။ ဝက်သားသည်က ယင်းချက်ကို ဘဏ်ကသူ့ငွေစာရင်းမှာ လာသွင်းသည်။ ယင်းသို့ ချက်ကို အသုံးပြုခြင်းသည် ငွေရေးကြေးရေးကိစ္စ၌ အတော်စာရင်းရှင်းသည်။ ဤတစ်ကိုယ်တော်ချက်ကို မြို့တွင်းစီးပွားရေးလုပ်ငန်းများ၌ လက်ခံအသုံးပြုသည်။ သို့သော် နိုင်ငံရပ်ခြားကိုယ်ပိုင်ချက်ကိုတော့ လက်မခံပါ။ ဥပမာ–မကာအိုမြို့ ဂျူတီဖရီးဆိုင်တွင် Personal Check လက်မခံပါဟု ရေးထားသည်။ ခရက်ဒစ်ကတ် လက်ခံသည်။ ခရီးသွားချက်လက်မှတ် (Travellers Check) ကို လက်ခံသည်။ အဘယ့်ကြောင့်ဆိုသော် ဤဆိုင်၏ ဈေးဝယ်အများစုသည် ခရီးသွားဂျပန်လူမျိုးများဖြစ်သောကြောင့်ပါ။

ခရီးသွားချက်လက်မှတ်သည် ခရက်ဒစ်ကတ်လိုပဲ နိုင်ငံတကာသုံးဖြစ်သည်။ ယင်းကို ငွေကြေးနှင့်ပြန်လည်လဲလှယ်ရာတွင်အပြည့်မရ။ ဘဏ်က Service Charge စား၏။ သို့သော် ယင်းချက်က အခိုးခံရ၍လည်း ပူစရာမလို၊ ပျောက်လို့လည်း ပူစရာမလို၊ ကိုယ်ကိုယ်တိုင် ပတ်စ်ပို့ပြပြီးထုတ်မှရ၍ဖြစ်သည်။

နောက်တစ်ခုက လက်ဆောင်ချက် (Gift Cheque)ဖြစ်သည်။ မည်သည့်ဘဏ်မှာမဆို ယင်းချက်ကို ငွေသားလက်ငင်းပေးပြီး ဝယ်၍ရသည်။ ဘဏ်မန်နေဂျာလက်မှတ်နှင့် ချက်တစ်စောင်ထုတ်ပေးလိမ့်မည်။ မင်္ဂလာဆောင်လက်ဖွဲ့နှင့် မွေးနေ့လက်ဆောင်ပေးရန် ဖြစ်ပါသည်။

ကျွန်တော်အလုပ်ဆင်းရာ လူဝမ်ကျွန်းတွင် ယင်းဒေသ၏ ဘုံကျောင်းလေးခုပွဲတော်ရှိသည်။ 'ဆေမြို့' ဟုခေါ်သည်။ 'ဆေ'က ကလေး၊ 'မြို့'က ဘုရားကျောင်းပါ။ ယင်းပွဲတော်တွင် ဂေါပကသည် ပွဲတော်လုပ်ငန်းအဝဝအတွက် ပွဲတော်ကာလအတွင်း၌ ချက်လက်မှတ်ပေါင်း စောင်ရေတစ်ရာကျော်လက်ခံရရှိသည်။ ယင်းချက်လက်မှတ်တွေကို ကျွန်တော်တာဝန်ကျနေသော ဘီစီအမ်ဘဏ်က သူတို့ငွေစာရင်းမှာ လာ၍သွင်းသည်။ တစ်ပြိုင်နက်တည်း တစ်ရာကျော်တော့မဟုတ်။ တစ်ရက်လာ အစောင် သုံးဆယ်ကျော်၊ နောက်တစ်ရက်တွင် အစောင်လေးဆယ်ကျော်ဆိုတာမျိုးဖြစ်သည်။ မန်နေဂျာ၊ ငွေကိုင်နှင့် စာရေးပဲရှိသည်။ ဒီချက်တွေကို ငွေသွင်းပုံစံမှာရေးဖို့က စာရေး၏တာဝန်၊ သူတစ်ယောက်တည်း မည်ကဲ့သို့နိုင်မည်နည်း။ သူ့မှာ အခြားအလုပ်တွေရှိသေးသည်။ အချိန်ပိုင်းစုငွေ (Time Deposit)ကိစ္စရှိသည်။ အသက်အာမခံကိစ္စ (Life Insurance)ကိစ္စရှိသည်။ သို့နှင့် ကောင်တာ၏အပြင်ဘက်ရှိ ကျွန်တော်က ကူရေးပေးရသည်။

ဘုံကျောင်းအမှုထမ်း အမျိုးသမီးပေးသော ချက်စာရွက်ဆယ့်နှစ်ရွက်ဟု မေးလိုက်ကာ သူပြောတာနှင့် ကိုက်မကိုက် ချက်စာရွက်တွေကို ရေတွက်လိုက်သည်။ မှန်ကန်သော ယင်းချက်များအထဲက တရုတ်ဘဏ် (Bank of China)နှင့် တိုင်ဖုန်ဘဏ် (Taifong) က ချက်စာရွက်တွေကို ရွေးထုတ်လိုက်သည်။ ယင်းဘဏ်ချက်များက ရှင်း၏။ ကျွန်တော်ဖတ်ရတာ လွယ်သည်။ ကျန် စီတီဘဏ် (Citi Bank)နှင့် ဟမ်ဆန်းဘဏ် (HanSeng Bank)တို့က ရှုပ်သည်။ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ် (Hong Kong and Shan Hai Bank Corporation-H.S.B.C) ကလည်း ရှင်းပါသည်။ လိုရင်းပြောရသော် ရှင်းတာတွေ ကျွန်တော်က ငွေသွင်းပုံစံမှာဖြည့်ပြီး ကျန်ငွေသွင်းကောင်တာသို့ပို့လိုက်သည်။ ငွေသွင်းပုံစံတွင် ချက်လက်မှတ်အတွက် တစ်စောင်ကို မျဉ်းလေးကြောင်းရှိသော်လည်း ရှင်းလင်းစေရန် ချက်နှစ်စောင်ပဲရေးခွင့်ပြုသည်။ ရှုပ်တာတွေကိုတော့ ဘဏ်အမှုထမ်းစာရေးကို ပေးလိုက်သည်။

ဤဘဏ်သည် ညနေ ၅ နာရီပိတ်သည်။ ဘဏ်ပိတ်ချိန်၌ တံခါးကို သော့ခတ်၍ အလမ်းခေါ်သတိပေးစက်ဖွင့်ခဲ့ရသည်။ ထို့ကြောင့် ဘဏ်ပိတ်ချိန်တွင် ငွေသားမည်မျှသာ ဘဏ်က အာမခံသေတ္တာတွင်း၌ ထားခဲ့ရမည်ဟူသော သတ်မှတ်ချက် ရှိသည်။ ဥပမာ–ငွေသားနှစ်သိန်းခွဲပဲထားခွင့်ပြုသည်ဆိုပါစို့။ ပိုနေပါက ယင်းပိုငွေကို ညနေ အမှုထမ်းတွေရုံးချုပ်သို့ပြန်သောကားနှင့် ပြန်ပို့ရသည်။ ယင်းသို့ ရုံးချုပ်သို့ ငွေပြန်ပို့ရာတွင် ကန့်သတ်ချက်ရှိနေပြန်သည်။ ယာဉ်မောင်းနှင့်အတူ ဝန်ထမ်းတစ်ဦးသာ စုစုပေါင်း နှစ်ဦးပဲ ဤကား၌ ပါရမည်။ အာမခံကုမ္ပဏီ၏ သတ်မှတ်ချက်ပါ။ ဘဏ်တွေက သူတို့ငွေတွေကို အာမခံထားရာ အသယ်အပို့၌ အာမခံကုမ္ပဏီစည်းကမ်းကို လိုက်နာရသည်။

သို့နှင့် ရုံးချုပ်သို့ငွေပြန်ပို့သည့်ကိစ္စက စာရင်းရှုပ်တော့ မန်နေဂျာက ငွေပြန်မပို့ရအောင် ကြံသည်။ သူ့ဘာသာသူတွက်ချက်ပြီး ငွေသားငါးထောင်ခန့် စာရင်း၌ ပိုနေသော် "အန်ကယ်ဝမ်း ပိုက်ဆံငါးထောင်ထုတ်၊ မနက်ဖြန်မနက်မှပြန်သွင်း" လို့ လုပ်သည်။


www.foreverspace.com.mm

သည်တော့ ကျွန်တော်က ငွေငါးထောင် ထုတ်ရသည်။ ပိုက်ဆံကိုတော့ သူက အာမခံသေတ္တာထဲ ထည့်ထားပေးပါသည်။ သူက ခဏခဏ အဲလိုလုပ်တော့ ကျွန်တော်က ဘီစီအမ်မှာ ပိုက်ဆံမထားတော့ဘဲ တရုတ်ဘဏ်သို့ ပိုက်ဆံတွေပြောင်းပစ်လိုက်တော့သည်။ ကျွန်တော့်လခက တရုတ်ဘဏ်တွင်ထုတ်ရပေရာ တရုတ်ဘဏ်မှာ ငွေစာရင်းရှိသည်။

နောက်တော့ ဘီစီအမ်ဘဏ်က ပိုက်ဆံအပို့အယူကို ဂတ်ဒ်ဖို့ (Guard Ford) လုံခြုံရေးကုမ္ပဏီနှင့်ပဲ ဆောင်ရွက်၍ ဤကိစ္စ ရှင်းသွားသည်။ ဘဏ်ခွဲက ငွေလိုသော် ဆယ့်နှစ်သိန်းပို့ပေးပါဟု ရုံးချုပ်သို့ ဖုန်းဆက်မှာသည်။ ရုံးချုပ်က ဂတ်ဒ်ဖို့ကို ခေါ်သည်။ ဂတ်ဒ်ဖို့က သေနတ်ကိုင်လုံခြုံရေးနှင့် အမ်းမတ်ကားနှင့်လာသည်။ ရုံးချုပ်တွင် ငွေလက်ခံသည်။ ပြီးလျှင် လူဝမ်ဘဏ်ခွဲသို့လာပို့မည်။ ဤဘဏ်ခွဲက မန်နေဂျာက ရေတွက်လက်ခံပြီး အာမခံသေတ္တာတွင်း ထည့်သည်။ ပိုက်ဆံကို ရုံးချုပ်သို့ပြန်ပို့ဖို့ရှိသော် မန်နေဂျာက ရုံးချုပ်ကိုဖုန်းဆက်၊ ရုံးချုပ်က ဂတ်ဒ်ဖို့ကားကို လူဝမ်ဘဏ်သို့လွှတ်၊ ဤဘဏ်တွင် ဂတ်ဒ်ဖို့လုံခြုံရေးက ငွေကို ရေတွက်လက်ခံ၊ ရုံးချုပ်သို့ပြန်ပို့။ ကိစ္စရှင်းသွားသည်။

သို့ဖြင့်လည်း ဤကဲ့သို့ လုံခြုံရေးကုမ္ပဏီ အမ်းမတ်ကားနှင့် ငွေပို့ငွေယူလုပ်တာက အလုံးစုံလုံခြုံစိတ်ချရပါပြီလား။

ကျွန်တော်က မကာအိုမြို့သို့ရောက်ပြီး ဂတ်ဒ်ဖို့လုံခြုံရေးကုမ္ပဏီတွင် တာဝန်ထမ်းကာစအချိန်။ ထိုအချိန်က ကျွန်တော်သည် လီးကလပ်စစ်ဂျူတီဖရီး (Le- Classque Duty Free) ဈေးဆိုင်၌ တာဝန်ကျနေချိန်ဖြစ်ပြီး ဘဏ်သို့မရောက်သေးပါ။



၁၉၉၁ ခုနှစ် ဒုတိယခြောက်လပိုင်းအချိန်ခန့်တွင် ဟောင်ကောင်မြို့ရှိ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ်ကနေ ထိုင်ဝမ်သို့ ဟောင်ကောင်ဒေါ်လာနှင့် အမေရိကန်ဒေါ်လာ စုစုပေါင်း ငွေသားတန်ဖိုး ဟောင်ကောင်ဒေါ်လာ ၁၆၅ သန်းဖိုးကို ဟောင်ကောင်ဂတ်ဒ်ဖို့အမ်းမတ်ကားနှင့် ကောင်းလုံလေဆိပ်သို့ပို့သည်။ လမ်းတွင် ဗင်ကားတစ်စီးက ပိတ်ရပ်ဟန့်တားပြီး အေကေ–၄၇ ကိုင် ဓားပြသုံးယောက် ဆင်းလာခဲ့သည်။ ကားတွင်း၌ ဂတ်ဒ်ဖို့လုံခြုံရေးသုံးဦးပါသည်။ သူတို့မှာလည်း သေနတ်ပါသည်။ သို့သော် သူတို့သေနတ်က တစ်လုံးပြူးသေနတ်။ အေကေ–၄၇ မောင်းပြန်ကို တစ်လုံးပြူးက မည်သို့ယှဉ်နိုင်မည်နည်း။ ဒေါ်လာ ၁၆၅ သန်း ဓားပြနောက်ပါသွားသည်။ ဓားပြကို မမိ။ နယ်စပ်ကနေ ကိုယ်ရောင်ဖျောက်သွားခဲ့ပြီ။

ကောင်းပါပြီ။ ဤမျှများပြားသောငွေပမာဏကို ဤနေ့ဤအချိန်၌ လေဆိပ်သို့ ဂတ်ဒ်ဖို့အမ်းမတ်ကားနဲ့ ပို့မယ်ဆိုတာ ဓားပြက ဘယ်လိုများ သိသွားပါသလဲ။ ဓားပြတစ်ဦး၏မိန်းမကို ဂတ်ဒ်ဖို့ရုံးမှာ အမှုထမ်းအဖြစ် ကြိုတင်ထည့်ထားသည်။ ဒီမိန်းမကနေ အချိန်တန်တော့ ဖုန်းဆက်အကြောင်းကြားသည်။ ဒါကြောင့် ဓားပြက သိသည်။ ရဲက ဒီမိန်းမကို ခေါ်ယူစစ်ဆေးသည်။ သက်သေမခိုင်လုံ၍ ပြန်လွှတ်လိုက်ရ၏။ ယင်းဓားပြဂိုဏ်းသည် ဟောင်ကောင်မှာ အတော်သောင်းကျန်းခဲ့သည်။ အေကေ–၄၇ နှင့် ရွှေဆိုင်တွေ ဓားပြတိုက်သည်။ မမိ။ ဟောင်ကောင်သူဌေးကြီး လီကာရှင်း၏သားကို ပြန်ပေးဆွဲရာ သိန်းတစ်ထောင်နှင့် ရွေးလိုက်ရသည်။ လီကာရှင်းက ရဲကို မတိုင်။ တရုတ်ပြည်အာဏာပိုင်ကို နှစ်ကိုယ်ကြားပြောလိုက်သည်။ တရုတ်ပြည်တောင်ပိုင်းတွင် တရုတ်ရဲကလိုက်သည်။ ဟောင်ကောင်သို့ ပြန်လွှဲမပေး၊ တရုတ်ပြည်တွင် သေဒဏ်ပေးလိုက်သည်။

နောက် ငွေကြေးဓားပြတိုက်မှုက မကာအိုမှာ။ မကာအိုကနေ ဟောင်ကောင်

www.foreverspace.com.mm

ကို၊ ဟောင်ကောင်ကနေ မကာအိုကို နေ့တိုင်း ငွေအပို့အယူရှိသည်။ မကာအိုတွင် ဒေသသုံး ပါတာကပ်ရော ဟောင်ကောင်ဒေါ်လာပါသုံးသည်။ ကား၊ အိမ်အရောင်းအဝယ်ကို ဟောင်ကောင်ဒေါ်လာနှင့်ပြသည်။ တရုတ်ပြည်ကဝင်လာလျှင် မကာအိုလူဝင်မှုက ပါတာကပ် လက်မခံ။ ဟောင်ကောင်ဒေါ်လာမှ ဗီဇာကြေးလက်ခံသည်။ ဟောင်ကောင် ၁၀၀ ကို ပါတာကပ် ၁၀ ခု အသေချိတ်ထားသည်။ ဟောင်ကောင်ဘဏ်ပိတ်ရက်ကို မကာအိုဘဏ်ပိတ်သည်။

၁၉၉၆–၉၇ ခုနှစ်ခန့် မကာအိုအား ပေါ်တူဂီက တရုတ်ပြည်သို့ ပြန်မလွှဲပေးမီ အချိန်။ မကာအိုက ၁၉၉၃ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် တရုတ်ပြည်၏အထူးစီမံခန့်ခွဲရေးဒေသဖြစ်သည်။ မကာအိုကနေ ဟောင်ကောင်သို့ ညနေတိုင်းထွက်သော ခရီးသည်တင်ဂျက်ဖောသင်္ဘောနှင့် ဟောင်ကောင်ဒေါ်လာပိုက်ဆံများပြန်ပို့သည်။ ငွေကြေးပမာဏက သိပ်မများလှပါ။ ဟောင်ကောင်ဒေါ်လာ တစ်သန်းကျော်လေးဖြစ်သည်။ တာဝန်ယူပို့ရတာက ကျွန်တော်လုပ်ကိုင်နေသော မကာအိုဂတ်ဒ်ဖို့ကုမ္ပဏီက တစ်လုံးပြုးသေနတ်ကိုင် လုံခြုံရေးအဖွဲ့ဖြစ်သည်။ ထိုသင်္ဘောကို အေကေ–၄၇ ကိုင် ဓားပြတွေက တရုတ်ပြည်ကျွန်းတစ်ကျွန်းသို့ မောင်းခိုင်းကာ ဓားပြတိုက်သည်။ ဟောင်ကောင်သို့ပြန်ပို့သောငွေတစ်သန်းပါသွားသည်။ ခရီးသည်တွေကိုတော့ ဘာမှမလုပ်ပါ။ ဓားပြမတိုက်ပါ။ ယင်းကျွန်းတွင် ပိုက်ဆံကိုယူပြီးတော့ သင်္ဘောကိုလွှတ်လိုက်သည်။

ရဲကလိုက်သည့်အခါ ယင်းကျွန်းပေါ်တွင် ဂျီအက်စ်အမ်မိုဘိုင်းလ်ဖုန်းတစ်လုံးကို ဓားပြတွေကျန်ရစ်တာတွေ့ရသည်။ သို့ဖြင့် အချို့ကို မကာအိုမှာ၊ အချို့ကို တရုတ်ပြည်မှာ ဖမ်းမိသည်။ ဦးဆောင်တိုက်သူက မကာအိုက တရားစီရင်ရေးရဲဖြစ်နေသည်။ မကာအိုတွင် ရိုးရိုးရဲ၊ တရားစီရင်ရေးရဲနှင့် ဆိပ်ကမ်းရဲတို့ရှိသည်။ တရားစီရင်ရေးရဲသည် ရဲကွန်မန်ဒိုပုံစံဖြစ်သည်။ ရိုးရိုးရဲက ပွိုင့် ၃၈ ခြောက်လုံးပြူးကိုင်ကာ တရားစီရင်ရေးရဲက မောင်းပြန်ပစ္စတို ကိုင်သည်။ ဦးထုပ်က အနီရောင်၊ ဆယ်ရီကက်အပြားဖြစ်၍ မကာအိုမြန်မာပြန်လောကက သူတို့ကို နံပြားဟုခေါ်သည်။

ယင်းရဲလူထွက်ကို ဖမ်းမိကာ ပြစ်ဒဏ်စီရင်သည်။ တရုတ်ပြည်သို့ မလွှဲခင်လေးဖြစ်၍ တရုတ်ပြည်လက်ထဲရောက်က သေဒဏ်စီရင်မှာကို သူက ကြောက်သည်။ မကာအိုထောင်နှင့် ပေါ်တူဂီထောင် မည်သည့်ထောင်သွားမည်နည်းဟု သူ့ကိုမေးတော့ သူက ပေါ်တူဂီထောင်ကိုရွေးသည်။ သို့နှင့် လစ်စ်ဘွန်းမြို့တော်သို့ သူ့ကိုပို့သည်။ လစ်စ်ဘွန်းထောင်ရောက်ပြီး ၂ နှစ်ခန့်အကြာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့သည်။ တရုတ်ပြည်၌မိသော တရားခံတွေအား တရုတ်ပြည်မှာပဲ တရားစီရင်ကာ ထောင်ချသည်။

ယင်းဂျက်ဖောဓားပြတိုက်မှုပြီးသည့်အခါ 'ဘာ့ကြောင့် ငွေတွေကို ခရီးသည်တင်သင်္ဘောနှင့်ပို့ရသလဲ' ဆိုပြီး မကာအိုလူထုက စောဒကတက်သည်။ ထိုအခါ မကာအိုငွေကြေးအာဏာပိုင်အဖွဲ့က ဘဏ်များသို့ အမိန့်ထုတ်သည်။ ဟောင်ကောင်သို့ ငွေပြန်ပို့ရာတွင် ခရီးသည်တင်ယာဉ်ကို မသုံးရ။ ယင်းနောက် ဘဏ်တွေက မကာအို–ဟောင်ကောင်ပြေးဆွဲသော ရဟတ်ယာဉ်နှင့် ပိုက်ဆံကို ပြန်ပို့သည်။ ဒီတော့ စရိတ်စက ပို၍ကုန်ကျသည်။ ဒီအတွက် ဖြေရှင်းရတာက လွယ်လွယ်လေးပါ။ ဘဏ်တွင် ဟောင်ကောင်ဒေါ်လာ ငါးသောင်းနှင့် ဘဏ်သွင်းသူ Customer ကို ဘယ်လောက်ဆိုပြီး ပိုက်ဆံပိုကောက်သည်။

ကျွန်တော်က ဤဂျက်ဖောဓားပြမှုသတင်းကို ကြားပြီးတော့ ကျွန်တော်တို့ငယ်စဉ်က ရန်ကုန်–စစ်တွေ ယူဘီအေလေယာဉ်ဓားပြတိုက်ခံရမှုကို သတိရမိသည်။ ကာလက အတော်စောသည်။ ကမ္ဘာတွင် လေယာဉ်ပျံအနုကြမ်းစီးမှုတွေ သိပ်များများစားစားမပေါ်သေး၊ မကြားဖူးသေးပါ။ Hijack ဆိုသော ဝေါဟာရပင်မပေါ်သေးသည့်အချိန်။ ဒီအကြောင်းကို The Voice Weekly တွင် 'ကျွန်တော်ဖတ်ဖူးသလိုပြောဆိုပါမည်' ဆောင်းပါး၌ ထည့်သွင်းဖော်ပြခဲ့ရာ ဆရာသခင်တင်မြက ယင်းအဖြစ်အပျက်ကို ရှင်းလင်းရေးသောဆောင်းပါးလည်း The Voice Weekly တွင်ပါလာခဲ့သည်။ ဆရာ့ဆောင်းပါးကို ဖတ်ရတော့မှ ထိုယူဘီအေလေယာဉ်ပိုင်းလော့သည် မျက်နှာဖြူဆိုတာ ပြန်၍သတိရသည်။

ဖြစ်ပုံကဒီလိုပါ။

ရန်ကုန်ကနေ စစ်တွေသို့ ပျံသန်းသော ခရီးသည်တင် ယူဘီအေလေယာဉ်တွင် ရခိုင်ပြည်နယ်အတွက် အစိုးရငွေသေတ္တာတွေပါသည်။ ယင်းကို သတင်းရသော ကရင်သူပုန်က လေယာဉ်၌ လိုက်ပါကာ လေယာဉ်ပျံသန်းနေစဉ် ပိုင်းလော့ခန်းထဲဝင်၍ My Dear Captain အစချီသော စာရွက်တစ်ရွက်ထိုးပေးသည်။ လေယာဉ်ကို ဂွမြို့အနီးက သောင်ကမ်းမှာဆင်းခိုင်းပြီး ငွေသေတ္တာတွေယူသွားသည်။ ခရီးသည်များကို အန္တရာယ်မပြုပါ။ သို့သော် ကရင်သူပုန်က ဓားပြတိုက်ထားသော ငွေသေတ္တာများကို အလံဖြူကွန်မြူနစ်က တစ်ဖန်လုယူသွားခဲ့ကြောင်း သတင်းများနောက်တော့ ကြားရသည်။ သူခိုးလက်က သူဝှက်လုဆိုတာ ဒါပဲဖြစ်သည်။

မြို့ထဲထွက်ရင်း ကြွပ်ကြွပ်အိတ်နှင့်ပိုက်ဆံတွေသယ်တာတွေ့ရင်၊ ပီနံအိတ်ထဲထည့်ပြီး ထမ်းလာတာတွေ့ရင် ရင်တမမနှင့်နေမိသည်။ ယနေ့ မေလ ၂၇ ရက်နေ့မှာပဲ ကုန်သည်လမ်းပေါ်မှာ လူတစ်ဦးက ပီနံအိတ်ထဲထည့်ပြီး ထမ်းလာတာတွေ့ရသည်။ ဘာပြုလို့ တက္ကစီမသုံးသလဲ၊ ခရီးနီးရင် ဟိုနားဒီနား တစ်ထောင်ကျပ်ပေးလိုက်ရုံပါပဲ။ ဖြစ်တော့မှ သိကြလိမ့်မည်လို့ပဲ အောက်မေ့ရပါ၏။ ငွေကြေးနှင့် လုံခြုံစိတ်ချရေး အစဉ်တွဲ၍ စဉ်းစားပါ။

**ကိုဝမ်း**

www.foreverspace.com.mm

ယခင်လမှအဆက်



# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၂၅

ဦးလှဝင်း (လေသူရဲတစ်ဦး)

နောက် သူ့အမြင်က အင်ဒိုနီးရှား အစိုးရရဲ့ သံမဏိအပေါ်မှာထားတဲ့ ပေါ်လစီနဲ့လည်း မဆန့်ကျင်ဘူး။

သံအရည်ကျိုတဲ့ဆီမှာ ကုန်ကြမ်းကို သံတိုသံစတွေအပေါ်မှာ အခြေခံထားရင် တစ်နေ့ ဒီသံတိုသံစတွေက ရှားရခက်မယ်။ ကုန်သွားမယ်။ ကုန်ကြမ်းပြဿနာပေါ်လာမယ်ဆိုတာ သံမဏိစီးပွားရေးသမားတိုင်း သိနေတာပဲ။

အင်ဒိုအစိုးရကလည်း သိနေတာပဲ။ ဒါပေမဲ့ သံရိုင်းမြေ (Iron Ore)ကို ဝယ်ပြီး သံမဏိအရိုင်းကို သန့်စင်ထုတ်ယူဖို့ လုပ်ကြတော့ ဘယ်သူမှမလုပ်ဝံ့ဘူး။

အကျိုးအမြတ်ရှိနိုင်တဲ့ သံရိုင်းမြေ (Iron Ore) ကို ဘယ်မှာသွားဝယ်ကြမလဲ။

သံပါမြေက သံမဏိထွက်လာအောင် ဘယ်လိုသန့်စင်မလဲ။ သန့်စင်မယ့်စက်ရုံကို ဘယ်မှာတည်ဆောက်မလဲ။ သံပါတဲ့မြေကို သံတွင်းက သံသန့်စင်စက်ရုံရောက်တဲ့အထိ ဘယ်လိုသယ်ဆောင်မှာလဲ။

ဒီလုပ်ငန်းအတွက် ငွေရင်းငွေနှီး ဘယ်လောက်လိုမလဲ။ အကျိုးအမြတ်ဘယ်လောက်ရနိုင်လဲ။ စွန့်ရမယ့်အလုပ်တွေက ဘာတွေရှိလဲ။ ဒီမေးခွန်းပေါင်းများစွာရဲ့ အဖြေကိုရဖို့က မစ်တယ်လို စာရင်းအင်းပညာ (Accounting) ကို မတတ်ဘဲ၊ သံမဏိလုပ်ငန်းကို 'က' မှ 'အ' အထိ မသိဘဲ၊ မတတ်ဘဲ ဘယ်သူပေးနိုင်မှာလဲ ခင်ဗျား။

အင်ဒိုအစိုးရကလည်း သူ့နိုင်ငံမှာမရှိတဲ့ သံရိုင်းတွေ သူ့နိုင်ငံအတွင်းကို ရောက်လာအောင်လုပ်ပေးမယ့် မစ်တယ်လို ပုဂ္ဂိုလ်မျိုးရဲ့ အကြံအစည်ကို သဘောကျမှာပဲ။ အားပေးမှာပဲ။

မစ်တယ်ဟာ အင်ဒိုနိုင်ငံရဲ့ သံမဏိစီးပွားကို ကောင်းသထက်ပိုကောင်းအောင် လုပ်ပေးတဲ့လူဖြစ်တဲ့အတွက် အင်ဒိုအစိုးရကလည်း အလွန်သဘောကျလိမ့်မယ်။

လိုအပ်တဲ့အကူအညီကိုလည်းပေးလိမ့်မယ်။ မှန်ပါတယ်။ ဒါကြောင့်လည်း မစ်တယ်ရဲ့ Ispat Indo ဆိုတဲ့ သံမဏိလုပ်ငန်းကြီးဟာ ဒီနေ့အထိ အင်ဒိုနီးရှားနိုင်ငံမှာ ထည်ထည်ဝါဝါကြီး ရပ်တည်နေနိုင်တာမဟုတ်ပါလား။

မစ်တယ် အင်ဒိုနီးရှားမှာ သံမဏိစီးပွားလုပ်ငန်းတွေကို အခြေသွားချတာ ၁၉၇၆ ခုနှစ်ကပါ။ ဒီနေ့ဆိုရင် နှစ်ပေါင်း ၃၃ နှစ်ရှိပါပြီ။ အောင်မြင်ဆဲ၊ ပန်းပန်ဆဲပါ။ မစ်တယ်ဟာ အလွန်ပါးနပ်တဲ့ စီးပွားရေးသမားပါ။

သံရိုင်းမြေကိုမဝယ်ခင် သံမဏိပါဝင်မှုစွမ်းအားအများကြီးရှိတဲ့ သံတွင်းတွေက ကမ္ဘာကြီးရဲ့ဘယ်မှာရှိသလဲ။

သံတိုသံစနေရာမှာ အစားထိုးရမယ့်

www.foreverspace.com.mm



ဒီအာအိုင် (Direct Reduced Iron) ကို ဘယ်နိုင်ငံမှာ ဈေးအသက်သာဆုံးဝယ်နိုင်မှာလဲ။

တောင်အမေရိကတိုက်နဲ့ မြောက်အမေရိကတိုက်အကြားမှာရှိတဲ့ ကာရေဗီယံ (Caribbian) ပင်လယ်ဘေးက နိုင်ငံတွေမှာရှိတဲ့ သံတွင်းတွေကို သွားမြင်တယ်။

မှန်မှန်ကန်ကန်ရွေးချယ်နိုင်တယ်။ အဲဒီလို မြင်တတ်တာ၊ အဲဒီလိုရွေးချယ်တတ်တာလည်း မစ်တယ်ရဲ့ သံမဏိလုပ်ငန်းအပေါ်မှာ ကျွမ်းကျွမ်းကျင်ကျင် သိနားလည်ထားတဲ့ပညာ၊ အရှုံးအမြတ်ကို တွက်တတ်ချက်တတ်တာတွေကြောင့်ပဲ မဟုတ်ပါလားခင်ဗျာ။

အင်ဒိုမှာရှိတဲ့ မစ်တယ်ပိုင် PT Ispat Indo သံမဏိလုပ်ငန်းရဲ့ မူလသံမဏိ ကုန်ချောထုတ်လုပ်အားက တစ်နှစ်ကို သံမဏိတန်ချိန် ၆၅,၀၀၀ ပဲ ရှိပါတယ်။ အင်ဒိုမှာ သံရည်ကျိုစက်ကြီး တည်ဆောက်ခွင့်ရပြီး ဒီနေ့ မစ်တယ်ရဲ့ သံမဏိထုတ်လုပ်အားက တစ်နှစ်ကို သံမဏိတန် ၇၀၀,၀၀၀ ရှိပါတယ်။

ဒီထုတ်လုပ်အားက ဒီနေ့ အင်ဒိုသံမဏိစီးပွားရေးလောကမှာ ဒုတိယအများဆုံးရှိတဲ့ သံမဏိထုတ်လုပ်အား ခင်ဗျာ။

သံမဏိစီးပွားလောကမှာ မစ်တယ်ရဲ့အောင်မြင်မှုအကုန်လုံးက အင်ဒိုနီးရှားစက်ရုံကစခဲ့တယ်လို့ ပြောလို့ရပါတယ်။ အင်ဒိုက သံမဏိစက်ရုံကို သူစတည်ထောင်တဲ့အချိန်က သူ့အသက်က ၂၆ နှစ်ပဲ ရှိပါသေးတယ်။ မှန်ပါတယ်။

အင်ဒိုမှာ သူအောင်မြင်ဖို့က လွယ်လွယ်နဲ့ အောင်မြင်ခဲ့တာတော့မဟုတ်ပါဘူး။ ၁၂ နှစ်၊ ၁၄ နှစ်လောက် အချိန်ယူခဲ့ရပါတယ်။ သူ့ရဲ့ နေစရိတ်၊ စားစရိတ်တွေအပေါ်မှာလည်း အလွန်ချွေတာခဲ့ရပါတယ်။ လစဉ်ဒေါ်လာ ၂၅၀ လောက်နဲ့ မဖြစ်ဖြစ်အောင် ချွေတာနေခဲ့ရတယ်လို့ သူထုတ်ဖော်ပြောပြဖူးပါတယ်။

နောက် မစ်တယ် သံမဏိသူဌေးကြီးဖြစ်လာရတဲ့ လျှို့ဝှက်ချက်တစ်ခုကတော့ စွန့်ရဲတဲ့သတ္တိရှိတာပါပဲ။ စီးပွားရေးလုပ်တယ်ဆိုတာ လိုအပ်ရင် စွန့်ရဲရတယ် ခင်ဗျာ။

ကာရေဗီယံပင်လယ်ဘေးက တိုင်းပြည်တွေမှာ မစ်တယ် ပထမဆုံး သံမဏိစီးပွားကို အခြေချခဲ့တဲ့နိုင်ငံကတော့ ထရီနီးဒတ်နိုင်ငံပါ။

အဲဒီအချိန်က ထရီနီးဒတ်နိုင်ငံမှာ Iron and Steel Co. of Trinidad and Tobago (ISCOTT) ဆိုတဲ့ သံမဏိစက်ရုံကြီး၊ သံမဏိလုပ်ငန်းကြီးရှိပါတယ်။ ဒါပေမဲ့ ဒီစက်ရုံက အစိုးရပိုင်။ နှစ်တိုင်းအရှုံးပေါ်နေတဲ့စက်ရုံ။

ရှုံးတဲ့အရှုံးကလည်း နည်းတဲ့အရှုံးမဟုတ်ဘူးခင်ဗျား။ တစ်နေ့ကို ဒေါ်လာတစ်သန်းလောက် ရှိပါတယ်။ မစ်တယ် ထရီနီးဒတ်နိုင်ငံကို ရောက်သွားတဲ့အချိန်မှာ ထရီနီးဒတ်အစိုးရကလည်း အဲဒီသံမဏိလုပ်ငန်းကြီးကို ဘာဆက်လုပ်ရမှန်းမသိဖြစ်နေတယ်။ ဂျာမနီကုမ္ပဏီ၊ ဩစတြီးယား (Austria) ကုမ္ပဏီတွေနဲ့ ချုပ်ဆိုထားတဲ့ ကန်ထရိုက် (Contract) စာချုပ်ကလည်း အချိန်စေ့နေပြီ။

နေ့စဉ်ရှုံးနေတဲ့ အရှုံးဒဏ်ကိုလည်း မခံနိုင်တော့ဘူး။ မစ်တယ် ထရီနီးဒတ်နိုင်ငံကို ရောက်သွားစက အဲဒီနိုင်ငံ သံမဏိလုပ်ငန်းကြီးကထွက်တဲ့ ဒီအာအိုင် (DRI) လို့ခေါ်တဲ့ သံကုန်ကြမ်းကို ဝယ်ဖို့ပါ။

ဒါပေမဲ့ ထရီနီးဒတ်စက်ရုံက အရှုံးပေါ်နေပြီး အစိုးရက ကယ်တင်ရှင်ကို စောင့်နေတဲ့အချိန်ဆိုတော့ မစ်တယ်က သူ့ရည်ရွယ်ချက်ကို တစ်မျိုးပြောင်းလိုက်တယ်။

ထရီနီးဒတ် အစိုးရနဲ့ သူညှိတယ်။ ပထမဆုံး သံမဏိလုပ်ငန်းကြီးတစ်ခုလုံးကို



www.foreverspace.com.mm

အသေးစိတ်စုံစမ်းလေ့လာခွင့်တောင်းတယ်။ အစိုးရကလည်း အလွယ်တကူပဲ ပေးတယ်။

သူအသေးစိတ်လေ့လာပြီးတော့ ထရီနီးဒတ်အစိုးရနှင့်ပြန်ညှိတယ်။ သူရဲ့ ကမ်းလှမ်းချက်က သူသံမဏိစက်ရုံကို ငါးနှစ်ငှားမယ်။ သူဦးစီးပြီး စမ်းသပ်လည်ပတ်ကြည့်မယ်။ သူငှားထားတဲ့ ငါးနှစ်အချိန်အတွင်း စက်ရုံကရှုံးသမျှငွေကို သူပေးမယ်။ သူ အကုန်အကျခံမယ်။

ထရီနီးဒတ်နိုင်ငံအစိုးရကလည်း သူ့ကမ်းလှမ်းချက်ကို ချက်ချင်းသဘောတူလိုက်တာပေါ့ခင်ဗျာ။

တစ်နေ့ကို ဒေါ်လာတစ်သန်းလောက်ရှုံးနေတဲ့ သံမဏိလုပ်ငန်းကို ဘယ်သူကငှားပြီး အရှုံးခံပြီးလုပ်ရဲမလဲ။

အဲဒါစီးပွားရေးနဲ့ ပတ်သက်ပြီး ပြိုင်စံရှားတဲ့မစ်တယ်ရဲ့ သတ္တိမဟုတ်ပါလား ခင်ဗျား။

အဲဒီသတ္တိမျိုး အဲဒီအချိန်အခါက ဘယ်သံမဏိစီးပွားရေးသမားမှာမှ မရှိကြပါဘူး။ အံ့သြစရာပါပဲ ခင်ဗျား။

မစ်တယ်လုပ်ငန်းအားလုံးကို လက်ခံယူပြီး စအလုပ်လုပ်လို့ ဘာမှမကြာလိုက်ပါဘူးခင်ဗျာ။

သံမဏိလုပ်ငန်းကြီးရဲ့ နေ့စဉ်အရှုံးက နည်းနည်းသွားပြီးနောက် အရှုံးလုံးဝမရှိတော့ဘူး။

သူတာဝန်ယူ လည်ပတ်ပြီး တစ်နှစ်အတွင်းမှာ အမြတ်စပေါ်တယ်။ သူစက်ရုံငှားထားတဲ့ ငါးနှစ်သက်တမ်းပြည့်ပြီးတဲ့အခါကျတော့ သူဒီစက်ရုံလုပ်ငန်းကြီးတစ်ခုလုံးကိုဝယ်ဖို့ ထရီနီးဒတ်အစိုးနဲ့ ညှိတယ်။

ထရီနီးဒတ်အစိုးရကလည်း မစ်တယ်ရဲ့အစွမ်းသတ္တိတွေကို ယုံကြည်သွားခဲ့ပြီဖြစ်တဲ့အတွက် ရောင်းပေးဖို့အလွယ်တကူပဲ သဘောတူလိုက်တယ်။

ဒီနေ့ကမ္ဘာမှာ နာမည်ကြီးနေတဲ့ မစ်တယ်ရဲ့ Caribbian Ispat ဆိုတဲ့ သံမဏိစီးပွားရေးလုပ်ငန်းကြီးဟာ အဲဒီအချိန်ကစပြီး အသက်ဝင်ခဲ့တာပါပဲ။

မစ်တယ်ဟာ Caribbian Ispat သံမဏိကုမ္ပဏီကို တည်ထောင်ပြီးတဲ့အချိန်ကစပြီး သူလိုချင်တဲ့ ဒီအာအိုင် (DRI) သံမဏိကုန်ကြမ်းတွေကို ရပြီ။

ဒီအာအိုင်သံမဏိကုန်ကြမ်း အင်ပါရာ (DRI-EMPIRE) ကြီးကို စတည်ထောင်ဖို့ ပြင်ဆင်ခဲ့တယ် ခင်ဗျာ။

အဲဒီအချိန်အထိ မစ်တယ်ဟာ ဥရောပသံမဏိစီးပွားလောကရဲ့ အတွေ့အကြုံ ဘာမှ



www.foreverspace.com.mm

သူ့မှာမရှိသေးပါဘူး။ ဒါပေမဲ့ သူက သံမဏိ စီးပွားလုပ်ငန်းနဲ့ပတ်သက်ပြီး သတ္တိရှိတဲ့လူ ဖြစ်တဲ့အတွက် ဥရောပ သံမဏိလောကကို ဆက်ခြေလှမ်းဖို့ လုံးဝမကြောက်ဘူး။

ထရီနီးဒတ်က သံမဏိစက်ရုံနဲ့ သဘောသဘာဝတူတဲ့ ဂျာမနီနဲ့ ကနေဒါ နိုင်ငံမှာရှိတဲ့ သံမဏိစက်ရုံနှစ်ခုကို ဝယ်လိုက်ပြန်တယ်။

သူပိုင်ဆိုင်ချင်တဲ့ DRI - EMPIRE ကြီးကို စတည်ထောင်လိုက်ပြီ ဆိုပါတော့။ နောက် သူတို့တိုက်စစ်က မရပ်သေးဘူး။ တခြားဥရောပမှာရှိတဲ့၊ အရှုံးပေါ်နေတဲ့ သံမဏိစီးပွားရေးလုပ်ငန်းကြီးတစ်ခုကို ဝယ်ယူဖို့ ပြင်ဆင်ပြန်တယ်။

ကွန်မြူနစ်စနစ်ကြီး ကျဆုံးသွားပြီးတဲ့နောက်မှာ ဆိုဗီယက်ယူနီယံ အောက်မှာ ရှိခဲ့ကြတဲ့ အရှေ့ဥရောပနိုင်ငံတွေ အများကြီးလွတ်မြောက်ခဲ့ကြတယ်။

ဒီနိုင်ငံတွေ အများစုရဲ့ အဓိက ပြဿနာက ကွန်မြူနစ်စနစ်ကျင့်သုံးတဲ့ ခေတ်က အခြေချထားတဲ့စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုဆက်ပြီး ကိုင်တွယ်ကြမယ်ဆိုတဲ့ ပြဿနာပဲ။

ကွန်မြူနစ်စနစ် ခေတ်ကောင်းချိန်က ကျင့်သုံးခဲ့ကြတဲ့စီးပွားရေးစနစ်က စီမံကိန်းစီးပွားရေးစနစ် (Planed Economy)။ ဒီနေ့ သူတို့ကျင့်သုံးမှာက လွတ်လပ်တဲ့ စီးပွားရေးစနစ် (Free Trade)။

စက်ရုံကြီးတွေအများစုက နိုင်ငံပိုင်။ နိုင်ငံတော်ငွေနဲ့ လည်ပတ်နေတဲ့စက်ရုံတွေ။ ဒါပေမဲ့အများစုက အရှုံးပေါ်နေတယ်။

ဒီပြဿနာက အစိုးရခေါင်းပေါ်ကျနေတယ်။ မစ်တယ် ပထမဆုံးမျက်စိကျတဲ့ အရှေ့ဥရောပနိုင်ငံက ချက်နိုင်ငံပါ။

ချက်နိုင်ငံ (Zech Republic) မှာ ကွန်မြူနစ်ခေတ်က တည်ဆောက်ထားတဲ့ Nova Hut ဆိုတဲ့ သံမဏိစက်ရုံကြီးတစ်ခု ရှိတယ်။

စက်ရုံကအကြီးကြီး။ အလုပ်သမား ၁၂,၀၀၀ အလုပ်လုပ်နေကြတဲ့ သံမဏိစက်ရုံ။ ဒီစက်ရုံကို ၁၉၅၀ ပြည့်နှစ်က တည်ဆောက်ခဲ့တယ်။ မစ်တယ် စစိတ်ဝင်စားတဲ့ အချိန်မှာ စက်ရုံရဲ့သက်တမ်းက နှစ်ပေါင်း ၅၀ ရှိနေပြီ။ ဒီစက်ရုံက တစ်ချိန်က တစ်နှစ်ကို သံမဏိတန်ချိန်ခြောက်သန်းအထိ ထုတ်လုပ်ခဲ့ဖူးတယ်။

အဲ . . . ဒါပေမဲ့ ကွန်မြူနစ်လောင်းရိပ်ကလွတ်လာတဲ့အချိန်ရောက်တော့ စက်ရုံက ရွဲနေပြီပေါ့ခင်ဗျာ။ အချိန်အခါ အလျောက် ပြုပြင်ပြောင်းလဲမှုတွေ မလုပ်ခဲ့တဲ့အတွက် စက်ရုံက ခေတ်မမီတဲ့၊ အရှုံးပေါ်နေတဲ့ သံမဏိစက်ရုံအိုကြီး ဖြစ်နေတယ်။

ဒါက စက်ရုံအပိုင်း။ နောက် လူတွေ အပိုင်းနဲ့ပတ်သက်လို့လည်း စဉ်းစားစရာတွေ အများကြီးရှိနေပါတယ်။

ချက်နိုင်ငံဟာ ကွန်မြူနစ်အုပ်စုက ထွက်လာပြီဆိုတဲ့နိုင်ငံဖြစ်ပေမယ့် ခေါင်းဆောင်အများစုက ကွန်မြူနစ်လူထွက်တွေ။

နိုင်ငံရေးအမြင်၊ အတွေးနဲ့ ပတ်သက်ပြီး တစ်ယူသန်သမားတွေ။ လွတ်လပ်တဲ့ စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေမှုရှိအောင် သူတို့စိတ်ကို သူတို့ဘယ်လောက် ပြောင်းလဲနိုင်စွမ်းရှိကြမှာလဲ။

နောက်အလုပ်သမားတွေ။ ချက်နိုင်ငံမှာ သံမဏိစက်ရုံသွားတည်ထောင်ရင် ချက်အလုပ်သမားကိုပဲ သုံးရမှာပဲ။

ကွန်မြူနစ်စနစ်အောက်က ထွက်လာတဲ့ အလုပ်သမားတွေကို ဘယ်လောက်အားကိုးရမလဲ။ စနစ်သစ်နဲ့ လည်ပတ်ရမယ့် စက်ရုံမှာ သူတို့ကို ဘယ်လိုပြုပြင်ပြီး အသုံးချမလဲ။

အလုပ်သမားအများစုက စိတ်ဓာတ်ကျနေတယ်။ အရှုံးပေါ်တဲ့စက်ရုံကြီးမှာ အလုပ်လုပ်နေကြရတဲ့အလုပ်သမားတွေ။

အလုပ်သမားသမဂ္ဂတွေကိုရော ရှေးကလို ဆက်ကြောက်နေရမှာလား။ သူတို့နဲ့ ထိပ်တိုက်တွေ့ရမယ့် ပြဿနာကဘာရှိလဲ။

တွေးမယ်။ ကြောက်မယ်ဆိုရင်တော့ ခင်ဗျား အဲဒီအချိန်က အရှေ့ဥရောပ တိုင်းပြည်တွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ကြတဲ့ ကုန်သည်ကြီးတွေအတွက် ခေါင်းခြောက်စရာတွေ အများကြီးပေါ့ခင်ဗျာ။

ဒါပေမဲ့ သူဌေးကြီးမစ်တယ်က ရဲတယ်။ သတ္တိရှိတယ်။ စီးပွားရေးနဲ့ ပတ်သက်ပြီး သူ့သတ္တိ၊ သူ့ရဲ့စွန့်စားမှုတွေက ကမ္ဘာ့သံမဏိလောကမှာတော့ အဲဒီအချိန်က ပြိုင်စံရှားသူလို့တောင် သတ်မှတ်နိုင်မယ်လို့ထင်ပါတယ်။

Nova Hut သံမဏိစက်ရုံကို ချက်အစိုးရဆီက သူဝယ်လိုက်တယ်။ တစ်ချိန်တစ်ခါက သံမဏိထုတ်လုပ်စွမ်းအား တစ်နှစ် တန်လေးသန်းရှိခဲ့တဲ့ စက်ရုံကြီးကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှာ အမေရိကန်ဒေါ်လာခြောက်သန်းနဲ့ သူဝယ်လိုက်တယ်။

ပေါ်ချောင်ကောင်းရလိုက်တယ်လို့ပဲ ဆိုပါတော့။ မှန်ပါတယ်။ သူစက်ရုံကို ဝယ်ယူပြီး ပထမအဆင့်အနေနဲ့ အသေးစား ပြုပြင်မှုတွေကို ပြုလုပ်လိုက်တယ်။ အဲဒီ ပြုပြင်မှုတွေ ပြုလုပ်ပြီးတာနဲ့ အရှုံးတန့်သွားတယ်။ အမြတ်စပေါ်တော့တာပဲ ခင်ဗျာ။ ဒီနေ့အထိလည်း Nova Hut စက်ရုံဟာ မစ်တယ်ရဲ့ နှစ်စဉ်ပုံမှန်အမြတ်ရနေတဲ့ သံမဏိစက်ရုံကြီးတစ်ခုပါပဲ။

ဒီအောင်မြင်မှုတစ်ခုလုံးရဲ့ သော့ချက်က သူ့ရဲ့ထူးခြားတဲ့သတ္တိ၊ သူ့ရဲ့ထူးခြားတဲ့ စွန့်စားစီးပွားရှာလိုစိတ်များကြောင့်ပဲ မဟုတ်လား။

(ဆက်လက်ဖော်ပြပါမည်။)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

